


www.burmeseclassic.com

# နေနွယ်ဇင်မြင့်




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com





## ၁

မြင်ကွင်းထဲသို့ ရောက်လာသည့်ခြံက အကြည့်ငေးကို ဆွဲယူသွားတော့သည်။

ခြံသည် ကုန်းမြင့်ပေါ်မှာမို့ တောင်ထိပ်မှာဟု ပြောလျှင်ရပါသည်။ ခြံရှေ့မြေပြင်က ဆင်ခြေလျှောဖြစ်၏။ အောက်ခြေထိ ဒုတ်ဒုတ်တိုင်မဆင်းပါ။ မျက်နှာစာအောက်ခြေတွင် သံလွင်လမ်း တစ်ရပ်ကွက်လုံးကို လှည့်ပတ်စီးဆင်းလာသည့် ချောင်း (မြောင်းအကြီးစားသာသာ)က မိုးတွင်းမို့ ရေစီးရေလာနှင့်ဖြစ်နေ၏။ ခြံတံခါးဝမှသည် အတက်လမ်းသည် တောင်စောင်းကို ကွေ့ပတ်ဖောက်ထားသလားထင်ရအောင် (ဂ)ငယ်ကွေ့ဖြစ်၏။

အဲသည် ဂငယ်ကွေ့၏ ဘေးတစ်ချက်မှာ မြေထိန်းနံရံခပ်မြင့်မြင့်တစ်ခု။ ခပ်နိမ့်နိမ့်တစ်ခု။ နှစ်ထပ်မြေထိန်းနံရံအနက်၊ ခပ်ပုပုတစ်ခုပေါ်မှာ ပန်းအိုးတွေ တင်ထားပုံက ဆွဲဆောင်လှပလွန်းပါသည်။ သစ်ကြီးဝါးကြီး အရိပ်လည်းရှိသည်မို့ အိမ်မ,ကြီးကို မမြင်ရပါ။ ခြံထဲ ရှုခင်းကပင်လျှင် လှပလွန်းနေပြီ။

www.burmeseclassic.com

"ဘာကိစ္စလဲကွယ့်"

သူများခြံဝမှာရပ်ပြီး ခြံထဲငေးနေသူအား ခြံပိုင်ရှင်က သက်သမကင်း ဖြစ်ပါလိမ့်မည်။

"ဪ ... ခြံနဲ့ ပန်းတွေက လှလွန်းလို့ ကြည့်နေတာပါ။ ဘာမှ မဟုတ်ပါဘူး၊ ဒီလမ်းထဲရောက်ရင်းနဲ့ အမှတ်မထင်ကြည့်လိုက်မိတာ"

ပြောရင်း ... ခြံပိုင်ရှင်ဟု ယူဆရသူ အမျိုးသားကြီးကို စေ့စေ့ကြည့်ဖြစ်သည်။ မျက်ဝန်းများက ရီဝေဝေ မှိုင်းညို့ရိပ်ယင်၏။ လောကကြီးမှာ လွတ်လပ်ပေါ့ပါး ပျော်ရွှင်နေဟန်မရှိ။ အေးဆေးငြိမ်းချမ်းမှုကိုသာ ရယူလိုပုံနှင့် ... တက်ကြွမှုနည်းပါးနေတာအမှန်ပင်။ ဒီအသက်အရွယ်လူကြီးပိုင်းဟာ "မိုးခြိမ့်ညံ" တို့လို အခုမှ အသက်ကလေး "နှစ်ဆယ်" ပြည့်ရုံကောင်လေးတစ်ယောက်လိုတော့ ဘယ်မှာတက်ကြွလန်းဆန်း မြူးတူးနေနိုင်ပါ့မလဲ။

ဒါတောင် ... မိုးခြိမ့်ညံ့ ဆိုတာဟာလည်း အသက်နှင့်လိုက်ဖက်သည့် ပျော်ရွှင်မှုကို အပြည့်အဝရရှိခဲ့သူ မဟုတ်ပါ။

"ကိုသောင်းထွန်း ... ဘယ်သူလဲ"

မေးသံသည် ချိုလှ၏။ လူကို မမြင်ရမီ၊ ချိုသာသော လွင်သော အသံကလေးက ရှေ့မှ ရောက်သည်။ အသံချိုတိုင်းသာ လှလှရမည်ဆိုလျှင် တော်တော်လှသော ကောင်မလေးငယ်ငယ်တစ်ယောက်ဖြစ်နိုင်၏။ မိုးခြိမ့်ညံ လှမ်းကြည့်ဖြစ်လိုက်သည်။ အားပါးပါး ... ဟု အော်ဟစ်ယူရလောက်အောင်ကို လှသောမိန်းမသား။ သို့ပေမဲ့ ... မိုးခြိမ့်ညံ မျှော်မှန်းထားသလောက်



အသက်ကမငယ်နိုင်ချေ။ ကိုယ့်ထက် နှစ်နှစ် သုံးနှစ်ခန့် ကြီးနိုင်သည်ဟု ခန့်မှန်းဖြစ်၏။ လှထားလိုက်တာကျတော့ ရက်ရက်စက်စက်။ ပြင်ဆင်ဖြီးလိမ်းထားလိုက်တာကလည်း မင်္ဂလာဆောင်တော့မည့် သတို့သမီးလိုလို၊ ရှုတင်ရောက် အကယ်ဒမီမင်းသမီးလိုလို။ နောက်တစ်ကြိမ် ... အားပါးပါး ... ဟု အော်မိရပြန်တော့သည်။ ဟုတ်သားပဲ။

"တွေ့ဖူးပါတယ်၊ မြင်ဖူးပါတယ်" ... မှတ်နေတာ။ ဟုတ်သည်ပေါ့။ အရမ်းမြင်ဖူး၊ အရမ်းတွေ့ဖူးသည်မှာ အမှန်ပင်။ ပြင်ဆင်ထားလိုက်ပုံက ရှုတင်ရောက် အကယ်ဒမီမင်းသမီးလိုပဲဟုတွေးလိုက်ဖြစ်မှ "သူမ"ကို မှတ်မိသွားခဲ့ရတာ။ စင်စစ် ... သူမဟာ တကယ် အကယ်ဒမီမင်းသမီးပေပဲ။ ရုပ်ရှင်တွေထဲမှာ၊ ဗီဒီယိုတွေထဲမှာ မြင်ဖူးခဲ့သည်ပေါ့။ မမြင်ရတာတော့ကြာပြီ။ ကြာဆို ... သုံးလေးနှစ်လောက်ရှိပြီထင်သည်။ အဲသည် သုံးလေးနှစ်မတိုင်မီက သူမ ... ရိုက်ကူးဖြစ်ခဲ့သော ရုပ်ရှင်ကားနှင့် ဗီဒီယိုကားအချို့ကို ကြိုကြားကြိုကြား (လက်ကျန်ဖြတ်) ထွက်တော့ထွက်သား။ ပြတော့ပြသားပင်။ သို့ပေမဲ့ ... မိုးခြိမ့်ညံ ကိုယ်တိုင်က ရုပ်ရှင် ဗီဒီယိုနှင့် နည်းနည်းပါးပါး အလှမ်းဝေးခဲ့ပါသည်။

ဝါသနာကြီးစွာ ... အမြဲမပြတ် ကြည့်နေတတ်သူ မဟုတ်ခဲ့ပါ။ ကြုံလျှင် ကြည့်သည်။ မကြုံလျှင် တကူးတက ဖန်တီးမှုမရှိ။ ရုပ်ရှင်အကြည့်ကို နည်းတာဖြစ်၏။ ရုပ်ရှင်မှတင် မဟုတ်ပါဘူးလေ၊ "မရှိမဖြစ်ကိစ္စ"မှတစ်ပါး အပျော်အပါး အစရှိသော ဖိမ်ခံခြင်း၊ တစ်စုံတစ်ခုအတွက် အချိန်ပေးခံစားခြင်း စသည်တို့မှာ ... အကုန်လုံး နည်းခဲ့တာပါပဲ။

www.burmeseclassic.com

"ဒီလမ်းထဲ သူ့ဘာသာရောက်ရင်း ခြံလှလို့ ရပ်ကြည့်နေတာတဲ့ မမ"

"မမ" ဆိုပါလား။ အကယ်ဒမီ မင်းသမီးသည် မသကာရှိပါမှ အသက် ... လွန်ရောကျွံရော သုံးဆယ်။ အမျိုးသားကြီးက လေးဆယ်ကို သေသေချာချာ ကျော်ခဲ့ပြီဖြစ်နိုင်၍ ငါးဆယ်လည်း ဖြစ်နိုင်ပါသေးသည်။ ဆယ်နှစ်ကျော်ငယ်နိုင်သည့် မင်းသမီးကို "မမ"ခေါ်ရသော အမျိုးသားကြီးမှာ ခြံပိုင်ရှင်တော့ မဖြစ်နိုင်ပြီ။ သို့ပေမဲ့ ... သူ့ရပ်ရည်က ခန့်ညားလွန်း၏။ သူ့အိမ်သူ့ယာနှယ် ... ယုံကြည်ချက် အပြည့်ရှိနေပုံရသည်။ အလုပ်သမားဆိုလျှင်တောင်၊ တော်တော်နေရာရသော၊ အလုပ်သမားချင်းတူတူမှာ တစ်ဖက်သားတို့အပေါ် ဩဇာတော်တော်ငြောင်းနိုင်သော၊ အိမ်ကြီးရှင် အရေးပေးခြင်းခံရသော အလုပ်သမားခေါင်းဆောင် ဖြစ်နိုင်ပါသည်။

"ခြံလှတာများ ရပ်ကြည့်နေရသလား။ ခေါ်လိုက်ပါ ကိုသောင်းထွန်းရဲ့၊ ဝင်ကြည့်ပါစေ။ အလှအပဆိုရင် ... ဘယ်အလှအပပဲဖြစ်ဖြစ် နှစ်သက်ခံစားတတ်တဲ့လူမျိုးကို မမ မြတ်နိုးတယ်"

အမျိုးသားကြီး ခြံတံခါးကို ဖွင့်လေ၏။ မိုးခြိမ့်ညံက ဝင်လိုက်သည်။ အကယ်ဒမီမင်းသမီး သူဌေးမကြီးထံမှာ မိုးခြိမ့်ညံအတွက် အလုပ်တစ်ခုခု (ပေးနိုင်ဖို့) ရှိကောင်းရှိနိုင်ပါသည်။

"လာ ... မောင်"



"မောင်" ... ဆိုသည်မို့ ပခုံးတစ်ချက်တွန့်ခနဲ ဖြစ်သွားရသည်။ အကယ်ဒမီမမက နှုတ်ဖျားမှတင် လာ ... မောင် ဟု ခေါ်သည်မဟုတ်၊ လက်တစ်ဖက်ကပါ လှမ်းဆွဲခြင်းဖြစ်သည်။ မိုးခြိမ့်ညံ ... ရုန်းပစ်ရမှာလား၊ လက်ဆွဲခံယောကျ်ားသားအဖြစ်မှာ ဆက်လက် ငြိမ်သက်နေရမှာလား မဝေခွဲနိုင်မီစပ်ကြားမှာတော့ ရုန်းမထွက်ဖြစ်ခဲ့ပါ။ အဲသည်နေ့က ... မမရဲ့ လက်ဆွဲခေါ်ဆောင်မှုမှာ သက်ငြိမ်နှုတ်ဆိတ်စွာ လိုက်ပါလာမိခြင်းက ... ကိုယ့်ဘဝကို ရုပ်သေးရုပ်တစ်ခုနှယ် ပြောင်းလဲပစ်လိုက်ခြင်းခံရတော့မည်ဆိုတာကို၊ အဲသည် အချိန်တုန်းကတော့၊ ဘယ်မှာ ... ကြိုတင်မျှော်လင့်ထားခဲ့ပါ့မလဲ။

❤ ✳ ❤

"မမက အလှအပဆိုရင် အကုန်ကြိုက်တယ်။ သက်ရှိ သက်မဲ့အားလုံးပေါ့။ လူဆိုလည်း မောင့်လို ချောချောကောင်းလေးတွေ၊ ကောင်မလေးတွေကို ... ပရိသတ်ချင်းတူတူမှာတောင် ပိုချစ်တယ်"

ကိုသောင်းထွန်း ... ဟု မမ ခေါ်သည့် အမျိုးသားကြီးက နောက်မှ တိတ်ဆိတ်စွာပါလာခဲ့သည်။

"မောင် ... ဘာပန်းနာမည်ကြားဖူးလဲ။ တစ်ခုစဉ်းစားပြီး ပြောကြည့်လိုက်၊ အဲဒီပန်း ... မမ ခြံထဲမှာ ရှိတယ်"

ဟုတ်မှာပါ။ ခြံထဲ သေသေချာချာ ရောက်ကာမှ ပို၍ အံ့ဩရသေး၏။ ရောင်စုံအတန်းလိုက်ပွင့်နေသည့် ပန်းတွေ

www.burmeseclassic.com

ဟာ ဘာပန်းတွေမှန်း မိုးခြိမ့်ညံ့ မသိပါ။ သို့ပေမဲ့ အရမ်းလှတာကိုသိသည်။ ပန်းခင်းကြီးတွေ၊ ပန်းမွေ့ရာကြီးတွေက ခြံ၏အလယ်နားဆီမှာရှိသော မြက်ခင်းစိမ်းစိမ်းကို ဝန်းရံထားပြီး၊ အဲဒါတွေရဲ့ဘေးမှာ သစ်ပင်ကြီးတွေတချို့ရှိနေသည်။

"သရက်ပင် မရန်းပင်တွေက အရွယ်ခပ်စိပ်စိပ်နဲ့ဆိုတော့ နေသိပ်မကျဘူး၊ အဲဒီအောက်မှာ ပိန်းပင်တွေ ထားလိုက်တော့အတော်ပဲ"

အဲဒီပိန်းပန်းဆိုတာတွေဟာ၊ ကိုယ့်မြို့မှာကိုယ်နေတုန်းကတော့ ဈေးထဲမှာ လွယ်လွယ်ကူကူ "ဂမုန်း"ဟု ခေါ်ပြီး ရောင်းနေတာ တွေ့ဖူးသည်။

"ရေတံခွန်လေးကိုတော့ ချောက်စောင်းမှာထားလိုက်တယ်။ လှရဲ့လား"

"အရမ်းလှပါတယ် မမ"

"ခံစားတတ်လား"

"ဟုတ်ကဲ့ ခံစားတတ်ပါတယ်"

"အဲဒါ အနုပညာရှင်ပဲ။ အနုပညာ ဆိုတာ နေရာတိုင်းမှာ ရှိတာကို သိလား"

"ဟုတ်ကဲ့ ... ကြားဖူးပါတယ်"

"ဗိသုကာတစ်ယောက် တိုက်ကြီးတစ်လုံး ဆောက်တာရယ်၊ ဝတ်စုံတစ်ခု လှပအောင် ဒီဇိုင်းထွင်ပြီး ချုပ်တာရယ်၊ ပန်းခြင်းတစ်ခြင်း လှအောင်ထိုးတာရယ် ... အဲဒါတွေ အားလုံး အနုပညာချည်းပဲ၊ ရုပ်ရှင်၊ ဂီတ၊ ပန်းချီ၊ စာပေမှ အနုပညာမဟုတ်ဘူး ...



"ကြည့်တတ်ရင် တစ်လောကလုံးမှာ အနုပညာချည်းပဲ။ မိခင်တစ်ယောက် ကလေးပုခက်လွှဲတာလည်း အနုပညာပဲ။ အလှတရားတစ်ခုပဲ"

"ဟုတ်ကဲ့"

"လာ ... ဒီနားမှာ ခဏထိုင်ပြီး ပန်းခင်းကို ကြည့်မယ်"

ရေတံခွန်လေး ဘေးနားက စိမ့်မြအေးစက်နေပါသည်။ ထိုင်ဖို့ခုံက ခုတ်ပိုင်းထားသော အုန်းတုံးများကို တုံးလုံးလှဲ၍ ဆင့်စီထားခြင်းဖြစ်၏။

"ရဲရဲသာထိုင်။ အုန်းတုံး လိမ့်ပြီး ပြုတ်ကျမှာမပူနဲ့။ လိမ့်မထွက်အောင် သံကို ဇက်ပြီးရိုက်ထားတယ်။ အမြင်မှာတော့ အုန်းတုံးတွေ ဒီတိုင်းဆင့်ထားတယ်ပေါ့"

အကယ်ဒမီမမက မိုးခြိမ့်ညံ့နှင့် ဓားလွယ်ခုတ်နေရာလောက်မှာ ထိုင်သည်။ ဦးသောင်းထွန်းကို မတွေ့ရတော့ပါ။

"မင်း ... မမကိုသိလား"

"ဟုတ်ကဲ့ သိပါတယ်"

"မြန်မာပြည်မှာ လူဦးရေသန်းခြောက်ဆယ်ရှိရင် သန်းခြောက်ဆယ်လုံးက မမကိုသိမှ မမ အနုပညာကို နှစ်သက်ကြမှ၊ မမက ပျော်တာ"

ဒါဟာ ဖြစ်သင့်သည့် အမှန်တရားပါပဲ။ အနုပညာရှင်တိုင်းဟာ ကိုယ့်အနုညာကို နှစ်သက်မက်မောစွာ ခံစားမည့် ပရိသတ်အများကြီး ရှိစေချင်တာပဲလေ။

"မမက အပြင်မှာ ပိုလှတယ်"

www.burmeseclassic.com

"အဟုတ်လား။ မြှောက်တာမဟုတ်ဘူးဆိုရင်တော့ ဝမ်းသာလိုက်မယ်"

"ဝမ်းသာလိုက်ပါ မမ"

"မမက ကိုယ့်ပရိသတ်ကိုယ် ... သိပ်လေးစားတာ။ အယုတ်အလတ် အမြတ်မရွေးပေါ့။ လူမျိုးမရွေး ဘာသာမရွေး မမက ချစ်တယ်။ ခုချိန်ထိ ... ပရိသတ်ဆီကစာတွေလာရင် မမ ပြန်ရေးတယ်"

မိုးခြိမ့်ည ... လေးစားလိုက်ပါသည်။

"ခုတလောတော့ ... မမ ကျန်းမာရေးချို့တဲ့တယ်။ သိပ်နေမကောင်းလို့ ကားရိုက်တွေတောင် ယာယီနားထားရတာ။ စိတ်ကြိုက်ဇာတ်လမ်း၊ စိတ်ကြိုက်ဒါရိုက်တာနဲ့ မကြုံသေးတာလည်း ပါတာပေါ့။ ဒါပေမဲ့ ... မကြာပါဘူး၊ ပြန်ရိုက်တော့မှာ"

မိုးခြိမ့်ည သတိရလိုက်၏။ လွန်ခဲ့သော ငါးနှစ်လောက်ကထင်သည်။ ဂျာနယ်တစ်စောင်မှာ ဖတ်လိုက်ရတာလား၊ မဂ္ဂဇင်းတစ်စောင်မှာ ဖတ်လိုက်ရတာလား (မိုးခြိမ့်ညက စာသမားပါ) မမှတ်မိတော့။ အကြောင်းအရာကိုပဲ မှတ်မိနေသည်။

"အကယ်ဒမီ ... မေခွေးထွေး ... ကျန်းမာရေးကြောင့် ရုပ်ရှင်နှင့် ဗီဒီယိုလောကမှ အနားယူမည်" ... ဆိုသည့်အကြောင်း။

"ပြောပါဦး ... မောင်က ဒီလမ်းထဲ ဘာလာလုပ်တာလဲ"

"မောင်"တစ်ခွန်းခေါ်ခံရတိုင်း၊ ကိုယ့်ကို "မောင်" ဟုခေါ်လေ့ရှိသူ "သဲညှာ"ကို သတိရသည်။ မိုးခြိမ့်ညက ဂီတတို့ ရုပ်ရှင်တို့ကို ဝါသနာမပါဘူးမဟုတ် ... ပါပါသည်။ သို့ပေမဲ့ ...



စာဖတ်ဖို့ ဝါသနာက ပိုကြီးသည်။ သီချင်းနားထောင်ဖို့ထက် စာတစ်အုပ် ဆွဲလွဲဖတ်နေဖို့ကို ပိုစိတ်သန်၏။ အဲဒါကြောင့် ... မင်းသား မင်းသမီး၊ အဆိုတော်ဆိုတာတွေကို သိပ်စိတ်မဝင်စားမိခဲ့ပါ။ စာဖတ်ဝါသနာပါသည်ဆိုပေမဲ့ ... စာရေးဆရာတွေကျပြန်တော့လည်း စိတ်ဝင်စားလှသည်မဟုတ်ချေ။ "ဘယ်သူရေးသောစာ" ... ဆိုတာထက်၊ စာအုပ်နာမည်ထက်၊ ဖတ်နေဖြစ်ခြင်း၊ စာဖတ်ခြင်းကိုသာလျှင် သီးသန့်နှစ်သက်တာမို့၊ သူ့ဝါသနာက ဆန်းတော့လည်း ဆန်းသားပင်။ သဲညှာကတော့ ရုပ်ရှင်ဆို အရူးအမူး၊ ဂီတဆို အရူးအမူး၊ အဆိုတော်တွေ၊ မင်းသား မင်းသမီးတွေ အကြောင်းများ ပြောရလျှင် ထမင်းမေ့ ဟင်းမေ့ ဆိုသလို။

ဪ ... သဲညှာ။ ခုချိန်ဆို ... ဘာလုပ်နေမှာပါလိမ့်။

"ဟော့ ... မေးနေတယ်လေ။ ငုတ်တုတ်မေ့တာလား"

"ဪ ... ဟုတ်ကဲ့။ ပြောရရင် အရှည်ကြီးပါ မမရယ်"

"အဲဒီအရှည်ကြီးကို တို့ စိတ်ဝင်စားတယ်။ ပြောပါပကော။ ကိုယ့်ပရိသတ်ကိုဆိုရင် အချိန်ပေးပြီး လေးစားတယ်"

အဲဒီစိတ်ဓာတ်ကိုတော့ လေးစားချီးကျူးရပါသည်။

"အတိုချုံးပြောရရင်တော့ ကျွန်တော် ဆင်းရဲတယ်ဆိုတာပါပဲ"

"ကျောင်း ... ရော"

"အဝေးသင်ပါ။ နောက်ဆုံးနှစ်စာမေးပွဲ ဖြေပြီးသွားပါပြီ။ ရီဇတ်မထွက်သေးပေမဲ့ ... အောင်မှာပါ"

"မိဘတွေ"

www.burmeseclassic.com

"ကျွန်တော့်အဖေနဲ့အမေက ကွဲသွားပါတယ်"

"ဟောတော့ ... ဘယ်တုန်းက"

"လေးနှစ်လောက်ရှိပါပြီ"

"ညီအစ်ကိုမောင်နှမ"

"ညီမလေးတစ်ယောက် ရှိပါတယ်"

သဲညှာနဲ့ဆို သူငယ်ချင်းပေါ့ ... ဟု ဆက်ပြောချင်စိတ်ကို မျိုသိပ်လိုက်ရပါသည်။

"ဒါဆို ... ညီမလေးက အမေနဲ့ပါသွားလား"

"ဟုတ်ကဲ့"

"အခု ... ဒီလမ်းထဲလာရတဲ့အကြောင်း မပါသေးဘူး"

"သူငယ်ချင်းတစ်ယောက် လာရှာတာပါ။ သူက ဒီလမ်းထဲက အိမ်တစ်အိမ်မှာ ကားမောင်းပါတယ်။ သူနဲ့တွေ့ရင် အဆက်အသွယ်လေးများ ရနိုင်မလားလို့၊ ကျွန်တော်လည်း ကားမောင်းတတ်ပါတယ်။ လိုင်စင်လည်းရှိပါတယ်"

"ဩော် ... မောင်က ယာဉ်မောင်းလုပ်ချင်တာလား"

"ဟုတ်ကဲ့"

"တွေ့လား ... သူငယ်ချင်းနဲ့"

"အဲဒီအိမ်က ... သူ အလုပ်ထွက်သွားပြီတဲ့။ ကုမ္ပဏီကား မောင်းတာ ပိုရလို့ထွက်ခွင့်ပေးလိုက်တယ်တဲ့။ သူ မရှိတော့ မတွေ့ခဲ့ရဘူး၊ သူ ... အဲဒီအိမ်ကကားကို မောင်းတုန်းက အဲဒီအိမ်မှာပဲ နေတာဆိုတော့ ... ခုဆို၊ ဘယ်နေမှန်းလဲ မသိတော့ဘူး ..."



"တကယ်ဆို ... သူနဲ့ ကွဲနေတာလည်း သုံးလေးနှစ်တော့ရှိပါပြီ။ ရန်ကုန်ကို သူ့အားကိုးနဲ့ ဆင်းလာတာ။ ခုတော့ ... ဘာဆက်လုပ်ရမှန်းတောင် မသိတော့ဘူး"

"မောင်က နယ်ကလား"

"မြစ်ဝကျွန်းပေါ်ကပဲ ဆိုပါတော့"

"အဖေ ကျန်ခဲ့မှာပေါ့"

"အဲဒီအဖေ နောက်မိန်းမထပ်ယူလို့ပေါ့ မမရာ ... သူ့မိန်းမက ကျွန်တော့်ထက်မှ သုံး လေး နှစ်ပဲကြီးတော့၊ နေလို့ဘယ်ဖြစ်မလဲ"

"ဟုတ်တာပဲ၊ အမေနဲ့ရော မဆက်သွယ်ဘူးလား"

"အမေက တိုင်းရင်းသူပါ။ အဖေ့ကို စိတ်နာတော့ ညီမလေးကို လက်ဆွဲပြီး၊ တောင်ပေါ်ထိပြန်တာ၊ ဘာအဆက်အသွယ်မှ မရတော့ဘူး"

"ရှင့်အကြောင်းကလည်း ရုပ်ရှင်တစ်ကားရိုက်လို့ရတယ်"

"ရှင်"ဟု သုံးလိုက်ပြန်တာကလည်း သဲညှာကို သတိရဖို့ပင်။

"ကြီးတော်က အိမ်ထောင်ချပေးချင်နေပြီ မောင်ရဲ့။ ရှင့်ကလည်း စုမိဆောင်းမိ မရှိသေးဘူး"

မောင်ခေါ်လိုက်၊ ရှင်သုံးလိုက်နှင့် နှုတ်ခမ်းလေး ရှုံ့ရာသည့် သဲညှာကို သတိရပါသည်။ မိဘမဲ့ သဲညှာသည် အမေ့အစ်မတစ်ဝမ်းကွဲ (ကြီးတော်)အိမ်မှာ မှီခိုသူပါ။ ဆယ်တန်းကလေး အောင်ရှာ၏။ ကြီးဒေါ်က အထည်ဆိုင်ကို အပ်ချုပ်ဆိုင်နှင့် တွဲဖွင့်ထားသည်မို့ ဆိုင်ထိုင်လိုက်၊ စက်ပေါ်ထိုင်လိုက်၊ တက္ကသိုလ်

www.burmeseclassic.com

တက်ခွင့်မရ၊ ကြီးတော် စီစဉ်ရာမှာ တော်တော်များများကို မငြင်းပယ်ရဲဘဲ နာခံနေရသူပါ။

မိုးခြိမ့်ညံတို့ မိသားစုက ... အစကတည်းက သိပ်ကြီးပြည့်ပြည့်စုံစုံ မဟုတ်လှချေ။ နေနိုင်စားနိုင်ရုံတော့ရှိ၏။ သို့ပေမဲ့ ... အဖေ အရက်ကို စွဲမြဲစွာသောက်တတ်လာသည့်နေ့မှစ၍ စီးပွားရေး ကျပ်တည်းလာသည်။ ဆယ်တန်းအောင်သည့် မိုးခြိမ့်ညံက တက္ကသိုလ်သွားမတက်နိုင်ခဲ့ပါ။ မိုးခြိမ့်ညံ့တို့ မြို့မှာ တက္ကသိုလ်မရှိပါ။ တက်ချင်လျှင် တက္ကသိုလ်ရှိရာမြို့သို့ သွားတက်ရမည်။

"ဘွဲ့တစ်ခုရဖို့ပဲ အရေးကြီးတယ်"

အဖေ့အမိန့်ဖြင့် အဝေးသင်တော့ တက်ဖြစ်ရသည်။ အားချိန်တွေပိုသည်မို့၊ ကိုယ့်လည်း စာဖတ်ဝါသနာပါသည့်တူတူ... "မိုးခြိမ့်ညံစာပေ"ဆိုတာလေးဟာ မြို့မှာတော့ လူသိများပါသည်။ စာအုပ်ငှားရင်း စာဖတ်ရင်းနှင့် ကိုယ့်အချိန်တွေကို သုံးခဲ့သည်။ စာလည်းကျက်ရသည်။ စာအုပ်ဆိုင်မှာ မကုန်မဖြစ် ကုန်ကျရသော စရိတ်များ၊ ကိုယ့်ပညာရေး စသည်တို့နှင့် လုံးလည်လိုက်၍ ကုန်ရသည်။ အမေမရှိကတည်းက ... အဖေက သားကို ပိုက်ဆံတစ်ပြားမှ မပေးတော့ပါ။ အချိန်တန်လျှင်တော့ ...

"ထမင်းကျက်ပလား" ... ဟု မေးတတ်၏။

"ဟင်းက ဒါပဲလား" ... ဟု ချေးများတတ်၏။

"မြီးစရာ ဘာရှိလဲ" ... ဟု ပြောတတ်၏။

အဖေ ရုံးမှာလုပ်၍ ရသောလခဟာ မများလှပေမဲ့ အမေရှိတုန်းကဆိုလျှင် သားအမိ သားအဖလေးယောက် ထမင်း



စားသောက်ခဲ့သည်။ မိုးခြိမ့်ညံ စာပေမှရသောဝင်ငွေသည် အပိုသုံးကုလေးအဖြစ် လည်ပတ်ရ၏။ ခုတော့ ... အဲဒီထဲကပဲ နှိုက်စား။ ခုတော့ ... အဲသည်စာအုပ်ဆိုင်ကလေးလည်း သဲညှာကဲ့သို့ပင်၊ ကိုယ့်မြို့ကလေးမှာ ကျန်ရစ်ခဲ့ပါပြီ။ အဖေ့မိန်းမ ဆက်ထိုင်ဖြစ်မှာသေချာ၏။ "မိုးခြိမ့်ညံ"ဆိုသည့် ဆိုင်နာမည်လေးကိုပဲ နှမြောပါသည်။ ကိုယ့်နာမည်လေ။ ပြောလို့တော့မရချေ။ ခုဆို ... အဖေ့မိန်းမနာမည်ဖြင့် "နုနုဝေစာပေ" ဖြစ်ချင်လည်းဖြစ်နေမပေါ့လေ။

"ခု ... မောင်က ဥတစ်လုံးတစ်ကောင်ကြွက် အလုပ်လက်မဲ့ပေါ့"

"အစစ်ပါပဲ"

"မောင်က ကားပဲမောင်းချင်တာလား၊ တခြားအလုပ်ရော လုပ်ဖို့ စိတ်ကူးရှိသေးလား"

"ကားပဲမောင်းချင်တာက ဘာအရင်းအနှီးမှလဲမရှိ၊ လက်မှုပညာလည်း ဘာမှမတတ်။ အဝေးသင်နဲ့ဘွဲ့ကလည်း ... မရတရဆိုတော့ ရုံးတွေဘာတွေမှာ အလုပ်လျှောက်ဖို့ အတွေ့အကြုံလည်း မရှိဘူး၊ ကုမ္ပဏီတွေဘာတွေကျတော့လည်း ဘာသင်တန်း ဘာလက်မှတ်မှ မရှိသေးဘူး"

"ရှင် အလုပ်ရပြီ မောင်ရဲ့"

"ခင်ဗျာ"

"ရှင် ကားမောင်းရမယ်"

"ဘယ်မှာလဲ"

"ကျုပ်ဆီမှာ"

www.burmeseclassic.com

မမက လက်မလေးထောင်၍ သူ့ရင်ဘတ်ကို သူ ထောက်၏။ "ကျုပ်"တဲ့။ မမ သုံးပုံလေး ရင်းနှီးလိုက်တာ။

"အိမ်မှာ ယာဉ်မောင်းမရှိတာ ကြာပြီ။ မမရဲ့ မာစီးဒီးစ်ကြီးကို ရစရာမရှိအောင် တိုက်ပစ်လိုက်တဲ့ ဒရိုင်ဘာကို အလုပ်ထုတ်ပစ်ပြီးကတည်းက ... ကိုသောင်းထွန်းပဲ မောင်းနေတယ်"

"အဲ့ဒီ ဦးသောင်းထွန်းက ..."

"မမ မှန်နေဂျာပေါ့။ မမဆီ ဒီတ်တွေ ဘာတွေ ကားရိုက်ဖို့ရချင်ရင် မမက ဘယ်နေ့အားလည်း လုံးဝမသိဘူး၊ အဲဒါတွေ ကိုသောင်းထွန်း စီစဉ်တာ။ မမ ကျန်းမာရေးအတွက် ဆရာဝန် ဘာညာပြဖို့ သူ စီစဉ်တာ။ တစ်နေ့တစ်နေ့ မမ အဟာရဖြစ်ဖို့ ...

"ဘာစားရမလဲ၊ မမကို ဘာကျွေးကြဆိုပြီး မီးဖိုထဲက ကောင်မလေးတွေကို ချက်ပြုတ်ခိုင်းတာ ကိုသောင်းထွန်း။ မမ ဝတ်ဖို့ အဝတ်အစား၊ မိတ်ကပ်၊ အသုံးအဆောင်ပစ္စည်း ... အားလုံး ကိုသောင်းထွန်း၊ နွေရာသီဆို ချည်စစ်စစ်ကလေးတွေနဲ့ ...

"အေးနေအောင်ဝတ်ဖို့၊ ဆောင်းရာသီမှာ နွေးနွေးထွေးထွေးနေဖို့၊ မိုးရာသီမှာ အပြင်မထွက်ဖို့၊ အကုန်လိုက်ပြော၊ အကုန်လိုက်လုပ်ပေးနေတာ ကိုသောင်းထွန်း"

"ဩော်"

"သူ့ကို လခတော့ ပေးရတာပေါ့။ မမမှာ ပိုက်ဆံဘယ်လောက်ရှိလဲ မမ မသိဘူး၊ ကိုသောင်းထွန်းပဲ စရိတ်အားလုံး ကိုင်သုံးတာ။ သူ့လခလည်း သူ့ဘာသာ ထုတ်ယူမှာပေါ့။ ကောင်မလေးတွေတောင် လခ ဘယ်လောက်ပေးရလဲ မမ မသိဘူး။ ဒါတွေအကုန်လုံး ကိုသောင်းထွန်း စီစဉ်တာ"



မျက်နှာလွှဲခဲပစ်နိုင်လွန်းသည်ဟု ထင်၏။ ဒီလောက်အခွင့်အရေးတွေ ရလွန်းတော့ ဒီလူကြီးဟာ ရိုးသားဖြောင့်မတ်နိုင်ပါဦးမလား။

ဦးသောင်းထွန်းဟာ ... ထူးဆန်းသော လူကြီးတစ်ယောက်တော့ ဖြစ်သည်။ သူ့မျက်နှာဟာ မျက်နှာဖုံးကြီး တစ်ခုစွပ်ထားတာနှင့်တူ၏။ မျက်နှာပြင်ပေါ်မှာ ပျော်ရွှင်လန်းဆန်းမှုမရှိ၊ စိတ်ဓာတ်ကျဆင်းပုံ ရသလိုလို မရသလိုလို၊ ဆုတ်တက်လှုပ်ရှားခြင်းကင်းလျက် ဘယ်လိုကြီးမှန်းကိုမသိ၊ သက်မဲ့အရုပ်မျက်နှာကြီးနှင့် လူသားဖြစ်သည်ဟု မိုးခြိမ့်ညံ့ မှတ်ချက်ချမိပါသည်။ ခုမှတွေ့ဖူးရသည့် လူတစ်ယောက်ကို မကောင်းမှတ်ချက်ချဖို့တော့မသင့်ပါ။ ဒီလူကြီးကို "မကောင်းဘူး"ဟု မှတ်ချက်မချချင်ဘူး ဆိုလျှင်တောင် "ကောင်းပါတယ်" ... ဟု ပြောဖို့ကျတော့လည်း အခက်သားပင်။

"မောင်က မမကားကိုမောင်း၊ မမ သွားချင်ရာလိုက်ပို့၊ မမခန့်လိုက်ပြီ။ လခကိုတော့ ကိုသောင်းထွန်းနဲ့ ညှိပေါ့။ မောင် ... ဒီအိမ်မှာပဲနေ။ ဘယ့်နှယ်လဲ။ ကျေနပ်လား"

"အရမ်းကျေးဇူးတင်လိုက်တာ မမရယ်"

"လူတစ်ယောက်ကို ခုမြင်ခုယုံ၊ အိမ်မှာထားပြီး ချက်ချင်းအလုပ်ခန့်လိုက်တာကို မအံ့ဩနဲ့သိလား။ မောင်ဟာ လူ

www.burmeseclassic.com

တစ်ယောက်နဲ့ သိပ်တူလို့။ အဲဒီလူဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံးလူသား၊ ဒီလူနဲ့တူတဲ့မောင်ဟာ ဘယ်နည်းနဲ့မှ မဆိုးသွမ်းနိုင်ဘူး ... မမ ယုံတယ်"

"အဲဒီလူ ဘယ်သူလဲ မမ ... ကျွန်တော်နဲ့ သိပ်တူလား"

"တော်တော်လေးတူတယ်။ သူ ... ဘယ်သူလဲဆိုတော့။ သူဟာ မမနဲ့ အသက်ဆိုင်ဆုံးလူသား"

"ဪ ... သူ ဘယ်သူလဲ မမ၊ တွေ့ဖူးချင်လိုက်တာ"

"မမလည်း အဲဒီဆန္ဒနဲ့ အသက်ရှင်နေတာ။ သူ ပျောက်သွားတယ်။ ဘယ်ရောက်သွားမှန်းမသိဘူး၊ တစ်နေ့ ပြန်တွေ့နိုးနဲ့ စောင့်ရင်း မမ ဆရာဝန်ပြုနေရတာပေါ့။ မမ မသေချင်သေးဘူး၊ သူနဲ့တွေ့ချင်သေးတယ်။ ပြန်ဆုံချင်သေးတယ်"

....

"ကဲ ... မောင်၊ အဝတ်အစား ဘာညာ မောင်ပြန်ယူဖို့ ပစ္စည်းရှိသေးလား"

"ဟုတ်ကဲ့ ... တည်းတဲ့ဆီမှာ ကျောပိုးအိတ်တစ်လုံးတည်းပါ"

"လွှင့်ပစ်နိုင်တဲ့ထိ စိတ်နိုင်ရင် သွားမယူနဲ့တော့၊ မက်မောနေသေးရင်တော့ သွားယူ။ မမ ကားနဲ့ပဲ သွားလိုက်၊ ပြီးရင် ချက်ချင်းပြန်လာ"

"သွားယူချင်ပါတယ် မမ"

"ဟော ... ကိုသောင်းထွန်းက စီစဉ်ပေးလိုက်ပြန်ပြီ။ သောက် ... မောင်။ အဲဒါ အိမ်မှာလုပ်တဲ့ မကျည်းဖျော်ရည်။ ဝမ်းမီးအေးတယ်"



ကောင်မလေးတစ်ယောက် ဗန်းကလေးပေါ်မှာ၊ ဖန်ခွက်အောက်ခံကလေးနှင့် ဖန်ခွက်နှစ်လုံး (မကျည်းဖျော်ရည်နှင့်) လက်သုတ်ပဝါလေးက တစ်ထည်တင်လျက် လာပို့သည်။

"သူ့နာမည်က အပုလေးတဲ့"

ကောင်မလေးက နာမည်နှင့်လိုက်စွာ ပုရှာ၏။ ငါးပေပြည့်ဖွယ် မမြင်။ မသကာ လေးပေနှင့်ဆယ့်တစ်လက်မ အလွန်ဆုံး။ ဝလိုက်တာလေးက လုံးနေသည်မို့ ရှိရင်းစွဲထက် ပိုပုသလိုတောင် ထင်ရပါသေးသည်။

"သူက လက်တိုလက်တောင်းပေါ့၊ ထမင်းချက် အဝတ်လျှော်တဲ့သူက အရှည်လေးတဲ့။ အရပ်ငါးပေနဲ့ ဆယ်လက်မရှိတယ်၊ သူသာ နှစ်လက်မဒေါက်ဖိနပ်စီးရင် ခြောက်ပေပဲ"

မိုးခြိမ့်ညံ ပြုံးမိသွားရသည်။ အဲဒီအရှည်လေးဆိုသည့် မိန်းမကို ဒေါက်ဖိနပ် မစီးခိုင်းမှ ဖြစ်မည်။ ကိုယ့်အရပ်ကို မီလာမှာစိုးလို့ပါ။ မိုးခြိမ့်ညံ အရပ်က ခြောက်ပေတိတိ ဖြစ်၏။

"ခြံထဲမှာ ရေလောင်း မြက်နုတ် ကောင်မလေးက ... အနေတော်လေးတဲ့။ သူ့အရပ်က ငါးပေနဲ့ သုံးလက်မ"

မိုးခြိမ့်ညံ ရယ်မိတော့သည်။

"နာမည်ရင်းတွေလား မမ"

မဟုတ်နိုင်မှန်း သိပါလျက် ရင်းနှီးစွာ မေးမိသည်။

"ဘယ်ဟုတ်မလဲ။ ကိုသောင်းထွန်းလေ။ မမ ပျော်အောင် ကြံဖန်စီစဉ်ပေးတဲ့ထဲမှာ ဒီကောင်မလေးတွေလည်း နာမည်တွေ ပြောင်းကုန်ရတော့တာပဲ"

www.burmeseclassic.com

"မမခြ ဒီလောက်လှအောင် ဘယ်သူ လုပ်ထားတာလဲ မမ"

မမဟာ အနုပညာရှင်တစ်ဦးမို့လို့လည်း မိုးခြိမ့်ညံ ဒီလောက် (ရင်ထဲ)မြန်မြန်ဆန်ဆန် ရင်းနှီးမိတာ ဖြစ်ပါမည်။ ရုပ်ရှင်မင်းသား မင်းသမီး ဆိုတာကို၊ အနုပညာချစ်သူ ပရိသတ်က တစ်ဖက်သတ် ရင်းနှီးပြီးသား ရှိနှင့်ပြီးဖြစ်၏။ ခုလို"အကယ်ဒမီ မေနွေးထွေး"အိမ်မှာ အလုပ်ရခြင်း၊ နေခွင့်ရခြင်းဟာ ကျေနပ် ကြည်နူးချင်စဖွယ်ချည်းတည်း။ ပြီးတော့ ... မမကို တစ်ထိုင် တည်း သိပ်ခင်၊ သိပ်ရင်းနှီး၊ သိပ်လေးစားသွားရသည်။ မမဟာ အကယ်ဒမီပိုင်ရှင်၊ ပြည်သူချစ် ရုပ်ရှင်မင်းသမီး၊ ချမ်းသာထား လိုက်တာ ကျိုကျိုတက်၊ ဒါတောင်မှ မာန်မာနဆိုတာ လုံးဝမရှိ၊ ပရိသတ်ပြည်သူနှင့် တရင်းတနှီး၊ ခုချိန်ထိ စာတိုင်းကို ဂရုတစိုက် ပြန်ဆဲ ... ဆိုတာ၊ အောင်မြင်နေသည့် အနုပညာရှင်တွေထဲမှာ ရှားမှရှားပါလိမ့်မည်။

မမက ခါးလေးကော့၊ ရင်ကလေးချီ၊ လက်မလေး တစ်ချောင်းထောင်ကာ သူ့ရင်ဘတ်ကလေး သူညွှန်ပြ၏။ မျက်နှာ ကျတော့ ပြုံးပြုံးလေး။

"ဒီမာလီကြီးပေါ့"

"ချီးကျူးတယ် မမရာ ... မမကို ကျွန်တော် အရမ်းလည်း လေးစားသွားပြီ။ ကြည်လည်း ကြည်ညိုတယ်။ မမဟာ တကယ့် အနုပညာရှင်ပဲ"

"ပြည်သူချစ် အနုပညာရှင်ဆိုတာ ပြည်သူတွေ ကျွေးတဲ့ ထမင်းကို စားနေတာလေ မောင်ရဲ့။ ကိုယ့်ထမင်းရှင်တွေ



အပေါ် မာရေကျောရေ ဆက်ဆံလို့ ရမလား။ ကိုယ့် ထမင်းကျွေးတဲ့လက်ကို ပြန်ကိုက်ရင် မမ ... ခွေးဖြစ်သွား မှာပေါ့"

တခစ်ခစ် ရယ်ပုံလေးက လှလွန်း၏။

"မမရာ ... ကျွန်တော့်အစ်မပဲ ဖြစ်လိုက်ပါတော့" ... ဟုတောင် ပြောချင်သည်။ မမကို တစ်ထိုင်တည်းနှင့် အမေလို အစ်မလို၊ အရမ်းသိပ်ချစ်သွားရပါပြီ။

"ကဲ ... ရှင်ကလေးရဲ့ နာမည်တောင် ကျုပ် မသိရသေး ဘူး"

"မိုးခြိမ့်ညံ"

"အားပါး ... ကောင်းလိုက် လှလိုက်တဲ့ နာမည်လေး။ ကျုပ်က ဘယ်လိုခေါ်ရမှာတုံး"

"မမ ... မောင်လို့ ခေါ်နေပြီပဲ"

"မောင် ဆိုတာက နာမ်စား"

"အမေရှိတုံးက မိုးခြိမ့်လို့ပဲ ခေါ်တယ်"

"အဲဒီလိုပဲ ခေါ်မယ်။ ရှင် ... အမေကို မလွမ်းဘူးလား၊ ရှင်ပါ ... ဘာဖြစ်လို့ တောင်ပေါ်လိုက်မသွားတာလဲ"

"လွမ်းပါတယ်။ ညီမလေးကိုလည်း သတိရတယ်။ ဒါပေမဲ့ ယောက်ျားမို့လို့လား မသိဘူး၊ ကိုယ့်မြို့ကခွာရင် ရန်ကုန် ကိုပဲ ရောက်ချင်တယ်။ တောင်ပေါ်လည်း မပြန်ချင်ဘူး၊ အမေ့ဆီမှာ မှီခိုသူ သားကြီးကြီးမားမား အဖြစ်နဲ့လည်း မနေချင်ဘူး၊ ကျွန်တော် ... ဝင်ငွေလေး အတည်တကျဖြစ် ရင် အမေနဲ့ ညီမလေးကို ...

www.burmeseclassic.com

"တွေ့ဖို့ တစ်ခေါက်တော့ သွားမယ်။ လိုက်ရင် ခေါ်လာခဲ့မယ်။ မလိုက်ရင်လည်း အဝေးက စောင့်ရှောက်ရမှာပေါ့။ သွားတော့ ရှာမှာပါ။ ခုတော့ ... ကိုယ့်ဘာသာတောင် ဘယ်လိုဖြစ်မယ်မှန်း မသိသေးလို့"

"ရှင့်အဖေက နောက်မိန်းမ ... ချက်ချင်းကောက်ယူတာပဲလား"

"သိပ်မကြာလိုက်ပါဘူး"

"ဟောတော့ ... ခွံသားပဲ"

"အမေလည်း အိမ်ပေါ်ကဆင်း၊ ဘာမှမကြာဘူး၊ နောက်မိန်းမလည်း အိမ်ပေါ်တက်ပဲ။ ကျွန်တော် ... လိုမ့်ပိမ့်နေကြည့်သေးတယ်။ မရဘူး"

မမ ... ရယ်ပါလေကော့သည်။

"မမ ... ဆေးသောက်မယ်"

ဦးသောင်းထွန်းက ရပ်သေဖြင့် အနားသို့ ရောက်လာသည်။

"ကိုသောင်းထွန်း၊ မောင့်ကို မမ ယာဉ်မောင်းခန့်လိုက်ပြီ။ ကိုသောင်းထွန်း ... လခကြည့်ပေးလိုက်ပါ။ မကန့်ကွက်နဲ့နော် ကိုသောင်းထွန်း၊ ဆရာဝန်က ဘာပြောထားလဲ"

"မကန့်ကွက်ပါဘူး မမ"

"မောင့်ကို သေချာကြည့်ကြည့်စမ်းပါ။ ဘယ်သူနဲ့တူလဲလို့။ မောင်ဟာ မောင်နဲ့မှ ချွတ်စွပ်"

သူ့စကားက အဆန်းပါလား။ မောင်ဟာ မောင်နဲ့မတူလို့ ဘယ်သူနဲ့ တူရဦးမှာလဲ။



"ဒီလောက်ကြီးတော့ မတူလှပါဘူး"

ဩော် ... ဒီလိုဆိုတော့လည်း သဘောပေါက်စရာပင်။ မောင်ဆိုတဲ့ မိုးခြိမ့်ညံ့ဟာ၊ ပျောက်ဆုံးသွားတဲ့ မမရဲ့အတိတ်ကာန်းက မောင်နှင့်တူကာ ဖြစ်ပါလိမ့်မည်။

"ကိုသောင်းထွန်း မျက်စိမှုန်ပြီ။ မျက်မှန်လုပ်ဦး။ မောင်ဟာ မောင်နဲ့ တကယ့်ကို ချွတ်စွပ်။ ဒီကတည်းက မောင့်ကို မမအိမ်မှာ ထားတော့မယ်ဆိုတာ ကိုသောင်းထွန်း နားလည်ဖို့ကောင်းပြီ။ ယာဉ်မောင်းဆိုပြီး ကားဂိုဒေါင်အပေါ်က စတိုခန်းသဘော သုံးနေတဲ့ဆီမှာ သွားမထားလိုက်နဲ့ဦးနော်။ အိမ်ကြီးပေါ်မှာပဲထား"

"မမ ..."

ဦးသောင်းထွန်း မျက်နှာက ရပ်သေပေမဲ့ မျက်လုံးတွေက ကန့်ကွက်နေ၏။

"မမ ... ကျွန်တော်က ယာဉ်မောင်းပဲ၊ ကားဂိုဒေါင်ပေါ်မှာ နေမှာပေါ့"

"မနေရပါဘူး။ မမတိုက်ကြီးက နှစ်ထပ်ခွဲ။ အပေါ်ဆုံးထပ်တစ်ခြမ်းကြီးဟာ ဘုရားခန်းနဲ့တီဗီကြည့်တဲ့အခန်း ... နှစ်ခန်းပဲ သုံးထားတာ၊ အလယ်ထပ်မှာ မမနဲ့ ကောင်မလေးတွေ နေတယ်၊ ကိုသောင်းထွန်းက အောက်ဆုံးထပ်မှာ ...

"မောင်က ကိုသောင်းထွန်းနဲ့ တစ်ထပ်တည်း နေပေါ့။ တစ်အိမ်သားလုံး တိုက်ကြီးပေါ်မှာနေပြီး၊ မောင့်တစ်ယောက်တည်းကျမှ ဂိုဒေါင်မှာ ထားရမှာလား၊ ကိုသောင်းထွန်း ... သိတယ်နော်"

www.burmeseclassic.com

"သိပါပြီ မမ"

ဦးသောင်းထွန်းဟာ မမကိုတော့ (ကိုယ့်ထက်ငယ်ပေမဲ့) မမ ခေါ်ကာ တော်လှန်ရဲပုံ မရတာတော့ အသေအချာပင်။ မောင်ဟာ မောင်နဲ့ ချွတ်စွပ်ပဲဆိုသည့် စကားက ဦးသောင်းထွန်းကို စိတ်အနှောင့်အယှက် ဖြစ်စေပုံရသည်။

"မမ ... ကျွန်တော့်ကို အမေခေါ်သလို မိုးခြိမ့်လို့ ခေါ်မယ်ဆို"

"ခေါ်မှာပေါ့။ ကိုသောင်းထွန်း ... သူ့နာမည် မိုးခြိမ့်ညံတဲ့"

"မိုးခြိမ်းသံ ..."

"မိုးခြိမ်းသံ မဟုတ်ဘူး၊ မိုးခြိမ့်ညံ၊ ဒီလောက်လှတဲ့နာမည်လေးခမျာ ကိုသောင်းထွန်း ပါးစပ်ထဲရောက်မှ ပျက်စီးရတယ်၊ သွားတော့လေ မိုးခြိမ့်၊ ဒီမှာ ထမင်းပြန်စား"

"ဟုတ်ကဲ့ မမ"

မိုးခြိမ့် ... ခြံထဲမှ ထွက်လာလိုက်တော့သည်။

ဒါကြောင့် ... လုံထမ်းလာတာကိုသာ မြင်ရ၊ ကံထမ်းလာတာ မမြင်ရလို့ ပြောကြတာပင်။ မိုးခြိမ့်တို့ ကုသိုလ်ကံက မိနစ်ပိုင်း နာရီပိုင်းအတွင်း အကောင်းဘက်ဆီ မြင့်တက်သွားပုံက ယုံတောင် မယုံချင်စရာ။ အမေ အစားရသလို၊ ဘယ်တုန်းကမျှ မရှိခဲ့ဘူးသည့် အစ်မတစ်ယောက် ကောက်ရသလို၊ ချီးမြှင့်မြှောက်စားမည့်သူက ဘွားခနဲ ပေါ်လာသည်။



"မမရေ ... အရမ်းလည်း လေးစားတယ်၊ အထင်ကြီးတယ်၊ ကြည်ညိုတယ်၊ သွေးသားရင်းချာလိုလည်း ချစ်သွားလိုက်ပြီ၊ မမအတွက် မောင်လေးအရင်းတစ်ယောက် ကောက်ရတယ်လို့သာ သဘောထားပါတော့ ကျေးဇူးရှင် မမအကယ်ဒမီ မမနွေးထွေး ခင်ဗျား" ... ဟူ၍ စပီကာတပ်၍ ကြုံးဝါးဟစ်ကြွေးလိုက်ချင်ပါတော့သည်။

မိုးခြိမ့်ညံတဲ့ ... သူများမှ မဟုတ်တာ။

❤ ❋ ❤

www.burmeseclassic.com

## ၂

မိဘရင်းချာနှင့် နေခဲ့ရစဉ်ထက် အများကြီး သာပါသည်။ ညီမရင်းကလေးနှင့်တောင် တစ်ခါတစ်ရံဆို ... သူက စိတ်ကောက်လိုကောက်၊ ကိုယ်ကဒေါသနှင့် ပိတ်ထုလိုထု၊ ရန်ဖြစ်သည့်အခါတွေ ရှိသေးသည်။ မမနှင့်က ဘာပြဿနာမျှ မရှိ။ ချစ်သော သဲညှာလေးကို လွမ်းပါသည်။ သဲညှာကမှ တစ်ခါတစ်ရံ အနိုင်ယူချင်သေးသည်။ ဟိုမသွားရ ဒီမလာရ၊ ဟိုလူနှင့်မပေါင်းရ၊ ဒီလူနှင့် မပေါင်းရ၊ ဘီယာလေးလောက် သောက်မိလျှင် (သူငယ်ချင်းတွေက တိုက်လို့၊ ကိုယ်ဟာ ဘီယာကို ကိုယ့်ပိုက်ဆံနှင့် ကိုယ်ဝယ်သောက်နိုင်သူမှ မဟုတ်ဘဲ၊ သောက်နိုင်သည်ဆိုလျှင်တောင်၊ တခြားနေရာမှာသုံးဖို့အတွက် ဘီယာဖိုးကုန်ဖို့ နှမြောရပါသည်) ...

"အရက်လည်း ဘီယာ၊ ဘီယာလည်း အရက်ပဲ၊ အပြစ်ပေါ့အောင် ပြောမနေနဲ့၊ သဲ ... မဖြစ်ချင်ဆုံးဟာ အရက်သမား မယားပဲ"



စိတ်ဆိုးမာန်ဆိုး ပြောကာ၊ တစ်ပတ်လောက် တွေ့ခွင့်ပိတ်ပြီး မခေါ်မပြော ဖြတ်တောက်ထားတတ်ပါသည်။ မမကကျတော့ ... ဘယ်တော့မျှ စိတ်ဆိုးသည်ဟူ၍ မရှိပါ။

"မောင်ရေ ... မိုးခြိမ့်ရေ"

ခေါ်သံလေးက ချိုနေ၏။ ဦးသောင်းထွန်းကိုတောင် ထမင်းတစ်ပိုင်းတည်း ဝင်စားခွင့် မပြုသော မမနှင့် မိုးခြိမ့်က တစ်ဝိုင်းတည်း စားရပါသည်။ မမနားမှာ အမြဲနေရပါသည်။ မမ ခြံထဲဆင်းလျှင် မိုးခြိမ့် လိုက်ရသည်။ မမပန်းပင်လေးတွေ ပြုပြင်နေလျှင် မိုးခြိမ့် ပါရသည်။ မမ ပွေ့ချီချော့မြှူနေသည့် ကြောင်မလေးကို၊ မိုးခြိမ့် ချစ်စနိုးရသည်။ မမ ဘုရားရှိခိုးလျှင် မိုးခြိမ့်လည်း တူတူလိုက်ရှိခိုးရသည်။ အိပ်ချိန် ရှစ်နာရီခန့်မှလွဲလျှင် နှစ်ဆယ့်လေးနာရီအနက် ကျန်သည့် ဆယ့်ခြောက်နာရီမှာ မိုးခြိမ့်ဟာ မမနှင့်တူတူ မခွဲဘဲ တတွဲတွဲ ရှိနေရတော့သည်။

"မမ အပြင်သွားမယ်၊ ကိုသောင်းထွန်း မပို့နဲ့"

ခါတိုင်းဆိုလျှင် ဦးသောင်းထွန်းက မောင်းပို့ခဲ့ရပါသည်။ မမရဲ့ မားစီးဒီးကြီး (အရင်ယာဉ်မောင်း တိုက်ခဲ့သည့်ကားမဟုတ်ပါ။ အဲဒါကြီးကို ရောင်းပစ်ပြီး အသစ်ထပ်ဝယ်ထားတာဟု မမက ပြောပါသည်)ကို မောင်း၊ မမက ဘေးမှထိုင်၊ ကားကြီးကလည်း မောင်းလို့ကောင်း၊ မမကလည်း အရမ်းလှ၊ ဘယ်မှ မဟုတ်ဘဲ ကားဦးတည့်ရာ လျှောက်မောင်း၊ ပဲခူးလည်းရောက်သည်။ တိုက်ကြီးဘက်လည်း ရောက်သည်။ ပြီးတော့ ... ဘယ်မှ မဝင်ဘဲ ပြန်လှည့်လာ။

www.burmeseclassic.com

"တွေ့တယ်မှလား မောင် ... ကိုသောင်းထွန်း နောက်က နေ ပရာဒိုနဲ့ လိုက်လာတာ"

"တွေ့တယ်။ သူက မမကို သိပ်ဂရုစိုက်တာပဲနော်၊ အမျိုးတော်သေးလား မမ"

အရုပ်မျက်နှာလို သေနေတတ်သည့် ဦးသောင်းထွန်း၏ မျက်ဝန်းတွေဟာ ရီဝေမှုန်မှိုင်းနေတတ်ပေမဲ့၊ အဲသည်မှိုင်းမှုန်ပြာရီ မျက်ဝန်းတွေ၏ တစ်ထောင့် တစ်နေရာမှာ လက်လက်ဖြာစွာ တိတ်တခိုး ရှိနေတတ်သည့် အရာကတော့ မမအပေါ်ထားရှိသည့် "အကြင်နာမြူခိုး"တွေပဲ ဖြစ်ပါသည်။ ရုပ်သေကြီး၏ မျက်ဝန်းကို ကြည့်နိုင်လွန်းမှ မြင်ရပါသည်။ ဒီလူကြီးလောက် မမ အမိန့်ကို နာခံပြီး၊ မမကို ဂရုစိုက်သည့်လူ မရှိတော့ပါ။ သူဘာဖြစ်လို့ မမကို ဒီလောက်ဂရုစိုက်နေသလဲဆိုတာ စဉ်းစားစရာတောင် ဖြစ်၏။ မမက သူ့ကို သိပ်အရေးမပေးလှသလိုပေမဲ့ ဒီလူကြီး၏ အစီအစဉ် ညွှန်ကြားမှုတွေထဲမှ ရုန်းမထွက်နိုင်တာကိုလည်း တွေ့နေရပါသည်။

အဲဒါတွေ ကြားထဲမှာ မမဟာ မွန်းကျပ်နေရှာတာမျိုး မဟုတ်ဘဲ၊ မမကိုယ်တိုင် နှစ်လိုကျေနပ်နေပုံလည်း ရပါသည်။

"ကိုသောင်းထွန်းလား၊ ဆွေမျိုးတော်တယ် ထင်ပါရဲ့၊ ဒါကြောင့် ဒီလောက် ဂရုစိုက်တာ ဖြစ်မှာပေါ့။ မမ သိပ်မသိဘူး"

"ဟင် ... မမကလည်း ဆွေမျိုးတော်တယ် မတော်ဘူးဆိုတာ မသိဘူးရယ်လို့ပဲ"



"သိမှ မသိတာ မောင်ရဲ့။ မသိဘူးပေါ့။ မမရဲ့ တစ်ကိုယ်ရေကိစ္စဝိစ္စတွေ အားလုံး သူ စီစဉ်ညွှန်ကြားသမျှ မမအားလုံးလက်ခံတယ်။ သူ့အစီအစဉ်တွေက ကောင်းတာကိုး။ လက်မခံနိုင်စရာမှ မရှိဘဲ"

အဲသည်စကား မှန်ပါသည်။ မနက်ဆိုလျှင် ရှစ်နာရီထိုးမှာ ဦးသောင်းထွန်းက အပုလေးနှင့်အတူ မမအခန်းတံခါးကို သွားခေါက်၏။ ပြီးလျှင် တံခါးဖွင့်၍ ဝင်သွားတတ်သည်။ မမအခန်းဟာ သော့ချ ချက်ထိုး ပိတ်ထားလေ့ မရှိပါ။ ဒါကိုအစက မိုးခြိမ့် မသိချေ။ မမနှင့်အတူ မနက်စာစားရမည် ဆိုသော အမိန့်ကြောင့် မမကို စောင့်ရင်း ဗိုက်ဆာဆာနှင့် ထမင်းစားပွဲမှာ ထိုင်တုန်း ဦးသောင်းထွန်းနှင့် အပုလေးတို့ မမအထပ်ရှိရာသို့ တက်သွားတာကို မြင်လိုက်ရသည်မို့ အရှည်လေးကို မေးကြည့်မိမှ သိရသည်။

"မမက နေ့တိုင်း ရှစ်နာရီကျော်မှ ဆင်းလာတာလား"

"ဟုတ်ကဲ့"

"ဦးသောင်းထွန်းနဲ့ အပုလေးက ..."

"မမကို သွားနှိုးတာ။ ဦးသောင်းထွန်း မနှိုးဘဲ အိပ်ခန်းထဲက မထွက်ရဘူးလို့ ဆရာဝန်က မှာထားတယ်။ မမအိပ်ရေးမဝမှာ စိုးလို့"

"ဩော် ..."

ဦးသောင်းထွန်းက ရှေ့ဆုံးမှ၊ ပြီးတော့ ... မမ၊ အပုလေးက နောက်ဆုံးမှလိုက်၍ လှေကားမှ အစဉ်လိုက်ဆင်း

www.burmeseclassic.com

လာတာကို၊ မိုးခြိမ့် မော့ငေးနေ၍ ကြည့်မိတော့သည်။ လှလိုက်တဲ့ မမပါ။ ဦးသောင်းထွန်းက ရှစ်နာရီမှာ နှိုးသည်ဆိုပေမဲ့ မမဟာ ဘယ်အချိန်ကများ ထပြီးအလှပြင်ထားသည် မသိနိုင်အောင် လှပ ကြော့ရှင်းသပ်ရပ်နေ၏။ မမ တစ်ကိုယ်လုံးဟာ ပျံ့ပျံ့ကလေးသင်း လျက်၊ ယဉ်ယဉ်လေး မွှေးနေ၏။ မမ ဝတ်ထားသော အဝတ် အစားတွေဟာ တန်ဖိုးကြီးတွေမှန်း သိသာ၏။ ဒီနေ့ကတော့ ... လည်ပင်းမှသည် ခြေဖျားထိ တစ်ဆက်တည်း၊ ကိုယ်ကျပ်၊ လက် ရှည်၊ ပြာနုနု (ပြာသည်ဆိုရုံကလေး) ဖဲခံပေါ်မှာ ဇာပွင့်ဖြူဖြူလေး တွေနှင့် နှစ်ထပ်ချုပ်ထားသော ဂါဝန်ရှည်လေး ဖြစ်၏။

လက်ဖျားခြေဖျားထိ လုံခြုံကာ လည်ပင်းထိပင် လုံခြုံရုံမက၊ လည်ထောင်ကလေးတောင် ပါလိုက်သေး၏။ မမ ကိုယ်မှာ အဲသည်အင်္ကျီကို ဘယ်နေရာတွေမှာ ကြယ်သီးတပ်၍ ဘယ်နေရာတွေမှာ ဇစ်တပ်ထားသလဲ မသိပါ။ မမ၏ လှပသော ကိုယ်လုံးလေးမှာ ဘယ်နေရာမှ ပွအိပိုတွဲမနေဘဲ ချပ်ရပ်လှပလွန်း လေ၏။ မမအသားက ပန်းနုသွေးလေးပြေးသည့် အဖြူရောင် ဖြစ်၏။ မမဆံပင်က ဘိုကေသာသာဟု ပြောရပါမည်။ တွန့်တွန့် ခွေခွေလေးတွေနှင့် ကပိုကရို။

“လှလိုက်တာ မမရယ်”

မိုးခြိမ့် မတ်တတ်ရပ်၍ ကြို၏။

“ကျေးဇူးပဲ”

ပြုံး၍ ပြောပုံက အထက်တန်းကျလှသည်။ အကယ် ဒမီ မေနွေးထွေး ပီသလှပါပေသည်။



www.burmeseclassic.com



တစ်စုံတစ်ရာတိုင်းမှာ
ဂုဏ်သတ္တိတစ်ခုတော့ ရှိနေတတ်ပါတယ်
ယုန်ကလေးတစ်ကောင်ဆိုရင် ချစ်စရာကောင်းတယ်
ဒိုင်ယာရီ တစ်အုပ်ကတော့ လွမ်းမောဖွယ်ရာတစ်ခုပေါ့
ကောင်မလေးတစ်ယောက်ဟာ
ယုန်ကလေးနဲ့ လည်းတူတယ်
ဒိုင်ယာရီတစ်ပုဒ်လည်းဖြစ်နေခဲ့တယ်ဆိုရင်...

ယုန်ကလေးရဲ့ဒိုင်ယာရီ

ရွှန်းရမိမိုး




"ထိုင်လေ မောင် ... ဒီနေ့တော့ ကိုသောင်းထွန်းကို မြီးရှည်စားချင်တယ်လို့ ပူဆာထားတာ၊ ကိုသောင်းထွန်းရဲ့ အစီအစဉ်နဲ့ အရှည်လေးရဲ့ လက်ရာပေါ့"

မမနှင့်တူတူ စားပွဲမှာ နှစ်ယောက်တည်း ထိုင်စားရတာ ဦးသောင်းထွန်းကို အားနာမိ၏။ တကယ်ဆို ... ကိုယ်ဟာ ဦးသောင်းထွန်းလောက် (မမအတွက်) အသုံးကျသူ မဟုတ်ပါ။ မမ၏ တစ်ကိုယ်ရေတာဝန် ဟူသမျှအားလုံး ဦးသောင်းထွန်း တာဝန်ယူရသည်။ မမငွေတွေကိုပင် (မမက ယုံကြည်စိတ်ချစွာ လွှဲအပ်ခြင်း ခံရသည်)ကိုင်တွယ် သုံးစွဲခွင့်၊ စီစဉ်ညွှန်ကြားခွင့်ရသူ ဖြစ်၏။

မမထံမှာ လခစား အလုပ်သမားချင်းတူတူ (ကိုယ်က ယာဉ်မောင်းသာ ဖြစ်၏) ဦးသောင်းထွန်းက ပို၍အဆင့်မြင့်သည်ဟုယူဆရပါမည်။ ကိုယ့်အဆင့်ဟာ ... အပုလေးတို့ အရှည်လေးတို့နှင့် တူချင်တူ၊ မတူဘူး ဆိုလျှင်တောင် နည်းနည်းကလေးပဲ သာပါမည်။

အပုလေး၊ အရှည်လေးနှင့် အနေတော်လေးတို့ မမနှင့် လက်ဆုံစားခွင့် မရတာ ရှိစေတော့။ ကိုယ်က အဲဒီအခွင့်အရေးကိုရလျှင် ဦးသောင်းထွန်းက ပိုမရထိုက်ပေဘူးလား။ မိုးခြိမ့်က ဦးသောင်းထွန်းကို မျက်နှာပူစွာ မော့ကြည့်ဖြစ်၏။ ရုပ်သေမျက်နှာဖုံးကြီးကတော့ ခံစားမှုကင်းလျက်။

"ဒီနေ့ ရှုတင်ရှိလား ကိုသောင်းထွန်း"

မမက တူနှစ်ချောင်းကို ကျင်လည်စွာ ကိုင်၍ မော့မကြည့်ဘဲ မေးသည်။


www.burmeseclassic.com

"မမ ကျန်းမာရေး မကောင်းသေးလို့ ဆရာဝန်က နားဖို့ ပြောထားတဲ့ရက် မကုန်သေးဘူးလေ။ ဆက်နားရဦးမှာ ပေါ့။ ဒီနေ့ ရှူတင်မရှိပါဘူး"

"မနေ့က စာဘယ်နှစောင် လာလဲဟင်"

"အနေတော်လေး"

ဦးသောင်းထွန်း ကိုယ်တိုင်က "အနေတော်လေး" ဟု ခေါ်သည်မို့ မိုးခြိမ့် ပြုံးမိသွားရတာကို မမက မြင်ဖြစ်အောင် မြင်သည် ထင်ပါရဲ့။

"မပြုံးနဲ့မောင်ရဲ့။ မောင်လည်း အဲဒီနာမည်တွေပဲ ခေါ်ခွင့် ရှိတယ်။ ဒါ ... မမ အမိန့်ပဲ။ မနေ့က ... အနေတော် လေးက မမဆီ စာလာမပို့ဘူး ကိုသောင်းထွန်းရဲ့"

အနေတော်လေးက တက်တင်းဇာလေး ခင်းထားသည့် ဗန်းတစ်ခုကိုကိုင်၍ ရောက်လာသည်။

"ဦးလေးက သွားပို့ဖို့ ပြောပါတယ်။ နည်းနည်းနောက်ကျ နေလို့ မမများ အိပ်နေပြီလားလို့ပါ"

"ကိုသောင်းထွန်း ဖွင့်ပါဦး၊ ဘယ်နှစောင်လဲ"

မမကိုကြည့်ရတာ တကယ့်ကို ဘုရင်မကြီးတစ်ပါး၊ သခင်မကြီး တစ်ပါးလိုပါပဲ။ ဦးသောင်းထွန်း ခေါင်းဆောင်သည့် အဖွဲ့က မမအပေါ်မှာ ရိုကျိုးခယကြလွန်းလှသည်။ ဦးသောင်းထွန်း ရဲ့ စည်းကမ်းပဲ ထင်ပါရဲ့။ လုပ်ခလစာဆိုတာကလည်း ဦးသောင်း ထွန်းရဲ့ လက်ထဲမှပဲ ထွက်လာခဲ့တာ၊ ဆုကြေးဆိုလည်း ဦးသောင်း ထွန်းပဲ ပေးတာဆိုတော့ ဦးသောင်းထွန်း အမိန့်ချလျှင် နာခံကြ မည့်ပုံ ပေါ်ပါသည်။



"နှစ်ဆယ့်သုံးစောင်ပါ မမ"

"နည်းလိုက်တာ"

မမ မျက်နှာလေး ကွက်ခနဲ ပျက်ရှာ၏။

"အစတုန်းကဆိုရင်၊ တစ်နေ့ကို မိတ်ဆက်စာတွေ ရှစ်ဆယ် နဲ့ တစ်ရာကြား လာတာ မောင်ရဲ့၊ မမ ကားမရိုက်တာ ကြာရုံနဲ့ စာတွေ အလာကျဲသွားတော့တာပဲ၊ နေ့တိုင်းတောင် မလာတော့ဘူး ထင်ပါရဲ့၊ ကိုသောင်းထွန်းက နှစ်ရက် သုံးရက် စုစုပို့နေသလား မသိဘူး"

"စနေ တနင်္ဂနွေတော့ ဘယ်လာမလဲ မမရယ်"

"အင်း ... ဖတ်ပါဦး"

"မမ ... အစောင်နှစ်ဆယ်က မမ ကားပြန်ရိုက်ဖို့ ပြော ထားတာပါ။ ကျွန်တော် ဖတ်ပြီးပါပြီ"

"တွေ့လား၊ ပရိသတ်က မမကို မျှော်လှပြီ။ ကိုသောင်း ထွန်း ... မမ ကားတွေ မထွက်တာ၊ မမ ရှုတင်နားထား တာ ငါးပတ်လား ငါးလလား၊ ငါးနှစ်လား၊ မမ ... မမှတ် မိလို့"

"ငါးပတ်ပဲ ရှိပါသေးတယ် မမ"

မိုးခြိမ့် ကျောကလေးတွန့်၍ မတ်သွားမိ၏။ မိုးခြိမ့် ဒီအိမ်ကိုရောက်တာ တစ်လမပြည့်သေးပါ။ ငါးပတ်မပြည့်သေးဟု လည်း ပြောလို့ရပါသည်။ ဒီရက်တွေထဲမှာ မမ တစ်ခါမှ ရှူတင် မသွားပါ။ ငါးပတ်ဆိုတာ ဖြစ်နိုင်သည်ပဲထားပါ။ မမရဲ့ ရုပ်ရှင် ဗီဒီယိုတွေ မကြည့်ရတာက ကြာပြီ။ ကြာဆို ... သုံးလေးငါးနှစ် များ ရှိပြီလားလို့။ မိုးခြိမ့်က မမ ဘေးမှာ ရပ်နေသည့် ဦးသောင်း

www.burmeseclassic.com

ထွန်းထံ အကြည့်တစ်ချက် ရောက်ပြန်သည်။ ရုပ်သေမျက်နှာကြီးမှ မျက်ဝန်းအစုံသည် (ထူးဆန်းစွာ) ရန်သူတွေ့သော ခြွေတစ်ကောင်ကဲ့သို့၊ ပေါက်သတ်လိုက်ဖို့ ဝန်မလေးကြောင်း စိန်ခေါ်နေသကဲ့သို့။

ဘာတွေလဲ။ မိုးခြိမ့် နားမလည်နိုင်တော့ပါ။ ဦးသောင်းထွန်း ဆိုတဲ့သူဟာ ဘာလဲ၊ ဘယ်လိုလူလဲ။ မမပိုက်ဆံတွေကို စိတ်ထင်တိုင်း စီမံပြီး သူကိုယ်တိုင်အတွက် လခကိုပါ စိတ်ကြိုက်ထုတ်ယူခွင့် ရှိနေသည့် ဦးသောင်းထွန်း၏ ရုပ်သေမျက်နှာကြီးကို အစကတည်းကမှ မသင်္ကာရသည့်ကြားထဲ၊ ဒီနေ့လို (ထူးဆန်းစွာ) စိန်ခေါ်မျက်ဝန်းကြီးနှင့် ဆုံလိုက်ရတော့ သံသယတွေဟာ ဦးသောင်းထွန်း အပေါ် တောင်လိုပုံ၍ ကျတော့သည်။

"ကျန်တဲ့ သုံးစောင်ကရော"

"မကြာခင်က ထွက်သွားတဲ့ ဗီဒီယိုကားတွေထဲမှာ မမသရုပ်ဆောင်တာကို ချီးကျူးထားတာပါ"

"တွေ့လား"

မမက ခေါင်းကလေးမော့၊ မေးလေးဆတ် မိုးခြိမ့်ကို ပြုံးပြသည်။

"ဇမောင် ... မမအသက် ဘယ်လောက်ရှိပြီထင်လဲ"

"နှစ်ဆယ့်ရှစ်"

မမက လက်ခုပ်လေးတီး၍ ရယ်၏။

"မြှောက်တယ်နော်"

"တကယ်ထင်တာပါ မမ။ အဲဒီလောက် မှန်းထားတယ်"

"မောင်ကရော"



"ကျွန်တော် နှစ်ဆယ် ... ပြည့်ပြီးပါပြီ။ မမဆီ အလုပ်မဝင်ခင် သုံးလလောက်က ပြည့်ပါတယ်"

"ဟင် ... ငယ်လိုက်တာ"

မမ နှုတ်ခမ်းလေးစူ၏။ ငယ်တာကိုပဲ အပြစ်တင်ချင်ပုံနှင့်။

"မှတ်ထား၊ မမအသက် သုံးဆယ့်သုံး၊ မောင့်ထက် ဆယ့်သုံးနှစ်တောင် ကြီးတယ်"

"ဟာ ... မထင်ရဘူး မမ၊ ကျွန်တော် ... တကယ်နှစ်ဆယ့်ရှစ်ထင်တာ။ ဒါတောင် ... နနေနိုင်တယ်လို့တွေးပြီး ပိုပြောလိုက်တာ၊ မမရဲ့မျက်နှာလေးနတဲ့အတိုင်းသာ ခန့်မှန်းရရင် ဘယ်လိုမှ အစိတ်မကျော်သေးဘူးလို့ပဲ ခန့်မှန်းမှာ"

"ဥပမာ ... မောင့်ကို ရုပ်ရှင်မင်းသား တင်ရိုက်မယ် ဆိုပါတော့၊ မမက မင်းသမီးလုပ်မယ်။ တွဲလို့လိုက်ဖက်ညီသေးရဲ့လား"

မိုးခြိမ့် မျက်နှာကြီး ဖျင်းခနဲ ပူသွားရ၏။ ဘာဖြေရမှန်း မသိပါ။

"ကြည့်စမ်း ... ကောင်လေး ရှက်သွားလိုက်တာ မျက်နှာကြီးကို ရဲတက်လာတာပဲ၊ ဒီလောက်လေးကို ဒီလောက်ရှက်တတ်နေရင် ... မင်း ... တစ်သက်လုံး ရုပ်ရှင်မင်းသားမဖြစ်နိုင်ဘူး"

"မလုပ်လည်း မလုပ်ချင်ပါဘူး၊ ကိုယ်တိုင် သရုပ်ဆောင်ဖို့ဝေးလို့၊ ကျွန်တော်က ရုပ်ရှင်ဗီဒီယိုတောင် သိပ်ကြိုက်တာမဟုတ်ဘူး၊ စာဖတ်ရတာကို ပိုကြိုက်တာ"

www.burmeseclassic.com

"ကြားတယ်နော် ... ကိုသောင်းထွန်း၊ မိုးခြိမ့်အတွက် အပတ်စဉ်ဂျာနယ် လေး,ငါးစောင်တော့ ဝယ်ပေး၊ အားကစားလည်း ပါပစေ၊ မဂ္ဂဇင်းလည်း လစဉ် ... သူကြိုက်တာ လေးငါးအုပ်တော့ ဝယ်ပေးပါ"

"ဟာ ... မမ၊ အငှားဆိုင်မှာ ငှားဖတ်လို့ ရပါတယ်"

"ဝယ်မှာ လေး,ငါးအုပ်ပဲ။ မဂ္ဂဇင်းတွေက တစ်ရာလောက် ထွက်နေတာ၊ ကျန်တာ ငှားဖတ်ပေါ့။ ဝတ္ထုတွေလည်း ငှားဖတ်ပေါ့၊ ဝတ္ထုမဟုတ်တဲ့ လိုင်းစာအုပ်တွေ ဖတ်ချင်ရင်တော့ ဝယ်ဖတ်မှရမယ်၊ ကိုသောင်းထွန်း ... သူလခမထုတ်ရသေးတာ၊ မုန့်ဖိုးဘယ်ရှိမလဲ။ လခထဲက မနိမ်ဘဲ သုံးချင်ရာသုံးဖို့ တစ်သောင်းလောက် ပေးထားလိုက်ပါ"

"ကျွန်တော့်မှာ ရှိပါတယ် မမ။ ကျွန်တော် လကုန်မှလခ ထုတ်ပါ့မယ်"

"ကိုသောင်းထွန်း"

"ခင်ဗျာ ... မမ"

"ကောင်လေးက ရှက်လို့မဖြေတဲ့ မေးခွန်းကို ... ကိုသောင်းထွန်း ဖြေနိုင်မလား"

"အစ်မကြီးနဲ့ မောင်လေး ဓာတ်လမ်းမျိုးတော့ ရိုက်လို့ရပါတယ်။ ဆယ့်သုံးနှစ်ကွာတယ် မထင်ရပါဘူး မမ။ ကွာလှ ... နှစ်နှစ် သုံးနှစ်ပေါ့"

"ပရိဂျူဆာတွေများ မလာကြဘူးလားရှင် ... မမက ကားရိုက်ချင်လှပြီ"



"လာပါတယ် မမ။ လာကြပါတယ်။ မမကျန်းမာရေးအတွက် ဆရာဝန်က နားခိုင်းထားတယ်လေ"

မိုးခြိမ့်က ဦးသောင်းထွန်းကို ကြည့်လိုက်၏။ မမကို ကျန်းမာရေးကြောင့် ကားမရိုက်ရ ... ဟု၊ ဒီလူကြီး အမြဲပြောသည်။ မမ ကြည့်ရတာ ဘာရောဂါမှလဲ ရှိပုံမရ။ မမက လှမြဲလှလျက်၊ ဝတ်ကာစားကာ ပျော်ကာပါးကာ၊ တစ်နေ့ တစ်နေ့ "အပျော်ကားစီး"ဆိုပြီး သွားသွားနေလိုက်တာလည်း တချောင်းချောင်း၊ မိုးခြိမ့်မှာတော့ ပို့လို့မဆုံး။ မမဖျားတာလည်း မတွေ့ရ၊ နှာစေးချောင်းဆိုးကလေးတောင် မဖြစ်၊ မူးတယ် မော်တယ်လည်း မကြားရ။ ဒီလောက် လှပကြော့ရှင်းနေသည့် မမဟာ ဘာရောဂါတွေ ဖြစ်နေသတဲ့လဲ။

"ပြီးတော့ ... မမရဲ့အသက်အရွယ်အရ၊ အကျီဖြူ ထဘီစိမ်းဝတ်ပြီး၊ အထက်တန်းကျောင်းသူလည်း လုပ်လို့မရှတော့ဘူးလေ မမရယ်"

"တက္ကသိုလ်ကျောင်းသူတော့ ဖြစ်နိုင်ပါသေးတယ်နော် ကိုသောင်းထွန်းရဲ့"

"ဖြစ်တာကတော့ ဖြစ်တာပေါ့။ မမက သရုပ်ဆောင်ပိုင်တာပဲ။ အကယ်ဒမီ သုံးဆုရှင်လေ။ ခုနေ ... ဟိုတုန်းက ကွန်ဗင့် Convent တွေမှာဝတ်တဲ့ ဂါဝန်လေးဝတ်ပြီး ဘော့ဘ်ဟဲ Bob Hair လေးဆောင်းလိုက်ရင် မမ ... ဆယ့်ခြောက်နှစ်သမီး ...

"ဖြစ်နိုင်သေးတာပဲ။ ဒါပေမဲ့ ... ကိုယ့်အရွယ်နဲ့ ကိုယ်ကြည့်ပြီး ကားရွေးရမယ်၊ ဓာတ်ရွေးရမယ် မဟုတ်

www.burmeseclassic.com

လား မမရဲ့။ အသက်လည်း သုံးဆယ် ကျော်လာပြီ၊ အကယ်ဒမီလည်း သုံးခုရထားပြီဆိုတဲ့ မမလောက် အဆင့် အခြေအနေက သရုပ်ဆောင်တိုင်းဟာ ...

"လာသမျှ လက်ခံမရိုက်တော့ဘဲ၊ ထိန်းကြရပြီလေ။ ကိုယ့်အနုပညာသက်တမ်းလေးရှည်ဖို့ ကိုယ့်ဘာသာပဲ လုပ် ရတာပဲ မမရဲ့၊ သူများတွေလည်း ဒီလိုပဲ ဇာတ်ရွေးကုန် ကြပါပြီ။ ငါးရက်တစ်ကား ခြောက်ရက်တစ်ကား မရိုက် ကြတော့ပါဘူး"

"ဇာတ်ရာစမ်းပါ ကိုသောင်းထွန်းရယ်။ မမနဲ့လိုက်မဲ့ကား။ ပရိုဂျူဆာ မရလည်း ကိုယ့်ဘာသာ ထုတ်ရိုက်မယ်၊ ကိုသောင်းထွန်းဆီမှာ မမ ပိုက်ဆံတွေ ရှိသေးလား"

အဲသည်မေးခွန်းကို မိုးခြိမ့် စိတ်ဝင်စား၏။ မမ အတွက်ပါ။ ဦးသောင်းထွန်း ဆိုသည့် မျက်နှာသေကြီးကို ရောက် ပြီး နောက်တစ်နေ့မှစ၍ မိုးခြိမ့် ကြည့်မရခဲ့တာဟာလည်း မမ အတွက်၊ မေဘက်ကနာလို့ပါပဲ။ ဒီလူကြီးဟာ မမပစ္စည်းတွေ အပေါ် ခြယ်လှယ်ကာ ကိုယ်ကျိုးရှာကို ရှာနေမည်ဟု (ဘာကြောင့် မှန်းမသိ၊ သက်သေမခိုင်လုံပေမဲ့) မိုးခြိမ့် ထင်ကို ထင်နေမိသည်။ ထင်ရုံတင် မကပါဘူးလေ။ ယုံကို ယုံကြည်နေသလိုပါ။ မမအပေါ် မတရား အခွင့်အရေးတွေ ယူနေတာ၊ တစ်နေ့ ... သက်သေခိုင်လုံ စွာ တွေ့လို့ကတော့၊ မမဘက်က မားမားကြီးကို ရပ်ပေးပစ်လိုက် ဦးမည်ဟု ဆုံးဖြတ်ချက်ကြီး ခိုင်မာစွာ ချဖြစ်တော့သည်။

"ပိုက်ဆံက အကြောင်းမဟုတ်ပါဘူး မမရယ်။ မမ ကျန်းမာဖို့သာ အဓိကပါ။ မမကျန်းမာရေးကြောင့် ကား



ရိုက်ခဏနားထားရတာပါ။ သူတို့က ကမ်းလှမ်းနေကြတာ ပါ။ သူတို့ မကမ်းလှမ်းလည်း ကျွန်တော့်မှာ ရှိပါတယ်"

"ခု ... မမ နေလို့ကောင်းနေတာပဲ"

"ဒါက ... မမ နေပူထဲ မထွက်လို့၊ ဇာတ်လမ်းအရ မိုး ထဲ မပြေးရလို့၊ နေပူပြင်းပြင်းထဲမှာ ချုံပွဲချ ငိုမနေရလို့ ... အဲဒါတွေမလုပ်ရလို့ နေကောင်းနေတာပဲ။ ခု ... မမနေပူထဲ ပြန်ထွက်ကြည့်ပါလား၊ နေမကောင်း ပြန်ဖြစ်သွားမှာပေါ့"

"မမ ဗြူတီရှင်းတောင် မေ့နေပြီ"

"ဆန်းဆန်းပါ"

"သူက ဘာလို့ အလုပ်မဆင်းတာလဲ"

"သူ့ခမျာလည်း စားဝတ်နေရေးအတွက်၊ နေ့တိုင်း မိတ်ကပ် လိမ်းနေခွင့်ရမှ ပြည့်စုံမှာပေါ့ မမရယ်"

"မမဆီမှာကျတော့ မလိမ်းရလို့လား"

"မမက ကားရိုက်လည်း ခဏနားထားတယ်လေ"

"ခဏပဲဟာ ... သူ့ကို ဒီတိုင်း လခပေးထားနိုင်တာပဲ"

"မမက ... ကိုယ်တိုင်လိမ်းတာလည်း သိပ်ကျွမ်းကျင်နေ ပြီလေ။ ခုဆို ... မမ ကိုယ့်ဘာသာ လိမ်းထားတာ၊ ဆန်းဆန်း လိမ်းတုန်းကထက်တောင် ပိုလှသေးတယ်"

"ဒါတော့ ဟုတ်တယ် ... ကိုယ့်ကိုယ်ကိုယ်မို့ ပြောတာ မဟုတ်ဘူး။ သိလား။ မမက ဘာလုပ်လုပ် တော်တယ်။ ဘယ်တော့မှ အညံ့မရှိဘူး၊ သရုပ်ဆောင်လည်းတော်၊ သီချင်းဆိုလည်းတော်၊ မိတ်ကပ်လိမ်းလည်းတော်၊ ဒီဇိုင်း ထွင်လည်းတော် ...

www.burmeseclassic.com

"သိလား မောင် ... ဒီအင်္ကျီလေ မမ ဒီဇိုင်းထွင်ပြီး တေလာကို ချုပ်ခိုင်းရတာ။ ခုခေတ် ဒီဇိုင်နာတွေလောက်များ တော့ မမကအပျော့၊ မမအင်္ကျီတွေဟာ မမ ကိုယ်ပိုင်ဒီဇိုင်း တွေ များတယ်။ မမက ရယ်ဒီမိတ်ဝတ်ခဲတယ်၊ ဝတ်တော့ ဝတ်ပါတယ်၊ လိုအပ်တဲ့ အခါမျိုးတွေပေါ့ ...

"များသောအားဖြင့်ကတော့ ကိုယ်ပိုင် ဒီဇိုင်းပဲ။ အကယ်ဒမီတွေ ယူတုန်းကလည်း၊ ချိတ်ဆင်ကို ကိုယ်တိုင် ဒီဇိုင်းဆွဲပြီး ရက်ကန်းကိုပေးတာ။ ဆင်တူလိုက်ရက်မှာစိုး လို့တောင် ဒီဇိုင်းကို အကုန်မပေးလိုက်ဘူး ...

"အဆင်တချို့ ချန်ထားတယ်။ လိုင်းချောင်ချောင် လုပ်ပေးလိုက်လို့ ရက်ကန်းကတောင် လှပါ့မလား မေး သေးတယ်။ ဘယ်ဟုတ်မလဲ မောင်ရဲ့၊ ချောင်နေတဲ့ ချိတ် လိုင်းတွေကြားထဲမှာ မမနဲ့ ဆန်းဆန်းနဲ့ နှစ်ယောက် ...

"ပုလဲလုံးတွေ ပုတီးစေ့တွေ သီထည့်တာ၊ တန်း လန်းလေးတွေလည်း ချထားသေးတယ်။ မမလုံချည်မျိုး ဘယ်ဆင်တူရှိတော့မလဲ။ လှလွန်းလို့ဆိုပြီး ဒီဇိုင်နာတွေ ကိုယ်တိုင် လာကိုင်ကြည့်ရတယ်"

မိုးခြိမ့် ယုံလိုက်ပါသည်။ မမဟာ အဲဒီလို အဘက် ဘက်ကတော်မည့် မိန်းမသားမျိုး ဆိုတာ ယုံချင်စရာ ကောင်းလှ တော့၏။

"ကိုယ့်ဘာသာ လိမ်းနိုင်ပေမဲ့ ဘေးနားမှာ ဆန်းဆန်း ရှိနေတာတော့ ကြိုက်တယ် ကိုသောင်းထွန်းရဲ့၊ ပြန်ခေါ် ပေးပါလား"



"မမ ... သူက သစ္စာမရှိဘူး"

"ဘာဖြစ်လို့လဲဟင်"

မမ၏ အမူအရာလေးတွေက နာမည်နှင့်လိုက်ဖက် စွာ နွေးထွေးနေကြသည်။ ညို့ညို့ငင်ငင်ကလေး ရှိသည်။ ချိုချို ယဉ်ယဉ်ကလေးနှင့် စွဲမက်ဖွယ်လည်း ကောင်း၏။ မမဟာ ခု အရွယ်မှာတောင် ရုပ်ရှင်ထဲမှာထက် အပြင်မှာက ပိုလှနေသေး သည်။ ရုပ်ရှင်ထဲ ဝင်ကာစကမ္ဘာများဆို၊ ဘယ်လောက်များ လှနေ လိုက်မလဲ။ မိုးခြိမ့် တစ်သက်တာမှာ မမလောက်လှသော မိန်းမ သား တစ်ဦးမျှ မတွေ့ဘူးပါ။ ဝန်ခံရပါလျှင် ကိုယ့်ချစ်သူ (ချစ် ကာမှ ချစ်မိရော) သဲညှာလေးပင် မမလို မလှပါ။ မမလောက် မလှပါ။ မမလို ချစ်စရာ မကောင်းပါ။ ဆွဲဆောင်မှု မရှိပါ။ တရိုက်မက်မက် စွဲလမ်းဖွယ် သက်ရှိပစ္စည်းလေးအဖြစ် ... မမ ကိုသာ ပုလဲလုံးလေးလောက် သေးငယ်အောင် ပြုပြင်ဖန်တီးစီရင် နိုင်ခဲ့ပါလျှင်၊ လည်မှာ ထာဝရ ဆွဲထားချင်ဖွယ် ကောင်းသည် ထိ ... မမ လှပါသည်။ မမ ချစ်စရာ ကောင်းပါသည်။ မမ စွဲမက်မြတ်နိုးဖွယ် ကောင်းလွန်းလှပါတော့သည်။

မိုးခြိမ့် ... ရက်တိုတိုလေး အတွင်းမှာပဲ မမကို သိပ်ချစ်မိသွားရသည်။ သိပ်ရင်းနှီးသွားမိသည်။ စေတနာတွေ သံယောဇဉ်တွေ အထပ်ထပ် တွယ်ငြိဖြစ်၏။ မမအတွက်ဆိုလျှင် ရွှန်းလွှတ်ပေးဆပ်လိုစိတ်တွေ အများကြီး ဖြစ်ထွန်းသည်။ သို့ပေမဲ့ ...

အဲသည် သို့ပေမဲ့ဟာ မိုးခြိမ့်အတွက် တော်တော် အရေးပါသည့် "သို့ပေမဲ့" ဖြစ်ပါသည်။ သို့ပေမဲ့ ... မမအပေါ် ထားသည့် မေတ္တာက အရမ်းဖြူစင်လွန်းလှပါသည်။ မေမေ့ကို

www.burmeseclassic.com

ချစ်သလို၊ ညီမလေးကို ချစ်သလို၊ အဲဒါတွေနှင့် တန်းတူချစ်သည်။ ချိန်ခွင်တစ်ဖက်မှာ မေမေနှင့် ညီမလေးကို တင်ထားပါ ...။ မမကို ကျန်သည့်တစ်ဖက်မှာတင်ပြီး ချိန်ကြည့် ... မမဘက်ကပေါ့ မနေမှာ သေချာသလောက်ပင်။ မမကို အဲသည်လောက်ထိ ချစ်သွားမိရတော့၏။

မမကိုချစ်လေ ... ဦးသောင်းထွန်းသည် "ရန်သူ" ဆိုသည့် အချက်ပေးခေါင်းလောင်းသံကို လှုပ်နှိုးလေ ဖြစ်ရတော့၏။

"စိတ်မကောင်း မဖြစ်ပါနဲ့ မမရယ် ... သူက ငယ်ငယ်နောက်ပေါက် တက်သစ်စလေးတွေကို ပိုလိမ်းပေးချင်တယ်။ မမကလည်း အလုပ်နားထားတုန်းဆိုတော့၊ ထွက်သွားတာပေါ့။ ပြန်ခေါ်လို့ ရမယ်မထင်ဘူး"

"အဲဒီ တက်သစ်စတွေနဲ့ မမနဲ့ ဘာကွာလဲဟင်၊ ကိုသောင်းထွန်း"

"မကွာပါဘူး။ ကွာမယ်ဆိုရင်တောင် မမက သာပါတယ်"

"မမ သိပ်အိုသွားပြီလားဟင်"

"မအိုပါဘူး မမ ... သုံးဆယ့်သုံးဆိုတာ ဘယ်လိုအလုပ်မျိုးကိုပဲလုပ်လုပ်၊ အလုပ်လုပ်လို့ အကောင်းဆုံးအရွယ်ပါ။ တက်ကြွဖျတ်လတ်မှု၊ ဉာဏ်ရည်ထက်မြက်မှုတွေ အစွမ်းပြဆဲ၊ အတွေ့အကြုံလည်း ရင့်ကျက်ပြီမို့ ကလေးကလားလည်း မဆန်တော့ဘူး ...

"လိုအပ်တဲ့ ရင့်ကျက်မှုတွေနဲ့ ပညာရည်အဝဆုံး အရွယ်ပါ၊ ပြီးတော့ အစွမ်းကုန်လှတဲ့ အရွယ်ပါ။ မနူးမနပ်



မပွင့်တပွင့် ခပ်ငုံငုံ အလှမျိုး မဟုတ်ပါဘူး။ မမ အရမ်းကို လှနေပါသေးတယ်"

ဒီတစ်ကြိမ်မှာတော့ ဦးသောင်းထွန်း စကားကို မိုးခြိမ့် ထောက်ခံမိပါသည်။

"ဒါဖြင့် ... ဒီအရွယ်မှာ မမက ဘာဖြစ်လို့ နားနေရမှာလဲ၊ အလုပ် လုပ်မယ်လေ၊ ကိုသောင်းထွန်း စီစဉ်ပါ။ မမရဲ့ မန်နေဂျာကလည်း ခပ်ညံ့ညံ့ ထင်ပါရဲ့"

ဦးသောင်းထွန်း မျက်နှာကြီး ... မဲ့ရှာ၏။ ရုပ်သေကြီး ဝမ်းနည်းသွားပုံရသည်။

"မမရယ် ... ဒီအရွယ်မှာ ကျန်းမာရေး ချို့တဲ့လာရတဲ့အတွက် ကံတရားကိုပဲ လွှဲချလိုက်ပါတော့"

"ကိုသောင်းထွန်း ... မောင့်ကို မင်းသားတင်မလား"

"ဟာ ... ကျွန်တော် မလုပ်ဘူး မမ"

"ဟင်း ... ဟင်း ... ငြင်းပုံကြီးက အလန့်တကြား။ မမနဲ့ အစမ်းသရုပ်ဆောင်ကြည့်မယ်လေ"

"ကျွန်တော် မရဘူး မမ။ မလုပ်တတ်ဘူး"

"စစ်မရောက်ခင်က မြားကုန်"

"ကျွန်တော် ... ဘယ်လိုမှ ဖြစ်မှာ မဟုတ်လို့ပါ"

"မမနဲ့တွဲပြီး လေ့ကျင့်မလား"

"ဟင့်အင်း ... မမ။ မမခြေတစ်ခြေလုံးကို စပါးစိုက်လို့ရတဲ့ထိ ပေါက်တူးတစ်ချောင်းတည်းနဲ့ မြေလိုက်ဆွ၊ နွားနဲ့ထွန်၊ အဲဒါကို အပြီးလုပ်ဆိုရင် ကျွန်တော် တစ်ပတ်ပဲ အချိန်ယူမယ်"

www.burmeseclassic.com

"အမလေး ... တော်စမ်းပါ။ ကျုပ် အလုစိုက်ထားတဲ့ ပန်းပင်တွေ ဘယ်သွားလွှင့်ပစ်ရမလဲ"

မမက မျက်စောင်းလှလှလေးထိုး၍ စားလက်စကို သိမ်းသည်။

"မောင် ဝ,ရဲ့လား"

"ဝ,ပါပြီ မမ ... စကားပြောရင်း နောက်တစ်ပွဲ ဆွဲယူလိုက်တာ မမ မမြင်လိုက်ဘူး ထင်တယ်"

"မြင်သားပဲ"

"မမ စားတာ အရမ်းနည်းတယ်နော်"

"လှချင်သေးတယ် မောင်ရဲ့၊ ဗိုက်တင်းအောင် စွတ်စားရင် ဒီခါးကြီး တုတ်လာမှာပေါ့"

မမက မတ်တတ်ထရပ်ကာ သူ့ခါးလေးပေါ် လက်ထောက်၍ ပြ၏။ မမခါးလေးဟာ မမလက်ထွာဆိုင်နှင့်ဆိုတော့ ပိုနေပါသည်။ ယောကျ်ားကြီး တစ်ယောက်၏ ထွာဆိုင်နှင့်သာ တိုင်းတာရပါမူ တကယ့်ကို ထွာဆိုင်လေး ဖြစ်နေနိုင်လောက်ပါသည်။

"မမ အရမ်းလှတာပဲ"

"ကျုပ်က အမြှောက်ကြိုက်တယ်"

"တကယ် ပြောတာပါ"

"ကိုယ့်ကိုယ်ကိုယ် လှတယ်လို့ ယုံကြည်ပြီးသားဆိုတော့ ရှင့်စကားကို ငြင်းရန်မရှိပါဘူး။ ရှင်က ကားပြင်ရတာ ကားနှိုက်ရတာ ဝါသနာပါတယ်ဆိုလို့ ... ကိုသောင်းထွန်း၊



သူ့ကို ဂိုဒေါင်ထဲက ဆန်နီပစ်ကပ်လေးနဲ့ လွှတ်ပေးလိုက်စမ်းပါ ... ဒီနေ့"

"ဟုတ်ကဲ့"

"ကားက ဘာဖြစ်နေလို့လဲ မမ"

"မသိဘူး ... ပျက်နေတာ လေးငါးနှစ်တောင် ရှိပလားပဲ"

"ပစ်ထားရသလား မမရာ၊ ဒီလောက် အကြာကြီး"

"မသိဘူး၊ ပစ္စည်းဝယ်ဖို့ ငွေလိုရင် ကိုသောင်းထွန်းဆီက တောင်း၊ ဒီနေ့ မမ အပြင်မသွားဘူး၊ ရှင်က ကားပြင်၊ လာ ... အပုလေး၊ ဆယ့်နှစ်နာရီထိုးရင် တစ်ကိုယ်လုံး ပေါင်းတင်မယ်။ ပြင်စရာရှိတာ လာပြင်ထား ...

"သြော် ... ညည်း ... ဘယ်ထမင်းစားရဦးမလဲ။ စားချည်ဦး။ စားပြီးမှ တက်ခဲ့။ အရှည်လေး ... ကိုသောင်းထွန်း စားဖို့ သေသေချာချာ ဂရုစိုက်နော်။ မမ အပေါ် တက်ပြီ။ ဒီနေ့ ... သိပ်နေလို့မကောင်းချင်ဘူး"

"ဘာဖြစ်လဲ မမ ... ခေါင်းကိုက်လား"

ဦးသောင်းထွန်းက ရှေ့တစ်လှမ်းတိုး၍ မေး၏။

"မူးသလိုလို မောသလိုလိုနဲ့၊ ခေါင်းလည်းကိုက်တယ်။ အိပ်ရာထဲမှာပဲ လှဲနေချင်တယ်"

"မမ အလုတွေ ပြင်ထားကတည်းက ထင်တော့ ထင်သားပဲ"

"ဟုတ်တယ် သိလား ... မောင်။ မမက နေမကောင်းရင် အရင်ဆုံးလုပ်တဲ့ အလုပ်က အလှပြင်တာပဲ။ နေမကောင်း

www.burmeseclassic.com

ရှတဲ့ကြားထဲ၊ လူက စုတ်ပြတ်နေရင် ပိုစိတ်ညစ်ရတာပေါ့။ မမ အပေါ်တက်မယ်”

“အနေတော်လေး … လိုက်သွား။ အရှည်လေးနဲ့ အပုလေးက ထမင်းစားနှင့်။ ပြီးရင် … အနေတော်လေး ဆင်းစားဖို့ လူချင်းလဲဖို့ အိမ်ပေါ်ကို အပုလေးက တက်သွားပြီး၊ မမကိုစောင့်၊ အရှည်လေး … မမ အားရှိအောင် ပူတင်းဖုတ်မယ်၊ စပျစ်သီး အကြီးကြီးတွေ ရှိသေးရဲ့လား၊ ဝယ်ရဦးမလား၊ အရှည်လေး အလုပ်ပြီးရင် …

“သုံးယောက်လုံး မမနားမှာနေ၊ ငါလည်း လိုက်ခဲ့မယ်။ မမနားမှာ လူမပြတ်စေနဲ့။ ကြားတယ်နော်”

အားလုံးက နာယူစွာ ခေါင်းညိတ်ကြပါသည်။ မမက သူ့မန်နေဂျာ … ဟုပြောလည်း ပြောလောက်ပါပေသည်။ ဦးသောင်းထွန်း စီစဉ်သွားလိုက်တာ ထောင့်ကိုစေ့လို့ … ဖြစ်၏။ တကယ်တမ်းကျတော့ အပုလေးက မမကို မတွဲနိုင်ပါ။ မမကို အနေတော်လေးက (အနေတော်အရပ်လေးနှင့်ပေမဲ့)ဘယ်လိုတွဲမလဲ။ ဦးသောင်းထွန်းက ဝင်တွဲလိုက်သည်။ ဒါဆို … သူ၊ မမ အိပ်ခန်းထဲထိ လိုက်ပို့မည့်ပုံပေါ့။

“ကျွန်တော် တွဲရမလား မမ”

ဦးသောင်းထွန်း တစ်ဖက်ကတွဲရုံနှင့် မမအတွက် မလုံလောက်ပါ။ မမက ချက်ချင်းကြီး ပျော့ခွေကျသွားသလိုဖြစ်၏။

“ဟုတ် … ဟုတ်ကဲ့ မောင်”



စကားလေး ထစ်ရှာ၏။ မိုးခြိမ့်ကိုများ … ဟုတ်ကဲ့ကဲ့လေ။ မမကတော့ မာန်မာန မရှိစွာ၊ တစ်ဖက်သား လေးစားတ်နှင့် ပြောရှာတာပေမဲ့ မမ … ဟုတ်ကဲ့ … အပြောခံရတာ မိုးခြိမ့်က မနေတတ် မထိုင်တတ် ဖြစ်ရသည်။ လှေကားကျယ်ကျယ် ကြောင်လိမ်ပုံစံ အဝိုင်းကြီးမှာ မမကို အလယ်မှာထား၍ ဦးသောင်းထွန်းနှင့် မိုးခြိမ့်တို့ တွဲတင်တော့၊ မမက သူ့ခွန်အားကိုလို့ လုံးဝထုတ်မသုံးဘဲ ဗြစ်ဆွဲကြီးပါရှာ၏။ မမ ဘာကြောင့်များ ချက်ချင်းကြီး ပျော့ခွေသွားရသည် မသိပါ။ အနေတော်လေးက ရှေ့မှ တိုးတက်သွားပြီး မမအခန်းထဲဝင်၊ မမအိပ်ရာကိုပြင်ပေး။

အားပါးပါး … ဟုသာ အော်လိုက်ချင်ပါတော့သည်။ တစ်ကြိမ်သာ ရောက်ဖူးသော မမ အခန်းဟာ ကျယ်မှကျယ်၊ ကောင်းမှကောင်း၊ သုံးထားသည့် ပစ္စည်းတွေက အကောင်းစားချည်း။ မလှ,လှအောင် မွမ်းမံပြင်ဆင်ထားလိုက်ပုံများက ပါးစပ်အဟောင်းသားနှင့်ကို ငေးကြည့်ရပါသည်။ မှန်တင်ခုံတစ်ခုတည်းကိုက သိန်းဘယ်နှဆယ်တန်မှန်း မသိ။ မမ အခန်းထဲ … ချောင်မှာ ချထားသည့် ဆိုဖာဆက်တီဟာ သိန်းငါးဆယ်မှန်း သိသည်။ င်ကာပူမှ ဝင်လာတာ၊ ပြည်တွင်းဖြစ်မဟုတ်၊ မမနှင့် တစ်ခါျားတုန်း၊ ဆိုင်တစ်ဆိုင်ထဲ ဝင်မေးကြည့်စဉ်က ဈေးသိခဲ့တာဖြစ်၏။ ရေချိုးခန်းက အုတ်နှင့် သီးသန့်လုပ်ထားတာ မဟုတ်၊ မှန်ဝါဝါးသာ ကာထားလျက်၊ အိပ်ခန်းဘက်မှနေ၍ ဇာပါးပါးတစ်ထပ် ထပ်ကာထားသည်။ ဘာနဲ့တွေမှန်းမသိ၊ သင်းသင်းပျံ့ပျံ့လေးမွှေးလျက် စိမ့်စိမ့်အေးနေပုံက … အဲဒီမွှေ့ရာထူကြီး ဖဲတစ်

www.burmeseclassic.com

ထပ် ဇာတစ်ထပ်ကြီးပေါ် တက်မအိပ်ရလျှင်တောင်နေပါ ... ကြမ်း
ခင်းမွေးပွ ကော်ဇောနုနုလေးပေါ် လူးလိမ့်ပစ်လိုက်ရလျှင်တော
လူဖြစ်ကျိုး နပ်လောက်ပါရဲ့။

တစ်ခန်းလုံး အပြာနုနုသွေး ပြေးနေသည်။ ရှိသမျှ
ခန်းဆီးဇာတွေ အပြာနုနု၊ ဆိုဖာဆက်တီ သားရေအပြာနုနု၊ တီဗီ
ထားရာ စားပွဲခင်း၊ ဇာပြာနုနု၊ မမ ... ဇာကို တော်တော်ကြိုက်
ပုံရသည်။ ဇာမျိုးစုံကို အပြာရောင်ချည်းသုံးလျက် တစ်ခန်းလုံး
မှာ ပြာလဲ့သွေး ပြေးနေတော့သည်။ မမ ခုတင်ပေါ်မှာ လဲလျောင်း
ပြီးတော့ မမကို အနေတော်လေး လာခြုံပေးသည့် စောင်ပါးလေး
ကလည်း ဖဲပြာနုနုနှင့် ဇာပြာနုနုတို့ နှစ်ထပ်ချုပ်ထားသည့် ဂွမ်း
ကပ်သဖွယ်လေးပဲ ဖြစ်သည်။

မမက မျက်စိမှိတ်လိုက်၏။ အနေတော်လေးက
ခုံပုလေး(သားရေလုံး)တစ်ခုဆွဲ၍ (အဲဒါလည်း အပြာပဲ) မမခုတင်
နားကပ်၍ ထိုင်သည်။ ဦးသောင်းထွန်းက မိုးခြိမ့်ကို "လိုက်ခဲ့"
ဟု ထုတ်မပြောဘြား၊ အမိန့်ပေးသည့် အကြည့်တစ်ချက် ပို့သည်။
မိုးခြိမ့် မခံချင်လှပေမဲ့၊ ဒါဟာ လက်ခံရမည့်ကိစ္စမို့ အပြင်သို့
ထွက်လိုက်၏။ နွဲ့ပျောင်းစွာ လွင့်နေသည့် ဇာခန်းဆီးပြာပြာလေး
ဘေး၊ အခန်းတံခါးဝမှာ (ဘယ်တုန်းကတည်းက ရှိနေမှန်း စော
စောက သတိမထားလိုက်မိပါ)ရှိနေသည့် ကုလားထိုင်တစ်လုံး
(ပြေပြေလျောလျော ရှိပါသည်)မှာ ဦးသောင်းထွန်း ထိုင်၏။

"ကိုမိုးခြိမ့်ညဲ ... အပန်းမကြီးဘူးဆိုရင် ကျွန်တော့်အတွက်
နံနက်စာကို ... ဒီလာပို့ပေးဖို့ အရှည်လေးကို ပြောပေးနိုင်
မလား"



တော်တော်ယဉ်ယဉ်ကျေးကျေး တောင်းဆိုရှာသော
ဝါကျတွေ ထွက်ကျလာသည့် နှုတ်ခမ်းအပါအဝင် မျက်နှာပြင်
တစ်ခုလုံးကတော့ ရုပ်သေပါပဲ။

"ကျွန်တော် ... မမကို စိတ်မချလို့ အခန်းဝမှာပဲ စောင့်
မယ်"

ဦးသောင်းထွန်း၏ မမအပေါ် ထားရှိသော စေတနာ
အကြင်နာနှင့် သံယောဇဉ်တို့ဟာ တကယ်သာဆိုလျှင်တော့ သြချ
၍သာ ချီးကျူးလိုက်ချင်ပါတော့သည်။

"ပြောလိုက်ပါ့မယ်။ ကျွန်တော်ရော နေပေးဖို့ လိုသေးလား"

"မလိုပါဘူး၊ မမက ဒီလိုဖြစ်ရင် ခနကြာရင်တော့ ပြန်
ကောင်းသွားတတ်ပါတယ်။ ကျွန်တော်က စိတ်မချလို့သာ
ပါ"

"မမက ဘာရောဂါလဲ"

ဦးသောင်းထွန်း မကြားပါ။ အဲဒါကြောင့်မို့ မဖြေ
ပါ။ မကြားပါ ... ဆိုတာထက် မဖြေချင်၍ မကြားခြင်းကပိုဖြစ်
နိုင်ပါသည်။ ထပ်မေးလည်း ဒေါသထွက်ချင်စရာ ထော်လော်
ကန့်လန့် အဖြေကို ရချင်ရမည်။ ပါးစပ်ထဲရှိတာ ကောက်ပြော
လိုက်ခြင်းကို ကြားချင် ကြားရမည်။ သူမှ မဖြေတာ၊ ကိုယ်က
လည်း မေးမနေတော့ဘူး ... ဟု အောက်ထပ်သို့ ပြန်ဆင်းလာခဲ့
သည်။ မမ ပြောထားသည့် ငါးနှစ်လောက် ပစ်ထားခဲ့သည်ဆို
သော ဆန်နီပစ်ကပ်ကို သွားကြည့်ရပါဦးမည်။ မမလောက် ငွေ
ကို ရေလိုသုံးနိုင်သူက ကားတစ်စီးပျက်တာ လေး,ငါးနှစ်မပြင်
ဘဲ ထားစရာလား။

www.burmeseclassic.com

ဂိုဒေါင်သို့ ရောက်လာသည်။ စိတ်က ကားပြင်ဖို့ထဲ မရှိတော့။ ရောင်စုံအတွေးတွေက ဦးနှောက်တွင်းမှာ ဖြတ်ပြေးနေကြတော့သည်။

"မမ ... ဘာရောဂါလဲ"

❤ ❊ ❤



## ၃

မမက နေ့တိုင်း အပြင်ထွက်နေတာ မဟုတ်ပါ။ မမ အပြင်ထွက်မှ ကားမောင်းပို့ရသည့် မိုးခြိမ့်မှာ အားချိန်တွေ များလွန်းနေရတော့သည်မို့ မမ ပြောသည့် ဆန်နီပစ်ကပ်ကိုပဲ တစ်နေ့ တစ်နေ့ ... တတ်သရွေ့ မှတ်သရွေ့ ကလိနေရတော့သည်။

"ကိုးမိုးခြိမ့် ... မမ ခေါ်ပါတယ်"

မမ လက်စွဲတော် အပုလေးက ကားဂိုဒေါင်နားသို့ ရောက်လာသည်။

"ထမင်းစားမယ်တဲ့"

"ဟာ ... ဘယ်အချိန်ရှိပြီလဲ၊ ဟုတ်ပါရဲ့ နင်ပြောမှဗိုက်ထဲက ဆာလာတယ်။ မမက ငါ့ကို စောင့်နေတာလား၊ မမ ဆာရောပေါ့။ လာပြီလို့ ပြောလိုက်"

လာပြီလို့ ပြောလိုက် ... ဆိုသူကပင် ရှေ့မှပြေးထွက်လာမိခဲ့၏။ မမ ဆာနေရှာမည်။ အိမ်ပေါ်တက်တော့ ပထမဆုံး ရင်ဆိုင်ရသူက မျက်နှာသေကြီး။

www.burmeseclassic.com

"အလိုလိုက်တဲ့သူက လိုက်ပေမဲ့ ... အခွင့်အရေးဆိုတာ ကြည့်ယူရတယ်"

"ခင်ဗျား ဘာပြောတာလဲ"

"သဘောပေါက်ရင် ပြီးတာပဲ"

"မပေါက်လို့ပေါ့ဗျ"

သူက လှည့်မကြည့်ဘဲ ထမင်းစားခန်းသို့ ဝင်သွားသည်မို့ မိုးခြိမ့်လည်း လိုက်ဝင်ရ၏။

"မမ"

မမ ခမျာ ထမင်းစားပွဲပေါ်မှာ ရှိသမျှ ထမင်းပန်းကန် ဟင်းပန်းကန်တွေကို ဟိုဘက်တိုးပြီး၊ သူက ခေါင်းလေး မှောက်ချလျက် ရှုံ့မဲ့နေ၏။

"ဘာဖြစ်လဲ မမ"

"ဗိုက်အရမ်းဆာပြီ"

"ဆာရင် စားလေ မမ"

"မောင်မှ ရောက်မလာတာ"

"ဟာ ... လာစားစေချင်ရင်လည်း ခေါ်ခိုင်းလိုက်ရောပေါ့ မမရယ်၊ စောစောတည်းက ခေါ်ခိုင်းလိုက်ရင် စောစောရောက်လာမှာပေါ့၊ ကျွန်တော်က ညစ်ပတ်ပေရေနေလို့ ရေတောင် အရင်ချိုးဦးမလားလို့။ မမ စားနှင့်"

"မောင်က အဲဒီကားကို သိပ်မြတ်နိုးတာ မဟုတ်လား။ အဲဒီကားကိုသာ နှိုက်ချွတ်နေရရင် ထမင်းမစား ဟင်းမစား နေနိုင်တာ ဟိုတုန်းတည်းက အကျင့်လေ။ မမ ဘယ်ခေါ်ခိုင်းရက်ပါ့မလဲ"



ရုပ်သေကြီးက မမကို ပခုံးမှ ရှုရှုလေး ဆွဲထူ၏။ မိုးခြိမ့် ... ဖျင်းခနဲ ဒေါသတော့ ထွက်သွားပါ၏။ မမက ဘာမျှ မပြောတော့လည်း မမခွင့်ပြုထားလို့ ထင်ပါရဲ့ဆိုကာ စိတ်ကိုဖြေရသည်။ ဒီလူကြီး ... မမကို မျိုချထားချင်လောက်အောင် အကြင်နာတွေ ပိုနေတာ၊ တစ်ခါတစ်ရံ မဖုံးနိုင် မဖိနိုင် (ရုပ်သေမျက်နှာဖုံးကြီးကို ဖောက်ထွက်လျက်)ပေါ်ပေါ်လာတတ်တာကို ယောကျ်ားချင်းမို့ မြွေမြွေချင်း ခြေမြင်ပါသည်။ သို့ပေမဲ့ ခံစားမှုဗလာ အရုပ်မျက်နှာသေကြီးကိုတော့ မျက်နှာဖုံးတစ်ခုလို သူ စွပ်ထားနိုင်လွန်းပါသည်။

မမကိုယ်ကလေး မတ်သွားတော့ မမရှေ့သို့ ထမင်းပန်းကန် တိုးပေးသည်။ မမကြိုက်လှချည်ရဲ့ဟု ခဏခဏပြောသည့် (ဒီနေ့လည်း ဒီဟင်းချက်ထားပါသည်။ ရုပ်သေကြီးက တစ်ရက်ခြား တစ်ခါချက်ဟုများ အရှည်လေးကို မှာထားသလားမသိပါ) ငါးခူကို အသားလွှာပြီး ဆီပြန်ခြောက်ခြောက်မှာ ရွဲယိုရွှက်ပါးပါးလှီးကလေး အုပ်ထားသောဟင်းကို မမပန်းကန်ထဲသို့ ခပ်ထည့်ပေးသည်။

"စားပါ မမ ... သိပ်ဆာနေပြီ"

သူကပဲ ပြော၏။

"မောင်ရော စားလေ"

"ကျွန်တော် အရမ်းညစ်ပတ်နေတယ် မမ၊ ကားနှိုက်ထားလို့။ မမ စားနှင့်ပါ"

"မောင် ရေချိုးမယ်ဆိုရင် မမစောင့်မယ်"

"ဘာလို့ စောင့်ရမှာလဲ၊ မမ သိပ်

www.burmeseclassic.com

"ဒါဖြင့် ... မောင်လည်းစား"

"ညစ်ပတ်ကြီးနဲ့ပဲလား"

"ညစ်ပတ်ပေမဲ့ မောင်က လူချော။ ဇွန်းနဲ့စားတာပဲ။ စားပေါ့"

"ကျေးဇူးပဲ မမ"

မိုးခြိမ့်က ဘေစင်မှာ တံတောင်ဆစ်ထိ ရေဆေး၊ လက်ပြန်သုတ်၊ ပြီးမှ ဇွန်းခက်ရင်းကို ကိုင်သည်။

"ဆောရီး မမ ... ချွေးတွေ သံတွေနဲ့။ နောက်နေ့တွေ မဖြစ်စေရပါဘူး"

"မောင် မမကို ဆေးတိုက်ဦးလေ"

ရုပ်သေကြီးက မယ်လမင်းပန်းကန် သေးသေးလေးပေါ် တင်ထားသည့်ဆေးကို ပန်းကန်လိုက်တွန်း၍ မိုးခြိမ့်ဆီပို့သည်။

"ရော့ ... မမ"

လက်ချောင်းတွေက သန့်ပြီမို့ ဆေးတောင့်လေးကို ယူပေးတော့ မမက ပါးစပ်ကလေး ဟ,ပေးသည်။ မိုးခြိမ့်က ထည့်ပေးလိုက်ရတော့သည်။ မိုးခြိမ့် လက်ထဲသို့ ရုပ်သေကြီးက ရေဖန်ခွက် လာထည့်ပြန်သည်မို့ မိုးခြိမ့်ပဲ မမကို ရေတိုက်ရသည်။ မမက ... တစ်ခါတလေ ထမင်းမစားမီ ဆေးသောက်ရသည်။ ထမင်းစားပြီး သောက်တာကတော့ အားဆေးပါ(နေ့တိုင်းသောက်သည်)။ ထမင်းမစားမီ သောက်သည့်ဆေးက နေ့တိုင်းမသောက်ရပါ။ ရုပ်သေကြီးတိုက်သည့်နေ့မှာ သောက်၍ မတိုက်သည့်နေ့မှာ မသောက်ရပါ။



မမ ဘာရောဂါဖြစ်လို့ ဘာဆေးတွေ သောက်နေရလဲဆိုတာ သိအောင်လုပ်ထားဖို့လိုပြီ ... ဟု တွေးမိပါသည်။

"စားလေ မမ"

"မောင်လည်းစား"

မမက ဟင်းတွေ ခပ်ထည့်ပေးပြန်၏။ မမစား၊ မောင်စားနှင့် ဖြစ်နေရပုံက မျက်စိနောက်လောက်ပါသည်။ မမဟာ ခုမှ မြင်ဖူး တွေ့ဖူးရသည့် ကိုယ့်လို အလကားကောင်ကို ဘာတွေ ဒီလောက် သံယောဇဉ်ဖြစ်ရှာပါလိမ့် ဆိုတာ ပုစ္ဆာကြီးတစ်ခုတောင် ဖြစ်တော့၏။ ကိုယ်ဟာ မမအတွက် အရေးပါသောပုဂ္ဂိုလ်တစ်ယောက်နှင့် ရုပ်ချင်းတော်တော်ဆင်သည် ဆိုတာလောက်ထိတော့ သိပြီးပြီ။ ဒါတွေ ဘယ်သူ့ကို မေးရမလဲ။ မမကိုလား။ အဲဒီလူအကြောင်း ပြန်ပြောရလျှင် မမ စိတ်ထိခိုက် ဝမ်းနည်းမှာလား။ သူ့ဘာသာ ကြိုက်ချင်ကြိုက် မကြိုက်ချင်နေ၊ အမုန်းပဲဖြေဖြေ၊ အမှားပဲဖြေဖြေ၊ ဘုပဲတောတော၊ ရုပ်သေကြီးနှင့်တော့ စကားပြောဖို့လိုပြီ။ ဘယ်လိုရေစက်မှန်း မသိ ... အဲဒီလူကြီးဦးသောင်းထွန်းကို စတင်မြင်ဖူးချိန်မှစ၍ "မကြိုက်"ဖြစ်ခဲ့တာ၊ နောက်တော့ သံသယတွေဝင်၊ တစ်ခါတစ်ရံ မျက်မုန်းကျိုး၊ မေတ္တာထားလို့ မရနိုင်တာတော့ အမှန်ပင်။ သူလည်း ကိုယ့်လိုပင် ရှိလိမ့်မည်ဟုတော့ မှတ်ယူထားပါသည်။

❤ ✳ ❤

www.burmeseclassic.com

"အရှည်လေး ... ညည်း ဒီအိမ်ရောက်တာ ကြာပြီလား"

သုံးယောက်ထဲမှာ အရှည်လေးက အသိဉာဏ်နည်းနည်း ပိုရှိသည်။ အနေတော်လေးက ခြကိစ္စမှာ အသုံးဝင်သည်။ အပုလေးကတော့ ဦးနှောက်တောင်မှ ကျပ်ပြည့်ရဲ့လား၊ မသိပါ။ ဟောလားဝါးလား ပြေးလွှားကာ အလကားနေရင်းလည်း ချော်လဲ။ ခလုတ်တိုက်။ တခစ်ခစ်ရယ်၊ မမဆူလျှင် အော်ငို၊ သစ်ရွက်လှုပ်လျှင်တောင် ဘစ်ပိုင်းရယ်၍ တစ်ပိုင်းငိုမည့် ကောင်မလေးဟု မှတ်ချက်ချထားပါသည်။

"ငါးနှစ်နီးပါးရှိပြီ"

"ဩော် ... တော်တော်ကြာမှာပဲ၊ ဟိုကောင်မလေးတွေရော ပဲလား"

"ဟုတ်ကဲ့"

"ညည်းတို့ရောက်တော့ မမက ဘယ်သူနဲ့နေလဲ"

"အဲဒီ ဦးသောင်းထွန်းကြီးနဲ့ပဲလေ။ ကျွန်မတို့ကို ဦးလေးသောင်းပဲ ရွာမှာလာခေါ်တာ၊ ကျွန်မတို့က အရင်းအခြာတော့ မဟုတ်ဘူး၊ စပ်ရင် ညီအစ်မတွေ တူဝရီးတွေ တော်တာ၊ သုံးယောက်လုံး ဦးလေးသောင်းနဲ့ လိုက်လာတာ"

"ဦးသောင်းထွန်းနဲ့လည်း အမျိုးပဲလား"

"မတော်ဘူး၊ ရွာမှာ အလုပ်သမားခေါ်ပေးတဲ့ ပွဲစားရှိလို့ ဦးလေးသောင်းက လာခေါ်တာ။ ဒီရောက်တော့ ဦးလေးသောင်းရယ် မမရယ် ကျွန်မတို့ရယ်နေကြတာပဲ"



"ဦးသောင်းထွန်းနဲ့ မမနဲ့ ဘာတော်လဲ သိလား"

"ဦးလေးသောင်းက မမ မန်နေဂျာ။ မမ ရုပ်ရှင်တွေရိုက်နေကတည်းက မန်နေဂျာတဲ့"

"ဘယ်သူ ပြောတာလဲ"

"ဦးလေးသောင်းရော မမရော ပြောတယ်"

"မမ ရုပ်ရှင်မရိုက်တာ ဘယ်လောက်ကြာပြီလဲ၊ ညည်းတို့ရောက်ပြီးမှ ရိုက်သေးလား"

"မရိုက်ဘူး၊ ဒါပေမဲ့ ရိုက်ပြီးသားကားတွေက တစ်နှစ်လောက် ဆက်တိုက်ထွက်နေသေးတာ။ ကျွန်မတို့ ကြည့်ရတယ်။ မမက သိပ်လည်းတော်တာပဲ။ အမူအရာ အရမ်းကောင်းတယ်။ လှလည်း အရမ်းလှတယ်။ ကျွန်မတို့ရောက်မှ တစ်ခါမှ ရိုက်တာမတွေ့ဘူး ...

"ကျွန်မတို့ ရောက်ခါစကတော့ အိမ်ကို ဧည့်သည်တွေလာတယ်။ ဒီအိမ်မဟုတ်ဘူး၊ အရင်အိမ်။ မမကိုကားရိုက်ဖို့ လာငှားကြတာတဲ့။ အဲဒီတုန်းက မမ အရမ်းနေမကောင်း ဖြစ်နေတာ၊ သူနာပြုဆရာမ ငှားထားရတယ်၊ နောက်တော့ ... ဒီအိမ်ကို ပြောင်းလာတာ ...

"ဟိုအိမ်ကို လူတွေလာလို့တဲ့။ ဒီအိမ်ကို ပြောင်းပြီးမှ တစ်ခါမှ ဧည့်သည်မလာတော့ဘူး၊ ကားရိုက်ဖို့ လာမခေါ်တော့ဘူး"

"ညည်းတို့ ဒီမှာ ပျော်တယ်ပေါ့"

"ပျော်ပါတယ်။ လခလည်း ကောင်းတယ်၊ အလုပ်လည်း သက်သာပါတယ်"

www.burmeseclassic.com

"ဈေး ... ညည်းသွားတာလား"

"ဟုတ်ကဲ့ ... ဦးလေးသောင်းက တစ်ပတ်တစ်ခါ ပိုက်ဆံ ပေးပါတယ်"

"ညည်းတို့ မမကိုရော ချစ်ကြရဲ့လား"

"ချစ်တာပေါ့။ မမက လှလည်းလှ၊ ဆူလည်း သိပ်မဆူဘူး၊ ကျန်းမာရေးလည်း မကောင်း၊ ပြီးတော့ ... ရုပ်ရှင်မင်းသမီးလေ။ ချစ်တာပေါ့"

"ဂရုရော စိုက်ကြရဲ့လား"

"အမလေး ... မစိုက်ချင်လို့တောင် မရဘူး။ ဦးလေးသောင်းက မျက်စိဒေါက်ထောက်ကြည့်နေတာ၊ ဒါပေမဲ့ ... ဦးလေးသောင်းကိုတော့ ဘယ်မိမလဲ၊ ဦးလေးသောင်းဟာ မမကို ဂရုစိုက်နေရတာနဲ့ အိပ်တောင်မှ အိပ်ရဲ့လားမသိဘူး။ တစ်ခါတလေ ... တစ်ရေးနိုးလည်း မမကိုလာကြည့်တာပဲ"

"ဟော ..."

မိုးခြိမ့် ရင်ထဲ လှိုက်ခနဲ ပူလေ၏။

"ပြီးပြီလား။ ဘာသိချင်သေးလဲ။ ကျုပ်ကို ဆက်မေးလို့ရပါတယ်။ မမ အိပ်ပျော်သွားပြီ။ အရှည်လေးတို့ကို သွားမေးလို့ ဘယ်တိတိကျကျ သိမှာလဲ"

ဘယ်တုန်းက နောက်ကို ရောက်လာမှန်းမသိသော ရုပ်သေကြီး၏ အသံသေကြီးကို ကြားလိုက်ရသည်။ မိုးခြိမ့်က သူ့အသံကိုလည်း အသံသေဟုပင် ခေါ်ချင်၏။ သူ့ရုပ်မှာ ရှင်သန်ခြင်းမရှိ၊ ဝမ်းသာတက်ကြွမှုမရှိ၊ ပူဆွေးညှိုးနွမ်းခြင်းမရှိ၊



ပက်မဲ့အရုပ်လို မျက်နှာကြီးကို ပိုင်ဆိုင်(ပြင်ဆင်ထားတာလည်း ဖြစ်နိုင်ပါသည်)ထားသူ၏ အသံမှာလည်း အတက်အကျ အနိမ့်အမြင့် မရှိဘဲ တပြေးညီကြီး ထွက်လာတတ်လွန်းလို့ သူ့အသံကိုပါ အသံသေကြီးဟု နာမည်ပေးပစ်လိုက်တော့သည်။

"မပြီးသေးဘူး။ ခင်ဗျားနဲ့ ပြောချင်နေတာ"

"အဆင်သင့်ပါပဲ"

ရုပ်သေကြီးမှ ထွက်လာသော အသံသေက နည်းနည်းပါးပါး အသက်ဝင်ပြန်ရှင်လာသလို ရှိလေ၏။

❤ ⁜ ❤

"ခင်ဗျားနဲ့ မမနဲ့ ဘာတော်လဲ"

"မမ မန်နေဂျာ"

"မမ ပိုက်ဆံတွေကို မမက နည်းနည်းလေးမှ ပြန်လှည့်မကြည့်ဘဲ ခင်ဗျားစိတ်တိုင်းကျ သုံးစွဲခွင့် ပြုထားတာ ... နံပါတ်တစ် တရားဝင်ရဲ့လား၊ နံပါတ်နှစ် ရိုးသားမှုရှိရဲ့လား၊ နံပါတ်သုံး ခင်ဗျား လိပ်ပြာသန့်သလား"

"မင်းနဲ့ ဘာဆိုင်လဲ"

"မမက ကျွန်တော့်အပေါ် ကောင်းလွန်းလို့၊ မမက ကျေးဇူးရှင် ဖြစ်နေလို့ ကျေးဇူးရှင်ဘက်က ရပ်တည်ပေးချင်လို့"

"မင်းမေးခွန်းကိုရော မင်း လိပ်ပြာသန့်လား"

"သန့်တယ်"

www.burmeseclassic.com

"ပြီးရော"

"မပြီးဘူး၊ ခင်ဗျား ဖြေရဦးမယ်"

"မဖြေဘူး။ ရှင်းလား"

"ရှင်းတယ်"

"ဘာမေးဦးမလဲ"

"မမကို ဘာလို့ညာတာလဲ"

"ဘာကိုပြောတာလဲ"

"မမ ကားမရိုက်တာ ငါးပတ်တဲ့။ တကယ်ဆို ငါးနှစ်ရှိပြီ"

"ညာချင်လို့။ ရှင်းလား"

"မရှင်းဘူး"

"ဘာမေးဦးမလဲ"

"မမက သတိမကောင်းဘူးလား၊ မေ့တတ်ရောတတ်သလား၊ သူ ကားမရိုက်တော့တာ ငါးပတ်လား ငါးနှစ်လား မမှတ်မိဘူးလား"

"မဖြေဘူး။ ရှင်းလား"

"မရှင်းဘူး"

"ဘာမေးဦးမလဲ"

"ကျွန်တော် ဘယ်သူနဲ့ တူတာလဲ"

"ဘယ်သိမလဲ။ အဖေတူနဲ့ အမေတူ၊ တစ်ခုခု ဖြစ်မှာပေါ့။ အဖေနဲ့ရော အမေနဲ့ပါ မတူတဲ့သူတွေလည်း ရှိတာပဲ။ မင်း ဘယ်သူနဲ့တူလဲ၊ ငါသိရမှာလား"

"ခင်ဗျား မဝေနဲ့ဗျာ"



"ဝါသနာမပါဘူး"

"မမနဲ့ ပတ်သက်လို့ အရေးပါတဲ့ လူတစ်ယောက်ဟာ ကျွန်တော်နဲ့ တူနေတယ်၊ အဲဒီလူ ဘယ်သူလဲ၊ မမနဲ့ ဘယ်လိုပတ်သက်သလဲ ... အဲဒါကို သိချင်တာ"

ရုပ်သေကြီး နှုတ်ပိတ်သွားတော့သည်။ မျက်နှာကြော သေသေမှာ ဆွေးရိပ်တွေ ဖြတ်ပြေးကြ၏။ ကြည့်နိုင်လွန်းမှ သိသာရုံကလေး ရှိပါသည်။ တော်တော်တော့ ထိန်းနိုင်သည့် လူကြီးပါပဲ။

"မဖြေဘူးပဲလား"

"ဖြေမှာပါ။ ငါကိုယ်တိုင်က ပြောချင်နေတာ"

"ထူးဆန်းလိုက်တာ"

ဦးသောင်းထွန်းနှင့် မိုးခြိမ့်တို့ စကားပြောနေပုံမှာ အဆင်ကို မချောကြပါ။ တစ်ယောက်နှင့် တစ်ယောက် ကြည့်မရ၊ အစာမကျေ၊ မတည့်အတူနေ ... ဆိုသည့်ပုံ ဖြစ်နေ၏။

"မမ သိပ်ချစ်တဲ့ ကောင်လေးတစ်ယောက် ရှိခဲ့ဘူးတယ်။ မင်းလိုပဲ မမထက်ငယ်တယ်။ မင်းက အခုဘယ်လောက်လဲ"

"နှစ်ဆယ့်တစ်"

"မင်းက မမထက် ဆယ်နှစ်ကျော်ကျော် ငယ်တာပေါ့။ ဟိုကောင်လေးက ခုရှိရင် နှစ်ဆယ့်ရှစ်၊ မမထက် ငါးနှစ် ငယ်တယ်၊ ဒါပေမဲ့ မထင်ရပါဘူး။ မမက သိပ်လှတာ မင်းလည်း တွေ့တာပဲ။ မျက်နှာလေးကလည်း နုနုလေးဆို တော့ လိုက်ဖက်ရုံပဲရှိတယ်"

"အဲဒီတော့ မမ မင်းသမီး ဖြစ်ပြီလား"

www.burmeseclassic.com

"မမ မင်းသမီး မဖြစ်ခင် ... ဟို ... ငယ်ငယ်လေး၊ ကလေးဘဝကတည်းက အိမ်နီးပါးချင်း၊ အတူတူ ဆော့ကစားခဲ့ကြတယ်၊ အဲဒီကောင်လေးဟာ မမချီခဲ့ပိုးခဲ့ဖူးတဲ့ ကောင်လေး၊ မမက သိပ်ချစ်တယ်။ အစကတော့ မောင်လေးလိုပေါ့"

"နောက်တော့ ချစ်သူတွေ ဖြစ်သွားရောလား"

"ဟုတ်တယ်"

"ဘာလို့ လက်မထပ်ကြလဲ"

"မမ မင်းသမီး ဖြစ်သွားလို့"

"ဘာဆိုင်လဲ"

"ကောင်လေးရဲ့ အမေက မင်းသမီးနဲ့ မပေးစားဘူး"

"ဘာဖြစ်လို့လဲ"

"အနုပညာရှင်တွေဆိုတာ အရမ်းသနားစရာကောင်းတယ်။ မင်းသမီးမှ မင်းသားမှရယ် မဟုတ်ဘူး၊ ရုပ်ရှင်လောက, ကဆို ... ဒါရိုက်တာ၊ ဓာတ်ပို့ဓာတ်ရံတွေ အပါအဝင်၊ ဂီတလောက ဆိုလည်း တူတူပေါ့၊ ရုပ်ရှင်နဲ့ ဂီတကိုသာ လူပြောများတာပါလေ ...

"တခြားအနုပညာရှင်တွေကျတော့ သိပ်မပြောပါဘူး၊ ရုပ်ရှင်ထဲကလူ၊ ဂီတလောကထဲက လူတွေဆိုရင်၊ ရည်းစားထား ... ထားပြန်ပြီ၊ လိုက်ပြေး ... ပြေးပြန်ပြီ၊ လင်မယားကွဲ ... ကွဲပြန်ပြီ၊ အပြင်လောက လူသားတွေထဲမှာရော ရည်းစားထားတာ၊ လိုက်ပြေးတာ၊ လင်မယားကွဲတာတွေ မရှိဘူးလား"



"မတူဘူးဗျ။ အပြင်လောကက လူတွေက ဘယ်သူမှ မသိဘူး။ မောင်ရွှေနဲ့ မိအေးနဲ့ ရည်းစားဖြစ်တာ ဘယ်သူမှ စိတ်မဝင်စားဘူး၊ မင်းသားနဲ့ မင်းသမီး ရည်းစားဖြစ်တာ တစ်တိုင်းပြည်လုံးက စိတ်ဝင်စားတယ်"

"စိတ်ဝင်စားတယ်၊ စပ်စုတယ်၊ ပါးစပ်ထဲထည့်ပြီး လျှာအရသာခံ ပြောကြတယ်။ ဒီမင်းသမီးအကြောင်း ငါအသိဆုံးဆိုတာမျိုး သိပ်ဖြစ်ချင်ကြတာပေါ့။ နည်းနည်းလေး ကြားရင် ချဲ့ပြီး အများကြီး ပြောလိုက်တယ်"

"နည်းနည်းလေးမှ ဘာမှ ကြားစရာသတင်းမထွက်အောင် နေကြပေါ့ဗျ"

"နေတဲ့သူတွေ ရှိပါတယ်၊ သတင်းမထွက်တာကိုကျတော့ မချီးကျူးဘူး၊ ဒါဟာ ပုံမှန်ပဲဆိုပြီး ဘာမှ မပြောကြဘူး၊ သတင်းနည်းနည်းလေးထွက်တဲ့ သူကျတော့ ပုံကြီးချဲ့ပြီး အဆိုးဆုံးပြောတာ။ တချို့ကျတော့ ... လုံးဝမဟုတ်ဘဲနဲ့ အပြောခံရတာ ...

"ဘယ်လောက် နစ်နာလဲ။ တချို့ကျတော့ ဟုတ်တယ်။ ဟုတ်လို့ အပြောခံရတာ ဘာအရေးလဲဆိုပြီး ဂရုမစိုက်ဘဲ နေပြတဲ့သူတွေလည်း ရှိတယ်။ ဒါမျိုးတွေ ... လူ့လောကထဲမှာ ဒုနဲ့ဒေးပါ"

"မမက အပြောခံရလား"

"ခံရတယ်"

"ခင်ဗျားနဲ့လား"

ဒေါသဖြစ်ဖြစ်နှင့် ဘုတောချပစ်လိုက်တော့သည်။

www.burmeseclassic.com

“မင်း သိချင်စိတ် ရှိသေးလား”

“ရှိသေးတယ်”

“ရှိသေးရင် ဘုမပြောနဲ့”

“ကောင်းပြီ”

“မမကို ဒါရိုက်တာတစ်ယောက်နဲ့ ပြောကြတယ်”

“ဟုတ်လို့လား”

“မမဘက်က မဟုတ်ဘူး၊ အဲဒီဒါရိုက်တာကတော့ မမကို သေလုအောင် ချစ်တယ်၊ ငုံထားမတတ် ချစ်တယ်”

“တော်ပါသေးရဲ့ မန်နေဂျာနဲ့ မဟုတ်လို့” ... ဟု မပြောဖြစ်တော့ပါ။ တော်ကြာ ... ရုပ်သေ အသံသေကြီး (လောလောဆယ်မှာ ရုပ်သေကြီး နည်းနည်းနွမ်း၍ အသံသေကြီး အက်ကွဲသံပါနေ၏) စိတ်ဆိုးပြီး ဆက်မပြောတော့မှာ စိုးရိမ်လို့ပါ။

“အဲဒါ ဒါရိုက်တာက လူပျို၊ အကျင့်စာရိတ္တကောင်းတယ်”

“ဘယ်သူလဲ”

“အဲဒါ မပြောဘူး”

“ပြီးရော”

“ချမ်းလည်း အရမ်းချမ်းသာတယ်၊ သူ့မှာ တခြားစီးပွားရေးလုပ်ငန်းတွေ အများကြီးရှိတယ်။ တစ်ဦးတည်းသောသား။ ဒါရိုက်တာ လုပ်ရတာကို ဝါသနာပါလွန်းလို့။ တစ်ကားတလေ စိတ်ပါတဲ့အခါ ထရိုက်တာ၊ ဒါပေမဲ့ ... ရုပ်ရှင်လောကမှာတော့ လူသိများပါတယ် ...

“လူရိုသေ ရှင်ရိုသေ ရှိတယ်။ အဲဒီ ဒါရိုက်တာက ဖျပ်ဖျပ်လူးအောင် ချစ်တာ၊ မမက ပြန်မချစ်ဘူး၊ ဒါပေမဲ့ ...



ဒါရိုက်တာက အရေးပေးလွန်းတော့ လူတွေပြောစရာဖြစ်တယ်၊ သတင်းထွက်လာတယ်၊ အဲဒါကြောင့် ကောင်လေးအမေက သဘောမတူတာ ...

“ကောင်လေးက မမကို ရုပ်ရှင်ဆက်မရိုက်တော့ဖို့ ပြောတယ်။ မမက ရိုက်ချင်တယ်၊ သူ့ကို အထင်မလွဲဖို့ ပြောတယ်၊ သစ္စာရှိပါ့မယ်လို့ ပြောရှာပါတယ်၊ မမဟာ ကိုယ်ကျင့်တရား ပျက်စီးတဲ့ မင်းသမီး မဟုတ်ပါဘူးကွာ”

ဒီလူကြီး ... သူ့အလုပ်ရှင် မင်းသမီးအပေါ်တော့ သစ္စာရှိလူယုံတော် မန်နေဂျာ ပီသပါပေသည်။

“မမက မိဘမရှိဘူးလား”

“ငါနဲ့တွေ့ချိန်မှာတော့ သူတစ်ယောက်တည်းပဲ”

“အဲဒီကောင် ဘယ်ရောက်သွားလဲ”

“သေပြီ”

“ဗျာ”

“သေတာ ကောင်းတယ်”

“ခင်ဗျားဗျာ ...”

“ကောင်းလို့ ကောင်းတယ် ပြောတာ။ ဘယ်က ဘာတွေကြားလာလဲ မသိဘူး၊ မမကို လာရန်တွေ့တာ၊ ချိုးချိုးဖဲ့ဖဲ့ ပြောတာ။ ဒီကောင်လာတဲ့ အချိန်မှာ ဒါရိုက်တာကလည်း မမနဲ့တူတူ ရှိနေတော့ ပိုဆိုးတာပေါ့”

“ဒါရိုက်တာက မမနဲ့ ရွယ်တူလား”

“ဆယ့်နှစ်နှစ် ပိုကြီးတယ်”

“အဘိုးကြီးပေါ့”

www.burmeseclassic.com

"ခုရှိရင် ငါးဆယ်"

"သေပြီလား"

"မဖြေဘူး"

"ရှင်းတယ်"

"မင်းပြင်နေတဲ့ ဆန်နီပစ်ကပ်ဟာ အဲဒီကောင်ကား"

"ဗျာ"

"ကားကို ဆောင့်အောင့် မောင်းထွက်သွားတာ လမ်းပေါ်တောင် ကောင်းကောင်းမရောက်လိုက်ရဘူး၊ တစ်ဖက်က ကုန်တွေတင်လာတဲ့ ကားကြီးနဲ့ ဝင်တိုက်တာ၊ ကားကြီးက သူ့ဘာသာ သူ့လမ်းသူလာတာ၊ သူက မဖြတ်ရဘဲ ဖွတ်ဖြတ်တော့ ဘေးတိုက်ကြိတ်သလို"

"ပွဲချင်းပြီးရောပေါ့"

"အင်း ... မမက အဲဒီကားကို လိုက်ဝယ်ပြီး သိမ်းထားတာ ယနေ့ထက်တိုင်ပဲ"

"ကျွန်တော်နဲ့ အဲဒီကောင်နဲ့ တော်တော်တူလား"

"အမြွာလို ချွတ်စွတ်တော့ မဟုတ်ဘူးပေါ့။ ရုတ်တရက်ကြည့်ရင် ပိုတူတယ်။ တစိမ့်စိမ့်ကြည့်ရင် ညီအစ်ကိုလို့ထင်ရတယ်"

"ဪ"

"မင်းကို မမက သံယောဇဉ်ကြီးတယ်။ အဲဒါ မင်းကရတဲ့ အခွင့်အရေးကို ဖမ်းမယူမိဖို့ သတိထားပါ"

"ခင်ဗျား ဘာစကားပြောတာလဲ"



"ငါနဲ့ မမချစ်သူနဲ့ တူတော့ မမက ငါ့ကိုလည်း ချစ်မှာပဲဆိုပြီး ..."

"တော်တော့ ... ခင်ဗျား ဆက်မပြောနဲ့၊ ကျုပ်မှာချစ်သူရှိတယ်"

"ကောင်းပါလေ့"

"ကျုပ်က မမကို ကျေးဇူးရှင်လို့ သတ်မှတ်တာ၊ အစ်မတစ်ယောက် ကောက်ရသလို၊ မမက ကျုပ်ကို မောင်ရင်းတစ်ယောက်အဖြစ် ကောက်မွေးစားလိုက်သလို သဘောထားတာ။ ဒီမှာ အလုပ်မပင်ပန်းဘဲနဲ့ လခယူနေရတာကိုတောင် လိပ်ပြာမသန့် ဖြစ်နေတာ ...

"မမကျေးဇူးနဲ့ ကောင်းကောင်းနေရတယ်။ ကောင်းကောင်းဝတ် ကောင်းကောင်းစားရတယ်။ ကျုပ်ရတဲ့လခက အသားတင်ပဲ။ ကျုပ် ပိုက်ဆံစုနေတယ်။ စုမိဆောင်းမိဖြစ်ရင် ..."

"မိန်းမယူပေါ့"

"အမေနဲ့ ညီမလေးကို သွားရှာရဦးမယ်၊ ပြီးမှ မိန်းမယူမယ်၊ မိန်းမယူရင် လုပ်ကိုင်ကျွေးဖို့လည်း အရင်းအနှီးစုရဦးမယ်"

"မင်းက မိန်းမရရင် ဒီကအလုပ် ထွက်မှာမို့လို့လား"

"ဒီမှာက အလုပ်မှ မရှိဘဲ၊ မမဒရိုင်ဘာ ဆိုပေမဲ့ မမက တစ်နေ့တစ်ခေါက်တောင် အပြင်မထွက်ဘူး၊ တစ်ပတ်မှတစ်ခါလောက် ကားမောင်းရတယ်၊ သုံးရက်တစ်ခါ ဆီ

www.burmeseclassic.com

သွားထုတ်ပေးရတယ်၊ ဆီတွေလည်း ပိုနေလို့ တစ်ခါတလေ သွားတောင်မထုတ်ဘူး ...

"မမက သက်သက်စောင့်ရှောက်ကျွေးမွေး ပေးကမ်းထားတဲ့သဘော ဖြစ်နေတာ၊ မိန်းမယူပြီး မိန်းမကိုပါကျွေးမွေးပါဦးဆိုရင် ကျွန်တော် ယောက်ျားမဟုတ်တော့ဘူး"

"လေးစားပါတယ်"

"ခင်ဗျား လေးစားအောင် ပြောနေတာ မဟုတ်ဘူး"

"ပြီးရောပေါ့"

"မမက ဘာရောဂါလဲ"

"မပြောဘူး"

"ဘာဆေးတွေ တိုက်နေတာလဲ"

"မင်းသိဖို့ မလိုဘူး"

"ကျန်းမာရေး မကောင်းဘူးသာဆိုတယ်၊ တစ်ခါမှလည်း ဆေးခန်းသွားမပြဘူး၊ ဆရာဝန်လည်း အိမ်မခေါ်ဘူး၊ ခင်ဗျား ဒေါက်တာရမ်းကုလုပ်ပြီး တိုက်သမျှဆေးတွေ မမ သောက်နေရရင် မမကြာရင် ရူးသွားလိမ့်မယ်"

"မင်းပါးစပ်ပိတ်"

"ခင်ဗျားကို စောင့်ကြည့်နေတာ၊ သိပ်ယုံတာ မဟုတ်ဘူး၊ မမ အပေါ်မှာ ခင်ဗျား မတော်မတရားဆိုရင် ကျုပ်လက်နဲ့ သတ်မယ်"

"မင်းလည်း မမကို စိတ်ဆင်းရဲအောင်လုပ်ရင် ငါ့လက်နဲ့ သတ်မယ်"



"ကြည့်ကြသေးတာပေါ့"

"ဒီမှာ ... မနက်ဖြန်ပဲ ကြည့်လိုက်ပေါ့။ မမအတွက် ဆရာဝန်က လိုရင် လိုသလို တစ်ပတ်တစ်ခါလည်း လာတယ်၊ နှစ်ပတ် သုံးပတ်၊ တစ်လ ဆိုသလိုလည်း ခြားတယ်၊ ခြားတာ နည်းပါတယ်။ လာတာများတယ်။ သူ ပြောတဲ့ဆေးတွေ ငါတိုက်တာ"

"ကျုပ်ရောက်တာ နှစ်လခွဲရှိပြီ၊ ဆရာဝန် တစ်ခါမှမလာဘူး"

"မင်းဘကြီးက နိုင်ငံခြား သွားနေလို့၊ ဒီနေ့ဆို ရောက်ပြီ၊ မနက်ဖြန်ခါ လာလိမ့်မယ်၊ စောင့်ကြည့်"

"မင်းဘကြီး" ဆိုသည့်အတွက် ရယ်ချင်စိတ်ကလေး ...နဲ့ခနဲ မြူးရသည်။ မိုးခြိမ့် မျက်နှာ နည်းနည်းကြည်၏။ ...ါသနည်းနည်း ပြေသည်။ ဒီလူကြီးဟာ မမအပေါ်မှာ တကယ် ...ဲ စေတနာရှိရှာတာတော့ ယုံမှားဖွယ် မရှိတော့ပါ။ သို့ပေမဲ့ ... မမပစ္စည်းတွေကိုများ အပိုင်စီးလေမလား။

မလုပ်တန်ကောင်းဘူး ထင်ပါရဲ့။

မမဘက်က ရပ်ပေးချင်လို့ပါ။ မမအတွက်ပါ။ မမ ကျေးဇူးရှင်လေ။ အမေက အစ်မမွေးမပေးခဲ့တော့ ဒီမမဟာ ...ဲ ကိုယ့်အစ်မရင်းပေါ့။ ပြီးတော့ ... မမခမျာ ကိုယ့်ကို တော် ...ော်လေး ချစ်ရှာတာလည်း အသိသာကြီး။ သူ့ချစ်သူကိုယ်စား ...င်ကူမျက်နှာလေးကို ကြည့်ခွင့်ရနေချင်တာ ထင်ပါရဲ့။

မမကို တစ်နေ့နေ့တော့ ပြောပြပါဦးမည်။

www.burmeseclassic.com

"မမကို ကျွန်တော် ချစ်ပါတယ်။ အမေနဲ့ ပါသွားတဲ့ ညီမလေးနဲ့ တူတူပေါ့။ ရေစက်ပဲ ထင်ပါရဲ့။ အစ်မရင်း တစ်ယောက်လို သံယောဇဉ် ဖြစ်ပါတယ်"... ဟူ၍။

မမကို ချစ်သည် ... ဆိုသည့် အတွေးဝင်တော့ ချစ်သူလေး"သဲညာ"ကိုလည်း သတိရလိုက်သေးသည်။ ခုချိန် ... သဲညာ ဘယ်လိုနေရှာမလဲ။

❤ ❊ ❤



# ၄

"မောင် ... ပြောရတာ နည်းနည်းတော့ ရှက်တယ်၊ အချိန်တန်အရွယ်ရောက်ဖို့လည်း လိုပါသေးတယ်။ ဆိုလိုတာက သီးချိန်ပွင့်ချိန်တန်ပြီလို့လည်း ကိုယ့်ကိုယ်ကိုယ် မသတ်မှတ်သေးပါဘူး"

အဲသည်တုန်းက ...

သဲညာ ... မိုးခြိမ့်ညံစာပေ ဆိုသည့် ဆိုင်းဘုတ်ကလေးအောက်ကို ဝင်လာခဲ့တာဖြစ်၏။ နေ့လယ်ခင်းလည်း တခြားအလုပ် ရှိတာမှ မဟုတ်ဘဲ ... မိုးခြိမ့်က သူ့စာအုပ်ဆိုင်လေးကို နေ့ခင်းလည်း ဖွင့်သည်။ သို့ပေမဲ့ ... ကျောင်းချိန် ရုံးချိန်၊ အလုပ်ချိန်မို့၊ ဖွင့်သာဖွင့်ရ လူဝင်လူထွက်က မရှိသလောက် ရှားပါသည်။ အဲသည်အချိန်မှာ သဲညာ ရောက်လာခဲ့သည်။

"ဒီလောက်ပြောရင် နားလည်ပါပြီကွာ ... သဲညာက လက်ထပ်ချင်ပြီလား"

"ကြီးတော်က စိတ်ကြိုက်တစ်ယောက် တွေ့လာလို့"

"မောင် မဟုတ်တာတော့ သေချာတယ် မှလား"

www.burmeseclassic.com

"နောက်မနေနဲ့၊ ဒီမှာ ငိုချင်နေတာ"
"ရုံးက အရာရှိကြီးမှ ဟုတ်ရဲ့လား"
"ဗေဒင်ဟောစား"
"သူ ဖတ်ချင်တဲ့စာအုပ် ဒီဆိုင်မှာ မရှိမှန်းသိရက်နဲ့ လာ မေး၊ ဆေးပေါ့လိပ်ကြီး တဖွားဖွားနဲ့ ခဏထိုင်၊ နောက်ဆုံး ကျတော့ သူပြောချင်ရာ ပြောသွားလို့၊ သိပြီးနေပြီ"
"ဒါနဲ့တောင် အေးတိအေးစက်နဲ့"
"ကိုယ်မှမကြိုက်တာ၊ မယူချင်ဘူးပေါ့။ အဲဒီလူကြီးကို ဟို သီချင်းဆိုပြလိုက်ပေါ့ ... ကျွန်မမှာရည်းစားရှိတယ်၊ ရှင် ... ငရဲကြီးလိမ့်မယ်၊ အဲ့ဟယ် ... အဲ့ဟယ် ... ဆိုတဲ့သီချင်း"
"မောင်နော်"

သဲညာ မျက်ရည်ပေါက်ခနဲကျ၏။

"စိတ်ညစ်လို့ ရယ်စရာ ပြောကြည့်တာပါကွာ။ အိမ်က မိထွေးပေါက်စကလည်း နောက်ဆုံး အဆန်းဆုံးနည်းသစ် ကို သုံးနေပြီ"
"ဘာဖြစ်နေလို့လဲ"
"ရှင့်သားပစ်မလား၊ ကျုပ်ပစ်မလား ... ဆိုတာ သဲတို့ မောင်တို့ ငယ်ငယ်က ကြားဖူးတဲ့ ပုံပြင်တွေထဲကစကား။ ခုခေတ်မှာ ဒိတ်အောက်သွားပြီ။ ဘယ်မိထွေးမှ ဒါမျိုးမသုံး တော့ဘူး"
"ခေါင်းရင်းနှစ်အိမ်ကျော်က ဒေါ်လေးစန်းလှကတော့ သူ့ လင်ပါသားကို မကြည်တိုင်း၊ မကောင်းတာတွေ တိုက်ရိုက် မပြောဘူး သိလား၊ သူ့အဖေ မြင်သာအောင် သိနိုင်အောင်



သူမို့ ပညာသားပါပါ ပြောတတ် လုပ်တတ် လိုက်တာ၊ သူကိုယ်တိုင်ကတော့ ဘာတစ်ခွန်းမှ အပြစ်မတင်ဘူး၊ အဖေက သားကို ကြည့်လို့ကို မရတော့ဘူး၊ ဟော့ကောင် ... ငါ ကြည့်လို့မရတော့ဘူးနော် ... မရတော့ဘူးနော် ... လို့ ကို ဖြစ်လာတာ"
"အဲဒါ ဝက်ဝုတ္တိအလင်္ကာခေါ်တယ်"
"မြန်မာစာတော်မှန်း သိပါတယ်"
"အိမ်က ဝက်ဝုတ္တိအလင်္ကာကတော့ တစ်မျိုး၊ နောက်ဆုံး ပေါ်နည်းသစ်၊ မိုးရေခြိမ့်ရေ ညံကလေးရေနဲ့ ... နာမည်ကို အမျိုးမျိုးခေါ်တယ်။ အရေးပေးလိုက်တာ ဖူးဖူးမှုတ်။ အစားကောင်း အသောက်ကောင်းလေးများဆို ... ဖေဖေ စားမယ်ကြံရင် ...

"ဘယ်လိုမိဘလဲ၊ သားသမီးကိုကျွေးပါ။ မိဘဆိုတာ သားသမီးကို အန်တောင်ကျွေးရတာ၊ လာစား ညံကလေး ... ညံ့ဖေဖေ လုပ်ပုံမျိုးက မိဘအချိုးကို မဟုတ်ဘူး၊ ရော့ ... ရော့ ... ဆိုတော့ အဖေက မျက်လုံးကြီး ပြူးကြည့်တယ်။ ကျွန်တော် မကြိုက်လို့ပါ အစ်မ ဆိုပြီး ရှောင်ထွက်ရတယ် ...

"အမေနဲ့ အဖေနဲ့ ကွဲကတည်းက ကိုယ့်အဝတ် အစား ကိုယ်လျှော်လာဟာ၊ သူလည်း အစကလျှော်မပေး ပါဘူး၊ ခုတလောကျမှ အဖေ့ရှေ့ဆို ... မိုးရေ၊ အဝတ် တွေ မလျှော်နဲ့၊ အစ်မကိုပေး၊ မိုး စာကျက်၊ မိုးပင်ပန်း ရင် အစ်မက ကြည့်ရက်တာ မဟုတ်ဘူးတဲ့။ အဖေက မျက်လုံးကြီးပြူးပြီး ကြည့်နေတယ် ...

www.burmeseclassic.com

"ထမင်းတစ်ဝိုင်းထဲ ဝင်စားဖို့ကို ... ဖွတ်၊ လက်ကို ဆွဲခေါ်တာ၊ ထမင်းဝိုင်းကျ ... အဖေ့ထဲ မထည့်ဘူး၊ မောင့်ထဲချည်း ဟင်းတွေခပ်ထည့်၊ မောင်က အဖေ့ပန်းကန်ထဲ သွားထည့်၊ ထမင်းဝိုင်းမှာ လက်တွေရှုပ်ယှက်ခတ်ပြီး ဟင်းတွေဖိတ်ကျ၊ လက်ချင်း တိုက်မိကြ"

"မောင့်အဖေက မျက်လုံးကြီးပြူးကြည့်ရော ဆိုပါတော့"

"ဟုတ်ပါ့။ အလကားနေရင်း အနားပဲ လာလာကပ်နေတယ်၊ ခေါင်းဖြီးထားပုံကြီး မဟုတ်သေးပါဘူး၊ အစ်မဖြီးပေးမယ် ဆိုတာကတစ်မျိုး၊ အဖေက မျက်လုံးကြီးပြူးပြီး ကြည့်နေတာပေါ့"

"နီဂိုးချုပ်လိုက်တော့ ဘာဖြစ်လဲ"

"ပလူးပလဲ လုပ်နေတဲ့ သူ့မိန်းမကိုတော့ ဘာမှမပြောဘူး၊ မောင့်ကိုသာ ... ဟော့ကောင် ... မင်း အနေအထိုင်ဆင်ခြင်၊ ငါ့မျက်စိထဲတော့ နောက်နေတာပဲတဲ့။ အဖေ အဲဒီလိုမျက်စိနောက်အောင် သူလုပ်တာ။ ကုန်းတိုက်တဲ့နည်းက သိပ်ရိုးသိပ်ဟောင်းသွားပြီ"

"ဒါဆို ... ရှင်လည်း အိမ်မှာနေသာနေရ ... အခြေအနေက ခပ်လှုပ်လှုပ်ပေါ့"

"ဟုတ်တယ်"

"သဲလည်း လှုပ်လှုပ်ပဲ။ ဒီ ကြီးတော်အိမ်မှာနေပြီး ကြီးတော်စကား နားမထောင်ရင် အိမ်မှာမနေရ ရှိတာပေါ့ မောင်ရယ်။ အဲဒါကြောင့် ... မိန်းကလေးတန်မဲ့ ဒီစကားကိုပြော



ရတာ သဲတို့ဘဝထဲကို တူတူခုန်ဆင်းချင်ပြီ။ ကိုယ့်အိမ်တွေက ကိုယ်စီထွက်ခဲ့ကြမယ်ပေါ့"

"လွယ်လွယ်မပြောနဲ့ သဲရယ် ... မောင်က တာဝန်ရှိတဲ့ယောကျ်ား။ အိမ်ထောင်တစ်ခုမှာ နေဖို့ ကျောတစ်နေရာစာနဲ့ စားဖို့ ထမင်းဟာ ယောကျ်ားတာဝန်။ မောင့်တစ်ကိုယ်စာတောင် မဖြစ်ထွန်းသေးတဲ့ အချိန်မှာ သဲကိုဆင်းရဲတွင်းထဲ ဘယ်လိုဆွဲခေါ်မလဲ"

"စကားလှပေမဲ့ တွေဝေခြင်း တစ်မျိုးပဲ"

"မောင်ကြံပါဦးမယ်"

"ရှင့်အကြံတွေ ကောင်းကောင်းရတဲ့ အချိန်မှာ ကျုပ်လည်း ဦးသိန်းလွင်ကတော် ဖြစ်နေလောက်ပြီ၊ သိလား"

"စိတ်ညစ်တယ်ကွာ"

"ဒီမှာ ... ညတိုင်း ကျိတ်ငိုနေရတာ ညပေါင်းများစွာ"

မိုးခြိမ့် တဟားဟား ထရယ်သည်မို့ သဲညာက ဒေါသနှင့်ကြည့်၏။

"ရယ်စရာလား"

"စိတ်ညစ်လွန်းလို့၊ အဖြစ်ဆိုးလွန်းလို့ ရယ်တာ ကြီးတော်ရဲ့။ ကျုပ်တို့ သမီးရည်းစားက စကားပြောတာ ကဗျာလည်း မဆန်ဘူး။ စိတ်ညစ်စိတ်ရှုပ်ပြီး ရယ်ချင်လာရော"

"ဟုတ်ကဲ့ ဘကြီး ... ကျွန်မ ပြန်ပါဦးမယ်၊ ဆိုင်မှာကြီးတော် ထိုင်ကျန်ရစ်ခဲ့တာ။ သူခိုင်းတာ လာလုပ်ရင်းရှင့်ဆီ ဝင်လာတာ၊ အဖြေလည်း မပေါ်ဘူး"

www.burmeseclassic.com

"ဘ၀ဆိုတာ တိုက်ပွဲပဲ"

"သေလိုက်၊ အဲဒီတိုက်ပွဲမှာ ရှင် ကျဆုံးသွားလို့ကတော့ လွမ်းသူ့ပန်းခွေ မပို့ကြီးထဲက"

"မောင့်ရည်းစားလေးက ကဗျာလည်း မဆန်ဘူး"

"တော်ပါ"

မျက်စောင်းလေးထိုးပြီး ဆောင့်အောင့်ထွက်သွားပုံက ချစ်စရာလေးပါ။ မိုးခြိမ့် နောက်မှ ပြေးလိုက်ကာ ကျုံးဖွေ့လိုက်ချင်၏။

ပြီးတော့ ... ဖြစ်နိုင်လျှင် လက်ဝါးတစ်ဖက်ပေါ်တင်၊ နောက်လက်ဖဝါးတစ်ဖက်နှင့် မုန့်လုံးရေပေါ် လုံးသလိုလုံး၊ သေးသေးလုံးလုံးလေး ဖြစ်သွားတော့မှ မျိုချ။

အဲဒီလောက်ထိ ချစ်တာပါ သဲညာရယ်။ ငါ့စိတ်ကူးတွေက ကဗျာဆန်တာလား၊ ပေါကြောင်ကြောင် နိုင်တာလား။ အတွေးထဲမှာ မင်းနဲ့ ငါနဲ့ စကားပြောကြည့်တယ်။ သိပ်အားရတာပဲ။ ပိုင်စိုးပိုင်နင်းလည်း ရှိတယ်။ လက်ထပ်ပြီးရင် မင်းကို ငါကလို့ ပြောမယ်။ လက်ခံနိုင်ရဲ့လား သဲလေး။ ဖြစ်နိုင်ရင် ... မင်းကို ခုပဲ ခိုးပြေးသွားလိုက်ချင်တာပေါ့။ ဟိုး ... မြောက်ဝင်ရိုးစွန်းဆီကို။ အဲဒီအရပ်မှာ အေးလွန်းလို့ မင်းအချစ်တွေ ခဲသွားမယ်၊ ငါ့ကို မချစ်နိုင်တော့ဘူး ဆိုရင်တော့ ကမ္ဘာ့အလယ်ပိုင်းကို ပြန်ခေါ်လာခဲ့မယ်။ အီကွေတာမျဉ်းကို ခွကိုင်ကြမယ်။ မင်းအချစ်တွေ အရည်ပျော်ပြီလား။ ငါ့ကို သိပ်ချစ်ပြီလားလို့ မေးမယ်။ သဲညာ ... ညဆိုတာ မရှိရင်၊ အိပ်စက်နားနေခြင်း ဆိုတာ မရှိရင်



ငါတို့အတွက် အိမ်မလိုဘူးနော်၊ မင်းနဲ့ ငါရဲ့ဝမ်းဗိုက်ထဲမှာ အစာအိမ်မပါရင်၊ အူတွေက အလုပ်မလုပ်ကြဘူးဆိုရင် မင်းနဲ့ငါအတွက် အစာအဟာရ မလိုဘူးနော်။ စားဖို့နဲ့ အိပ်ဖို့ မလိုအပ်တော့ဘူးဆိုရင် ... အဝတ်အစား အတွက်ကတော့ သစ်ရွက်သစ်ခက်တွေ ရှိနေသမျှ ကမ္ဘာပေါ်မှာ သဘာဝပေါက်ပင်တွေ ရှိနေသမျှ ...

အရှက်လုံဖို့၊ ရာသီဥတုအပူအအေးဒဏ်က ကာကွယ်ဖို့ ဖြစ်နိုင်ချေတွေ အများကြီးပါ။ အဲဒီတိုင်းပြည်မျိုး ရှိခဲ့ရင် မင်းနဲ့ငါ နှစ်ယောက်တည်းနေဖို့ သွားကြမယ်။ ငါမျက်စိထဲမှာ မြင်ယောင်တယ်၊ မင်းကလည်း သစ်ရွက်ကလေးတွေ ကိုယ်မှာဝတ်လို့၊ ငါကလည်း သစ်ရွက်လေးတွေ ကိုယ်မှာပတ်လို့၊ ကမ္ဘာဦးအစက လူရိုင်းတွေလိုလို၊ သမိုင်းဦးဘုံမြေခေတ်ကိုပဲ ပြန်ရောက်သွားသလိုလို၊ ဘာပဲဖြစ်ဖြစ် ... မင်းနဲ့အတူဆိုရင် ငါပျော်မှာပဲ။ မင်းလည်း ပျော်မှာပဲ။ ဒါပေမဲ့ ... အတွေးဆိုတာ အတွေးပဲ။ စိတ်ကူးယဉ်ဆိုတာ လက်တွေ့နဲ့ တခြားစီ။ ငါ ရယ်ချင်တယ် သဲညာရယ်။ မချိလို့ ပေါ်တဲ့သွားပါပဲ။ မင်းက ရယ်သလားမမေးနဲ့။ ငါက ခေါင်းညိတ် ဝန်ခံချင်စိတ် မရှိဘူး ရည်းစားလေးရယ်။

မိုးခြိမ့်သည် အော်ရယ်ပစ်လိုက်သည်။ အဖေ ရုံးသွားစေချိန်မို့ ပလူးပလဲလုပ်ဖို့၊ စေတနာ ရေစီးကမ်းပြိုလိုက်ဖို့ဝေးစွ၊ ကိုယ်ဘာသာ မီးဖိုထဲဝင်ပြီး ထမင်းနူးစားလျှင်တောင် အိမ်ရှေ့လမ်းပေါ် သူ့ဘာသာဖြတ်ပြေးသည့် ခွေးလေခွေးလွင့်ကို တံမြက်စည်းရိုးနှင့် ကောက်ပစ်ရင်း ...

www.burmeseclassic.com

"ဟဲ့ ... ခွေးသူခိုး"... ဟု အော်တတ်သေးသည့် မိထွေးပေါက်စလေးက မျက်မှောင်ကုတ်၍ ကြည့်ခြင်းကို ခံရလေ၏။ စောစောတုန်းက သဲညှာ လာပြီး စကားတွေပြောတာ သူချောင်းနားထောင်ပြီး ဖြစ်နိုင်ပါသည်။ မိုးခြိမ့်နှင့် သဲညှာတို့သာ ခိုးပြေးကြမည်ဆိုလျှင် အရင်ဆုံး ကူညီမည့်သူက အဲဒီ"နုနုဝေ" ပဲ ဖြစ်ပါလိမ့်မည်။ သဲညှာ ရောက်လာတုန်းကတော့ သဲညှာမှာ မျက်ရည်လေးစစနှင့်၊ သဲညှာ ပြန်သွားတော့ မိုးခြိမ့်က အော်ရယ်နေသည်။ နုနုဝေ နားမလည်နိုင်ပါ။ ဒီကောင် ... ရူးများသွားပြီလားဟု ထင်ပစ်လိုက်ချင်သည်။ ရူးပြီး လမ်းမကြောင်းလျှောက်ပြေး၊ အိမ်ပြန်မလာလည်း ပြီးရော ... ဟု တွေး၏။ ကိုယ့်ဦးလေးအရွယ် ဖခင်အရွယ်ကြီးကို ကိုယ်က အပျိုလေးတန်မဲ့ လက်ထပ်ယူထားရတာ၊ ကိုယ့်ထက်မှ သုံးလေးနှစ်ငယ်သည့် (ကိုယ့်ကို မိခင်အရာမှာ ရှိပါလျက် အစ်မခေါ်မှ သဘာဝကျနိုင်သည့် အသက်အရွယ်၏ ကွာခြားချက်နှင့်)ကောင်လေးက လင်ပါသားဖြစ်နေတာ အသည်းထဲမှ နာ၏။

ခင်ပွန်းသည် အဘိုးကြီးအပေါ် သစ္စာဖောက်ချင်တာလည်း မဟုတ်ပါ။ စင်စစ် ... ဒီလူကြီးဟာ ကိုယ်နှင့်စာလျှင်သာ အဘိုးကြီး၊ သူ့ဘာသာတော့ အဘိုးကြီး မဟုတ်လှသေးပါ။ သူ့လခ ကိုယ့်အကုန်အပ်ကာ၊ ကြိုက်တတ်သည့် အရက်ကိုတောင် တုံးတုံးတိတိ ဖြတ်ပစ်သည်အထိ ကိုယ့်အပေါ် မြတ်နိုးရှာသူလည်း ဖြစ်သည်။ လောင်းကစားလည်း မရှိ။ နောက်အိမ်ထောင်သာဆို ကိုယ်က တော်တော်ငယ်သည်မို့၊ သူ့ခမျာ ချစ်ရှာ၏။ သစ္စာရှိရှာ၏။ ကိုယ့်ကို ချစ်ခင်မြတ်နိုးပြီး ယူတာဖြစ်လျက်၊ မိန်းမ



ဝါသနာပါသူလည်း မဟုတ်၊ အသက်ကြီးနေတာကလွဲလျှင် ပြောစရာမရှိသော "ချစ်ခင်ပွန်းကြီး"မှာ ကိုယ်နှင့် မတိမ်းမယိမ်းသားကြီးကြီးမားမား ရှိနေတာကိုသာ မကြိုက်နိုင်ခြင်း ဖြစ်တော့၏။

ဒီကောင်လေး မရှိလျှင် အေးရော။

❤ ⁂ ❤

သဲညှာထံမှ စာတစ်စောင် ရပါသည်။ မောင် ... ဟု ပင် အစချီထား၏။

"အိမ်ကို အဝင်အထွက်ရှိတဲ့ အမေ့ညီမဝမ်းကွဲ ... မောင် သိမယ် ထင်ပါတယ် ဒေါ်လေးဖြူက ရန်ကုန်ကို တစ်လှည့်လိုက်နေမလားလို့ ခေါ်တယ်။ ဦးသိန်းလွင်ကြီးကို မယူချင်တဲ့အကြောင်း သဲက ငိုပြီးပြောလို့ ဒေါ်လေးကပြောတာ။ ဒေါ်လေးက အခုကြီးတော်နဲ့ဆိုလည်း ညီအစ်မဝမ်းကွဲတော်တာပဲ၊ ဒေါ်လေးက ပြောင်ပြောတာတော့ မဟုတ်ဘူး ...

"ကြီးတော်ကွယ်ရာမှာ ပြောတာ၊ အဲဒါ လိုက်နေဖို့ သဲ ဆုံးဖြတ်တယ်။ ဒေါ်လေးဖြူ ပြန်သွားတာတော့ကြာပြီ၊ အခု ရန်ကုန်လူကြုံ ဖုန်းခနဲရတာနဲ့ သဲလိုက်သွားတယ်၊ ကြီးတော်ဆီမှာ စာတစ်စောင်တော့ ရေးထားခဲ့တယ်၊ အသိပေးပြီး သွားရင် သွားခွင့်မရမှာစိုးလို့ ...

"မောင့်ကိုလည်း အကျိုးအကြောင်း လာပြောဖို့၊ အချိန်မရဘူး၊ ဒီစာကိုတောင် ကမန်းကတန်း ရေးရတာ။

www.burmeseclassic.com

ဒါပဲနော် ... ရန်ကုန်ရောက်မှ သဲလိပ်စာ ... မောင့်ဆီ စာ ထည့်လိုက်မယ်" ... တဲ့။

စာလေးတိုတိုတောင်းတောင်း တစ်စောင်နှင့်အတူ ရင်ထဲမှ ခုန်ထွက်သွားခဲ့သော သဲညှာ။ သဲညှာ ရန်ကုန်မှာမို့ ရန်ကုန်ကို လိုက်လာခဲ့ခြင်းတော့ မဟုတ်ပါ။ ကိုယ့်မြို့မှလွဲလျှင် တခြားမြို့မှာ သွားစရာ အသိမိတ်ဆွေမှ မရှိဘဲ။ ရန်ကုန်ကျတော့ ရှိသလားဆိုတော့ ... ရွာကဘုန်းကြီး ရန်ကုန်ရောက်နေတာ ရှိသည်။

မြန်မာလူမျိုးတို့၏ ချစ်စရာယဉ်ကျေးမှု၊ ဘယ်နိုင်ငံမှာမှမရှိသော ယဉ်ကျေးမှုက ဘုန်းကြီးကျောင်း ဆိုတာတွေဟာ အခမဲ့တည်းခိုစားသောက်(စရိတ်ငြိမ်း)ခွင့်ရှိသော ဟိုတယ်၊ မိုတယ်၊ အင်းတွေ ဖြစ်နေရခြင်းပင်။ ဆရာတော်ကျောင်းမှာ တည်းခို၊ သူငယ်ချင်းကိုရှာ၊ သူ့ဌေးအိမ်တစ်အိမ်မှာ ကားမောင်း၊ အဲဒီအိမ်မှာ နေခွင့် စားခွင့်ရလျှင်၊ ရသည့်လခကို အသားတင်စု၊ သဲညှာကိုလိုက်ရှာ၊ တွေ့လျှင် လက်ထပ်၊ စိတ်ကူးကတော့ အပြတ်ယဉ်ထားပါသည်။

မိုးခြိမ့် ... မြို့မှထွက်လာချိန်ထိ သဲညှာထံမှ စာမရခဲ့ပါ။ မရဆို ... မိုးခြိမ့် ထွက်လာတာနှင့် သဲညှာ ထွက်သွားတာကလည်း သုံးပတ်လောက်ပဲ ကွာသည်။ မိုးခြိမ့် မရှိသည့်နောက်ပိုင်းမှာ သဲညှာဆီက စာလာကောင်း လာနိုင်၏။ သို့ပေမဲ့ ... မိုးခြိမ့်မှ မရှိတော့တာ။ ဘယ်ရပါ့မလဲ။ မိုးခြိမ့် ဘယ်ရောက်နေမှန်း မသိသည်ဂို့ မိုးခြိမ့်ထံ တစ်ဆင့် ဘယ်ပို့ပေးနိုင်မလဲ။ မိုးခြိမ့်လိပ်စာ သိသည်ပဲထားပါဦး ... မိုးခြိမ့်ထံ အဲသည်စာကို ပို့ပေး



ဖို့ ကရိကထ ... မည်သူက ခံယူမှာတဲ့လဲ၊ အဖေလား။ ဝေးသေး။ အစ်မ။ ပို၍ဝေးပါသည်။ ခုလောက်ဆို ... သူထမင်းချက်ဖို့ မီးမွေးရာတွင် ...

"တောက် ... ထင်းရှူးချောင်းကလည်း ကုန်နေပြန်ပြီ"

သူပြောနေကျစကားအတိုင်း ပြောကာ၊ မီးမွေးစက္ကူအဖြစ်တောင် သုံးပစ်လိုက်နိုင်သည်။ သဲညှာကတော့ မရေးဘဲ မနေမည်မထင်။ ရေးမှာ။ ကိုယ့်ဆီက စာပြန်မရသည်မို့ ကိုယ်ဘာဖြစ်နေလဲ၊ သစ္စာဖောက်ပြီလား၊ ဘာဘာညာညာ ရောက်တတ်ရာရာ အထင်လွဲခြင်းများနှင့် သဲညှာ စိတ်ဆင်းရဲနေနိုင်ပါသည်။ ရန်ကုန်မြို့ထဲ ရှိသမျှလမ်းတွေပေါ် လျှောက်ပြီး ...

"သဲညှာရေ ..." ဟု အော်ရကောင်းမလားတောင် တွေးမိ၏။ ကိုယ်ဟာ ဘာကိုပဲတွေးတွေး၊ တော်တော် အူကြောင်ကြောင်နိုင်သည့် အတွေးတွေကိုချည်း တွေးတတ်သည်။ စိတ်ညစ်လာလျှင် ရယ်လိုရယ်။ ခေါင်းမှကောင်းသေးရဲ့လား။ ရူးတာလား။ ရူးပြီလား ... ဟု ကိုယ့်ကိုယ်ကိုယ် ပြန်တွေးမိတော့လည်း ရယ်ချင်တာပင်။ ကိုယ့်ကိုယ်ကိုယ် အူကြောင်ကြောင် ... ဟု တွေးမိတော့မှ အူကြောင်ကြောင် လူကြီးက အတွေးထဲ ဝင်သည်။

"အဲဒီ ဦးသောင်းထွန်းဟာ ..."

ဘာလူကြီးမှန်း မသိ၊ ဘယ်လိုလူကြီးမှန်း မသိ၊ လူဆိုးလား၊ လူကောင်းလား၊ လူကြောင်ကြီးလား၊ ဘာကြီးလဲ။ သူနှင့် အစေးမကပ်၊ ကြည့်မရတာကတော့ စ,တွေ့ကတည်းကပါပဲ။ ကိုယ်က သူ့ကို မနှစ်မြို့မှတော့ သူကလည်း ကိုယ့်ကို ကြည်မည် မထင်ပါ။ မျက်နှာချင်းဆိုင်မိလျှင် ဘုကျချင် ကျ၊

www.burmeseclassic.com

ဘာမျှမပြောဘဲ အပြန်အလှန် စောင်လိုစောင်။ အဲဒါကျပြန်တော့လည်း ရယ်စရာကြီး။ ကိုယ်တို့ ဘာတွေဖြစ်နေကြတာလဲ။

"ဒီမှာ"

သူ့အကြောင်းတွေးတုန်း သူက နောက်မှရောက်လာကာ ပခုံးကို လာပုတ်သည်မို့ သူ့လက်ကို ပြန်ပုတ်ထုတ်ပစ်လိုက်သည်။

"ကျွန်တော့်နာမည် မိုးခြိမ့်ည်"

"မမက ဇလွန်ပြည်တော်ပြန်ဘုရား သွားဖူးမယ်တဲ့။ အခု နေ့ချင်းပြန်မှာ၊ ဘာမှ ထွေထွေထူးထူး ယူနေစရာ ပြင်နေစရာ မလိုဘူး၊ ချက်ချင်းထွက်မယ်"

"ဘယ်နှယောက်လဲ"

"မင်း၊ မမနဲ့ အပုလေး၊ မားစီးဒီးနဲ့"

"မမ လမ်းမှာစားဖို့"

"ဒါ ... ငါ့အလုပ်"

"ပြီးရော"

မိုးခြိမ့် အခန်းထဲဝင်ကာ ပုဆိုးနှင့် ဘောင်းဘီကိုလဲဝတ်၏။ အိမ်မှာနေရင်း ပုဆိုးဝတ်ထားပေမဲ့ အပြင်သွားမည်ကားကြာကြာ မောင်းရမည်ဆိုလျှင် မိုးခြိမ့် ဘောင်းဘီဝတ်ရတာပိုကြိုက်၏။ ဘုရား ... ဆိုပေမဲ့ ယောကျ်ားလေးမို့ ရိုးရိုးသားသား ဂျင်းဘောင်းဘီဆိုလျှင် မဆီမလျော် မရှိနိုင်ပါ။ ဂျင်းဘောင်းဘီက အပြာနုရောင် ဖျော့ဖျော့လေး။ အသားကလည်း ပျော့ပျောင်းနေသည်။ မမ ဝယ်ပေးထားတာပါ။ မမက တစ်နေ့မှာ ဆန်းဆန်းကို ဖုန်းဆက်ခေါ်၏။



"ကျုပ်မောင်အတွက် အဝတ်အစား စုစုပေါင်း အစုံနှစ်ဆယ်။ ဆိုလိုတာက အင်္ကျီနှစ်ဆယ်၊ ဘောင်းဘီနှစ်ဆယ်၊ ရှင် စိတ်တိုင်းကျ လုပ်ခဲ့။ လုပစေ။ တန်ဖိုးကို မငဲ့ကွက်နဲ့။ ပြီးတော့ ဖိနပ်ငါးရန်၊ ကိုသောင်းထွန်းဆီမှာ ငွေထုတ်၊ ရှင် ... တက္ကစီနဲ့သွား၊ အဖော်လိုရင် ခေါ်ချင်တဲ့သူ ခေါ်သွား ...

"ကျုပ် မျက်စိထဲမှာ တန်းခနဲ ကြိုက်သွားမှာမျိုး ရှင် သိပါတယ် ဆန်းဆန်းရယ်၊ အကောင်းစားတွေချခဲ့နော်။ ပေါပေါပဲပဲတွေ ပါလာရင် ရှင်နဲ့ကျုပ်နဲ့ တွေ့မယ်"

အဲဒီလိုပြောတာ မိုးခြိမ့် မသိပါ။ ဆန်းဆန်းက [illegible]များသို့ ရှက်ကိုးရှက်ကန်းကြီးလုပ်ကာ လာကပ်သည်မို့ မိုးခြိမ့် [illegible]တ်တောင်ပျက်သွားရသေးသည်။

"ငြိမ်ငြိမ်နေ ... ရှင့်ပခုံးအကျယ်၊ ခါးအကျယ်၊ ခါးက ခြေဖျားထိ အရှည်တိုင်းမလို့၊ လှုပ်မနေနဲ့၊ အတိုင်းမှားသွားရင် ရှင်ပဲ ဒုက္ခရောက်မှာ"

"အင်္ကျီချုပ်မလို့လား၊ ခင်ဗျားချုပ်ပေးတာ ကျုပ်က ဘာလို့ဝတ်ရမှာလဲ"

"မရှည်နဲ့။ မမ အမိန့်"

စက္ကူဖြူတစ်ရွက်ချကာ ခြေစုံရပ်ခိုင်းပြီး ခြေဖဝါး[illegible]ကို တိုင်းယူပြန်၏။

"ကျေးဇူးပြုပြီး ဖိနပ်ကြီးတော့ ချုပ်မလာပါနဲ့"

"မရှည်ပါနဲ့ဆို ... မမ အမိန့်။ ဒီအိမ်မှာ လူသားအားလုံး မမ အမိန့်နဲ့ အသက်ရှူကြရတာ"

www.burmeseclassic.com

လူတစ်ကိုယ်လုံးကို စိတ်တိုင်းကျ ကိုင်တွယ်တိုင်းထွာပြီးတော့ ... သူကပဲ ရက်လှချည်ရဲ့ လုပ်နေသေးသည်မို့ မိုးခြိမ့်က အော်ရယ်လိုက်တော့ မျက်စောင်းကြီး ပိတ်ထိုးခြင်းခံရသည်။

"ရှင့်အတွက် မမက ... ဒီနေ့သုံးမှာ ဆယ်သိန်းတော့ အနည်းဆုံးပဲ သိလား"

မေးဆတ်ပြောပြီး ထွက်သွားပုံက ရယ်ချင်စရာကြီးမို့ မိုးခြိမ့် ထပ်ရယ်နေမိသေးသည်။

"မမ ... ဆန်းဆန်း ဘာတွေလုပ်သွားတာလဲ"

"မသိပါဘူး မောင်ရယ်"

မမက မဖြေ။ ဦးသောင်းထွန်း မျက်နှာသေကြီးက မှိုင်းတိုက်ခံရသလို ရှုံ့ချင်မဲ့ချင်ကြီး။

"ကိုသောင်းထွန်း ဘာဖြစ်လဲ"

"ဘာမှ မဖြစ်ပါဘူး မမ"

မိုးခြိမ့် ... ခြိုင့်သဘောပေါက်လိုက်ပါသည်။ မမက မိုးခြိမ့်အတွက် အဝတ်အစား အသုံးအဆောင်တွေကို ဆန်းဆန်းမှတစ်ဆင့် ဝယ်ခိုင်းလိုက်တာ၊ မိုးခြိမ့်က လက်ခံရယူရမှာ၊ ငွေကုန်မည့်သူက မမ။ ဒါကို ... ဦးသောင်းထွန်းက ... မမဘက်မှ ဝင်နာလျက် မျက်နှာပျက်နေခြင်း။ သူတင် မျက်နှာပျက်ရမှာလား။ မိုးခြိမ့်ညံ ဆိုသည့် လူငယ်ယောက်ျားတစ်ယောက်ကရော မပျက်ရတော့ဘူးလား။

"မမ ... ကျွန်တော် ဘာမှမလိုချင်ဘူးနော်။ ကျွန်တော်..."



မိုးခြိမ့်ခါးခါးသီးသီး၊ စိတ်ဆိုးမာန်ဆိုး ငြင်းရုံနှင့် မမ မျက်ရည်ပေါက်ပေါက်ကျကာ၊ သတိလစ်သွားခဲ့တော့သည်။

"ခက်တာပဲ ... သူ့ဆရာဝန်ကလည်း ခရီးထွက်နေတယ်"

ဦးသောင်းထွန်း ပျာယာခတ်၊ ဟိုဖုန်းဆက် ဒီဖုန်းဆက်၊ မမကိုလည်း မထားခဲ့နိုင်။

"ကိုယ်တော် ... ဆရာဝန်သွားပင့်ချေ၊ မားစီးဒီး ယူသွား၊ ဖုန်းဆက်ပြီးပြီ"

ခပ်ငေါ်ငေါ် အမိန့်ကို မထေမဲ့မြင် မပြုဝံ့၊ မမအတွက်မို့ ပြောစကား နားထောင်၊ ဆရာဝန်ရောက်လာ၊ ဦးသောင်းထွန်းနှင့် အပုလေးတွေ အရှည်လေးတွေ အနေတော်လေးတွေ၊ မမအနားမှာ လူကျပ်နေသည်မို့ မိုးခြိမ့်က ခပ်လှမ်းလှမ်းမှာပဲနေရ၊ ခဏကြာမှ မမ သတိပြန်ရ။ ယောက်ယက်ခတ်သွားလိုက်ရပုံများ။

ဆရာဝန်ကို ပြန်ပို့ပြီးမှ မမနှင့် တွေ့ခွင့်ရသည်။

"ကိုယ့်မှာလည်း ဘာနစ်နာဆုံးရှုံးမှုမှ မရှိဘဲနဲ့ ဘာလို့ လက်မခံနိုင်ဘူး ... ဘာဘူး ဖြစ်ရတာလဲ။ မမပေးရင်ယူ မမကျွေးရင်စား၊ မမကဖြူဆိုဖြူ၊ မည်းဆိုရင်မည်း၊ အဲဒီလိုနေပေးဖို့မှ စေတနာ မရှိဘူးလား"

မမကွယ်ရာကျမှ ရုပ်သေကြီးက လာမာန်မဲ၏။

"စေတနာက ရှိတယ်။ ဘာမှ မလုပ်ရဘဲနဲ့၊ ပေးတာယူ ကျွေးတာစားနေရတော့ ကျုပ် ဘာကောင်ဖြစ်သွားမလဲ"

"ဖြစ် ... ဖြစ်ပေါ့"

"ခင်ဗျား ..."

www.burmeseclassic.com

မိုးခြိမ့် ဘယ်လက်ဝါးထဲ ညလက်သီးကို နာနာထိုးရင်း အလိပ်လိုက် ထွက်လာသည့် ဒေါသကြောင့် ပြောလက်စစကားတောင် ရပ်သည်။

"မင်း နောက်တစ်ခါ ထော်လော်ကန့်လန့်လုပ်ရင် မမသေသွားနိုင်တယ် သိရဲ့လား။ မမသေရင် မင်းကို ငါသတ်မယ်"

"ခင်ဗျားသတ်မှာ မကြောက်ဘူး၊ မမသေမှာပဲ စိုးတယ်"

"အဲဒါဆိုလည်း အလိုလိုက်ပေါ့"

"ခွကြီးဗျ"

"တော်ကွာ"

သူကပဲ စိတ်ဆိုးမာန်ဆိုး ထွက်သွားရတယ်ရှိသေး။ အရွယ်ချင်းသာတူလျှင် နောက်မှလိုက်၍ ကုပ်ကိုဆွဲလှည့်ကာ မျက်ခွက်ကြီးဆဲ လက်သီးတစ်လုံးလောက်ပစ်ထည့်လိုက်ချင်၏။ ဒီလူကြီးက အသက်ငါးဆယ်လောက် ရှိပြီထင်သည်။ အဖေလောက်ပေါ့။ ကိုယ့်အဖေအရွယ်ကြီးလေ ... ဟု တွေးကာ ဒေါသကို ဖြေရ၏။

အဲသည်နေ့က ဝယ်ပေးသည့် အုပ်စုထဲမှ ပါလာသော ဂျင်းဘောင်းဘီလေး။ မိုးခြိမ့် သိပ်ကြိုက်ပါသည်။ ဝတ်ရတာ စိတ်မလုံခြုံသလို၊ လိပ်ပြာမသန့်သလို၊ ရှက်ကိုးရှက်ကန်း ဖြစ်ရင်းကပဲ တဖြည်းဖြည်း နေသားကျကာ ဝတ်ဖို့ဝန်မလေး ဖြစ်သွားရသည့် ကိုယ့်ကိုယ်ကိုယ် စိတ်ဆိုးရပြန်သည်။

"မောင်က အဲဒီဘောင်းဘီလေးနဲ့ သိပ်လှတာပဲ။ မောင် အဲဒါဝတ်ရင် ... မမ အရမ်းစိတ်ချမ်းသာတာ။ ရင်ထဲမှာကို ကြည်လင်နေတာပဲ"



ဆိုတော့လည်း မမ ပျော်အောင် ခဏခဏဝတ်ဝတ်ပြရပါတော့သည်။ မမကို ချစ်ပါသည်။ သနားပါသည်။ စေတနာလည်း ရှိပါသည်။ သံယောဇဉ်လည်း ဖြစ်ပါပြီ။ မမအတွက်ဆိုလျှင် ကိုယ်က တစ်ခုခု ပေးဆပ်စွန့်လှူလိုက်ရတာမျိုး ဖြစ်ချင်သည်။ လောလောဆယ်မှာတော့ ကိုယ်ဟာ ဘော်ကြော့။ အလုပ်နှင့်မမျှတသော အခွင့်အရေး အကြီးကြီးကို ယူထားသည့် အလကားကောင်။

"အဲ ... မောင်က ချောလိုက်တာ"

မမက အခန်းဝမှ စောင့်ကြိုနေ၏။

"ကျေးဇူးတင်ပါတယ် မမ"

"အနေတော်နဲ့ အရှည်လေး၊ သော့တွေ လုံလုံခတ်"

ဦးသောင်းထွန်းက မှာ၏။ မိုးခြိမ့် လှည့်မကြည့်တော့ဘဲ မားစီးဒီးပေါ်တက်သည်။ မမနှင့် အပုလေးတို့က နောက်ခန်းမှာ ထိုင်ကြပါသည်။ မမသည် မိုးခြိမ့်နှင့် အပြင်ထွက်သည့်အခါတွေမှာ တစ်ခါတစ်ရံ ရှေ့ခန်းမှာ ထိုင်၏။ တစ်ခါတစ်ရံ နောက်ခန်းမှာထိုင်၏။ ပုံသေမရှိပါ။

"မမ ... ဆာမယ်ထင်တယ်၊ စားစရာလည်း ဘာမှမပါပါလား"

ကားပေါ် (ရှေ့ခန်း)မှာ ရေပုလင်း ထည့်ထားသည့် ခြင်းတစ်လုံးပဲရှိသည်။

"ကိုသောင်းထွန်းက ဘယ်နေလိမ့်မလဲ၊ နောက်ကနေ ပရာဒိုနဲ့လိုက်မဲ့တူတူ၊ ခြင်းတောင်းတွေ သူ့ကားပေါ်ပဲ တင်ပေးလိုက်တော့တယ်၊ ဒီကားချောင်တာပေါ့"

www.burmeseclassic.com

"ဝင့်ကြီးတယ်"... ဟု ရင်ထဲမှာ ကျိတ်ပြောဖြစ်ရင်း ဦးသောင်းထွန်းကမှ ကိုယ့်ထက် တာဝန်ပိုကျေသေးဟု အပြစ်ရှိစွာ ခံစားလိုက်မိရပြန်သည်။

"မမကို စိတ်ချမ်းသာအောင် အလိုလိုက်နေခြင်းဟာ မင်း တာဝန်ကျေနေတာပဲ၊ ဒီတာဝန်ဆိုတာ လွယ်လွယ်နဲ့ ကျေနိုင်တာ မဟုတ်ဘူး၊ မင်းနေရတဲ့အတွက် လိပ်ပြာမသန့်မဖြစ်နဲ့၊ မင်းရတဲ့ အခွင့်အရေးနဲ့ မင်းတာဝန်နဲ့ တန်တယ်"

အဲဒီတစ်ခါပဲ ဦးသောင်းထွန်း စကားကောင်းပြောဖူးသေးသည်။

"မင်းမရှိရင် မမအတွက် မဖြစ်ဘူး"... တဲ့။

အဲဒီစကားကိုတော့ ခပ်လန့်လန့်ရယ်ပါ။ ကားကို ငြိမ့်ညောင်းစွာ မောင်းထွက်ရင်း ကတ္တရာလမ်းမည်းမည်းပေါ်မှာ သဲညှာ မျက်နှာလေးကို မြင်၏။ ဖြတ်ကျိတ်မိမှာစိုးစွာ ကားရှိန်ကို လျှော့ပစ်လိုက်မိသေးသည်။ ပြီးမှ ကိုယ့်လုပ်ရပ် အူကြောင်ကြောင်နိုင်မှန်း တွေးမိကာ၊ မှန်မှန်ပဲ မောင်းလာခဲ့သည်။ ကိုယ့်ကားအရှိန်အတိုင်း သဲညှာမျက်နှာလေးကလည်း ဦးဆောင်ပြေးနေ၏။ မလှမ်းမကမ်းမှာ မြင်နေရပေမဲ့ ဖြတ်မကျိတ်မိပါ။ ဝင့်ကြီးသူဟု ကိုယ်မဲ့ရွဲ့ဝေဖန်ထားသော ဦးသောင်းထွန်း၏ကားကို မနီးမဝေးမှာ မြင်နေရပါသည်။ အဲသည် ဝင့်အတွက် မမပိုက်ဆံနှင့် မမစည်းစိမ်ကို ဘယ်လောက်များ အပိုင်စီးထားပြီးပြီလဲ။

အဲသည်လိုလည်း တွေးမိ၏။

ဝင့်ကြီးသူအဖြစ် သနားချင်စိတ်ကို အပိုင်စီးသူအဖြစ် ဝေဖန်စိတ်က ရိုက်နက်တိုက်ခိုက်တော့သည်။



"မောင် နေကောင်းရဲ့လားဟင်"

"ကောင်းပါတယ် မမ။ မမရော"

"ကောင်းတယ်။ ရင်ထဲမှာ ကြည်လင်နေတာပဲ"

နောက်တစ်ခါ လမ်းထွက်လျှင် "မမအတွက်"ဟုပဲ မျက်စိမှိတ် လက်ခံကာ ဒီဂျင်းဘောင်းဘီလေးကိုပဲ ဝတ်ဖြစ်ပါဦးမည်။ မမကို သနားပါသည်။ သံယောဇဉ် ရှိပါသည်။ စေတနာတွေ ဖြစ်ထွန်းပါသည်။ ပြီးတော့ ... ချစ်ပါသည်။

အစ်မရင်းတစ်ယောက် ဖြစ်စေချင်လှပါဘိ။

❤ ❊ ❤

www.burmeseclassic.com

## ၁

တစ်အိမ်လုံးမှာ "မမ"စိတ်ကြိုက်ချည်း ဆိုပေမဲ့၊ မမက ဦးသောင်းထွန်း၏ အမိန့်တော်တော်များများကို လက်ခံတာ တွေ့ရ၏။ ဦးသောင်းထွန်းက တိတိကျကျပြောလျှင် မမ လက်ခံသည်။ မမ မျက်နှာညှိုးပြီး ဝမ်းနည်းပုံ ပေါက်လျှင်တော့ ဦးသောင်းထွန်းက အလျှော့ပေးပြန်၏။ မမကို ဦးသောင်းထွန်း အသေးစိတ် ဂရုစိုက်ပုံမှာ မည်သူမျှ လိုက်မမီနိုင်အောင် ရှိတော့၏။

မမက မိုးခြိမ့်ကို ချစ်စနိုး အလိုလိုက်တာလေးတွေ၊ ဝယ်ခြမ်းပေးတာတွေ၊ အခွင့်အရေးပေးတာတွေကို ဦးသောင်းထွန်း ကြိုက်မကြိုက် မပြောတတ်ပါ။

ကျေနပ်ပုံလည်းမပြ၊ မကျေနပ်ပုံလည်း မပြ၊ ထာဝရ မျက်နှာသေနှင့် ပုံမှန်ရှိနိုင်လွန်းတာလည်း အံ့ဩစရာပါ။ ဒီအိမ်မှာ နေရတာ နားမလည်နိုင်တာတွေ တွေ့တွေ့လာရပါပြီ။ မမကိုလည်း တစ်ခါတစ်ခါ နားမလည်ချင်။ ဦးသောင်းထွန်းကိုလည်း နားမလည်ချင်၊ သူတို့ကိုယ်ပိုင်နာမည်တွေဟာ ဘာတွေ



မှန်း မမှတ်မိတော့လောက်အောင် ပျောက်မှိန်နေရသည့် အရှည်လေးတို့ အပုလေးတို့ အနေတော်လေးတို့ဟာလည်း နားမလည်ချင်စရာလေးတွေပါပဲ။ အဲသည်ထက် ပိုဆိုးတာက၊ မိုးခြိမ့်ညံဆိုသည့် ယောကျ်ားတစ်ယောက်ဟာ အလုပ်အကိုင် မည်မည်ရရ မရှိလှပါဘဲ၊ မတန်မရာ အခွင့်အရေးတွေ ရရှိနေခြင်းပါပဲ။

"မမက ... ကိုမိုးခြိမ့်ကို ကျိတ်ပြီးချစ်နေတယ် ထင်တယ်"

အိမ်ဖော်အလုပ်သမား မိန်းကလေးတွေ ဆိုသည်မှာ သူတို့အိမ်ရှင်သည်သာ သူတို့မျက်စိရှေ့မှာ ပြောစရာလူသားရှိပါသည်။ အိမ်ရှင်ကို ကွယ်ရာမှာ ဝေဖန်လေ့ရှိတာ သူတို့အလုပ်လိုဖြစ်လျက် အပြစ်တင်ဖို့တောင် ခပ်ခက်ခက်လို၊ သမားရိုးကျ အလုပ်ကြီးတစ်ခုလို ဖြစ်နေတော့သည်။ မမ အိပ်ပျော်နေတုန်း (မမ နေမကောင်းသည့်အခါမှာ ဦးသောင်းထွန်းတိုက်သည့် ဆေးဟာ ဘာဆေးမှန်းတော့ မသိပါ။ နေ့လယ်ဘက်ကြီးပေမဲ့ မမ အိပ်ပျော်သွားတတ်ပါသည်)မမနားမှာ ငုတ်တုတ်စောင့်ရမည့် အပုလေးက လှစ်ကနဲ ဆင်းလာကာ မီးဖိုထဲမှာ ချက်ပြုတ်နေသည့် အရှည်လေးဆီ ရောက်ရောက်လာတတ်ပါသည်။ ခြံထဲမှာ မြက်နုတ်ပေါင်းသင် ရေလောင်း ခြံလှည်းကျင်းရမည့် အနေတော်လေးကလည်း ... မီးဖိုထဲမှာ နှစ်ယောက်ဆုံနေပြီးမှ သူ မပါဝင်ရလျှင် မေတ်နောက်ကျမှာ စိုးရိမ်လေသလား မသိ ... သူကကျတော့ ခြံထဲမှ မီးဖိုထဲသို့ လှစ်ခနဲ တက်လာတတ်ပါသည်။

မိန်းမခေါင်းသုံးလုံး ဆုံလျှင် "အတင်း"ပြောသည်... ဆိုသော စကားကို၊ မိုးခြိမ့် ကြားဖူးပါသည်။ သဲညှာကိုလည်း ပြောဖူး၏။

www.burmeseclassic.com

"ဒါဖြင့် ... ယောကျ်ားခေါင်းသုံးလုံး ဆုံရင်ရော" ... တဲ့။ သဲညှာက နှုတ်ခမ်းလေးစူ၍ မေးခဲ့၏။

"အဲဒါကျတော့ ... သတင်း ... ဆွေးနွေးတာ"

"ဟုတ်ပါလိမ့်မယ် အားကြီးကြီး၊ ဘယ်ကောင်မလေးက ဘယ်လို၊ ဟိုကောင်မလေးကျတော့ ဘာညာ ... မိန်းမတွေ အကြောင်း ပြောနေမှာများ ... မသိဘူး မှတ်နေလား" တဲ့။

ဩော် ... သဲညှာကို အကြောင်းတိုက်ဆိုင်တိုင်း သတိရပါဘိ။

အခု ... ကောင်မလေး သုံးယောက်၊ ခေါင်းသုံးလုံး ဆုံတာနှင့် "အတင်း"ပြောတာဟုပဲ ပြောရမလား၊ အိမ်ရှင်ကို ဝေဖန်သည်ဟုပဲ ပြောရမလား ...။ မမကို ဝေဖန်ပြောဆိုနေကြပြီ။

"မမက ... ကိုမိုးခြိမ့်ကို ကျိတ်ပြီး ချစ်နေတယ် ထင်တယ်" ... တဲ့။

သူတို့ပါးစပ်သရမ်းလှ၏။ သူတို့ ပေါက်ကရပြောတာ အရေးမကြီးပါ။ သူတို့ဝါကျတစ်ကြောင်းက မိုးခြိမ့် ရင်ထဲ ဒိုင်းခနဲ ဆောင့်လေ၏။ ရင်ခုန်လှုပ်ရှားတာမျိုးတော့ မဟုတ်ပါ။ မမကို ဝေဖန်ရကောင်းလားဟု စိတ်ဆိုးသည်။ သူတို့ပြောတာ တကယ်များ ဖြစ်နေလား ... ဟူသည့် အတွေးက ရင်ထဲပြေးဝင်ပြီး လန့်ဖျပ်သွားရသည်မို့ပါ။ လေးလံပစ္စည်းကြီးတစ်ခု အရှိန်ပြင်းစွာ ပြေးဝင်လာပြီး ကိုယ့်ရင်ဘတ်ကို ဒိုင်းခနဲ လာမှန်သလား ထင်ရအောင် နင့်ခနဲလည်း ခံစားရပါသည်။

ကိုယ်ဟာ ... အဲဒီလို အထင်သေးခံရစရာ ယောကျ်ား တစ်ယောက် ဖြစ်နေပြီလား။



သူတို့ဝေဖန်စကားဟာ မမကိုချည်း ထိခိုက်သည် မဟုတ်ပါ၊ ကိုယ့်ကိုလည်း ထိခိုက်ပါသည်။ မမက ဣန္ဒြေမဲ့ သိက္ခာကျ၍ ကိုယ်က တန်ဖိုးမဲ့ယောကျ်ား အလကားကောင်ဖြစ် သွားရသည်။ ကိုယ်ဟာ တကယ်ပဲ မမရဲ့အချစ်ကို စောင့်မျှော် နေသူ၊ အဲသည်လို စောင့်မျှော်နေခြင်းဟာ ကိုယ့်စားဝတ်နေရေး ပြေလည်ဖို့၊ ကိုယ့်အတွက် မတရားအခွင့်အရေးတွေ အချောင်ရယူ ဖို့ ... ဆိုသည့် အဆင့်သို့ ကျဆင်းသွားပြီဆိုလျှင် ကိုယ့်ဘဝဟာ ရစရာရှိပါဦးမလား။ ယောကျ်ား ... ဆိုသည့် သိက္ခာကို ဘယ်မှာ သွားရှာဖွေရတော့မှာလဲ။

"အရေးပေးတာတော့ အလွန်ပဲ။ ပိုက်ဆံတွေလည်း အရမ်း အကုန်ခံတယ်"

"အဝတ်အစားတွေ ဝယ်ပေးတာ ဘယ်နှသိန်းဖိုးဆိုလဲ"

"ဘယ်ဟုတ်မလဲ ... ဆယ်သိန်းတောင် ကျော်သေးတယ် ဆိုလား ... ဆန်းဆန်း ပြောသွားတာ"

"ဆန်းဆန်းက တွေ့ကရာပေါက်ပန်းဈေး ပြောတတ်ပါ တယ်။ ဖြီးလည်းဖြီးတတ်ပါတယ်"

"ဟုတ်တယ် ... ဆန်းဆန်းက မင်းသား မင်းသမီးတွေ အိမ်ကို ရောက်နေတော့လေ ... မင်းသား မင်းသမီးတွေ အိမ်ဆိုတာက ... နိုင်ငံခြားပစ္စည်း အထူးအဆန်းလေးတွေ ရောင်းတဲ့သူတွေ အဝင် အထွက် ရှိတာ သိတယ်မဟုတ် လား ...

"နိုင်ငံခြားက ပြန်လာတဲ့သူတွေ ပစ္စည်းကောင်း လေးတစ်ခုတလေ ပါလာရင် မင်းသား မင်းသမီးတွေက

www.burmeseclassic.com

လည်း လိုချင်တယ်။ ကိုယ်သုံးတဲ့ပစ္စည်း ... သူများမသုံးသေးဘူး၊ ဆင်တူမရှိဘူး ဆိုတာကို ကြိုက်ကြတယ်လေ၊ အဲဒီအခါကျ ...

"ရောင်းချင်တဲ့သူတွေက သွားပြရင် ဝယ်ကြတာများတယ်။ တစ်ခါတလေတော့လည်း မဝယ်ဖြစ်ဘူးပေါ့လေ။ အဲဒီလို လာရောင်းတတ်တဲ့သူတွေကို ဆန်းဆန်းက သိတယ်။ အဲဒါ ... ဆန်းဆန်းကို မှာထားတယ်တဲ့၊ နာရီကောင်းကောင်းတွေ့ရင် ဝယ်ခဲ့တဲ့ ...

"ဈေးဆစ်နေလို့ မရမရှိစေနဲ့တဲ့။ ရောက်တဲ့ဆီကနေ ဦးလေးသောင်းဆီ ဖုန်းဆက်ပြီး ပိုက်ဆံလှမ်းတောင်းလို့ ပြောတယ်တဲ့။ ဆန်းဆန်းက နာရီမတွေ့ရင်ရောလို့မေးတော့ ... မတွေ့ရင်တော့ ဘယ်တတ်နိုင်မလဲ ...

"တွေ့ရဲ့သားနဲ့ မရလိုက်ဘူးဆိုရင် ဆန်းဆန်းကို ခွင့်မလွှတ်ဘူးလို့ ပြောတယ်တဲ့"

"အဲဒီ ဆန်းဆန်းဟာ နှုတ်ကိုမလုံဘူး"

အရှည်လေးက အားလုံးထဲမှာ အသက်အကြီးဆုံးမို့ နည်းနည်းပါးပါး ထိန်းထိန်းသိမ်းသိမ်း ရှိပုံရပါသည်။

"အဲဒီလို လျှောက်ပြောတတ်တာ သူ့အကျင့်ပဲ"

"တခြားမှာများ သွားပြောသေးလား မသိဘူး"

"ဦးလေးသောင်းကိုတော့ ပြောနေတယ်"

"ဘာတဲ့လဲ"

"အဲဒီလိုပဲပေါ့ ... မမ ကြည့်ရတာ ကိုမိုးခြိမ့်ကို သိပ်ချစ်နေပုံပဲတဲ့"



"ဟင် ... ဦးလေးက စိတ်ဆိုးသေးလား"

"ဦးလေးက မမကို ဘယ်တုန်းက စိတ်ဆိုးဖူးလို့လဲ"

"ဦးလေးက ဘာပြောလဲ"

"ချစ်ရင်လည်း ချစ်ပစေ၊ မုန်းရင်လည်း မုန်းပစေ ... နွေးထွေးလေး စိတ်ချမ်းသာရ[illegible]ရောတဲ့။ ဦးလေးသောင်းထွန်းက မမ်ကို ရှေ့တင်သာ [illegible]ခေါ်တာ၊ ငါတို့နဲ့ပြောရင်လည်း နင်တို့ မမလို့ ထည့်ပြောတာ ...

"ဆန်းဆန်းနဲ့ ပြောရင်တော့ နွေးထွေးလေးလို့ပြောတယ်။ ဆန်းဆန်းကပါ နွေးထွေးလေးလို့ လိုက်ခေါ်ရင် လက်ညှိုးတစ်ချောင်းထောင်ပြီး ခေါင်းခါပြတယ်။ မမလို့ခေါ် ... လို့ ပြောတယ်"

"နင်ကလည်း အကုန်လျှောက်သိနေရလား၊ ချောင်းနားထောင်တာလား"

"စပ်စုတာပါဟာ"

"ကိုမိုးခြိမ့်ကရော မမကို ချစ်[illegible]၊ မသိဘူး"

"ချစ်တယ် ထင်တယ်။ သူလည်း မမကို အလိုလိုက်တာပဲ။ ကိုယ့်အပေါ် ဒီလောက်ကောင်းနေတဲ့ မိန်းမချောချောလှလှ သူဌေးမကို ဘယ်ယောကျ်ားက မချစ်ဘဲ နေမလဲ"

ဒုတိယအကြိမ် ဝင်ဆောင့်ပြန်သည့် လေးလံပစ္စည်း[illegible]ပါပဲ။ ကိုယ် ... မမကို ချစ်နေသည်၊ ချစ်မနေဘူး ... ဆိုတာ[illegible] သူတို့ ထင်ချင်ရာ ထင်ပါစေ။ အဲဒါကို ဂရုစိုက်ပြီး ဖြေရှင်း[illegible]စိတ် မရှိပါ။ ကိုယ်လိပ်ပြာသန့်လျှင် ပြီးရောမဟုတ်လား။ [illegible]တော့ ...

www.burmeseclassic.com

"ကိုယ့်အပေါ် ဒီလောက်ကောင်းနေတဲ့ မိန်းမချော ချောလှလှ သူဌေးမကို"... တဲ့။

မိုးခြိမ့် ... မမကို ချစ်ပါသည်။ သံယောဇဉ်ရှိပါသည်။ မမဟာ ကိုယ့်အပေါ်မှာ အစ်မရင်းတစ်ယောက်လို (မိခင်နှင့်တောင် သိပ်မခြားချင်ပါ။ မိခင်မေတ္တာမျိုးကိုလည်း ပေးပါသည်) ရင်ထဲ စွဲနစ်စွာ ချစ်ခင်ရင်းနှီးမိပါသည်။

"ရေစက်ပဲ မောင်ရယ်၊ မောင့်ကို မမ သိပ်ချစ်တာ"...တဲ့။

မမ အဲဒီလိုပြောတာ ရိုးသားစွာ မဟုတ်ဘူးလား။

"ကျွန်တော်လည်း မမကို ချစ်ပါတယ်။ ကွဲကွာနေတဲ့ အမေနဲ့ ညီမလေးကို ပြန်တွေ့ရသလို ရင်ထဲမှာ ခံစားရပါတယ်"

ကိုယ် အဲဒီလို ပြောခဲ့တာကတော့ တကယ့်ကို ရိုးသားစွာပါ။

"ရေစက်ဆိုတာကို မောင် ယုံလား"

"မမနဲ့ တွေ့မှတော့ ယုံရတော့မှာပေါ့"

"ရှင် ဒီလမ်းထဲကို ဝင်လာတာ၊ နတ်သိကြားတွေက ကျုပ်ဆီ လမ်းညွှန်လိုက်တာ သိလား"

"ဒီလမ်းထဲကိုဝင်တဲ့။ ဒီခြံရှေ့ရောက်ရင် ပန်းတွေလှလိုက်တာဆိုပြီး လှည့်ကြည့်တဲ့။ သိကြားမင်းကြီးကိုယ်တိုင်က မှာလိုက်တာ"

"ရှင်ကတော့ မိန်းမရရင် ကျုပ်ကို ထားခဲ့မှာပါ"

"မိန်းမကိုပါခေါ်ပြီး မမအိမ်ပေါ်တက်နေ၊ မမကျွေးတဲ့ ထမင်းကိုစား ... ဆိုရင် လွန်လွန်းသွားမှာပေါ့ မမရဲ့"



"ကြည့် ... ခုတည်းက သစ်စိမ်းချိုး ချိုးနေပြီ၊ ရက်စက်စကားကို ဆိုပြီ"

မမ မျက်ရည်ပေါက်ခနဲ ကျသည်မို့ မိုးခြိမ့်အံ့လည်းသြ၊ သနားလည်း သနား၊ မမကို ဘယ်လိုချော့ရပါ့၊ မမမျက်ရည်ကျတာလည်း မကြည့်ရက်၊ မမကငိုလျှင် သတိလစ် လဲကျတတ်သည်လို့လည်း ကြားဖူးထား (ဦးသောင်းထွန်း ပြောထားပါသည်)၊ ဘာလုပ်ရမှန်းမသိ၊ ခြေမကိုင်မိ၊ လက်မကိုင်မိ ပျာပျာသလဲချော့ရတော့သည်။

"မဟုတ်ရပါဘူး မမရယ်။ ကျွန်တော် စကားမှားသွားရင်၊ မမစိတ်ဆိုးရင် ကျွန်တော့်ကို ရိုက် ... ရိုက်လေ"

"ရှင့်ကို ရိုက်ရက်ရင် ဒီမျက်ရည်က ကျတောင်မကျဘူး"

မမက သူ့မျက်ရည်လေး သူသုတ်ရှာ၏။ ဝန်ခံရပါလျှင်၊ ကိုယ့်အိတ်ထဲမှာသာ လက်ကိုင်ပဝါတစ်ထည်ရှိလျှင်၊ မမ မျက်ရည်ကို တို့သိမ်းပေးချင်မိသည်ထိ ... မမကို ချစ်ခင်ရင်းနှီးပါသည်။ သံယောဇဉ်ပါ။ ရိုးသားစွာပါ။

"တကယ်ဆို ... မိန်းမ မယူပါဘူး မမရယ်၊ ကျွန်တော့်မှာ ချစ်သူလည်း မရှိပါဘူးလို့ ပြောပါလား"

မိုးခြိမ့် ဘာပြောရမှန်း မသိတော့ပါ။ မမပြောခိုင်းသလိုမှ မပြောနိုင်ဘဲ။ မိုးခြိမ့်က မိန်းမယူမှာ။ ချစ်သူရှိနေသည်လေ။

"ရှင်က ရည်းစားနဲ့ ဘာနဲ့[illegible]"

မိုးခြိမ့် ပြုံးပြလိုက်၏။ ဝန်ခံသည့်သဘောပါ။ ကိုယ့်မှာ ချစ်သူရှိနေတာ ကိုယ့်အုပ်ထိန်းသူ မမဆီမှာ ဝန်ခံလိုက်ချင်တာ်ဟာ သဲညာအပေါ် ထားရှိသည့် အချစ်၏ထုထည်ပါပဲ။

www.burmeseclassic.com

"မမ တစ်နေ့ လိုက်တောင်းပေးရမှာ"

မိခင်ထံမှာ ပူဆာသလို ... အရဲစွန့်၍ ပြောလိုက်၏။

"ဖြတ်ပစ်"

"ဗျာ"

"ကိုသောင်းထွန်း ပြောတုန်းက မယုံခဲ့ဘူး။ သူကရည်းစားနဲ့ ဘာနဲ့။ လိုက်များတောင်းပေးရဦးမတဲ့။ တောင်းပေးမလား၊ မားနဲ့ခုတ်သတ်မလားဆိုရင် ဒုတိယလမ်းကိုပဲရွေးမယ်"

အဲသည်တုန်းက မမ တုန်တုန်ယင်ယင်ဖြစ်ကာ ခွေခွေခေါက်ခေါက်ကလေး ဖြစ်သွားခဲ့သည်မို့ မိုးခြိမ့်ပဲ ပွေ့ပြီး မမအခန်းထဲ၊ မွေ့ရာပေါ် ပို့ပေးရသည်။ ဦးသောင်းထွန်းက ဘေးမှ ကပ်ပါလျက်၊ အပုလေး၊ အရှည်လေးနှင့် အနေတော်လေးတို့က နောက်မှ လိုက်ပါလာကြသည်။

"မမ ဒီလိုဖြစ်ရင် နင်တို့ပါ လိုက်ခဲ့ကြ"... ဟု ဦးသောင်းထွန်း မှာထားပုံရပါသည်။ ကောင်မလေးတွေကတော့ သူတို့သဘောနှင့် သူတို့။ အဲသည်လောက်ထိ အသိဉာဏ်ရှိကြမည် မထင်ပါ။ အဲသည်နေ့က မမနေမကောင်းပါ။ ဦးသောင်းထွန်းက ဆေးလာတိုက်သည်။ ခဏကြာတော့ မမ အိပ်ပျော်သွား၏။

"ဘာဆေးလဲ"

"သေဆေး"

ဦးသောင်းထွန်း ရွဲ့ဖြေတာကို အလေးမထားတော့ဘဲ မမ [illegible]ထဲမှ ထွက်ခဲ့သည်။ အပုလေးက ကျန်ရစ်၏။ မမဘေးမှာ ငုတ်တုတ်။ အရှည်လေးနှင့် အနေတော်လေးတို့က



အောက်ဆင်းသည်။ ဦးသောင်းထွန်းက ဘယ်အချိန်က မမအခန်းဝ အခန်းနံရံမှာ ကပ်ချထားမှန်းမသိ (မိုးခြိမ့် သတိမထားမိခဲ့ပါ)သော ရင်းဘက်ဒ်ပေါ်မှာ လဲလျောင်း၍ စောင့်လေ၏။ မမ အခန်းထဲမှာ မနေပေမဲ့ အခန်းဝမှလွဲ၍ ဝေးဝေးမနေနိုင်သော သူပါတကား။

အဲသည်တုန်းက ဖြစ်ရပ်၊ အဲသည်တုန်းက ပြောခဲ့သည့် စကားတွေကို ပြန်သတိရ၏။ လောလောဆယ်မှာတော့ ...

"ကိုယ့်အပေါ် ဒီလောက်ကောင်းတဲ့ ချောချောလှလှ မှုငွေ့မလေးကို"... ဆိုတာက နားထဲမှကို မထွက်တော့။

"မောင် ... ရည်းစားကို ဖြတ်ပစ်နော်၊ ဖြတ်ပြီးပလား"

နောက်ပိုင်းမှာ ... မမ ခဏခဏမေး၏။

"ဘယ်ရောက်နေမှန်းမှ မသိတာ။ ဆက်ချင်လို့လည်း ဆက်မရ၊ ဖြတ်ချင်လို့လည်း ဖြတ်မရ"

"ကောင်းတယ်။ တစ်သက်လုံး မတွေ့ပါစေနဲ့"

စိတ်ကောင်း ရှိလှပါသော၊ သိမ်မွေ့နူးညံ့လှပါသော မမထံမှ အဲဒီ "စိတ်ပုပ်စကား" ကို ကြားရစဉ်က ကိုယ့်နားတောင် ကိုယ်မယုံချင်ခဲ့ပါ။

"တွေ့ရင်လည်း ... တွေ့တဲ့နေ့မှာ တစ်ခါတည်းဖြတ်"

"ဘာဖြစ်လို့လဲ မမ"

"ကျုပ် သဘောမတူလို့ပေါ့ရှင်ရဲ့"

"သူ့မှာ ဘာအပြစ်ရှိလို့လဲ"

"ဘယ်သိမလဲ။ မြင်တောင် မမြင်ဘူးတဲ့ မိန်းမတစ်ယောက်ဆီမှာ ဘာအပြစ်တွေ ရှိနေလဲ၊ ဘယ်သိနိုင်မှာလဲ၊ သူ့နာမည်တောင် သိတာမဟုတ်ဘူး"

www.burmeseclassic.com

"သူ့နာမည် ..."

"မောင် ... မပြောနဲ့။ မသိချင်ဘူး။ လုံးဝမပြောလိုက်နဲ့နော်။ လမ်းမှာတွေ့ရင်လည်း မိတ်ဆက်မပေးနဲ့။ ရှင်က လည်း မတွေ့ချင်ယောင်ဆောင်ပါ။ ချိန်းမယ် ချက်မယ် များ နည်းနည်းလေးမှ စိတ်မကူးပါနဲ့။ သုံးလောင်းပြိုင် အသုဘ ဖြစ်သွားမယ်"

"ကြောက်နေရပါလား"

မိုးခြိမ့်က ပြုံး၍ ပခုံးတွန့်ပြလိုက်သည်။ မမ တကယ်ပြောတာဟု မထင်ခဲ့ပါ။ မမ တမင်တကာ အနိုင်ယူ ဗိုလ်ကျကာ နွဲ့ဆိုးနှင့် (မမက အကြီးပေမဲ့ မိန်းမသားမို့ အနိုင် ယူလိုစိတ်နှင့်) တမင်ပြောခဲ့တာဟု ထင်ခဲ့မိခြင်းဟာ ခပ်ညံ့ညံ့ ထင်မြင်ချက်၊ ခပ်တုံးတုံး အတွေးအခေါ် ဖြစ်နေပါပေါ့လား။ မမ တကယ် စိတ်ရင်းကို ပြောခဲ့တာဟု မထင်ရက်ရက်နှင့် ထင် လိုက်မိတော့သည်။

"မမက ကျိတ်ချစ်နေတယ်"

ဤဝါကျလေးက နားထဲ ထပ်တလဲလဲ ဝင်၏။ လူက မအီမလည်နှင့်၊ နေမထိ ထိုင်မသာ၊ စိတ်လေးလေးကြီး ရှိလှပါဘိတော့သည်။

အဲဒီကောင်မလေးတွေ အဲဒီစကားကို မပြောရင် ဘယ်လောက်ကောင်းမလဲ။ ပြောသည့်တိုင် မကြားမိလျှင် ဘယ် လောက်ကောင်းမလဲ။ ခုတော့ ... ရှက်ဖွယ်ကြီးလည်း ဖြစ်ရသေး သည်။ ကိုယ်ဟာ မိန်းမတစ်ယောက်ထံမှာ ကိုယ်တကယ်မပေး



နိုင်သော အချစ်တစ်ခုကို ဘန်းပြ၍ အနေရ အစားရချောင်အောင် လုပ်နေသည့် အဖြစ်သို့ ရောက်ပြီဆိုလျှင် ကိုယ်ဆိုသောယောကျ်ား တစ်ယောက်ဟာ နှစ်ပြားပြည့်အောင်တန်ပါတော့မလား။ ယောကျ်ား ပီသ်လုံး ... ဆိုတာလောက် ရှက်စရာကောင်းတာ မရှိတော့ပါ။

❤ ✳ ❤

"မမ ... ကျွန်တော် အပြင်ခဏ သွားချင်လို့"

ဒီအိမ်ရောက်မှ ... တစ်ယောက်တည်း တစ်ခါမျှ အပြင်သို့ မထွက်ဘူးပါ။ ထွက်စရာအကြောင်းလည်း မရှိ။ တစ်ခုခု ထွက်စားဖို့လည်း မလို၊ အိမ်မှာ စားစရာတွေ မလိုအပ် သည့်ပြင် ပိုလျှံလို့တောင် နေသေးသည်။ ဒီလိုစားကောင်းသောက် ဖွယ်တွေ စားနေရပါလျက် ...

"ကြေးအိုးလေး သောက်ချင်လိုက်တာ"

"ဟော့တ်ပေါ့တ်လေး ထွက်သောက်ဦးမယ်"

"ဒင်းမ်ဆမ်းလေး စားချင်တယ်"

စသည် ... စသည် ... ချဉ်ခြင်းတပ်လို့ ကောင်းပါ့မ လား။ အဲဒါတွေ ... တကယ်တော့ မိုးခြိမ့် မစားဘူးပါ။ ရန်ကုန်မှာ ပေါ့။ ကိုယ့်မြို့ကလေးမှာလည်း ကြေးအိုးလောက်တော့ ရှိပါသည်။ သောက်ဖူးသားပဲ။ ရန်ကုန်မှာသာ မသောက်ဖူးသေးတာ။ သို့ပေမဲ့ ... အဲဒီလိုပြောဖို့ အားနာတာနှင့်မပြောဖြစ်ခဲ့ပါ။ တစ်ကြိမ်လား ပြော ဖြစ်ခဲ့စဉ်က၊ မမက ... မမလည်း လိုက်မယ် ... လို့ပြော၏။

www.burmeseclassic.com

"မမ ... အကယ်ဒမီမင်းသမီး ဆိုတာ ကိုးကျင်းကိုးကြောင်း လျှောက်သွားနေရတာ မဟုတ်ဘူး၊ ကျွန်တော် ခွင့်မပြုဘူး"

ဒါမျိုးကျတော့ ဦးသောင်းထွန်းက မျက်နှာထိ မျက်နှာထားနှင့်ကို တားတာ။ အဲဒါကျတော့လည်း မမက ပြုံးပြုံးလေး ခေါင်းညိတ်ပြတာ။

"မင်းသမီးဆိုတာ ကိုယ့်မန်နေဂျာက ကိုယ်ကောင်းဖို့ပြောရင် နားထောင်ရတယ် မောင့်ရဲ့။ ကိုယ်က ကိုယ်လုပ်ချင်တာပဲ သိတာ။ မန်နေဂျာဆိုတာကတော့ ကိုယ့်အတွက် အကောင်းဆုံးကို ဖန်တီးပေးနေတဲ့သူ မဟုတ်လား၊ မန်နေဂျာဟာ ...

"ကိုယ်က လခပေး ခန့်ထားတာမို့ ကိုယ်ကအထက်လူကြီးတော့ မှန်တယ်၊ ဒါပေမဲ့ ... မန်နေဂျာကောင်းမှ၊ မန်နေဂျာတော်မှ၊ တော်တဲ့မန်နေဂျာရဲ့ စကားကို နားထောင်မှ ... မမတို့ အနုပညာရှင်တွေ တိုးတက်အောင်မြင်တာ ...

"ခုပဲကြည့်လေ ... သူပြောတဲ့စကားက မှန်နေတယ်။ အဲဒါ သူ့အတွက်လည်း မဟုတ်တာ။ မမကောင်းဖို့ပဲ"

အဲဒီနောက်မှာ တစ်ကြိမ်မျှ မပြောဖြစ်တော့ပါ။

"မမ ... ကျွန်တော် လိုအပ်တာလေး သွားဝယ်ဖို့" ဆိုတာနှင့်လည်း အပြင်ထွက်ဖို့ မလိုပါ။ ယောက်ျားတစ်ယောက်မှာ လိုအပ်သော အသုံးအဆောင် မှန်သမျှ မိုးခြိမ့်မှာ မရှိတာ ... ဘာမျှမရှိ။ မမမှတစ်ဆင့် လက်ခံရရှိတာပေမဲ့ ဆန်းဆန်းကိုပဲ ဝယ်ခိုင်းသလား၊ ဦးသောင်းထွန်းပဲ ထွက်ဝယ်သလား မသိ၊ ဦးသောင်းထွန်းကတော့ မမဆီ ခွင့်ပန်ပြီး ကားကို ကိုယ်တိုင်မောင်း အပြင်သို့ ထွက်လေ့ရှိပါသည်။



"မမ ရုပ်ရှင်ကြည့်ချင်တယ်"... ဆိုတာမျိုးလည်း ပြောဖို့မလိုပါ။ ထွက်သမျှ မြန်မာရုပ်ရှင်၊ ဒီဗီဒီ၊ ဗီဒီယိုတွေ မှန်သမျှ ဆိုင်ပေါ်တင်သမျှ၊ ဝယ်တန်ဝယ်၊ ငှားတန်ငှား၊ ကြည့်စရာ ရုပ်ရှင်တွေက ကြည့်မည့်သူကို ထိုင်စောင့်နေရသည့် အဖြစ်။ နိုင်ငံခြား ရုပ်ရှင်ကားတွေလည်း ရောင်းချသမျှ ဝယ်သည်မို့ အင်္ဂလိပ်ကား၊ အမေရိကန်ကား၊ ကိုရီးယားကား၊ တရုတ်ကား၊ ကုလားကား ... ကိုယ်က ကြည့်လို့မနိုင်၊ သူက အကြည့်ခံဖို့ တန်းစီစောင့်နေသလို ဖြစ်တော့၏။

မိုးခြိမ့် အပြင်ထွက်ဖို့ ဘာလိုပါသေးလဲ။

မိုးခြိမ့် အပြင်ထွက်ရခြင်းသည် မမ တစ်နေရာရာကို သွားချင်၍ လိုက်ပို့ရတာမျိုးပဲဖြစ်၏။ မမသွားသည် ဆိုတာကလည်း လူတော သူတော လမ်းမကြောင်းတွေပေါ် မဟုတ်ပါ။ တဝေးတလံ နေရာများဆီ ကားလျှောက်စီးတာသာ ဖြစ်၏။ မိုးခြိမ့်ည် ... ဆိုတာ လူသား။ လူမှ ယောက်ျား။ မိန်းမသားတွေ တောင် ခုခေတ်မှာ အိမ်တွင်းအောင်းနေသူက ခပ်ရှားရှား။ မိုးခြိမ့် ကောင်းကောင်းဝတ်ရပါသည်။ ကောင်းကောင်းစားရပါသည်။ ကောင်းကောင်း နေရပါသည်။ ဘာမျှအလုပ်အကိုင် မယ်မယ်ရရ မရှိပါဘဲ ရသည့်လခကလည်း ကောင်းပါသည်။

သို့ပေမဲ့ ... အသက်ရှူမဝခြင်းနှင့် မွန်းကျပ်ပိတ်လှောင်ခြင်းဆိုသည့် ဝေဒနာက မိုးခြိမ့် ရင်ထဲသို့ စတင်နှိပ်စက်တော့၏။

❤ ✳ ❤

www.burmeseclassic.com

အိမ်မှာဆို ... တတွဲတွဲဟု ပြောရပါမည်။ နှစ်ယောက်တည်း ရှိသည့်အခါတွေလည်းရှိ၊ ဦးသောင်းထွန်းပါ သုံးယောက်တွဲကြီး ရှိသည့်အခါလည်းရှိ။ (နှစ်ယောက်တည်းရှိသည့်အချိန်တွေမှာ ဦးသောင်းထွန်းက လက်လွှတ်စပယ်တော့ ပစ်ထားမှာ မဟုတ်၊ တစ်နေရာရာကတော့ စောင့်ကြည့်နေမှာဖြစ်၏။)

မမ ... ကွန်ပျူတာခန်းမှာ ကွန်ပျူတာတစ်လုံးနှင့်ချက် Chat ထဲဝင်လိုက်၊ ဂူဂယ်လ် Google ထဲဝင်လိုက် ဟိုလုပ်ဒီလုပ် လုပ်နေလျှင်တော့ မိုးခြိမ့် အားလပ်ခွင့်ရသည်။ ကိုယ့်ဘာသာ စာဖတ်ချင်ဖတ်၊ ကိုယ်ကြည့်ချင်သည့် (စလောင်းမှလာသောလိုင်းများ) တီဗီလိုင်းတွေ ကြည့်ချင်ကြည့် ... လုပ်နေလို့ရ၏။ သို့ပေမဲ့ ... အိမ်ခေါင်းထဲ တစ်နေ့တစ်နေ့ ဒါတွေချည်း ထိုင်လုပ်နေရတော့ ငြီးငွေ့လာသည်။

မမ ထမင်းစားလျှင်၊ တီဗီကြည့်လျှင်၊ ခြံထဲဆင်းလျှင် မိုးခြိမ့် အမြဲအနားမှ ပါရ၏။ တစ်ခါတစ်ရံ အပုလေးလည်းပါသည်။

"လှေသူကြီးကတော် ဆိုတာ မောင် ကြားဖူးလားဟင်"

"ဆုံကျိန်းတယ် ဆိုတာလား"

ရှေးအခါက အထက်အညာနှင့် အောက်မြန်မာပြည်တို့ ကုန်စည်ကူးသန်းလျှင် လှေကြီးတွေနှင့် သယ်ဆောင်၍ရောင်းချရပါသည်။ ထိုအခါမှာ လှေပိုင်ရှင်ကို လှေသူကြီး၊ လှေ



အလုပ်သမားများကို လှေထိုးသားဟု ခေါ်၏။ လှေသူကြီးဆိုသူက အိုးပစ်အိမ်ပစ် ခြောက်လ တစ်နှစ် ဆိုသလို မိသားစုနှင့်ကင်းကွာနေရသူဖြစ်၏။ တော်ရုံ ... ကိုယ်ကျင့်တရားထိန်းသူများပျက်ပြားကြတော့သည်။ မူးယစ်သောက်စားတို့၊ လောင်းကစားတို့နှင့်တကွ၊ တစ်မြို့မှာနားတိုင်း မိန်းမတစ်ယောက် ဆိုသလိုယူတတ်ကြသည်။ လှေသူကြီး၏ဇနီးတွေက ကိုယ့်ခင်ပွန်းကိုယ်စိတ်မချလျှင် လှေသူကြီးနှင့်အတူ လိုက်ပါ၏။ သူ့ကိုလှေသူကြီးကတော်ဟု ခေါ်ပါသည်။

လှေသူကြီးကတော်က လှေထိုးသားများ၏ စားရေးသောက်ရေးကို တာဝန်ယူရသည်။ တစ်နေ့မှာ မန်ကျည်းသီးစိမ်းများ (မြို့တစ်မြို့တွင် လှေဆိုက်တုန်း)ရသည်မို့ မန်ကျည်းသီးငါးပိချက် ... ချက်ရန် (ငရုတ်ဆုံကလည်း ပါမလာခဲ့၊ ယူခဲ့ဖို့ မေ့လာ၏။) လှေသူကြီးကတော်က မန်ကျည်းသီးစိမ်းများကို သွားနှင့်ဝါး၍ ချေကာ ငါးပိချက် ... ချက်လေ၏။ လှေထိုးသားများက ...

"မန်ကျည်းသီးငါးပိချက် ကောင်းလိုက်တာ" ... ဟုကျူး၏။ လှေသူကြီးကတော် ခများတော့ မန်ကျည်းသီးစိမ်းတွေ ဝါးထားရသည်မို့ သွားတွေအကုန်လုံးကျိန်းကာ ထမင်းစေ့တောင် မဝါးနိုင် ဖြစ်နေရသည်မို့ ...

"မန်ကျည်းသီးငါးပိချက် ကောင်းတာတော့ ဟုတ်ပါရဲ့။ ဆုံကျိန်းလှသကွယ်" ... ဟု ပြောတာကို မိုးခြိမ့် ကြားဖူးပါသည်။

"မောင်က ဗဟုသုတ စုံသားပဲ။ မမလည်း လှေသူကြီးကတော်ပဲ မောင်ရဲ့။ တစ်မြို့မြို့မှာ လှေဆိုက်ထားလို့ပဲဖြစ်

www.burmeseclassic.com

ဖြစ်၊ လေမတိုက်လို့ ရွက်လွှင့်မရဘဲ လှေနားထားရရင် ဖြစ်ဖြစ် လှေမထွက်ရရင် လှေထိုးသားတွေလည်း အလုပ်မရှိဘူး မဟုတ်လား၊ အလုပ်သာ မရှိတာ ထမင်းကျတော့ ကျွေးနေရတာ၊ နေ့တွက်ကျတော့ ...

"ရှင်းနေရတာ ဆိုတော့ လှေသူကြီးကတော် မရှုစိမ့်ဘူး၊ အားနေတဲ့ လှေထိုးသားတွေကိုခေါ်ပြီး ... လှေဦးက စပါးတွေ ပဲ့ပိုင်းပြောင်း၊ ပဲ့ပိုင်းကပစ္စည်းတွေ လှေဦးပို့နဲ့ အလုပ်မရှိ အလုပ်ရှာခိုင်းတာပဲ။ မမလည်း တူတူပဲ၊ ခြံထဲမှာ ပန်းအိုးတွေ ရွှေ့မယ်။ မမကတော့ မောင်အားနေတာကို ...

"မရှုစိမ့်လို့ မဟုတ်ပါဘူးနော်၊ မမဝါသနာကိုက ပစ္စည်းတစ်ခုကို တစ်နေရာမှာ ကြာကြာ မကြည့်နိုင်ဘူး"

မမသည် ... ဧည့်ခန်းမှာလည်း ဆိုဖာဆက်တီများကို တစ်ပတ်တစ်ခါလောက် ပုံစံပြင်၏။ ခန်းဆီးတွေ တစ်ပတ်တစ်ခါ လဲရသည်။ အိမ်မှာရှိသမျှ ပရိဘောဂတိုင်း အလှည့်ကျနှင့် တစ်ပတ်တစ်ခါ ရွှေ့ပြောင်းသည်။ ခြံထဲကျတော့လည်း တူတူပင်။ ဒီနေရာက ပန်းအိုးကို ဟိုနေရာရွှေ့၊ ပန်းအိုးထဲက အပင်တွေ မြေကြီးထဲ ချစိုက်၊ မြေကြီးထဲမှာ ချစိုက်ထားသော အပင်တချို့ကို မြေလုံးလိုက်ရအောင်တူးပြီး ပန်းအိုးထဲပြန်ထည့်။ အိမ်ပေါ်မှာဆိုလည်း ပန်းအိုးတွေ ထည့်ထားတတ်သည်။ မမ ရေချိုးခန်းထဲမှာ ရောမသစ်ပင်အစစ်ကြီး (အလှအပပြင့် ပြုလုပ်ထားသည့် အပင်တု မဟုတ်ပါ)တွေ ထည့်ထားသည်။ ခြံထဲက သစ်ပင်ကြီးတွေ ပန်းအိုးထဲထည့်၊ အိမ်ပေါ်တင်၊ အိမ်ပေါ်မှာ



ကြာလာတော့ ခြံထဲပြန်ချ။ တစ်ခါတလေ ပန်းအိုးထဲမှ မြေကြီးပေါ် ပြန်ချ။ မြေကြီးထဲ ချစိုက်ထားသည့် အပင်ကို ပန်းအိုးထဲပြန်ထည့်၊ ရေချိုးခန်းထဲ သွင်းလိုသွင်း၊ တစ်ခါတစ်ရံကျတော့ မမ ... ကလိလွန်းသည်နှင့် အမြစ်နာသည့်အပင်ကနာ၊ ကိုင်းကျိုးသည့်အပင်ကကျိုး၊ သေသည့်အပင်က သေသွား။

သစ်ပင်တစ်ပင် သေတိုင်း မမ တစ်ခါငိုသည်။

အဲဒီနေ့မှာ မမ နေမကောင်းတော့ပါ။ အိပ်ရာထဲ မှော၏။ အစားကို ဟုတ်တိပတ်တိ မစားတော့၊ လုံးဝမစားသည့် အခါတွေလည်းရှိသည်။ အဲသည်အခါကျ ... အပုလေးကို အနားမှာထား၍ (အိပ်ခန်းထဲ သွင်းလာသော စားစရာများကို) မိုးခြိမ့်က မျှော့မော့ကျွေးရသည်။ အဲဒီလိုတော့လည်း စားသားပင်။ ပြီးလျှင် မျက်ရည်ကျ။ ဦးသောင်းထွန်းက ဆေးလာတိုက်။ ခဏကြာတော့ အိပ်ပျော်သွား၊ အိပ်ရာမှ နိုးလာတော့လည်း အကောင်းပကတိ ကြည်ကြည်လင်လင်ပင်။

ဦးသောင်းထွန်းက မမကို နံနက်၊ နေ့လယ်စာ စားအပြီး၊ ညအိပ်ကာနီး စသည်ဖြင့် အချိန်အလိုက် ဆေးတိုက်၏။ မမက ဘယ်တော့မှ ...

"ဘာဆေးလဲ"... ဟူ၍ မမေး။

ကြည့်တောင် မကြည့်ဘဲ ပါးစပ်ထဲ ပစ်ထည့်လိုက်တာချည်း၊ ရေသောက်ချလိုက်တာချည်းပင်။ မိုးခြိမ့်က အဲဒါဘာဆေးလဲ ... ဟူ၍ မေးလျှင် ဦးသောင်းထွန်းက မမရှေ့မှာတင်ပဲ ဖြစ်ဖြစ်၊ ကွယ်ရာမှာပဲဖြစ်ဖြစ် ...

"သေဆေး"... ဟု ပြောမြဲ။

www.burmeseclassic.com

မမရှေ့မှာ ပြောလျှင် မမက တခစ်ခစ်ရယ်တတ်သည်။

"ကိုသောင်းထွန်းကမှ ရက်စက်လို့ သေဆေးတိုက်ရင် ... မမက တကယ်သောက်မှာပါရှင်"... တဲ့။

အဲသည်အခါကျ ... ရုပ်သေကြီး မျက်နှာမှာ လှစ်ခနဲလေး (တစ်စက္ကန့်လောက်ပဲ ရှိမည်ထင်ပါသည်။ အလွန်ဆုံးမှ နှစ်စက္ကန့်) ရွှန်းလက်တောက်ပသွားတတ်သည်။ မျက်ဝန်းတွေ ရီဝေ၍ ကြည်နူးရိပ်ကို မြင်ရ၏။ ပြီးတာနှင့် ချက်ချင်း ... ရုပ်သေကြီး ပြန်ဖြစ်သွားတာပါပဲ။

"မမ ... ကျွန်တော် အပြင်ခဏ သွားချင်တယ်"

အခန်းထဲမှာ ကွန်ပျူတာတစ်လုံးနှင့် တစ်ယောက်တည်း အလုပ်ရှုပ်နေသည့် မမနားသို့ မိုးခြိမ့် ဝင်လာခဲ့သည်။ မမ လှစ်ခနဲ မော့ကြည့်သည်။ အံ့သြရိပ်ကို အလွန်ခွန်အားကြီးစွာ တွေ့ရ၏။ မမ ချက်ချင်း မျက်လွှာပြန်ချသည်။ ကွန်ပျူတာကိုလည်း ပိတ်သည်။ မတ်တတ်ရပ်နေသည့် မိုးခြိမ့်ဘက်သို့ သူ့ဆံပင်ကုလားထိုင်မှာ အထိုင်မပျက်ဘဲ လှည့်လေ၏။

"ဘယ်လဲ"

မမလေသံ နည်းနည်းမာ၏။

"ဘယ်ရယ် မဟုတ်ပါဘူး"

"မမရော ပါရမှာလား"

"ကျွန်တော် တစ်ယောက်တည်း သွားချင်ပါတယ်။ ကား ယူမသွားပါဘူး"

"သူငယ်ချင်းဆီလား"



"အဲဒီသူငယ်ချင်းကို သွားရှာချင်တာလည်း ပါပါတယ်။ သူ ကုမ္ပဏီကားမောင်းဖို့ အလုပ်ဝင်သွားတယ်ဆိုတော့ အဲဒီကုမ္ပဏီကို မသိပေမဲ့၊ သူ့အမျိုးတစ်ယောက်အိမ်ကို သိတယ် မမ အဲဒီမှာ သွားမေးမလားလို့"

"အဲဒီကိစ္စ ... မမ, မပါနိုင်စရာ ဘာအကြောင်းရှိလဲ"

"ကျွန်တော် တစ်ယောက်တည်းပဲ သွားချင်လို့ပါ"

"သူငယ်ချင်းကို ရှာဖို့ကိစ္စလည်း ပါတယ်ဆိုတော့ တခြားကိစ္စရော ရှိသေးလား"

"ကျွန်တော် ... အနော်ရထာလမ်းတစ်လျှောက်မှာ ဟိုကြည့် ဒီငေး လျှောက်ချင်လို့ပါ။ ရန်ကုန်ရောက်ပြီးမှ မမနဲ့ ကားလျှောက်စီးရင်း ရောက်ဖူးလို့ နေရာတွေ သိပါတယ်။ အဲဒီနေရာတွေက လမ်းဘေးမှာလျှောက်ရင်း ဟိုငေးဒီငေး နဲ့၊ မျက်စိထဲတွေ့တာ တွေ့လည်း ... ဝယ်ချင်ဝယ်ပေါ့"

"မောင့်မှာ လိုအပ်တာ ဘာရှိလဲ"

"ဘာမှ မရှိပါဘူး"

"မောင်အပြင်သွားမဲ့ကိစ္စက အကြောင်းပြချက် မခိုင်လုံ လိုက်တာ။ မမလည်း လိုက်ဖို့မလိုဘူးတဲ့"

"ကျွန်တော် ဂျပိုးထိုးချင်ထိုးမယ်၊ လမ်းဘေးမှာ ဆွဲခြင်းလေးနဲ့ ထိုင်ရောင်းနေတဲ့ ဝက်သားတုတ်ထိုး စားချင်စားမယ်၊ အမဲအူပြုတ် သောက်ချင်သောက်မယ်၊ ကုန်စုံဆိုင်လို ဟာမျိုးဝင်ပြီး မွှေချင်မွှေမယ်၊ စာအုပ်ဆိုင်တွေ့လည်း ဝင်မွှေချင်တယ်။ ပန်းခြံလမ်းတစ်လျှောက်လည်း တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် ဗီစီဒီချပ်တွေ မွှေချင်တယ်၊ အဲဒါ ... မမ

www.burmeseclassic.com

ပါလို့ ဘယ်ဖြစ်မလဲ မမရဲ့။ မမက လူတောထဲ ဖုံးပေါလအောင် ဝင်တိုးလို့ရတဲ့သူမှ မဟုတ်ဘဲ”

“ရှင်လုပ်ချင်တာတွေဟာ ကျုပ်လိုက်လုပ်လို့ မသင့်တော်တာ မှန်ပါတယ်။ ဒါပေမဲ့ ... အဲဒါတွေ မလုပ်လည်းရသားပဲ။ လိုအပ်လို့လား။ မသွားဘဲနေလည်း ဖြစ်တဲ့ဥစ္စာ”

“ကျွန်တော် ... အိမ်ထဲမှာ အလုပ်လည်းမရှိဘဲ၊ ဒီတိုင်းကြီး၊ ကြာတော့ ပျင်းလာပြီ မမ၊ လူကလည်း တုံးလာသလိုပဲ။ ကျွန်တော့် တိုးတက်မှုဆိုရင် သတင်းစာနဲ့ဂျာနယ်ပဲ ရှိတယ်။ အဲဒါလေးတွေ ဖတ်နေရလို့ ဒီနေ့ ဘာဖြစ်နေလဲဆိုတာ သိရတယ်၊ ကျွန်တော့်မှာ အပေါင်းအသင်းလုံးဝမရှိဘူး မမ ...

“ဦးသောင်းထွန်းနဲ့ဆို ... သက်တူရွယ်တူလည်း မဟုတ်ဘူး၊ စကားပြောရင်လည်း အပေါက်အလမ်း မတည့်တာက များတယ်။ ကောင်မလေးတွေနဲ့ ကျတော့လည်း မပြောချင်ဘူး”

“ကျုပ်တစ်ယောက်လုံး ... ရှင် ဘယ်သွားထားမလဲ”

“မမနဲ့ နေရတာ ပျော်ပါတယ်။ မမကို ကျေးဇူးရှင်လို့ပဲ သတ်မှတ်ထားပါတယ်၊ ဒါပေမဲ့ ... တစ်နေ့ တစ်နေ့ မမနားမှာချည်း ဆိုတော့လည်း ကျွန်တော့်မှာ ထွက်ပေါက်မရှိသလိုပဲ”

“ကိုသောင်းထွန်းလည်း ဒီလိုပဲ နေတာပဲ”

“ကျွန်တော့်မှာ ပေါင်းရသင်းရမဲ့ သူငယ်ချင်းလည်း မရှိဘူး၊ စကားပြောဖော်တောင် မရှိဘူး၊ မမကသာ ကျွန်တော့်



ကို လက်ကိုင်ဖုန်း ဝယ်ပေးထားတာ၊ ကျွန်တော့်ဆီ ဘာဖုန်းမှလဲ မလာဘူး၊ မလာဆို ... အပေါင်းအသင်းမှ တစ်ယောက်မှ မရှိဘဲ၊ ကျွန်တော်က ဆက်ချင်ရင်လည်း ဆက်စရာလူ တစ်ယောက်မှမရှိဘူး”

“မမဆီဆက်”

မိုးခြိမ့် ရယ်ပါလေတော့သည်။ မမလည်း လိုက်ရယ်၏။

“ရွှေဘုံပေါ်မှာ စံစားနေရတဲ့ ပြည့်ရှင်ဘုရင်မင်းကြီးတွေ၊ ကိုယ့်နန်းတော်မှာ ကိုယ်မနေနိုင်ဘဲ ဒုက္ခမရှိ ဒုက္ခရှာ ... တောလည်ထွက်တယ် ဆိုသလိုပေါ့။ ရွှေပန်းကန်နဲ့ စားနေရတဲ့သူက တောထဲမှာ ဖက်ရွက်ကို ပန်းကန်လုပ်စားရတဲ့ အပြောင်းအလဲကိုမှ ...

“မက်မောပြန်သတဲ့။ ရွှေထီးတို့ ထီးဖြူတို့ ဆောင်းပြီး ဆင်စီးပြီး သွားချင်ရာသွားနိုင်တဲ့ သူက တောထဲဝင်ပြီး ကုန်းကြောင်းလျှောက်ချင်သတဲ့။ အဲဒါတွေ ... နည်းနည်းလေးမှ အဓိပ္ပာယ်မရှိဘူး”

“အဓိပ္ပာယ်အများကြီး ရှိတာပေါ့ မမရဲ့။ ရွှေနန်းရှင်ဘုရင်လိုမျိုးနဲ့စာရင် ကျွန်တော်လိုကောင်က ဖွတ်ကျားပါ။ ရှင်ဘုရင်တောင် နေ့ရှိသရွေ့ စံစားနေရတဲ့ စည်းစိမ်ကို ငြီးငွေ့သေးတာပဲ။ မမပြောတဲ့ ဒုက္ခဆိုတဲ့ အပြောင်းအလဲလေးထဲ၊ ခဏတော့ ဝင်ကြည့်ချင်တာပဲ ...

“ကျွန်တော် ... မမဆီမှာ နေရတာ၊ အရမ်းအဆင့်အတန်း မြင့်ပါတယ်။ ကျွန်တော် ဘယ်တုန်းကမှ မနေခဲ့

www.burmeseclassic.com

ရဘူးတဲ့ အဆင့်အတန်းပါ။ ဒါပေမဲ့ ... ကျွန်တော် လူသား ပဲ မမရယ်။ ပြီးတော့ ... ယောကျ်ားတစ်ယောက်၊ အိမ် တစ်လုံးထဲမှာ နေ့ရှိသရွေ့ ...

"ငြိမ်ကုပ်နေရတာ ငြီးငွေ့လာပြီ။ ဒီအိမ်ထဲမှာ အလုပ်ရှိနေလို့ လုပ်နေရတယ်ဆိုလည်း တစ်မျိုးပေါ့ မမ ရယ်"

"မမ နားမှာနေရလို့ ငြီးငွေ့တယ်ဆိုတာ မမ ဝမ်းနည်း တယ် သိလား"

မမ မျက်ရည်ပေါက်ခနဲ ကျပေ၏။

"မငိုနဲ့လေ မမရယ်၊ နေမကောင်း ဖြစ်လာဦးမယ်"

"မောင်က ရက်စက်တာကိုး"

"အပြင်သွားချင်တာ ရက်စက်တာလား မမရဲ့"

"မမကို မခင်လို့၊ မမအပေါ် သံယောဇဉ် မရှိလို့ မမနဲ့ တူတူနေရတာကို မပျော်နိုင်တော့တာပေါ့"

"မဟုတ်ပါဘူး မမရယ်၊ ကျွန်တော့်အမေနဲ့ ညီမလေးကို ပြန်တွေ့ရသလောက်ကို မမအပေါ် သံယောဇဉ်ရှိပါတယ်"

"မမတောင် အိမ်ထဲမှာ ဒီလိုနေနိုင်သေးရင် မောင်က ဘာ ဖြစ်လို့ မနေနိုင်ရမှာလဲ၊ မမလည်းလူ၊ မောင်လည်းလူ"

မမက နေရာအနှံ့အပြားမှာ ဆိုသလို ရှိနေတတ် သည့် တစ်ရှူးဘူးကလေးထဲမှ တစ်ရွက်ထုတ်ကာ မျက်ရည်သုတ် လေ၏။ မမ ... မျက်ရည်တော်တော်လွယ်သည်။ မမ အကယ်ဒမီ ရခဲ့သည့် ဇာတ်ကားတွေမှာ တကယ့် ဟဲဗီးဒရာမာ Heavy Drama တွေချည်းဖြစ်၏။



"မမက ဘယ်တော့မှ မျက်စဉ်းခတ်ပြီး ငိုတဲ့သူ မဟုတ်ဘူး၊ မျက်လုံးထောင့်မှာလည်း ပရပ်ဆီသုတ်စရာ မလိုဘူး၊ မျက်ရည်အစစ်နဲ့ ငိုတာ"... ဟု မမ ပြောခဲ့ဖူးပါသည်။

ဒီတစ်ကြိမ် ... မမ မျက်ရည်ကျပေမဲ့ ချက်ချင်း ပြန်သိမ်းကာ မှုးတယ် မော်တယ် ဖြစ်မလာသေး၍ တော်ပါသေး သည်။

စင်စစ် ... မိုးခြိမ့် ကိုယ့်ဘဝကိုယ် ငြီးငွေ့လာပြီ။ စိတ်ပျက်လာပြီ။ ဒီဘဝထဲ ဝင်ရကာစမှာတော့ ပျော်လိုက်သည့် ဖြစ်ခြင်း၊ မမကို ကျေးဇူးတင်လိုက်သည့်ဖြစ်ခြင်း၊ ငါ့ဘဝက သိကြားမင်းကိုယ်တိုင် ဆင်းမ,သလိုပါပဲလား ... ဟူ၍ ကျေနပ် လိုက်သည့်ဖြစ်ခြင်း။ ခုတော့ ... မကျေနပ်နိုင်ပြီ။ ငြီးငွေ့စပြုသည့် ညစ်စပြုသည့် ကိုယ့်စိတ်ကို အရှည်လေးတို့အုပ်စုစကားက ပို၍ ညှိုးမှိုင်းသွားအောင် အရောင်ဆိုးသလိုဟု ပြောရမလား၊ အရှည်လေး တို့ စကားက ကိုယ့်ကို အလင်းရောင်ထိုး၍ မျက်စိဖွင့်ပေးခဲ့သည် ဟုပဲ ပြောရမလား။

ကိုယ်ဟာ မိန်းမတစ်ယောက်နားမှာသာ အချိန်ပြည့် ထိုင်စားလျက်၊ ထိုမိန်းမကို အလိုလိုက် အကြိုက်ဆောင်၊ မယ်မယ် ရှုရ ပြစရာ အလုပ်မရှိပါဘဲ၊ ထုထည်ကြီးမား များပြားလှသည့် အခွင့်အရေးတွေယူ ... ကိုယ်ဘာကောင်လဲ။ မမရဲ့အချစ်တော် အိမ်မွေးတိရစ္ဆာန်လေး တစ်ကောင်လား။

"ကျွန်တော် မသွားရဘူးလား မမ"

"မသွားနဲ့ဆိုရင် နေမှာမို့လို့လား"

www.burmeseclassic.com

မိုးခြိမ့် ... မမနားမှ ချာခနဲ လှည့်ထွက်ခဲ့တော့သည်။ မမကို အဖြေမပေးခဲ့ပါ။ ကိုယ်မသွားဖြစ်မှာ သေချာသွားသည့်အတွက်ကိုပဲ၊ ကိုယ့်ကိုယ်ကိုယ် အထင်သေးပါသည်။

❤ ❊ ❤



## ၆

မောင့်ကို အရမ်းချစ်ပါသည်။

အရင်တုန်းက မောင့်ကိုရော၊ အခုမောင့်ကိုရော ... ဘယ်သူ့ကို ပိုချစ်သလဲဟု မေးလာလျှင် နွေးထွေး မဖြေနိုင်ပါ။ မောင်နှင့် ချစ်ခဲ့ကြစဉ်က မောင်ဟာ နွေးထွေးချစ်မြတ်နိုး၊ ပြုစု ယမည့် အငယ်လေး တစ်ယောက်လို ... မောင့်အလိုလိုက်၊ မောင့်အကြိုက်ကိုဆောင်၊ မောင့်မျက်နှာ တစ်ချက်မညှိုးပါစေနှင့်။ မောင်နှင့်အတူ (အိမ်နီးပါးချင်း၊ မိတ်ဆွေတွေလို၊ ဆွေမျိုးတွေလို) နေလာခဲ့ကြတာ တစ်သက်လုံးပါ။ နွေးထွေးမှာက အဖေ မရှိ။ မမုဆိုးမနှင့် သားအမိနှစ်ယောက်တည်း ကျရာကြိုးရာလုပ်ကိုင် သောက်ကြရပါသည်။

ဝမ်းလည်းမဝတဝ၊ ခါးလည်း မလုံတလုံ ဆိုသလို။ ပျော်တယ်ရယ်လို့တော့ ဘယ်အခါမှ မရှိခဲ့ပါ။ လောက်ငပြည့်စုံသည့် အခါတွေ ရှိသည်၊ မလောက်မငလေးနှင့် တင်းတိမ် ရက်ရတာရှိသည်။ နွေးထွေးတို့ သားအမိမှာ လိုအပ်တိုင်းလိုလို၊ ရက်တိုင်းလိုလိုမှာ ကူညီဖေးမခဲ့သူက “အစ်ကိုကြီး”ရဲ့မေမေ။

www.burmeseclassic.com

အစ်ကိုကြီးတို့ကျတော့ ဘုရားပေးကုသိုလ် ကော
လှသည်။ မိစုံဖစုံ၊ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ။ ညီအစ်
က နှစ်ယောက်တည်း။ အစ်ကိုကြီးရဲ့မေမေဟာ သားချည်း
ယောက်မွေးထားသူမို့ သမီးငတ်ရှာ၏။ ဆင်းရဲခြင်းနှင့်မျှ မလို
ဖက်အောင် မှုန်နေအောင် ချောသော နွေးထွေးလေးကို သမီးအ
မွေးစားချင်လွန်းလို့ မေမေ့ဆီမှာ အမြဲတောင်း၏။

"ညည်းလည်း လိုက်နေပေါ့အေ။ မီးဖိုချောင်မှာ လုပ်
ကိုင်မဲ့သူတွေ အပြည့်နဲ့ပါ။ ညည်းက အုပ်ချုပ်ပေါ့။
ပေါ့။ ကိုယ်တိုင်လုပ်စရာ မလိုပါဘူး။ ညည်းသမီးနဲ့ တ
အိမ်တည်းနေပြီး နေ့တိုင်း တွေ့နေရမဲ့ ဥစ္စာပဲ ...

"ဒါပေမဲ့ ... ညည်းသမီးတော့ မဟုတ်တော့ဘူး
ငါ့သမီး ဖြစ်သွားပြီ။ ငါက အမွေစား အမွေခံ တရား
ပွဲတစ်ခု ကျင်းပပြီးတော့ကို ကြေညာပြီး မွေးစားမှာ၊
အခါမှာ ညည်းဟာ အမေအဖြစ်နဲ့ ပွဲလယ်မတင့်ရမှာ
တော့ နားလည်ပေးပါ"

နွေးထွေးက အစ်ကိုကြီးရဲ့ အမေကို ကြီးမေ
ခေါ်ပါသည်။

ကြီးမေ ... နွေးထွေးကို ချစ်ခြင်းမှာ၊ မွေးစား
ခြင်းမှာ ... စင်စစ်၊ အစ်ကိုကြီးဆန္ဒမှာ အခြေခံခဲ့ပါသည်
နွေးထွေး လှလို့၊ နွေးထွေး လိမ္မာလို့၊ နွေးထွေးက လူကြီး
ရိုသေလေးစားတတ်လို့၊ ကြီးမေအတွက်ဆိုလျှင် ဖင်ပေါ့စွာ ဆော
ရွက်လုပ်ကိုင်ပေးတတ်လွန်းလို့ ကြီးမေက "သနားချစ်" က
နှင့် ချစ်တာ မှန်ပါသည်။ သုံးဖို့စွဲဖို့၊ အဝတ်အထည်ကလေးများ



စသည်၊ နွေးထွေး ကျောင်းစရိတ်၊ အပါအဝင် (နွေးထွေး ... ကြီးမေ အထောက်အပံ့ဖြင့် ဆယ်တန်းအောင်ပါသည်) ကြီးမေကိုယ်တိုင် စေတနာကောင်းသူမို့လည်း ပေးကမ်းထောက်ပံ့တတ်ပါသည်။

"ကျွန်တော် သူ့ကို ချစ်တယ် မေမေ ... ကျွန်တော် သူ့ကို လက်ထပ်ယူချင်ပါတယ်"

အစ်ကိုကြီး အဲသည်လိုကို ပြောခဲ့သည် ... ဆိုတာကိုတော့၊ နောက် ... နောက် အကြာကြီးကြာမှ ပြန်သိခဲ့ရတာပါ။ သားတွေကိုလည်း အချစ်လွန်၊ နှစ်ယောက်လုံးကလည်း သားလိမ္မာတွေ၊ ဘယ်တုန်းကမျှ ... ဟဲ့ ... တစ်ချက်ငေါက်စရာမလိုသော သားတွေ၊ သားငယ် (နွေးထွေးက အစ်ကိုလေးဟုခေါ်ပါသည်)က ဆရာဝန်လိုင်းရကာ ဆေးကျောင်းတက်တော့၊ ဖခင်နှင့် တန်းတူ စီးပွားရေးထဲ ဝင်မကူနိုင်ပါ။ သူ့စာနှင့်သူ နပန်းလုံးနေရသည်။ အဖေနှင့်တန်းတူ (အဖေက အသက်ကြီးပြီမို့ အဖေ့ကို နည်းနည်းပါးပါး နားစေကာ သူချည်း အပင်ပန်းခံနဲ့) မိသားစုစီးပွားရေးမှာ ဦးဆောင်ကြိုးပမ်းသူက အစ်ကိုကြီးဖြစ်သည်။

အဲသည် သားကြီး၏စကားကို ကြီးမေက မငြင်းပယ်ပါ။

"မေမေ ခွင့်ပြုပါတယ် ... ဒါပေမဲ့ လက်ထပ်တဲ့အခါမှာ မေမေတို့ အသိုင်းအဝိုင်းထဲမှာ ဂုဏ်ရှိသရေရှိ ဖြစ်ပြီးသားရှိနေဖို့ လိုတယ်။ ဒီတော့ ... မေမေ မွေးစားလိုက်မယ်လေ။ မွေးစားသမီးနဲ့ သားရင်းကို ဥမကွဲသိုက်မပျက်ဖြစ်

www.burmeseclassic.com

အောင် လူကြီးတွေက စိမ်ပေးတယ် ဆိုတော့လည်း ... တစ်မျိုးဂုဏ်ရှိတာပဲ”

အဲသည် အကြောင်းရင်းကြောင့် နဂိုက ချစ်ရင်းစွဲလည်းရှိသော နွေးထွေးကို မွေးစားဖို့ တောင်းဆိုခြင်းပါ။ အဲသည်တုန်းက နွေးထွေးနာမည်က “မိနွေး”။ နွေရာသီကြီး ပူတုန်း အိုက်တုန်းမှ ပူပူလောင်လောင်ကြီးမို့ ဆိုကာ အဖေကစလို့ “မိနွေး”ခေါ်ခဲ့တာတဲ့။ ပြီးတော့ ‘.. အဖေက မွန်လူမျိုး။ မိန်းကလေးနာမည်ရှေ့မှာ “မိ”ထည့်၊ ယောက်ျားလေးနာမည်ရှေ့ကျတော့ “မင်း”ထည့်မှည့်တာ အဖေတို့ မျိုးရိုးထုံးစံပါ။ အမေကတော့ ဗမာမို့ နာမည်မှာ ဘာထည့်ရမည် ဆိုတာ သီးခြားမရှိ။ နွေးထွေး နာမည်ဟာ မိနွေး။ ကျောင်းတက်တော့ မမိနွေး။ အဖေဆုံးချိန်ထိ “မမိနွေး”ပါပဲ။ အဖေရှိစဉ်ကတော့ မိနွေးတို့ ဒီလောက် မကျပ်တည်းပါ။

အဖေမရှိတော့ဘဲ၊ အမေက မုဆိုးမဖြစ်၊ အမေက ခပ်ရိုးရိုး ခပ်နုံနုံ၊ အတန်းပညာလည်း သိပ်မရှိ၊ ဘာမှလဲ လုပ်ကိုင်မစားတတ်၊ ဆေးလိပ်ခုံမှာ ဆေးလိပ်ဝင်လိပ်လို လိပ်ရ၊ ဆီးပြား မရန်းပြားထုပ်တွေ လုပ်သည့်အိမ်မှာ ဆီးထုပ်၊ မရန်းပြားထုပ်၊ ဝင်ထုပ်လိုထုပ်ရ၊ အပ်ချုပ်ဆိုင်မှာ လက်ချုပ်လိုက်ဖို့ အင်္ကျီတွေ သွားယူလိုယူရ။

ရပ်ရှင်ဗီဒီယိုတွေထဲမှာ ဆင်းရဲပြီလားဆို ... အလုပ်အကိုင်က အတည်တကျကိုမရှိ။ ဟိုဟာလုပ်လိုက်၊ ဒီဟာလုပ်လိုက်၊ မန်ကျည်းဖျော်ရည်ရောင်းလိုက်၊ ကူလီထမ်းလိုက်။ အဲသည်တုန်းကတော့ ... အလုပ်တစ်ခုကို ဘာကြောင့် စွဲစွဲမြဲမြဲ မလုပ်ပါလိမ့်၊



ဒါကြောင့် ဆင်းရဲတာနေမှာ ... ဟု ထင်ခဲ့၏။ ကိုယ်တိုင်ဆင်းရဲတော့မှ အလုပ်အကိုင် မတည်ငြိမ်ခြင်းကို ကိုယ်တိုင်ခံစားရတော့သည်။

အဲသည်အလုပ်တွေ ဆိုတာက (ပညာမတတ်၊ ခပ်နုံနုံ ဆင်းရဲသားတွေ လုပ်နိုင်သည့် အလုပ်ဆိုတာက) ရာသက်ပန် စွဲမြဲစွာ အလုပ်ပေးထားခြင်း ခံရသည့် အလုပ်တွေမှ မဟုတ်တဲ့။ သူတို့အလုပ်ရှင်တွေ ကိုယ်တိုင်က အလုပ်သမားကို အလုပ်များချိန် များများခေါ်၊ အလုပ်နည်းချိန်မှာ နည်းနည်းခေါ်၊ အလုပ်ကမှ တည်ငြိမ်မှု မရှိတာ၊ အလုပ်သမားခများလည်း ဘယ်မှာတည်ငြိမ်မှု ရှိရာတော့မလဲ။ ဟိုဟာဆိုလည်း ဝင်လုပ်လိုက်၊ ဒီဟာဆိုလည်း ဝင်လုပ်လိုက်၊ ဗျောက်သောက်လုပ်နိုင်တာတောင် ဝမ်းမဝ၊ ခါးမလှချင်ခဲ့ပါ။

အဲသည်အချိန်မှာ မိနွေးတို့ မုဆိုးမသားအမိရဲ့ မှီခိုအားထားရာသည် ကြီးမေ၊ အစ်ကိုကြီးနှင့် အစ်ကိုလေးတို့ မိသားစုပါပဲ။

“ကြီးမေက မမကို မွေးစားမယ်လို့ ပြောနေတယ်”

မောင် ... ကတော့ မိနွေးတို့နှင့် တစ်ချိန်လုံး တစ်ရပ်ကွက်တည်း နေခဲ့တာ။ ပြောရလျှင် မောင်ဟာ မိနွေးလက်ပေါ် ကြီးခဲ့တာ၊ မိနွေးထက် သုံးနှစ်ငယ်သော မောင့်ကို မိနွေး ထိန်းကျောင်းချီပိုးခဲ့ရပါသည်။ မောင်တို့က မိစုံဖစုံမို့ မိနွေးတို့ထက် စီးပွားရေး ပြေလည်သည်။ ကြီးမေတို့လို သူဌေးပဂေးကြီး မဟုတ်ငြား၊ စားနိုင်သောက်နိုင် လူလတ်တန်းစား ဖြစ်၏။ အိမ်ပိုင်ရှိသည်။ ကားတစ်စင်းပိုင်သည်။ မောင့်မေမေရဲ့ အိမ်ဆိုင်က

www.burmeseclassic.com

ဝင်ငွေမဆိုးလှပါ။ မောင့်ဖေဖေရဲ့ အရာရှိလစာဟာလည်း မနည်းလှပါ။ သားမိသားဖသုံးယောက်ထဲမို့ ပိုလျှံပါ၏။

"ဘာလို့ မွေးစားရမှာလဲ၊ သူ့မှာ သားတွေရှိတာပဲ။ သားသမီး မရှိတာလည်း မဟုတ်"

"သားပဲရှိတာ၊ သမီးမှ မရှိဘဲ"

"မွေးစားတယ်၊ မွေးစားတယ်နဲ့ ... မွေးပြီးတော့မှ စားမှာ"

"ဟာ ... တောက်တီးတောက်တဲ့"

"မမွေးစားစေနဲ့။ ခင်ဗျား မျက်နှာငယ်နဲ့ နေရမှာ စဉ်းစားမိရဲ့လား"

အဲသည်ကတည်းက မောင်ဟာ ... ခင်ဗျားတွေ ကျုပ်တွေနှင့် ပြောတတ်နေပြီ။

"မျက်နှာမငယ်စေရဘူးတဲ့"

"ဒေါ်လေးကျတော့ရော"

မောင်က မေမေ့ကို ဒေါ်လေးဟု ခေါ်ပါသည်။

"မေမေက အိမ်မှာ စိမ်အုပ်ချုပ်ပေါ့တဲ့"

"ကူလီခေါင်းပေါ့"

"ဟာ ... မောင်ကလည်းကွာ"

"ကန်တော့ ... ဒေါ်လေးကို ပြောချင်လို့ မဟုတ်ပါဘူး၊ စော်ကားသလို ဖြစ်သွားရင် ကန်တော့ မမရယ်။ မမ စဉ်းစားကြည့်။ မမကျတော့ သူဌေးသမီးဖြစ်၊ မမအမေက အမေနေရာမှာ မနေရဘဲ မီးဖိုချောင်ထဲမှာ အလုပ်သမားခေါင်းဆောင်ကြီး ဖြစ်နေရမယ် ဆိုတော့၊ ကောင်းမလား၊



ကိုယ့်အမေကို အိမ်ဦးခန်း မတင်ဘဲ မီးဖိုချောင်ထဲ ပို့မဲ့ အိမ်မှာ မမက သူဌေးသမီး သွားလုပ်မလို့လား"

"ကြည့်စမ်း ... မောင်က ငယ်ငယ်လေးနဲ့ တွေးတတ်ခေါ်တတ်လိုက်တာ"

မောင့်ကို မိန္ဒွေး ချစ်သလို၊ မိန္ဒွေးကိုလည်း မောင်က ချစ်ပါသည်။ မောင်နှမအရင်းအခြာ မရှိကြသူ နှစ်ဦးဟာ မောင်နှမတွေလိုပဲ ချစ်ခဲ့ကြတာဖြစ်၏။ အဲဒါမှာ ... မိန္ဒွေးက အကြီးမို့လား မသိပါ ... မောင်က ချစ်တာထက်၊ မိန္ဒွေးအချစ်က ပိုသည်ဟု မိန္ဒွေး အမြဲခံယူသည်ပင်။

"မမွေးစားပစေနဲ့"

တကယ်တမ်းကျတော့ ... မေမေကလည်း သဘောမတူခဲ့ပါ။

"မိခင်ရင်းဖြစ်ပြီး သားသမီး ကောင်းစားရေးကို မကြည့်ဘူး ပြောချင် ပြောတော့၊ ကိုယ့်သမီးနဲ့ကိုယ်၊ တစ်အိပ်ရာထဲ တူတူအိပ်ခွင့်မရရင်၊ နတ်ပြည်တောင် မတက်ဘူး" ... တဲ့လေ။

"ဝေး ... ဒါမှ ဒေါ်လေးကွ။ ဘရာဗို"

မောင်က ထတောင်ခုန်ရှာ၏။

မွေးစားခွင့် မရသည့်အတွက် ကြီးမေ နည်းနည်းတော့ စိတ်ကွက်ပုံရ၏။

"ဘာဖြစ်လဲ မေမေရာ ... ကိုကြီးနဲ့ ပေးစားချင်လည်း၊ ပေးစားကာနီးကျမှ မိဘတစ်စုံတွဲ ကောက်ရှာလိုက်ပေါ့"

အစ်ကိုလေးက အစစအရာရာမှာ ပေါ့ပေါ့တိမ်တိမ်သမား ဖြစ်သည်။ သူ့အတွက်ဆို အလွယ်ချည်း။ အပူအပင်

www.burmeseclassic.com

အကြောင့်ကြလည်း ကင်း၏။ ချစ်သူ ရည်းစားလည်း မထား။ သူ ဆရာဝန်ဖြစ်ဖို့ အရေးသည်သာ သူ့အရေး၊ မိဘစီးပွားရေးမှာလည်း မကူ။

"အဲဒါ ကိုကြီးတာဝန်။ အစ်ကိုကြီးတော့ အဖအရာမဲ့"... တဲ့။

အစ်ကိုလေးက စိတ်မကွက်၊ အစ်ကိုကြီးက ခွင့်လွှတ် ... ဆိုတော့ ကြီးမေ ခများလည်း စိတ်မဆိုးနိုင်ရှာတော့ပါ။

"ဘာပဲဖြစ်ဖြစ် ငါတို့သမီး အထွေးဆုံးလေးပဲ"

ကျေးဇူးရှင်စစ်စစ်ကြီးပါပဲ။ အချစ်မပျက် ကူညီထောက်ပံ့မှုမပျက်၊ နာမည်ကို "မမိနွေးထွေး"ဟု ပြောင်းစေခဲ့သည်။

"အဲဒီနာမည် လှသားပဲ"

နာမည်ပြောင်းတာကို မေမေက မကန့်ကွက်ပေမဲ့ မောင်ကတော့ နှုတ်ခမ်းတစူစူ။ နွေးထွေး ကုသိုလ်ကံကောင်းပုံက နွေးထွေးကို၊ ကြီးမေတို့ မိသားစုက ချစ်သလို မောင့်မိဘတွေကလည်း ချစ်ခြင်းပင်။ နွေးထွေးမျက်နှာလေး သိပ်လှတာရယ်၊ သဘောကောင်း၊ ဖင်ပေါ့၊ ဝေယျာဝစ္စဆိုလည်း ကူညီလိုက်၊ အပြုံးလေး တချိုချိုနှင့် လူကြီးသူမ ရိုသေကတတ်တာတွေဟာ နွေးထွေးကို လူကြီးတွေ ချစ်ရဖို့ ဖြစ်နေတော့သည်သာ။

အစ်ကိုလေး ဆရာဝန်ဖြစ်သွားခြင်းက ကြီးမေတို့ မိသားစု၏ ဘဝခရီးလမ်းကို ဆစ်ပိုင်းချိုး၍ ကွေ့စေတော့သည်။

❤ ✳ ❤



"ကိုလေးက နိုင်ငံခြားသွားမယ်၊ ဟိုမှာ ဘွဲ့လွန်ဆက်တက်မယ်၊ ဖေဖေနဲ့ မေမေက တစ်ပါတည်း လိုက်သွားမယ်"

"ရှင်"

အစ်ကိုကြီး စကားကြောင့် နွေးထွေး အားငယ်သွားရပါသည်။

"ဟိုမှာ နိုင်ငံခြားသားအနေနဲ့ ကျောင်းတက်တယ်ဆိုတာ ပိုက်ဆံသိပ်ကုန်တာ။ ဖေဖေနဲ့ မေမေက ... လိုက်ပြီး အလုပ်လုပ်ကြမှာ၊ ကိုလေး ကျောင်းစရိတ် ရှာကြမှာ"

"ဟင် ... အလုပ်လုပ်ရမှာပေါ့"

"လုပ်ရမှာပေါ့"

"ဒီမှာဆို ... သူဌေးပီပီ၊ ပိုက်ဆံစောင့်သိမ်းရုံပဲ"

"ဒီလောက်တော့လည်း မလွယ်ဘူး မယ်မင်းကြီးမလေးရဲ့၊ သူဌေးလည်း သူဌေးအလျောက် အလုပ်လုပ်ရတာပဲ။ ချမ်းသာလေ၊ အလုပ်ရှုပ်လေ"

"ဒီမှာက ကိုယ်ပိုင်အလုပ်လေ၊ ဟိုမှာကျတော့ သူများဆီမှာ လုပ်ရမှာ မဟုတ်လား"

"ဒါတော့ ဒါပေါ့ ... ဒါပေမဲ့ ... ဖေဖေက ဟိုမှာလည်း မ,တည်ရင်းနှီးထားတဲ့ လုပ်ငန်းတချို့ ရှိပါတယ်၊ ပြီးတော့ အဲဒီနိုင်ငံတွေမှာ ဧရာမသူဌေးပဂေး မီလျံနာကြီးတွေမှ အိမ်ဖော်ငှားနိုင်တာ၊ တော်ရုံလူ အိမ်ဖော်မငှားနိုင်ဘူး"

www.burmeseclassic.com

"ဒါဆို ... ကြီးမေ ထမင်းချက်ရတော့မယ်"

"တချို့ဆရာဝန်တွေ အဲဒီမှာ ဘွဲ့လွန်သွားတက်ရင်၊ မနက်စောစောထ၊ ကိုယ့်ဘာသာ စားဖို့လုပ်၊ အလုပ်လည်းသွား၊ ကျောင်းလည်းတက်၊ ကိုယ့်ထမင်း ကိုယ်ချက်၊ ကိုယ့်အဝတ်ကိုယ်လျှော်၊ အချိန်ပိုဆိုတာ တစ်နေ့လုံးနေလို့မှ ဆယ့်ငါးမိနစ်ပြည့်အောင် မရဘူး"

"ပင်ပန်းလိုက်တာ"

"ဖေဖေနဲ့ မေမေက ကိုလေး ထမင်းမချက်ရ၊ အဝတ်မလျှော်ရ၊ အလုပ်မလုပ်ရဘဲ၊ ကျောင်းချည်း စိတ်အေးလက်အေး တက်ခွင့်ရအောင် လိုက်ကူညီကြမှာ၊ မိဘမေတ္တာပေါ့လေ"

"ကြီးမေ သနားပါတယ်"

"မသနားနဲ့။ မေမေက ပျော်နေတာ၊ ကိုလေးက အငယ်ဆိုတော့ မေမေက ငုံထားမလောက် ချစ်တာ၊ ဒီသားငယ်အတွက်ဆိုရင် ဘာပဲလုပ်ပေးရ လုပ်ပေးရ"

"ဘဘကြီးကရော"

"ဖေဖေလည်း တူတူပေါ့။ ကြံ့ရာအလုပ် ဝင်လုပ်ရမဲ့သူတွေလောက်တော့ မပင်ပန်းကြပါဘူး၊ ရန်ကုန်နဲ့လည်း ဆက်သွယ်နေဦးမှာ၊ ဒီကအလုပ်တွေ အစ်ကိုကြီးလုပ်၊ ဟိုကအလုပ်တွေ ဖေဖေလုပ်ပေါ့လေ"

"ပြန်လာကြဦးမှာလား"

"နိုင်ငံခြားသွားတဲ့ သူတိုင်းဟာ ပြန်လာမယ် ... ပြန်လာမယ် ... ဆိုတဲ့ စကားကို၊ အဲဒီမှာ ခေါင်းချကာနီးထိ



အော်ဟစ်သွားကြတာပဲ။ ဒါပေမဲ့ ... တစ်ရာတစ်ယောက်၊ တစ်ထောင်တစ်ယောက်လောက်သာ ပြန်လာဖြစ်တာပါ"

"အစ်ကိုကြီး ကျန်ရစ်မှာ သေချာတယ်နော်"

"သေချာတာထက် ပိုသေချာသေးတယ်"

ကမ္ဘာပေါ်မှာ နွေးထွေး အချစ်ဆုံးက မေမေပါ။ (ဖေဖေ ရှိတုန်းကဆိုလျှင်တော့ ဖေဖေနှင့် မေမေ နှစ်ယောက်တူတူပေါ့)။ ဆွေမျိုးသားချင်းကလည်း ရှားရှားပါးပါး။ ဆွေရယ် မျိုးရယ်လို့ ငွေကြေးလေးလည်း မကူညီနိုင်၊ ကိုယ့်ဝမ်းစာ ကိုယ်ရှာစားနေကြရသူတွေမို့ စေတနာလုပ်အားလေး သွားကူဖို့လည်း အချိန်မပေးနိုင်၊ ကြာရင် သွေးအေး၊ ဝေးကုန်ကြကာ မရှိမဲ့ရှိမဲ့ ဆွေမျိုးလေးတွေလည်း ပြတ်ကုန်ပြီ။ သူစိမ်းကိုပဲ ဆွေမျိုးလုပ်ပြီး ချစ်ရသည့် အထဲမှာ မောင့်ကိုတော့ အချစ်ဆုံးပါပဲ။ အစကတော့ မောင်လေး ... ဟု ခေါ်ခဲ့တာ။ ပြီးတော့ ... မောင်မောင်၊ နောက်ဆုံးမှာ အမြန်ခေါ်တော့ ... မောင် တစ်ခွန်းပဲ ကျန်တော့သည်။

မောင်ပြီးလျှင် ဒုတိယအချစ်ဆုံးက "အစ်ကိုကြီး"။ နွေးထွေးက မောင့်ကို အရိပ်ကြည့် ချစ်နေရသလို၊ အစ်ကိုကြီးကကျတော့ နွေးထွေးကို အရိပ်ကြည့် ချစ်ရှာ၏။ အဲသည်အချစ်တွေဟာ (အဲဒီတုန်းကတော့)ရိုးရိုးသားသား သံယောဇဉ်ဖြူစင်ချစ်တွေရယ်လို့ ထင်ခဲ့တာပဲ ဖြစ်တော့သည်။

❤ ※ ❤

www.burmeseclassic.com

တစ်ယောက်တည်း (အိမ်ဖော်အလုပ်သမားတွေတော့ ရှိတာပေါ့) ကျန်ရစ်ရှာသည့် အစ်ကိုကြီးအတွက် (ကိုယ့်ကျေးဇူးရှင်လည်း ဖြစ်တာမို့)အစစအရာရာ ဂရုစိုက်၊ လိုသမျှ ဝေယျာဝစ္စတွေ လုပ်ပေး … ဆိုသည့် တာဝန်က နွေးထွေးတို့ သားအမိပေါ် ကျလေ၏။ အစ်ကိုကြီးတာဝန်ကို နည်းနည်းပိုယူရသည့်အတွက် မောင်နှင့် တွေ့ချိန် နည်းနည်းလျော့သည်။

"ဒေါ်မိနွေး … ခုတော့ မိနွေးထွေး ပေါ့လေ … သူ့ရှေ့အိမ်မှာ စေတနာတွေ ရေစီးကမ်းပြိုလိုက်နေရတာနဲ့ … ဆင်းရဲသားအုပ်စုက မျက်နှာတော် ဖူးချင်ရင်တောင် ရက်ချိန်းတောင်းရမလို ဖြစ်နေပြီ"

နွေးထွေး ရယ်လိုက်သည်။

"မောင်ကလည်း။ ဘယ်သူလဲ ဆင်းရဲသားအုပ်စု။ မောင်တို့က မဆင်းရဲပါဘူးကွာ၊ အိမ်ပိုင်နဲ့ ကားပိုင်နဲ့။ ဆင်းရဲတာက ကျုပ်တို့ပါရှင်ရဲ့"

"အိမ်ပိုင်တစ်လုံး၊ ကားပိုင်တစ်စီးဟာ၊ ခြံကြီးဝင်းကျယ်တိုက်ကြီး သုံးလေးလုံး၊ ကုမ္ပဏီတစ်ခုတည်းသာဆို၊ ပိုက်ဆံရမဲ့အလုပ် အကုန်လုပ်၊ လုပ်ငန်းခွဲတွေက ဆယ်ခုလောက်၊ နောက်ဆုံးပေါ်ကားချည်း သုံးလေးစီးဆိုတဲ့သူနဲ့ စာတော့ ဆင်းရဲသားပဲ"



"အစ်ကိုကြီးက တစ်ယောက်တည်း ဖြစ်နေလို့ပါ မောင်ရယ်"

"ခြွေရံသင်းပင်တွေ တစ်ပြုံကြီးနဲ့ပါဗျာ"

"အဲဒါက သူ့စိမ်းတွေလေ မောင်ရဲ့"

"ခင်ဗျားကရော ဆွေမျိုးလား၊ တော်စပ်ပုံလေး သိပါရစေ၊ တစ်ဆိတ် …"

"မောင်ကလည်းလေ … မရစ်တတ်ဘဲ ရစ်နေပုံက ရယ်ဖွယ်လေး"

"ရစ်တာ မဟုတ်ဘူး၊ ဒေါသထွက်နေတာ၊ ဟာသလုပ်မနေနဲ့"

"မောင်က … ကလေးလိုပဲ"

"ကျုပ်ကတော့ ကလေးပဲ၊ ခင်ဗျားသာ လူကြီးတစ်ယောက်ကို သွားပတ်သက်မနေနဲ့"

"တစ်သက်လုံးက ပတ်သက်လာတာပဲ မောင်ရယ်"

"ဟင်းချက်ပို့ရတာနဲ့"

"သူ့ပိုက်ဆံနဲ့ ဝယ်ချက်ပေးရတာပါ"

"သူ့အိမ်က ထမင်းချက်ကို ဘာလုပ်ဖို့ထားလဲ၊ ကြည့်ညိုဖို့လား"

"ထမင်းချက် ဆိုတာက ဖြစ်ကတတ်ဆန်း ချက်တတ်တာ၊ စားမကောင်း … ကောင်းအောင် စိတ်ရှည်လက်ရှည် ဖွယ်ဖွယ်ရာရာ ဘယ်သူလုပ်ပေးမလဲ။ အဖေရော အမေရောက သားအငယ်ကို ဦးစားပေးပြီး လိုက်သွားတော့ အစ်ကိုကြီး တစ်ယောက်တည်း ကျန်ခဲ့တာ သနားပါတယ်"

www.burmeseclassic.com

"သနားရအောင် ဒုက္ခိတလား"

"မောင်ဟာလေ ... သိပ်ရယ်ရတာပဲ"

"ခင်ဗျားတော့ ... ကျုပ်ပြောချင်တိုင်း ပြောချရရင် လွန်တော့မယ်"

"ဒါဆိုလည်း မပြောနဲ့ပေါ့ မောင်ရယ်"

မောင်မကြည်ဖြူသည့် အလုပ်မှာ ... တခြားသူ (အစ်ကိုကြီးသာ မဟုတ်လျှင်)သာဆိုလျှင် နွေးထွေး လုပ်ကိုင်ဆောင်ရွက်ပေးဖြစ်တော့မှာ မဟုတ်တာ သေချာပါသည်။ ခုကတော့ ... အစ်ကိုကြီးလေ မောင်ရယ်။

သဝန်တိုနေတာလား မောင် ... လို့ မေးလိုက်ရမလား မောင်ရယ်။ မမကို သဝန်တိုနေတာလား၊ အဲဒီလိုဆို မမက အရမ်းတအား ပျော်ပစ်မိတော့မှာပါကွယ် ...။

❤ ❊ ❤

"နွေးထွေး ... မင်းသမီး လုပ်မလား"

"ဟာ ... အစ်ကိုကြီး"

ရက်စိတ်နှင့် မျက်နှာလေး ရဲတက်သွားရ၏။ အစ်ကိုကြီးဟာ သူ့ရဲ့များပြားလှစွာသော ကုမ္ပဏီလုပ်ငန်းခွဲတွေမှာ (ကံကောင်းစွာ) လူယုံတွေ ရထားပါသည်။ မလိမ်မကောက်ကြပဲ သစ္စာရှိကြ၏။ အစ်ကိုကြီးက စားလောက် သောက်လောက်အောင် ကြည့်ရှုထားတာကြောင့်လည်း ဖြစ်နိုင်ပါသည်။



"ခိုးတယ်ဆိုတာ တချို့က ဝါသနာပါလို့ ခိုးတာ၊ သူများပစ္စည်းလေး မတရားသဖြင့် ရလိုက်ရင်ပဲ ကိုယ့်ကိုယ်ကိုယ် ... ငါဟဲ့ လူပေါ်လူတော် ... လို့ ထင်တာ။ တချို့ကျတော့ ငတ်လို့ ခိုးတာ။ မစားလောက်တော့ ခိုးစား၊ တိုစားရရော ...

"ကလိန်ကျရမှ စားဝင် အိပ်ပျော်တဲ့ သူခိုးတွေကိုကျတော့ မတတ်သာလို့ အလုပ်ဖြုတ်ရတယ်။ ငတ်မှခိုးမဲ့သူတွေကျတော့ စားလောက်အောင် ပေးထားလိုက်ရင် မခိုးဖြစ်တော့ဘူး။ အစ်ကိုကြီးအလုပ်တွေက များလွန်းလို့ပဲ ...

"တစ်ခုချင်းမှာဆိုရင် အမြတ်အစွန်းက သိပ်ရှိတာမဟုတ်ဘူး။ ဝန်ထမ်းတွေနဲ့ အစ်ကိုကြီးနဲ့က ဝေစားမျှစားသဘောလောက်ပဲ ရှိတာ။ အခွင့်အရေး ကောင်းကောင်းပေးထားတော့ အစ်ကိုကြီးတော့ ရတာနည်းတယ်။ ဒါပေမဲ့ ...

"အစ်ကိုကြီးရဲ့အမြတ်က ... သစ္စာရှိ ဝန်ထမ်းကောင်းတွေ ဖြစ်လာအောင် ပုံသွင်းလိုက်နိုင်ခြင်းပဲ"

ဆောက်လုပ်ရေးဆိုလည်း အစ်ကိုကြီး လုပ်သည်။ အထည်ချုပ်စက်ရုံလည်း ရှိသည်။ သွင်းကုန်ပို့ကုန်လုပ်ငန်းလည်း ...ဝ်သည်။ နိုင်ငံခြားမှ ပစ္စည်းတချို့ တစ်ဦးတည်း ကိုယ်စားလှယ် ...ယည်။ ဆောက်လုပ်ရေးကုမ္ပဏီ အပိုင်ရှိသည်မို့ ချောင်းသာမှာ ...ဆောင်မှာ ဟိုတယ်တွေလည်း ဆောက်ထားလိုက်သေးသည်။ ...မေ မွှင့်လှစ်ခဲ့သည့် "ပန်ထွာသခင်မ"ဆိုသည့် ငါးထပ်စုပါ ...ကက်ကြီးကလည်း တစ်ဦးတည်းပိုင်ဖြစ်၏။

www.burmeseclassic.com

"အစ်ကိုကြီးတို့များ ပွဲထဲကလူပြက်တွေ ပြက်သလို၊ ချမ်းသာဦးမလား၊ ချမ်းသာဦးမလား ဆိုပြီး ကြိမ်လုံးနဲ့တောင် လိုမ့်ရိုက်ဖို့ ကောင်းနေပြီ"

အဲသည်လိုတောင် ဝေဖန်ခဲ့ဖူးသည့် အစ်ကိုကြီးက ရုပ်ရှင်ကုမ္ပဏီတစ်ခု တည်ထောင်ဦးမလို့ဆိုပဲ။

"လက်ရှိစီးပွားရေးတွေက လိုအပ်လို့လုပ်တာ၊ ရုပ်ရှင်ကတော့ ဝါသနာပါလို့ လုပ်မှာ၊ မလုပ်ရရင် မနေနိုင်လို့လုပ်မှာ"

"အစ်ကိုကြီးက မင်းသားဖြစ်ချင်သေးတာလား"

"အရူးမ ... မင်းသား မလုပ်ချင်ပါဘူး။ ဒါရိုက်တာလုပ်ချင်တာ။ အဲဒါ ငယ်ငယ်ကတည်းက ဝါသနာ။ ကလေးတုန်းကဆို ... ကစားပလားဆို ... ကင်မရာတစ်လုံးကိုင်ပြီး ရုပ်ရှင်ရိုက်တန်း ကစားတာတဲ့ ...

"အဲဒီတုန်းက နွေးထွေးတို့နဲ့ မခင်သေးလို့ မသိတာ။ ရပ်ကွက်ထဲက ကလေးတွေခေါ်၊ မုန့်ဖိုးပေးပြီး ... မင်းက သူဌေး၊ မင်းက ဆင်းရဲ၊ နင်က မုန့်ရောင်း၊ အရူးမလုပ်တဲ့သူက ထိုင်ငိုဆိုပြီး ခိုင်းတာတဲ့"

နွေးထွေး တခစ်ခစ် ရယ်တော့သည်။

"ဟိုစီးပွားရေးတွေနဲ့ ပင်ပန်းမွန်းကျပ်နေတဲ့ စိတ်တွေကို ဒါရိုက်တာအလုပ်နဲ့ ထွက်ပေါက်ပေးမှာ"

"အစ်ကိုကြီးကုမ္ပဏီတော့ မြတ်တော့မှာပဲ"

"မမြပ်လည်း ဘာအရေးလဲ။ အရင်းကျေရင် တော်ပြီ။ ငါ ဒါရိုက်တာ လုပ်လိုက်ရတာ အမြတ်ပေါ့"



အစ်ကိုကြီးက ရုပ်ရှင်ကုမ္ပဏီ တကယ်ပဲ ထောင်ဖြစ်လေ၏။ အမြတ်ရဖို့ အဓိကမထားခြင်း၊ ငွေကုန်ကြေးကျခံနိုင်ခြင်းတို့ကြောင့် ဗီဒီယိုမှ မစဘဲ ရုပ်ရှင်ကားကြီးမှ စရိုက်သည်။ အကယ်ဒမီမင်းသား မင်းသမီးတွေနှင့် ပွဲဦးထွက်၏။ ကုသိုလ်ကံများ ကောင်းချင်တော့ (ကံကောင်းပြီးရင်း ကောင်းရင်းဆိုသလို၊ အမှုတောရှိရာ အမှုတောစု ဆိုသလို) ဇာတ်ကားက ပေါက်လေ၏။ ဘာအကယ်ဒမီမျှ မရပေမဲ့ ဝင်ငွေသောက်သောက်လဲရသည်။

"ငါဒါရိုက်တာ ဖြစ်ပြီကွ"

အစ်ကိုကြီး ပျော်လွန်းလို့ လက်သီးလက်မောင်းတန်းကာ ခုန်ဆွ ခုန်ဆွတောင် ဖြစ်ရှာ၏။ အစ်ကိုကြီး ရုပ်ရှင်ကုမ္ပဏီထောင်ဖြစ်ခြင်းကြောင့်၊ နွေးထွေး အမေက ရူတင်ထမင်းကန်ထရိုက် အလိုလို ဖြစ်တော့သည်။

"နွေးထွေးတို့ ငှားနေတဲ့ အခန်းလေးက ခပ်ကျဉ်းကျဉ်းရယ်၊ ချက်ရပြုတ်ရတာက အိုးကြီး၊ ဒီကုမ္ပဏီမှာပဲ လုပ်မှတော့ အိမ်မှာပဲ ပြောင်းနေလိုက်ကြပါတော့လား။ ခြံထဲမှာ အိမ်တစ်လုံး သီးသန့်ရှိတာပဲ။ သားအမိ ကျယ်ကျယ်ဝန်းဝန်းနေပေါ့"

အစ်ကိုကြီး ခြံကြီးက ကျယ်ပါသည်။ အစ်ကိုကြီးတို့ မိသားစုစုံစဉ်က နေခဲ့သော နှစ်ထပ်ခွဲတိုက်ကြီးကတစ်လုံး၊ [illegible]ကြီး ရုံးခန်းအဖြစ် သုံးခဲ့သည့် တစ်ထပ်တိုက်ကလေးက [illegible]လုံး၊ ကားဂိုဒေါင်က နှစ်ထပ် (အပေါ်ထပ်မှာ အလုပ်သမား

www.burmeseclassic.com

တွေနေသည်) နွေးထွေးတို့ သားအမိ၊ တစ်ထပ်တိုက်ကလေး...
ပြောင်းဖြစ်ခြင်းမှာ အမေကိုယ်တိုင်က ပြောင်းချင်လို့ ဖြစ်ပါသည်။

"ဘာဖြစ်လဲ သမီးရယ်။ တစ်ခြံထဲ ဆိုပေမဲ့ တစ်အိမ်စီ... ဘယ်သူတွေ ဘာပြောပြော၊ ကိုယ်အဆင်ပြေဖို့ပဲ အရေး... ကြီးတယ်။ လူ့ပါးစပ်ဆိုတာက သိကြားမင်း ကျွဲယော... ဆောင်ပြရင်တောင် ချိုကားတယ်လို့ ကဲ့ရဲ့ကြသေးတာ...

"သားအဖနှစ်ယောက်နဲ့ မြည်းတစ်ကောင် ပုံပြ... လည်း သမီး ကြားဖူးသားပဲ၊ ကိုကြီးလို သိက္ခာသမာဓိ... ဘာမနေရဲစရာရှိလဲ"

အစ်ကိုကြီးနှင့် အစ်ကိုလေးကို ဘဘကြီးတို့ ကြီး... တို့ ကိုယ်တိုင်က "ကိုကြီး" "ကိုလေး"ပဲ ခေါ်သည်။ သား... သားငယ် ခေါ်သည့်အခါ ခေါ်၏။ အဲဒါကြောင့် မေမေကလ... ကိုကြီးပဲ ခေါ်ပါသည်။

သီချင်းတစ်ပုဒ်၏ ခနိုးခနဲ့ အဓိပ္ပာယ်ပါသာ စာသ... ကို မောင်က သံနေသံထားနှင့် ဆိုနေ၏။

"မမ အဲဒီသီချင်း ကြားဖူးလား"

"ကျုပ်က ရှင့်ထက်ကြီးတယ်၊ ရှင်တောင် ကြားဖူး... ကျုပ် မကြားဘူးပဲ နေမလား"

"ခုတော့ ... ခြံထဲရောက်သွားပြီ ... နောက်တော့ အိမ်... တက်ဖို့ပဲ လိုသည်"

တေးသွားထည့်၍ ဆိုပြန်၏။

"မောင် ဘာစကား ပြောတာလဲ"



"မကြိုက်ဘူးဗျ"

မောင် ပေါက်ကွဲရှာ၏။

အဲသည်နေ့က မောင် တကယ်ပဲ ပေါက်ကွဲကာ ... ခင်ဗျားကို ကျုပ်က သေမလောက် ချစ်နေတာဗျ ... ဟု အကျယ်ကြီး အော်ပြောကာ ထွက်ပြေးသွားခဲ့တော့သည်။

ဩော် ... မောင်ရယ်။ မမကကျတော့ရော မချစ်ဘဲနေလို့လား။ မောင့်လို မအော်ရဲလို့ပေါ့နော်။ မောင့်လိုသာ အော်ရဲရင် မမကလည်း အော်လိုက်ချင်ပါရဲ့။

"ရှင့်ကို ကျုပ်ကလည်း သေမလောက် ချစ်နေတာတော့"... ဟူ၍။

❤ ❈ ❤

www.burmeseclassic.com

## ၇

မောင်နှင့် ချစ်သူတွေ ဖြစ်သွားခဲ့ရတာ လွယ်ကူချောမွေ့လွန်းလှ၏။

"မောင်က မမကို ကျိတ်ချစ်နေတာ"

"မမလည်း တူတူပဲ"

"မပြောရဲလို့"

"မမကျတော့ ပြောရမဲ့ အခွင့်အရေး မရှိဘူးလေ။ မိန်းမသား မဟုတ်လား"

"မောင်က ချစ်တယ်လို့ ဖွင့်မပြောရင် မမ ဘာလုပ်မလဲ၊ မမက စပြောမလား"

"အသေခံမယ်၊ ဘယ်တော့မှ စမပြောဘူး။ အိပ်ရာပေါ်မှာ ကျိတ်ငိုနေမှာပေါ့"

"မမလေးကွာ ... သနားပါတယ်၊ ချစ်စရာလေး၊ ပြောပါဦး ... မောင့်ကို ဘယ်တုန်းက စချစ်တာလဲ"

"ရှင့်ကို ခါးထစ်ကလေးခွင် ထိန်းခဲ့ရကတည်းက"

"အဲဒီတုန်းကတော့ မောင်လေးလို့ပါ"



"ဒါပေါ့"

"မောင်က ချစ်နေတာကြာပြီ သိလား။ ကိုကြီးတစ်ယောက် ပျာယာခတ်ကတည်းက။ အဲဒီလူကြီး မမအပေါ် မရိုးဘူး"

"ရိုးရှာပါတယ် မောင်ရယ်။ မစွပ်စွဲပါနဲ့၊ အစ်ကိုကြီး ကြားသွားရင် မျက်နှာပူ အားနာစရာကြီး။ ကြီးမေရှိကတည်းက မမကို ချစ်ရှာတာ။ အဲဒီမိသားစု တစ်စုလုံး မမတို့သားအမိနှစ်ယောက်ကို ချစ်ပါတယ် ...

"မေမေကရော၊ မမကရော ဝေယျာဝစ္စလေးတွေလည်း လုပ်ကိုင်ပေးတယ်မှလား။ မမကျောင်းစရိတ်ဆိုလည်း ထောက်ခဲ့တာပဲ။ ကျေးဇူးရှင်တွေပါ။ ဘဘကြီးက ယောကျာ်းလည်းဖြစ်၊ အလုပ်လည်းများတော့ ...

"နည်းနည်းပါးပါး ဘာသိဘာသာရှိတယ်၊ ဒါတောင်တွေ့ရင် ... ကောင်မလေး မုန့်ဖိုးရှိရဲ့လားဆိုတာက စမေးပြီး အိတ်ထဲက ထုတ်ပေးလိုက်တာပဲ။ အစ်ကိုလေးကကျတော့ စာမုစာ၊ သူက ... သူတို့ချင်း ပြောနေတာပဲ ...

"အစ်ကိုလေးသူငယ်ချင်း ဆရာဝန်လောင်းတွေ စာလာကျက်ရင် ... အစ်ကိုလေးကို၊ မင်းက ဟိုင်ပါ Hyper ဟိုင်ပါနဲ့ ပြောတယ်။ သူ့စာနဲ့သူဆိုတော့ မမနဲ့တောင် သိပ်မတွေ့ဖြစ်ဘူး ...

"သူငယ်ချင်းတွေ စာလာကျက်တဲ့ အခါတွေမှာ ကြီးမေက မေမေ့ကို ခေါက်ဆွဲကြော်ပေးခိုင်းတယ်၊ သူတို့ညလယ်စာစားဖို့တဲ့။ ရင်းနှီးနေကြတာပါ မောင်ရဲ့၊ အဲဒီမိသားစုထဲမှာ ...

www.burmeseclassic.com

"မမကို ကြီးမေပြီးရင် အစ်ကိုကြီးက အချစ်ဆုံ
ပါပဲ။ ဘဘကြီးနဲ့ အစ်ကိုလေးကသာ နည်းနည်းပါးပါ
အတွေ့နည်းတာ။ ဒါတောင် ... မမကို မွေးစားမယ်လ
တုန်းက တစ်မိသားစုလုံး သဘောတူကြတာပဲ"

"အောင်မယ် ... ဘာဖြစ်လို့ မွေးစားမယ် စိတ်ကူးတာ
ခင်ဗျား သိလား ဒေါ်နွေး"

"သူတို့မှာ သမီးမရှိဘူးလေ။ အဖေအမေ ဆိုတာ ကြီးလာ
ရင် သမီးလိုအပ်တယ်။ သားဆိုတာက သမီးလောက်နီး
ကပ်ကပ် ပြုစုရကောင်းမှန်းမှ မသိတာ။ ခိုင်းမှလုပ်တတ်
တာ၊ အလိုက်မှမသိဘဲ၊ သမီးကမှ သိတာ၊ သမီးလိုချ
တာပေါ့"

"ဟုတ်ပါလိမ့်မယ် အားကြီးကြီး"

"ဒါဖြင့် ... ဘာကြောင့်လဲ"

"ဒေါ်နွေး ... ခင်ဗျားသာ မသိတာ၊ သူတို့အိမ်မှာဖြ
ဟိုးလေးတကြော်၊ အိမ်ဖော်ကောင်မလေးတွေတောင် သိ
တယ်"

"ဘာကို သိတာလဲ"

"မမကို ... ကိုကြီးက အရမ်းကြိုက်နေတာ"

"ဟယ် ... မောင်ရယ်၊ မပြောပါနဲ့၊ ငရဲကြီးပါ့မယ်"

"ဩော် ... တကယ်ပါဆို၊ မယုံဘူးလား၊ ပိတ်ထိုးလိုက်ရ"

မောင်ဟာ နွေးကို အဲသည်လိုလည်း အနိုင်ယူတတ်
သူပါ။ မောင်လေး ငါးနှစ်သား၊ လက်သီးအားကလေး ကောင်
လာကတည်းက သူ့ကို ထိန်းကျောင်းပေးသည့် နွေးကို သူ့စိတ်



ကြိုက်နှင့် မတွေ့လျှင် လက်သီးနှင့် ထိုးတတ်၏။ ကလေးအား
ကလေးနှင့် ဆိုပေမဲ့၊ တစ်ခါတစ်ရံ မျက်လုံးလို နေရာမျိုး ထိုးမိ
လျှင် နွေး မျက်ရည်ပေါက်ပေါက် ကျခဲ့ရဖူးပါသည်။

မောင်နှင့်က ချစ်သူတွေသာဆို၊ သူငယ်ချင်းဆိုလည်း
ဟုတ်၊ မောင်နှမဆိုလည်းဟုတ်၊ ရန်ဖြစ်ကြ သတ်ပုတ်ကြဆိုတာ
မျိုးလည်း ရှိခဲ့ဖူးပါသည်။ နွေးက ဟန်ဆောင်ရိုက်နှက်တာဖြစ်
ပြီး မောင်ကတော့ တကယ် အားသုံး ထိုးကြိတ်တတ်လေ၏။

"ကိုကြီးက ပြောတာ၊ ခင်ဗျား ကြီးမေကို။ နွေးထွေးလေး
ကို ချစ်တယ်တဲ့ လက်ထပ်ချင်တယ်တဲ့"

"ဟောတော့"

"ကြီးမေလည်း မကန့်ကွက်ဘူး။ သူ့ချွေးမဖြစ်မဲ့သူဟာ
ပစ္စည်းပါလာဖို့ မလိုဘူးတဲ့။ ပစ္စည်းက သူတို့မှာ ပေါလွန်း
လို့တဲ့။ ပစ္စည်းပါလာရင်လည်း ... သူလည်းပစ္စည်းရှင်ဆို
ပြီး မာနထောင်ဦးမယ်တဲ့ ...

"ကိုယ့်အကြောင်းသိထဲက ... ကိုယ့်ဩဇာညောင်း၊
ကိုယ့်ကို လေးစားရိုသေ၊ သားကြီးကို ကျိုးနွံပြုစုမဲ့ ချွေးမ
မျိုးပဲ လိုချင်တာတဲ့ နွေးထွေးလေးဆိုတော့ အတော်ပဲတဲ့ ...

"ကောင်မလေးက လိမ်လည်းလိမ္မာ ... လှလည်းလှ
တော့ မေမေ ကျေနပ်ပါတယ်။ တစ်ခုပဲရှိတယ်၊ မင်္ဂလာ
ဆောင်ဖိတ်စာရိုက်ရင် သတို့သမီးဘက်က ရပ်ပြမလှဘူး
ဖြစ်နေတယ်တဲ့ ...

"အဲဒီမှာ ခင်ဗျား အစ်ကိုကြီးပဲ အကြံပေးတာ။
မေမေ မွေးစားလိုက်ပါလားတဲ့။ မွေးစားသမီးကို သားရင်း

www.burmeseclassic.com

နဲ့ ပေးစားတယ်ဆိုတာ သမားရိုးကျဇာတ်လမ်းတဲ့။ အဲ
ကတည်းက သူ ဒါရိုက်တာ"

မောင့်စကားမို့သာ ယုံရသည်။ အစ်ကိုကြီး ဒီလို ဟုတ်ပါ့မလား … ဟု သံသယဝင်ရပါသေးသည်။

"အဲဒါ … သူတို့အိမ်က လက်တိုလက်တောင်း ကောင်။ လေးလေ … လုံးလုံး ဆိုတဲ့ ကောင်မလေး"

"သူ ပြန်ပြောတာလား"

"လုံးလုံးတင် မက,ဘူး၊ ကြီးမေတို့က ဒီစကားတွေကို အိမ်ဖော်တွေရှေ့မရှောင် ပြောတော့ တစ်အိမ်လုံး သိတယ်။ လုံးလုံးကကျတော့ မောင့်ကို တကူးတကကို လာပြော တာ"

"ဘာဖြစ်လို့လဲ"

"မမကို ကိုကြီးနဲ့ ပေးစားမှာဆိုတာ ခိုင်လုံကြောင်း သိစေ ချင်တာ"

"ဘာလို့ သိစေချင်ရတာလဲ"

"မမဟာလေ …လည်မလိုလိုနဲ့ အ,တယ်။ မောင့်ကိုကြိုက် လို့ပေါ့ဗျ၊ မောင်က မမကို အရမ်းအရေးပေးတော့၊ မမ မှာ ပိုင်ဆိုင်သူရှိတယ် ဆိုတာ သိအောင်ပြောတာ"

"ကြည့် … သူ လုံးလုံးကိုလည်း ကြိုက်ခဲ့တာပဲလား"

"ဝေးသေး … အရုပ်က ငါးပေပြည့်ဖို့ ဘယ်နှလက်မလို မှန်း မသိဘူး၊ လိပ်ခါး ဖားဖင်နဲ့။ ကြိုက်စရာလား"

"မောင်ကလည်းကွာ … မိန်းကလေး တစ်ယောက်ကို အဲဒီလို မပြောပါနဲ့"



"တို့မမကတော့လေ … မယ်စကြာဝဠာလည်း ရှုံးတယ်။ ဥမ္မာဒန္တီလည်း ရှုံးတယ်။ ပပဝတီလည်း ရှုံးတယ်"

"သွား … သူဖြင့် … အဲဒါတွေကို မမြင်ဘူးဘဲနဲ့"

"မမြင်ဖူးချင်ပါဘူး။ မြင်ဖူးပြီး ကြိုက်သွားမိရင် … ဒီ မမလေးတစ်ယောက် အသည်းတွေကွဲပြီး မျက်ရည်တွေ ချောင်းစီးနေမှာစိုးလို့"

ငယ်ငယ်ကတည်းက ကိုယ့်ထက် အငယ်လေးအဖြစ် လိုလိုက်၊ အလျှော့ပေးခဲ့ရသည့် မောင်က နွေးကို အနိုင်ကျင့် လိကျတာလေးတွေ ရှိပါသည်။ စကားပြောလျှင်လည်း သူက သာစည်းကလေးနှင့်။ ဒါဟာ မမကိုချစ်လို့ သက်သက်အနိုင် တာပဲဟု၍ နွေး ကြည်နူးပီတိဖြင့် ခွင့်လွှတ်ရပါသည်။

"မောင့်ကိုလေ သိပ်ချစ်တာပဲ"

"မောင်ရောပဲ"

"မမကို မောင် စိတ်ချနော် … မမလေ မောင်ကလွဲရင် ဒီကမ္ဘာမှာ မောင် သက်ရှိထင်ရှား ရှိနေသရွေ့၊ ဘယ် ယောက်ျားနဲ့မှ လက်မထပ်ဘူး၊ ဘယ်ယောက်ျားကိုမှ မချစ်ဘူး"

"ဒါဖြင့် … မောင် သေသွားရင်ရော"

"မောင်က ငယ်တာပဲဟာ သေခြင်းသေရင် မမက အရင် သေမှာ။ မောင်သာ ချစ်သူအသစ်ကလေးနဲ့ ပျော်နေမှာ"

"မမမှ မရှိတော့ဘဲဟာ ချစ်သူအသစ် မရှာရင် ပျင်းစရာ ကြီး။ ရှာမှဖြစ်မှာပေါ့"

"ကြည့် … မောင်နော်၊ မမ ငိုချင်လာပြီ"

www.burmeseclassic.com

"ရာသီဥတု မသာယာဘူး။ ငိုရန်ရာနှုန်းရှစ်ဆယ်။ အပူချိန်က သုံးဆယ့်ကိုးဒီဂရီစင်တီဂရိတ်။ တစ်ခါတစ်ရံမှာ နှလုံးသားမုန်တိုင်းများ ကျရောက်ပြီး မျက်ရည်ကန်များ စိုးရိမ်မှတ်ထက် ကျော်လွန် လျှံတက်လာနိုင်ဖွယ် ရှိပါကြောင်း"

နွေး ... စိတ်မဆိုးနိုင်ဘဲ မောင့်ကို ရိုက်ပုတ်၍ ရယ်မိရပါတော့သည်။ နွေးက မောင့်ကိုပဲ လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့ပါ၏။

❤ ※ ❤

ဒါရိုက်တာ သေချာဖြစ်သွားပြီ ဖြစ်သော ကိုကြီးက ...

"နွေးထွေး ... မင်းသမီး လုပ်မလား"... တဲ့။

နွေးက ရှက်စနိုးစွာ ရယ်၏။

"ကောင်းသားပဲ"

"ဟင် ... မမေကလည်း မကောင်းပါဘူး။ ရှက်စရာကြီး။ သမီး မလုပ်တတ်ပါဘူး"

"နွေးမျက်နှာကို သေချာကြည့်ကြည့်စမ်းပါ ဒေါ်လေး။ နွေးမျက်နှာဟာ အလိုလိုနေရင်း အဓိပ္ပာယ်ရှိနေတယ်"

မမေက ကိုကြီးစကားကို နားမလည်နိုင်စွာ ... သမီးကို ငေးကြည့်နေသည်။ ကိုကြီး ပြောသလို အဓိပ္ပာယ်ရှိနေသလား၊ မရှိဘူးလားတော့ မသိပါ။ လှတော့ ရက်ရက်စက်စက် လှတာ သေချာ၏။ ကံဆိုးရှာ၍ အဖမဲ့၊ ဆင်းရဲ ... စသော



ဓနတ်လက္ခဏာများနှင့် သမီးလေးဟာ ရုပ်ရည်ကလေးကျတော့ ကောင်းလွန်းစွာ လှလွန်းနေတော့သည်။

"တချို့မင်းသမီးတွေရှိတယ်၊ သိလား နွေးထွေး၊ သရုပ်ဆောင် ကောင်းတယ်။ တော်တယ်။ ဒါရိုက်တာရဲ့ စိတ်ကြိုက်အတိုင်း သရုပ်ဆောင်နိုင်တယ်။ ကောင်းလည်းကောင်းတယ်။ ဒါပေမဲ့ ... အဲဒါ သရုပ်ဆောင်နေတာ၊ သူ့သရုပ်ဆောင်ချက်က သဘာဝကျပါတယ်ဆိုတဲ့ ကောင်းတာမျိုး ...

"တချို့ကျတော့ အဲဒီဘဝ၊ အဲဒီဇာတ်ကောင်စရိုက် တကယ်ဖြစ်နေတာ၊ သက်ဝင်သွားတာ၊ ကောင်းအောင် သဘာဝကျအောင် လုပ်နေတာကို မဟုတ်ဘူး၊ ဒီစရိုက်မှာ သူ တကယ်ဖြစ်နေတာ။ အဲဒီမင်းသား မင်းသမီးမျိုးကျတော့ အကယ်ဒမီ ပေးမယ်ဆိုရင် ...

"ကားတိုင်းရဖို့ ဖြစ်နေတော့တာပဲ။ နွေးထွေး မြင်ဖူးလား။ တချို့ မျက်နှာတွေ ချောပါရဲ့။ လှပါရဲ့။ ကြည့်လို့လည်း ကောင်းပါရဲ့။ ဒါပေမဲ့ ... သူ့မျက်နှာက ကွက်လပ်ကြီး၊ ဘာခံစားမှုမှ မရှိဘူး၊ သူ ဘယ်လောက်ကြိုးစားပြီး သရုပ်ဆောင်ဆောင် ...

"ကောင်းတယ် တော်တယ် ချီးကျူးရမှာပေမဲ့ သူ သရုပ်ဆောင်နေတယ်ဆိုတဲ့ အချက်ကို ဖျောက်လို့မရဘူး။ သူဟာ သရုပ်ဆောင်ကောင်း တစ်ယောက်သာလျှင် ဖြစ်တယ်။ တချို့ကျတော့ မျက်နှာပြင်ပေါ်မှာ ခံစားမှုတွေနဲ့ ပြည့်နေတယ်၊ ပျော်တာလည်းရှိ၊ ဝမ်းနည်းတာလည်းရှိ၊ ခံစားမှုမျိုးစုံဟာ သူ့မျက်နှာပေါ် ရောက်နေတယ် ...

www.burmeseclassic.com

"ကြည့်လိုက်တာနဲ့ သူ့မျက်နှာဟာ တစ်ခုခုကို ခံစားနေတယ်။ အဲဒီမျက်နှာမျိုးဆီကနေ ကိုယ်လိုချင်တဲ့ ခံစားမှုကို ဆွဲထုတ်လိုက်ရုံပဲ။ သူဟာ သရုပ်ဆောင်ကောင်း ဆိုတဲ့ အဆင့်ထက် ကျော်လွန်ပြီး အဲဒီဇာတ်ကောင်စရိုက်မှာ ...

"သူ တကယ်ဖြစ်နေတာ၊ အဲဒီစရိုက်ဟာ သူ့စရိုက်ဖြစ်သွားတာ၊ နွေးထွေးက အဲဒီမျက်နှာမျိုး။ လှလည်းလှတယ်။ မျက်နှာပြင်မှာ ခံစားမှုတွေ အလိုလိုပါနေတယ်"

"ဟင် ... အစ်ကိုကြီးကလည်း ကျွန်မ မနေတတ်တော့ဘူး၊ ရှက်လိုက်တာ"

"ကိုကြီးကသာ မင်းသမီး တင်ရိုက်ပေးမယ်ဆိုရင် ဒေါ်လေးက ထထောင်က,ချင်တာ"

"ဟာ ... မေမေကလည်း"

မေမေ့မှာက မေမေ့"အနာ"နှင့် မေမေဖြစ်၏။ ဖေဖေနှင့် မေမေတို့ အိမ်ထောင်ကျတော့ ဖေဖေ့ဘက်က စိတ်ပါလက်ပါ မရှိကြလှ ... တဲ့လေ။ ဘွဲ့လေးတစ်ခု ရထားသော ဖေဖေ့ကို သူ့လိုဘွဲ့ရနှင့် ဖြစ်စေ၊ သို့မဟုတ် သူဌေးသမီးနှင့်ဖြစ်စေ ... ယူစေချင်ကြတာတဲ့။ မေမေ့ကို ဖေဖေက နိုးပြေးတော့၊ သဘောမတူဘူးလည်း မဟုတ်၊ တူတယ်လည်း မဟုတ်။ မခေါ်မပြော အဆက်ဖြတ်ခြင်းလည်းမရှိ၊ တရင်းတနှီး စည်းစည်းလုံးလုံးလည်းမရှိ။ တွေ့လျှင်ခေါ်၊ ခေါ်လျှင်ထူး၊ မေးလျှင်ဖြေ ... ဆိုသည့် အနေအထားနှင့်၊ တော်တော်ကြီး ဘာသိဘာသာ နေခဲ့ကြသည်တဲ့။



"သင်းတို့အမျိုးတွေထဲမှာလည်း ဘွဲ့မရတဲ့သူတွေ ရှိတာပါပဲအေ။ ဘွဲ့ရရင်တော့ ကြိုက်တာပေါ့။ ယူချင်တာပေါ့။ ရချင်တာပေါ့ ဒီဘွဲ့ကို။ ဒါပေမဲ့ ... ဘွဲ့မရတာ အပြစ်မှမဟုတ်တာ၊ ဆုံးသွမ်းပေတေနေတယ် ဆိုရင် ပြောပါတော့"... တဲ့။

"မေမေက မေမေ့သမီးလေးကို သိပ်အားကိုး မျှော်လင့်ထားတာ။ သမီးရုပ်ရည်လေးက လှတော့ တော်ရုံလူ စိတ်မကူးနဲ့ သမီးရယ်၊ သူဌေးဆိုတဲ့ ဟာကိုမှ ရှာယူစမ်း။ ညည်းအဖေ အမျိုးတွေက ဆန်မရှိ အစားကြီးတွေ ...

"ပညာတွေကျတော့လည်း တတ်တဲ့သူလည်းရှိ၊ မတတ်တဲ့သူလည်းရှိ၊ ပိုက်ဆံချမ်းသာသလား ဆိုတော့လည်း ... တော်ရုံတန်ရုံပါ။ ဆင်းတော့ မဆင်းရဲဘူးပေါ့၊ သမီးဖေဖေ လက်ထက်တုန်းက မေမေတို့နေနိုင်သလောက်ပေါ့၊ အဲဒါလောက်နဲ့ကို ... ဘာကို ဘဝင်မြင့်မှန်း မသိဘူး ...

"မာနတွေ ကြီးနေကြတာ။ သမီးက သူတို့တစ်ဆွေလုံး တစ်မျိုးလုံးထက် သာသွားတာမျိုး မေမေ သိပ်ဖြစ်စေချင်တာပဲ။ ဘယ်နည်းနဲ့သာသာ။ ရိုးရိုးသားသား အနိုင်ယူခြင်းမျိုးနဲ့ပေါ့ သမီးရယ်"... တဲ့။

အဲသည်လို ပြောခဲ့ဖူးသည့် မေမေဟာ၊ သူ့သမီးသာ ရုပ်ရှင်မင်းသမီးဖြစ်လျှင် ဖေဖေ့ ဆွေမျိုးတွေကြားထဲ ... ရင်ကော့လိုက်မည့်ဖြစ်ခြင်း၊ ခေါင်းမော့လိုက်မည့် ဖြစ်ခြင်း။

"လုပ်ပေးပါ ကိုကြီးရယ်။ ဒေါ်လေးတော့ ကျေးဇူးတွေ အရမ်းတင်နေပြီ"

www.burmeseclassic.com

နွေးထွေး ... ရုပ်ရှင်မင်းသမီးလုပ် ... မလုပ်ဆိုသ
ကိစ္စက ဆုံးဖြတ်ရန် မလိုဘဲ ဆုံးဖြတ်ချက် ကျသွားရတော့၏။

"ဖြစ်အောင်လုပ်" ... ဆိုသည့် အမိန့်ကို မည်သူက မချရပါဘဲ နွေးထွေး ခေါင်းပေါ်သို့ ရောက်လေ၏။ အဲသည်မှာ ... မောင်နှင့် ပြဿနာ စတော့ရတာပါပဲလေ။

❤ ✻ ❤

မေမေက မောင်နှင့် နွေးထွေးတို့ ချစ်ကြတာ ကန့်ကွက်သည် မဟုတ်ပြော၊ ကြည်ဖြူလှသည်လည်း မဟုတ်။ မေမေ့ဆန္ဒက သူဌေးသမက်လိုချင်ခြင်းပဲ ဖြစ်၏။ မေမေ့ခံ ချက်နှင့် မေမေ ... ဖေဖေ့အမျိုးတွေရှေ့မှာ ခေါင်းမော့ရန်၊ ကော့ရန်ကိုသာ မေမေ အမြဲဆန္ဒပြင်းထန်နေခဲ့သည်။

"မိဘချင်းကလည်း လူခင်တွေ၊ လူလည်းလူကော တွေ။ ဒီကောင်လေးလည်း ကိုယ့်မျက်စိအောက် ကြီးလာ ကိုယ်ပဲ ထိန်းခဲ့ ကျောင်းခဲ့ရတာဆိုတော့ ငြင်းဖို့လည်း အခ မေမေကတော့ သမီးကို ဒီ့ထက်ကောင်းစားစေချင်တာ" ... ညည်းညည်းညူညူလေး ပြောရှာခဲ့သည်။

"မမ ... မောင် လုံးဝသဘောမတူဘူး၊ ဘယ့်နှယ်ဗျာ ကိုယ့်ရည်းစားကို သူစိမ်းယောကျ်ားက ဖက်တာကို ပိုက်ကြည့်နေရမှာလား။ လက်ခုပ်ထိုင်တီးပေးရမှာ လုံးဝနော် ... လုံးဝဆို လုံးဝပဲ"

မောင်က ခါးသီးပြင်းထန်စွာ ငြင်းလေ၏။



"သားရယ် ... သားမမ လူတစ်လုံး သူတစ်လုံး ဖြစ်မဲ့ကိစ္စပဲကွယ်။ ကိုယ့်အစ်မ ကောင်းစားတာ မြင်ချင်ရင် မတားသင့်ဘူး"

"ဟာဗျာ ... ဒေါ်လေးက အားမပေးသင့်ဘူး"

"ဒေါ်လေးက အားပေးရုံတင် ဘယ်ကမလဲ၊ ဖြစ်ထွန်းအောင်ကို ကြိုးစားရဦးမှာ။ မောင်မင်းကြီးသား ကိုကြီးရဲ့ကျေးဇူးက ဆယ်သက်ဆပ်လို့ မကုန်ဘူး"

"အဲဒီလူကြီးက မမကိုများဆို ... ပျာယာကို ခတ်နေတာပဲ၊ ကြည့်လို့ကို မရပါဘူးဗျာ"

မောင်ဟာ မေမေကိုယ်တိုင် ချီပိုးထိန်းကျောင်းခြင်း ခံရသူမို့ မေမေ့ကို ပြောရဲ ဆိုရဲ ရှိပါသည်။

"ပျာယာခတ်တာ ဝမ်းသာစရာပေါ့။ ဘယ့်နှယ် ... ကျေးဇူးတင်ရမှာကို၊ ကြည့်မရဘူးရယ်လို့ပဲကွယ်။ အတွေးတွေ လွဲနေပါပြီ"

"ဒေါ်လေးသမီးကို အပိုင်သိမ်းသွားလိမ့်မယ်"

"တရားဝင်ဆို သိမ်းပစေဟေ့"

မေမေက စိတ်တိုတိုနှင့် အော်၏။ မောင့်ထံမှ တောက်ခေါက်သံတစ်ချက် ထွက်သည်။

"မောင် ... မေမေ့ကို တောက်မခေါက်နဲ့လေ။ တောင်းပန်လိုက်ပါ"

"ကျွန်တော် ရိုင်းသွားတာ မှန်ပါတယ်၊ ဒေါ်လေးကို တောင်းပန်ပါတယ်"

www.burmeseclassic.com

မောင်လည်း ကောင်းမွန်စွာ အုပ်ထိန်းခြင်း ခံရလျ[က်]
ကြီးပြင်းလာခဲ့သော မိကောင်းဖခင် သားသမီးမို့ လူကြီးသူမ[တို့]
မရိုင်းပျ မစော်ကားရဘူး ဆိုတာကို လက်ခံပါသည်။ သို့ပေမဲ့ ...
အဲဒီလူကြီးသူမ ဆိုသော မေမေ့ကို၊ တော်တော်ကြီး စိတ်ပျက်သွ[ား]
ပုံရသည်။ အဲသည်နေ့မှစ၍ မောင်နှင့် မေမေတို့ စကားပြ[ော]
မပြောဖြစ်တော့ချေ။ တစ်ယောက်နှင့် တစ်ယောက် ရှောင်[၏]
မောင် အလာကျဲသွားသလို၊ မောင်လာလျှင်လည်း မေမေ[က]
ရှောင်နေတော့သည်။

"ဒေါ်လေးက ဟိုလူနဲ့ သဘောတူနေပြီ။ မမကို မော[င်]
ခိုးပြေးမှ ဖြစ်တော့မယ်"

"မမ ခိုးရာမလိုက်ဘူး မောင်"

"ကွဲလိမ့်မယ်"

"ကွဲတော့ မကွဲချင်ဘူး၊ အချိန်တစ်ခုကို စောင့်ကြတာပေ[ါ့]"

"စောင့်နေတဲ့ အတွင်းမှာပဲ သူဌေးကတော် ဖြစ်သွားတော့
မှာ။ မမ ... လိုက်ခဲ့ကွာ။ ခု တစ်ခါတည်း ခိုးမယ်"

"မလိုက်ဘူးလို့ ပြောနေတယ်"

မောင်က မမလက်ကို ဆွဲ၏။ မမက ရုန်းသ[ည်]

"အခုတစ်ခါတည်း မလိုက်ခဲ့ရင် ... မမနဲ့မောင် ဘ[ယ်]
တော့မှ နီးမှာမဟုတ်တော့ဘူး"

"နီးစေရပါမယ် မောင်ရယ်၊ မမကို ယုံပါ"

"မယုံဘူးဗျာ"

"ခုထိ ကလေးစိတ်မကုန်သေးဘူး။ ပြောပုံကဗွတ်။ မော[င်]
မိန်းမခိုးလာရင် မောင့်ဖေဖေနဲ့ မေမေလည်း ရင်ကျိုးမှ[ာ]



"ဖေဖေတို့ မေမေတို့က မမနဲ့ သဘောတူပါတယ်"

"မောင် အချိန်တန် အရွယ်ရောက်ရင်တော့ ဟုတ်မှာပေါ့။
ခု ... မောင်က အချိန်တန် အရွယ်ရောက်ဖို့ ငယ်နေသေး
တယ်"

"ဒါဖြင့် ... ရုပ်ရှင်မရိုက်နဲ့ကွာ"

"အဲဒါလည်း မဖြစ်ဘူး။ မေမေကလည်း ဖြစ်စေချင်တယ်။
မမကလည်း တကယ်တမ်းဖြစ်ဖို့ ကြိုးစားခွင့် ရမယ်ဆိုရင်
ကြိုးစားကြည့်ချင်တာပေါ့။ ဒါ ... မမအတွက် မဟာအခွင့်
အရေးပဲ"

"သူစိမ်းယောက်ျားဖက်တာ သိပ်ခံချင်နေတယ်၊ ဟုတ်လား"

"မောင့်စကားက ရိုင်းလိုက်တာ"

"ဒီလောက် ... ဖက်တာ ကြိုက်ရင် ကျုပ်ဖက်ထားမယ်
ဗျာ ... ကဲ"

"မောင် ... လွှတ်၊ မမ မကြိုက်ဘူး"

"မလွှတ်ဘူးကွ"

"လွှတ်ဆိုနော်"

"လွှတ်လိုက်ပါလား မောင်မောင်"

အေးဆေးငြိမ်းချမ်းသလောက် အသံသြဇာနှင့် ပြည့်စုံ
[သ]ည့် ဝါကျတစ်ကြောင်းက အမြင့်မှ ကျလာသကဲ့သို့ ကိုကြီး
[ထံ] အနားသို့ ရောက်လာ၏။

"ကာယကံရှင် မိန်းကလေးမှ မကြည်ဖြူပဲကွာ"

"မမက ကျွန်တော့်ချစ်သူဗျ"

www.burmeseclassic.com

"လောကမှာ လက်မထပ်ရသေးတဲ့ ချစ်သူစုံတွဲတွေ အများကြီးရှိပါတယ်။ အဲဒီလူတွေ အကုန်လုံး ... ဖက်မနေကြပါဘူး။ ရိုးရိုးသားသား မျက်နှာချင်းဆိုင်ထိုင်ပြီး ရှေ့ရေးနောက်ရေး ဆွေးနွေးကြမှာပဲ"

"ကိုကြီးက ဒီလိုပဲ မမနေတဲ့ဆီကို စွတ်ခနဲ စွတ်ခနဲ ရောက်လာတာပဲလား"

နွေးထွေးတို့သားအမိက တစ်ထပ်တိုက်ကလေး တစ်လုံးနှင့် သီးသန့်ဆိုပေမဲ့ ကိုကြီးပိုင် ခြံထဲမှာပင် ဖြစ်၏။

"အိမ်ရှေ့ဧည့်ခန်းလို နေရာမျိုးကတော့ ငါ့အတွက် တံခါးမလို ခါးမလိုဘူးပေါ့ကွာ၊ ဒီ့ထက် အတွင်းထဲ ထပ်ဝင်ဖို့ အိပ်ခန်းတို့ မီးဖိုတို့လိုမျိုးကျတော့ ငါ ဘယ်တော့မှ မဝင်ဘူး။ ခါးစက် လုံစက်နဲ့ တားစရာ မလိုဘူး ...

"ငါ့သိက္ခာ၊ ငါ့ကိုယ်ကျင့်တရားနဲ့တင် ကိုယ့်ဘာသာ ထိန်းသိမ်းထားလိုက်တယ်။ နွေးထွေးဟာ မေမေ သိပ်ချစ်တဲ့ ကလေး။ ငါလည်း ချစ်တာပဲ၊ ကိုလေးလည်း ချစ်တာပဲ၊ ဖေဖေလည်း ချစ်တာပဲ။ ဒါပေမဲ့ ...

"နွေးထွေးကို တန်ဖိုးထားပြီး လေးစားတာမို့ ငါ တစ်ခါမှ ပုတ်ပုတ်ခတ်ခတ်တောင် မနေခဲ့ဘူး"

မောင်က မမကို လွှတ်လိုက်ပါသည်။

"မမ ရုပ်ရှင်ရိုက်ဖို့ ကျွန်တော် သဘောမတူဘူး"

"ကာယကံရှင်နဲ့ အုပ်ထိန်းသူမိခင်က သဘောတူတယ်"

"ခင်ဗျားကြီးက ဘယ်လောက် ဆွဲဆောင်သိမ်းသွင်းတာမှန်းမှ မသိတာ"



"မောင် ... ကိုကြီးကို ခင်ဗျားလုံးရိုက်ပြီး မပြောနဲ့လေ"

ကိုကြီးက ယဲ့ယဲ့ပြုံး၏။

"ငါက ဆွဲဆောင်သိမ်းသွင်းတယ်ပဲ ထားပါ။ မင်းမှာလည်း ဆွဲဆောင်သိမ်းသွင်းနိုင်တဲ့ အခွင့်အရေး ရှိတာပဲ။ မင်းက နွေးထွေးချစ်သူလေ။ ကြိုးစားပါလား"

ကိုကြီးက စိတ်တိုပုံရပါသည်။ သို့ပေမဲ့ ... ခပ်ပြုံးပြုံး မျက်နှာကို မပျက်မယွင်း ထိန်းထားနိုင်သည်။ မောင်က မျက်စိမျက်နှာ ... ပျက်ချင်တိုင်းပျက်၏။ မျက်နှာပြင်ပေါ်မှာ ဒေါသခိုးတွေ တလူလူ လွင့်နေသလားတောင် ထင်ရသည်။ နွေးထွေးက ကိုကြီးနှင့် မောင့်ကို တစ်လှည့်စီကြည့်၏။ လူကြီးနှင့် လူငယ်၊ ထိန်းသိမ်းနိုင်စွမ်းအား ရှိသူနှင့် ပေါက်ကွဲလွယ်သူ၊ သွေးအေးနှင့် သွေးဆူ၊ တစ်နည်းအားဖြင့် ဆိုရသော် ယဉ်ကျေးသူနှင့် မယဉ်ကျေးသူ ... နှိုင်းယှဉ်လိုက်သည့် အခါမှာ ... ကွာကြီး ကွာတော့သည်။

မောင် ... သူ့ဆန်နီပစ်ကပ်ကားလေးကို မောင်းထွက်သွားခဲ့ပေမဲ့ ... အဲသည်နေ့ကတော့ ဘေးကင်းရန်ကင်းပါပဲ။

❤ ✳ ❤

www.burmeseclassic.com

## ၈

မေမေ ... ရုတ်တရက် ဆုံးပါးသွားခြင်းက နွေးထွေးရဲ့ဘဝကို ကိုးဆယ်ဒီဂရီဆစ်ချိုး၍ ကွေ့လေ၏။

"ကိုကြီး ... ကျွန်မ ဒုက္ခရောက်ပါပြီ"

ကိုကြီးကိုဖက်၍ ငိုမိပါသည်။ ဤကမ္ဘာတွင် အစားထိုးစရာမရှိ၊ တစ်ဦးတည်းသော မိုခိုရာ အားထားရာ၊ ကျေးဇူးရှင်မေမေ။ မိခင်ဆိုလည်းဟုတ်၊ ဖခင်ဆိုလည်းဟုတ်၊ ဒါပဲဆွေမျိုး၊ ဒါပဲ သူငယ်ချင်း၊ ဒါပဲ အရင်းနှီးဆုံးမိတ်ဆွေ။ မေမေ့ကိုချစ်ခြင်းနှင့် တန်းတူ အားကိုးခြင်း ထုထည်လည်း သိပ်သည်းလှပါ၏။ မေမေ့မျက်နှာသည်သာ တစ်ကမ္ဘာ။ ဤကမ္ဘာတွင် လူဦးရေသန်းခြောက်ထောင်ခန့် ရှိသည်ဆိုပေမဲ့ နွေးထွေးအတွက်တော့ မေမေတစ်ယောက်ဆိုမှ တစ်ယောက်တည်း ရှိပါသည်။

မောင်သည် ချစ်သူဖြစ်၏။

ဟို ... ငယ်ငယ်လေးတည်းက ချစ်ခဲ့ရသူ ငယ်ကျွမ်းဆွေလည်း ဖြစ်ပါသည်။ မောင်သည် နွေးထွေး၏ အချစ်ဦးဖြစ်သလို၊ နွေးထွေးသည်လည်း မောင့်အချစ်ဦး ဖြစ်ခဲ့သည်။ နှစ်ကာလ



ရှည်စွာ ရင်းနှီးခင်မင်မှုက တခြားချစ်သူတွေထက် အများကြီး ပိုမိုနက်ရှိုင်းပါသည်။ သို့ပေမဲ့ ... မောင့်ကို မေမေ့လောက် အားမကိုးမိတာဟာ ... မောင်က ကိုယ့်ထက် အသက်ငယ်နေလို့ပဲလား၊ မောင့်မှာ စိတ်လိုက်မာန်ပါလေးတွေ တွေ့နေရလို့လား မပြောတတ်ပါ။

"ကျွန်မ ... သောင်ပြင်လွတ်တဲ့ခွေး ဖြစ်ပါပြီ ကိုကြီးရယ်"

ကိုကြီးက နွေးထွေးကျောပြင်လေးကို ဖွဖွဖက်၏။ ကိုကြီးနှင့် ပတ်သက်၍ ပထမဆုံးအကြိမ် ထိထိခိုက်ခိုက် နေဖူးခြင်းပါပဲ။ သို့ပေမဲ့ ... နွေးထွေး ရင်မခုန်ပါ။ အစ်ကိုတစ်ယောက် မောင်တစ်ယောက်၏ ရင်ခွင်ထဲ ဝင်ရသလို ခွန်အားသစ်တွေ ဖြစ်ထွန်းရသည်။ အားငယ်စိတ်တွေ လျော့ပါးရသည်။

"အစ်ကိုကြီး ... ကျွန်မကို ပစ်မထားပါနဲ့နော်"

နွေးထွေးမှာ ဘယ်သူမျှ မရှိပြီလေ။

"မငိုနဲ့လို့တော့ မပြောချင်ဘူး။ နွေးထွေး ငိုချင်မှာပဲ။ ဒါပေမဲ့ ... တစ်ယောက်တည်း ကျန်ခဲ့ပြီလို့ အားမငယ်ပါနဲ့။ ကိုကြီး တစ်ယောက်လုံး ရှိပါသေးတယ်။ ကိုကြီးဟာ နွေးထွေးရဲ့ အုပ်ထိန်းသူ ဆွေမျိုးသားချင်းပဲပေါ့ ကလေးရယ်"

အဲသည်နေ့က ... ကိုကြီးက ... ကလေးဟုခေါ်လိုက်တာကိုလည်း သတိမထားမိပါ။ နားထဲလည်း မဝင်ပါ။ အစ်ကိုကြီးမှသည် ... ကိုကြီး ... ဟု အားကိုးတကြီး (ရင်နှင့်အမျှ)ခေါ်လိုက်မိတာလည်း နွေးထွေး အသိစိတ်ထဲမှာ မရှိပါ။ အရာခပ်သိမ်းသည် အလိုအလျောက် ဖြစ်ပျက်သွားခြင်းသာတည်း။

www.burmeseclassic.com

၃ မေမေ့ရျာနပသို့ (မရောက်တာ ကြာပြီဖြစ်သော) မောင် ရောက်လာခဲ့ပါသည်။

"ဒေါ်လေးက ဘယ်လိုဖြစ်သွားတာလဲ"

"မနက်က ... အိပ်ရာက ထတယ်။ ခုတင်ပေါ်က အဆင်းမှာ ပုံခနဲ ခွေလဲသွားတာပဲ။ အဲဒါနဲ့ ကိုကြီးကို ပြေးနှိုး၊ ဆရာဝန်ပင့်ရင် ကြာမှာစိုးလို့ ကိုကြီးကပွေ့ပြီး ဆေးရုံကို ကားနဲ့တန်းမောင်းတာပဲ။ ဆေးရုံရောက်တော့ အသက်မရှိတော့ဘူး မောင်ရယ်။ မြန်လိုက်တာ ...

"သေခြင်းတရားဟာ မမကို နှိပ်စက်ဖို့အတွက် ဒီလောက် မြန်မြန်ဆန်ဆန်ကြီး လုပ်ရက်တယ်။ မမ တစ်ယောက်တည်း ကျန်ခဲ့ပြီ မောင်ရဲ့"

မောင် ရောက်လာချိန်မှာ ညှော်သည်တချို့လည်း ရျာပနသတင်းမေး ရောက်နေကြပြီမို့ မောင့်ရင်ခွင်ထဲ ပြေးဝင်၊ ပြေးဖက် ငိုကြွေးခြင်း မလုပ်ဖြစ်တော့ပါ။ အဲသည်အချိန်မှာ ကိုကြီးက ရုပ်ရှင်ကားတွေ စ,ရိုက်နေပြီ၊ (နွေးထွေးကိုသာ မင်းသမီးမတင်သေးတာ)ကိုကြီးရှုတင်မှာ မေမေက ထမင်းတာဝန်ခံပို့ ပြီးတော့ ... ကိုကြီး ကိုယ်တိုင် တရင်းတနှီး အလေးထား ဆက်ဆံတာကြောင့်လည်း ဖြစ်နိုင်ပါသည် ... မေမေ့ကို မင်းသား မင်းသမီး ဇာတ်ပို့ ဇာတ်ရံတွေ အားလုံးက "ထမင်းသည်"ဟူ၍ ဘာသိဘာသာ မနေကြပါ။ ခင်မင်ရင်းနှီးစွာ ဆက်ဆံကြပါသည်။

မေမေ့ရျာပနသည် မေမေ့အနေအထားထက် ပို၍ (ကိုကြီးမျက်နှာကြောင့် ဖြစ်နိုင်ပါသည်)စည်စည်ကားကားရှိပါသည်။ ကိုကြီးက ငွေထုတ်၍၊ နွေးထွေးက ငွေလည်းမထုတ်၊



ဘာမျှလဲ မစီမံရ၊ ငုတ်တုတ်ထိုင်လျက် မျက်ရည်ပေါက်ပေါက်ကျနေရုံနှင့် ရျာပနကိစ္စ စည်ကားချောမောစွာ ပြီးဆုံးသွားစေဖို့ အစစ စီစဉ်သွားသူမှာ မန်နေဂျာ"ကိုသောင်းထွန်း"တည်း။

❤ ※ ❤

"ဒေါ်လေးရဲ့ ရက်လည်ဆွမ်းကျွေးတဲ့နေ့မှာ ဒီစကားကို ပြောရတာ သိပ်တော့မကောင်းဘူး၊ ဒါပေမဲ့ မဖြစ်လို့ပြောရမှာ။ မမ ... မောင်နဲ့ တစ်ခါတည်း လိုက်ခဲ့တော့"

"မောင်ရယ်"

နွေးထွေး မျက်ရည်ကျလေ၏။

"မငိုနဲ့လေ မမရယ်။ မမကို မောင် ပြုစုမှာပေါ့။ စိတ်ချမ်းသာအောင် ထားမှာပေါ့၊ မမဘဝကို မောင် တာဝန်ယူမှာပေါ့"

"ပြောတော့ လွယ်တယ် မောင်ရယ်၊ မောင့်မှာ အလုပ်အကိုင်လည်း မရှိသေးဘူး၊ ကျောင်းတက်တုန်း၊ မောင့်ကိုယ်ပိုင်ဝင်ငွေ မရှိသေးဘဲနဲ့ မိန်းမကို အိမ်ပေါ်ခေါ်တင်လာတာကို ဒေါ်လေးတို့က ကြိုက်ပါ့မလား"

မောင်က နွေးထွေးမေမေကို ဒေါ်လေး ခေါ်သလို၊ နွေးထွေးကလည်း မောင့်မေမေကို ဒေါ်လေးဟုပဲ ခေါ်ခဲ့ပါသည်။ ... ပြောရင်းဆိုရင်း၊ မေမေ့ရျာပနသို့ ဒေါ်လေးရော ဦးလေးပါ ရောက်မလာတာကို သတိထားမိရတော့သည်။ ခုနစ်ရက်အတွင်းမှာတော့ ကိုယ့်သောကနှင့်ကိုယ်။ မည်သူတွေလာ၍ မည်

www.burmeseclassic.com

သူတွေ မလာမှန်း သတိမထားမိခဲ့ပါ။ လာနှုတ်ဆက်သူကို မသိစိတ်ဖြင့် ခေါင်းညိတ်ပြလိုက်လျက် သိသိမှတ်မှတ် မရှိခဲ့ချေ။

"မောင် ... ဒေါ်လေး နေကောင်းရဲ့လား"

"မလာလို့ မေးတာလား မမ"

မောင်က အဲသည်လို ဘွင်းဘွင်းသမား ဖြစ်သည်။ တကယ်တမ်းမှာလည်း လူလားမြောက်လုပြီဟု မဆိုနိုင်သေးပါသော (မောင့်မိဘတွေရဲ့ စိတ်ထဲမှာတော့ ကလေးသာသာ)မောင်ဟာ အပြောအဆို အနေအထိုင်မှစ၍ လူကြီးတစ်ယောက်လို ချင့်ချိန်နှိုင်းဆခြင်း သိပ်မရှိချေ။ ရင်ထဲရှိ ပြောချ၊ ပါးစပ်ထဲတွေ့ ပြောချ၊ လုပ်စရာရှိ ဝုန်းဒိုင်းကြဲ ... ဆိုသည့် အရွယ်ကို မောင် မကျော်လွန်သေးပါ။

ဒါကို ခုမှ သေချာစဉ်းစားမိပြန်တော့ မောင့်နောက်လိုက်ဖို့ ဘယ်မှာလွယ်ကူစွာ ဆုံးဖြတ်နိုင်ပါ့မလဲ။

"မောင်က ရှင်းရှင်းပဲ ပြောတတ်လို့ ရှင်းရှင်းပဲ ပြောမယ်။ မမ ရုပ်ရှင်ရိုက်မှာကို မေမေက သဘောမကျဘူး။ မမကို မေမေ ချစ်ခဲ့တာပဲ။ ချွေးမတော်ဖို့ ဘယ်လိုမှ ဝန်မလေးခဲ့ဘူး၊ ခုတော့ ... မေမေ စိတ်နည်းနည်း ကွက်တယ်။ ဒါပေမဲ့ ... မမ ရုပ်ရှင်မရိုက်တော့ဘူးဆိုရင် ကြည်သွားမှာပါ"

ကိုယ့်ကို မကြည်လင်ပါ၍၊ မေမေ့ရှာပနသို့တောင် ရောက်မလာခဲ့ပါသော (မတော်ရသေးသည့် ယောက္ခမလောင်း) ဒေါ်လေးအိမ်ပေါ်သို့ ချွေးထွေး ဘယ်မျက်နှာနှင့် တက်သွားပံ့မှာတဲ့လဲ။



"မမ လက်ထပ်ဖို့ ငယ်သေးတယ်။ အချိန်မတန်သေးဘူး မောင်ရယ်။ မောင်ဆို ပိုတောင်ငယ်သေးတယ်။ ကျောင်းသားပဲ ရှိသေးတယ်။ မိန်းမယူရမဲ့ အရွယ်လား"

"ဒါပေမဲ့ ... အခြေအနေက ဖန်တီးခဲ့ပြီ"

"ဒေါ်လေးက ခေါ်ခဲ့လို့ ပြောသလား"

"ဘယ်ပြောမလဲ၊ အမေရော သမီးပါ ကိုကြီးခြံထဲက တစ်ထပ်တိုက်ပေါ် တက်သွားကတည်းက မကြိုက်တာ"

"အဲဒါဆို ဘယ်လိုဖြစ်နိုင်မှာလဲ"

"မောင်က တစ်ဦးတည်းသောသားပါ။ ဖေဖေနဲ့ မေမေ မပြတ်နိုင်ပါဘူး။ မမကိုလည်း ချစ်ခဲ့ဖူးတဲ့အခံ ရှိတာပဲ။ မသကာ ... ဆီးဆူရင် ဆူမယ်၊ ပြီးတော့လည်း ပြီးသွားမှာပေါ့။ မေမေက မမကို ဆူတာလည်း အဆန်းလား။ မေမေကလည်း မမကို ဆူဖူးတယ်။ ဒေါ်လေးကလည်း မောင့်ကို ဆူဖူးတယ်။ တစ်မိပေါက်ထဲတွေလို အမြင်မတော်တဲ့သူက ဝင်ဆုံးမပြီး တရင်းတနှီး နေခဲ့ကြတာပဲ။ မေမေ ဆူလည်း ခေါင်းငုံ့ခံလိုက်ပေါ့ မမရယ်"

"မမက ... မောင့်မိဘလုပ်စာကို စားရမှာ"

"မောင့်လုပ်စာမှ စားချင်ရင် မောင် အလုပ်ထွက်လုပ်မယ်ဗျာ"

"ဒေါ်လေး ရင်နှစ်ခြမ်း ဗြန်းခနဲ ကွဲလိမ့်မယ်"

"ဒါဆို ဘယ်လိုလုပ်ရမှာလဲ၊ မမကို ... ဒီလူကြီးပိုင်နက်ထဲမှာ ဝ,ကွက်ပြီး အပ်ထားခဲ့ရမှာလား"

အဲသည်စကားဝိုင်းနားမှာ ကိုကြီး ရှိပါသည်။

www.burmeseclassic.com

"သူများတကာ သမီးရည်းစား အကြိတ်အနယ် ဆွေးနွေး နေတာ... ခင်ဗျားက ထိုင်နားထောင်နေစရာလား။ အလိုက် တသိ ရှောင်ပေးပါတော့လား"

မောင်က ထ,ရမ်းလေ၏။ ကိုကြီးကတော့ ပြုံးပြုံး ပါပဲ။

"မရှောင်နိုင်ဘူး၊ တမင် ထိုင်နားထောင်တာ။ မင်းတို့က လူငယ်တွေ။ အမှားကြီး ဆုံးဖြတ်ရင်၊ ပြင်ပေးရအောင် စောင့်ကို နားထောင်နေတာ"

"မလိုပါဘူး"

"မောင် ... ကိုကြီးကို ဒီလိုမပြောနဲ့လေ"

"ခင်ဗျားကလည်း ... ဒီလူကြီးကို နည်းနည်းလေးထိတာ နဲ့ ... ဝင် ... ဝင်ပြီး နာပြနေတော့တာပဲ။ ရိုးရောရိုးကြ သေးရဲ့လား။ မေးနေတယ်ဗျ ... ရိုးကြသေးရဲ့လား"

မောင်က ကိုကြီးကို ဘုကြည့်နှင့် မေးတော့လည်း ကိုကြီးက ခပ်ပြုံးပြုံးပါပဲ။

"ငါဖြေရမှာလား"

"ခင်ဗျား အဓိက"

"နွေးထွေးကို မင်း ချစ်လာတာ မင်းတစ်သက်ပဲထား။ ငါ က နွေးထွေးအရင် လူဖြစ်တယ်။ နွေးထွေးကို မွေးလာ ကတည်းက စောင့်ချစ်လာတဲ့သူ ဆိုတော့ မင်းထက် သုံး လေးနှစ် စောပြီးတော့ကို ချစ်တာ။ မရိုးဘူး။ ရှင်းလား"

"ခင်ဗျား ... လူကြီးစကားပြော"



မောင်က ဝုန်းဝုန်းဒိုင်းဒိုင်း ထဖြစ်ပေမဲ့ ကိုကြီးက တော့ အပြုံးမပျက်ချေ။ နွေးထွေးက ရင်ထဲ လှိုက်ခနဲခုန်ကာ အံ့အားကြီးသင့်လျက် တအားကြီး ငိုချမိတော့သည်။ ဝုန်းဒိုင်းကြဲ တော့မည့် မောင့်ကို ကိုကြီးရှေ့မှ ကာကွယ်၍ ပြဿနာမဖြစ် အောင် တားဆီးစောင့်ရှောက်သူဟာလည်း မန်နေဂျာကိုသောင်း ထွန်းပါပဲ။ နှစ်ယောက်နှင့် တစ်ယောက်လိုလည်း ဖြစ်ပြန်၊ ကိုကြီးနှင့် ကိုသောင်းထွန်းတို့က ထောင်ထောင်မောင်းမောင်း ထွားထွားကျိုင်းကျိုင်းတွေ၊ မောင်က မပုလှပေမဲ့ ခပ်ပိန်ပိန်မို့သာ အရပ်ရှည်တယ် ထင်ရပြီး ကြည့်ကောင်းနေရသူ။ တကယ်တမ်း ဆို ... မောင် ယှဉ်သာဖို့ မလွယ်ပါ။

မောင့်ကို ဝိုင်းထိုးကြိတ်လိုက်မှာကို စိုးရိမ်စွာ၊ နွေးထွေး က မောင်နားတိုး၍ ထိုင်လိုက်တော့ ကိုကြီးမျက်နှာ ကွက်ခနဲပျက် လေ၏။

"ဖွတ်ထွက်နေပြီ။ တောင်ပို့မှန်း သိပလား"

မောင်က နွေးထွေးဘက် လှည့်မာန်၏။ နွေးထွေး ... တစ်ထိုင်တည်း မြေမျို၍ သေပစ်လိုက်ချင်၏။ ကံဆိုးလှချည်လား။ နွေးထွေး ဘာလုပ်ရမလဲ။ အဖြေမရှိ။ မေမေသေမည့်အစား နွေးထွေးသာ သေသွားလျှင် ပြဿနာဟာ ခုလို ရှုပ်ထွေးပွေလီစွာ ကျန်ရစ်မှာ မဟုတ်ချေ။

"အပြင်မှာ ဘာသတင်းတွေ ထွက်နေလဲ ... ခင်ဗျားသိလား"

မောင်က စိတ်ဆိုးဒေါသထွက်ကာ မွန်နေသူမို့ နွေးထွေးကို ချိုသာပျော့ပျောင်းစွာ ပြောလိုစိတ်ကိုမရှိ။

www.burmeseclassic.com

"ခင်ဗျားတို့ သားအမိ ဒီခြံထဲပြောင်းတယ်။ နေတာက တော့ တစ်အိမ်သပ်သပ်ပေါ့လေ။ ဒါပေမဲ့ တစ်ခြံထဲ၊ သူ့ ပိုင်နက်၊ ခင်ဗျားက သူ့လက်ခုပ်ထဲကရေ။ ဒီကြားထဲက ခင်ဗျားကို မင်းသမီး တင်ရိုက်တော့မဲ့ သတင်းကိုလည်း ကြေညာလိုက်သေးတယ် ...

"ခင်ဗျားကို ... ဒီလူကြီး နှုတ်ခမ်းဝက ဝက်သား တုံးကြီးတဲ့။ နှုတ်ခမ်းဝမှာပဲ ရှိသေးလား၊ ဝါးစားမျိုချလိုက် ပလားတောင် မသိဘူး၊ ကောင်မလေးကတော့ လှမှလှတဲ့"

"မောင် ဘာတွေ လျှောက်ပြောနေတာလဲ"

"အဲဒါ ... ခင်ဗျားတို့ ရုပ်ရှင်အသိုင်းအဝိုင်းက ထွက်လာ တဲ့ သတင်းပဲ။ ကျုပ်နားထဲမှာ မဆန့်တော့ဘူး။ မေမေက ဆို ခင်ဗျားကို စိတ်ပျက်နေပြီ။ ကျုပ်တစ်ယောက်ပဲ ဝင် ကြွေးမကုန်လို့"

ဆုံးဖြတ်ချက်တစ်ခု ကျသွားရပါပြီ။

မောင့်စကားတွေက နွေးထွေးအတွက် ဆုံးဖြတ်ချက် တစ်ခုကို ပိုင်နိုင်စွာ ချပေးလိုက်လေ၏။

"ခင်ဗျားကို ချစ်လွန်းလို့၊ မစွန့်ပစ်နိုင်လို့၊ မခွဲနိုင်လို့၊ ပွဲပွဲ ရွဲ့ရွဲ့ ဘယ်ပုံစံနဲ့ပဲဖြစ်ဖြစ် ကျုပ် ချစ်လို့"

"မောင်ရယ် ... မမ ချစ်လိုက်တာ။ မောင့်အချစ် ကို မမ တကယ်ပဲ လေးစားဂုဏ်ယူလိုက်ပါတယ်။ ပွဲချင်ပွဲ ရွဲ့ ချင်ရွဲ့ ... ချစ်နေသေးတာပဲလား မောင်ရယ်။ ကျေးဇူးတင်ပါ တယ်။ မမရဲ့ တစ်သက်တာမှာ မမကို အသေအလဲ ရူးသွပ်တိမ်း မူးစွာ ချစ်ခဲ့သူတစ်ဦး ရှိလေရဲ့ ... ဆိုတဲ့ အသိစိတ်လေးနဲ့ မမ



တစ်သက်လုံး ဂုဏ်ယူသွားပါမယ်။ ကျေးဇူးတင်ပါတယ်မောင်" ... ဟု ရင်ထဲမှာပဲ ပြောဖြစ်တော့သည်။

"မမ ... မလိုက်ဘူးမောင်။ မောင်လည်း ပင်ပန်းနေပြီ။ အိမ်ပြန်ပြီး နားပါတော့"

"ဘာ"

မောင့်"ဘာ"ကြီးက ကျားဟိန်းသလောက်ကျယ်၏။

"အခု ခဏမလိုက်သေးတာ မဟုတ်ဘူး၊ တစ်သက်လုံး ဘယ်တော့မှ မလိုက်တော့မှာ။ မောင့်ဆီ ဘယ်တော့မှ ရောက်မလာတော့မှာ"

"ဘယ်သူ့အားကိုးနဲ့ ရက်စက်တာလဲ ... ခင်ဗျား"

မောင်က လက်သျှိုးတငေါက်ငေါက် ထိုး၏။

"မောင့်သံသယ၊ မောင့်မေမေရဲ့ သံသယ၊ မောင် ကျောင်း သားပဲ ရှိသေးတဲ့ အချက်၊ မောင်ဟာ တစ်အိုးတစ်အိမ် ထူထောင်ရလောက်အောင် အရွယ်မရောက်သေးတာက တစ်ချက် ... အဲဒီအချက်တွေ အားကိုးနဲ့၊ မမ ကိုယ့်ကိုယ် ကိုယ်လည်း ရက်စက်စွာ ဒဏ်ပေးတာပါ။ မောင့်ကိုလည်း ရက်စက်လိုက်တာပါ။ မောင်နဲ့မမ ... ဒီနေ့နောက်ဆုံးပါပဲ"

မောင်က ဝုန်းခနဲ ထရပ်၏။ မောင့်မျက်နှာပြင်က (အသားဖြူသူမို့)ရဲတွတ်နေ၏။ အပူငွေ့တွေ တရှိန်ရှိန် ထွက်နေ မလား ထင်ရသည်။ ဆုပ်ထားသည့်လက်သီးက ကျစ်လွန်း၍ တစ်သက် ... ပြန်ဖြေလို့မှ ရပါဦးမလား ထင်ရသည်။ နွေးထွေး က မျက်ရည်မကျတော့ဘဲ ရင်ကွဲသွား၏။ တကယ့်ကို ရင်ကွဲ ပက်လက်။ မောင့်ကို ကော်ရုံချစ်ခဲ့တာမှ မဟုတ်တာ။

www.burmeseclassic.com

သိပ်ချစ်ခဲ့တာပါ မောင်ရယ်။ မောင်လေးလို၊ ချစ်
လို။ မောင်ဟာ မမရဲ့ အချစ်ဦးပါ။ တစ်ဦးတည်းနဲ့ တစ်ယေ
တည်းပါ။ ဒီဘဝ ... မမအသက်နဲ့ခန္ဓာ မြဲနေသရွေ့ မောင့်
ပိုချစ်ရမဲ့သူရေးလို့၊ မောင်နဲ့ တန်းတူချစ်ရမည့်သူလည်း
မောင့်နီးပါး ချစ်မိမဲ့သူတောင် ဘယ်တော့မှ ရှိမလာနိုင်တေ
ဘူး မောင်ရယ် ... ယုံပါ။

မောင့်ပါးပြင်ပေါ် မျက်ရည်တစ်စက် ခုန်ဆင်း

ဩော် ... မောင်ရယ်။ မမ သနားလိုက်တာ။

မောင်က ပါးပြင်ကို အကြမ်းတမ်းဆုံး ပွတ်

၍ သုတ်သည်။ နွေးထွေးဘက်သို့ တစ်ချက်လှည့်၏။

"ဒေါ်နွေး ... စကားပြင်ဦးမလား"

မောင်ရယ် ... မမအသည်းတွေ စိစိကြေ
ကွဲအက်ကြေမွရုံမက၊ အမှုန့်ကလေးတွေဖြစ်ပြီး တစစီ
လွင့်ကုန်ရပါပြီမောင်ရဲ့။ မောင့်အချစ်ကို ယုံလိုက်တာ။ ဂု
ပါတယ်မောင်။ မမကို မောင် ဒီလောက်ချစ်တယ်နော်။
လည်း မောင့်ထက် မလျော့တဲ့ ချစ်ခြင်းနဲ့ မောင့်ကို အ
ချစ်နေတာပါ။ ဒါပေမဲ့ မောင်ရယ် ... ဘဝဆိုတာ အချစ်
တည်းနဲ့ တည်ဆောက်လို့ ရနိုင်တာမှ မဟုတ်တာ။ ဘဝက
အချစ်ကအချစ်။ အလွန်အမင်း ကံကောင်းကြသူတွေသာ
နဲ့ဘဝ ... ထပ်တူကျကြပါတယ်။

မောင်နဲ့ မမက ကံဆိုးသူ စာရင်းဝင်တွေ

"မေးနေတယ်"

မောင့်ဒေါသသံ ထပ်ထွက်လာပြန်၏။



"မပြင်တော့ပါဘူး မောင်။ မမကို ခွင့်မလွှတ်ပါနဲ့။ ထင်
ချင်ရာ ထင်ပါ။ ကြိုက်သလို စွပ်စွဲပါ။ မောင် တစ်နေ့
လူလားမြောက်လာတဲ့ တစ်နေ့မှာ မမ စေတနာကို
သဘောပေါက်မယ်ဆိုရင် မမရင်ကွဲရကျိုး နပ်ပါပြီ။ သေ
ပျော်ပါပြီ မောင်ရယ်"

မောင် ... ဝုန်းခနဲ ဆင်းသွားသည်။ ကားပေါ်တက်
၏။ မောင်းသွားပုံက ကားမှဟုတ်ရဲ့လား။ ဂျက်လေယာဉ်လား။
ဘုရားသိကြားမ,လို့ မောင် ဘေးမသီ ရန်မခပါစေနဲ့။

မောင်ရေ ... ကံဆိုးမ သွားလေရာ မိုးလိုက်လို့ရွာ
ဆိုသလို ... မမဆုတောင်း မပြည့်ခဲ့ပါလားကွယ်။ မမရဲ့အသက်
နဲ့ခန္ဓာ မြဲနေသမျှ မောင့်အချစ်ကို ယုံစားကိုးကွယ်နေမယ်၊
မောင့်ကိုလည်း သိပ်ချစ်နေမယ်လို့ ကတိပေးလိုက်တယ် မောင်။

ဖြစ်လေရာဘဝ၊ ရောက်လေရာ အရပ်က ... မမ
ကို အပြစ်တင်နေပါ မောင်ရယ်။

❤ ⁂ ❤

"နွေးထွေးလေး ... ခြံထဲက တစ်ထပ်တိုက်လေးထဲမှာ
တစ်ယောက်တည်းနေလို့ မသင့်တော်တော့ဘူး၊ လုံခြုံမှု
လည်း မရှိတော့ဘူး၊ ဒီအိမ်ကြီးပေါ်ပဲ ပြောင်းနေတော့။
ကောင်မလေး တစ်ယောက် ခေါ်အိပ်ပေါ့"

"အများအမြင် မတင့်တယ်ဘူး ထင်တယ် ကိုကြီးရယ်"

www.burmeseclassic.com

"ခြံထဲက တိုက်ကလေးထဲမှာ နေတော့ရော တင့်တ... သတဲ့လား။ ပြောချင်တဲ့သူက ပြောမှာပဲ။ မပြောချင်... သူက မပြောဘူး။ ဒါပဲ"

နွေးထွေးမှာ တကယ့်ကို အားကိုးရာ မရှိတာ... ကိုကြီးသည်သာလျှင် တစ်ဦးတည်းနှင့် တစ်ယောက်တည်း... မှီခိုအားထားရာ။

"ကားကြီးလည်း စရိုက်တော့မယ်။ မိတ်ကပ်ပင်တိုင်... ယောက် ငှားရမယ်။ သူက ကိုယ့်ဘေးမှာ အမြဲရှိရမဲ့သူ... ဒါပေမဲ့ ... သူက ဘာပဲပြောပြော ယောက်ျားကြီးဆိုတော့"

ပြောရင်း ... ကိုကြီးက ပြုံးလေ၏။

"နောက်ထပ် ကောင်မလေးတစ်ယောက် အနားမှာ ... ခေါ်ထား။ ညဘက်ကျတော့ နွေးထွေး အခန်းထဲမှာ ... ကောင်မလေးခေါ်အိပ်၊ နောက်ထပ် ထမင်းချက်တဲ့ အ... ကြီးလည်း ခေါ်ချင်ခေါ်အိပ်ပေါ့ကွယ်။ ဒီအိမ်ကြီးပေါ်... ပြောင်းလာခဲ့တော့။ ကိုကြီး စိတ်မချဘူး"

"နွေးထွေးကို ငါက မင်းထက် သုံးလေးနှစ်... ပြီးတော့ ချစ်တာ။ မရိုးဘူး၊ ရှင်းလား"... ဆိုသည့် ဝါကျ... ကြောင်းက နားစည်ကို နှိပ်စက်နေသည်။ ကိုကြီးရယ် မပြော... ရင် ဘယ်လောက်ကောင်းမလဲ ... ဟုတွေးမိ၏။ တစ်ခါတ... မှာတော့ ... တကယ်မဟုတ်ဘဲ ကိုကြီး နွတိုက်ပြီး (မောင်... စိတ်တိုဒေါသထွက်ကာ) မုန်းမုန်းနှင့် ရွှဲပြောလိုက်သလားလို့... ထင်မိပါသည်။ အဲသည်အထင်ကို ချေဖျက်နေကြတာက ကို... ရဲ့ ရွှန်းတောက်လက်ဖြာနေသော မျက်ဝန်းများပါပဲ။



"နွေးထွေးလေး"... ဆိုတာကို ပါးစပ်ဖျားမှမချ။ ...က်မိုးလင်းတာနှင့် ...

"ဒီနေ့ ဘရိတ်ဖတ် Breakfast နွေးထွေးဖို့ ဘာ ...ပ်ထားလဲ"... ဆိုတာကို မေး၏။

"ဟင်းတွေ အဆီလျှော့ အစပ်လျှော့၊ မျက်နှာမှာ ...ထွက်မယ်၊ ခါးကြီးတုတ်ပြီး ဗိုက်ကြီးပူလာလိမ့်မယ်"... ဆိုတာ ... တစ်မျိုး။

"ကလေး ... မပျင်းနဲ့ကွာ၊ လာ ... လေ့ကျင့်ခန်းလုပ်"

ကိုယ်ကာယ အလှအတွက်လည်း ချော့မော့လေ့ကျင့် ...သည်။ ဝယ်ခြမ်းပေးလိုက်သည့် အလှပြင်ပစ္စည်းများ၊ အသုံး ...ဆောင်များ၊ အဝတ်အထည်များ။ လက်ကိုင်အိတ်နှင့် ဖိနပ်တွေ ...ကာလည်း ပြောမနေနဲ့တော့။

"နှစ်သက်ဝတ်လို့ မကုန်တော့ဘူး ကိုကြီးရဲ့"

"မင်းသမီးဆိုတာ တစ်ခါလာလည်း ဒီအင်္ကျီ၊ နှစ်ခါလာ လည်း ဒီအင်္ကျီ ... ပြန်ပြန်ဝတ်နေလို့ ဖြစ်မလား။ ဆင်း ရဲသူအခန်းဆိုလည်း တစ်မျိုးပေါ့။ သူဌေးခန်းဆို အဝတ် အစားက လဲလို့မလောက်နိုင်ဘူး"... တဲ့။

"ကလေး ... ဒါ မေမေ့ခွင့်ပြုချက်နဲ့ ပေးတာ။ မေမေက ကလေးကို ဆင်လိုက်ပါတဲ့"

"ဟာ ... ကိုကြီးရယ်"

တစ်ဖက်လျှင် တစ်ရတီခွဲခန့်ရှိ သုံးရတီစုံတစ်ပွင့် ...ကပ်၏ တန်ဖိုးက နည်းနည်းနောနောလား။

"မဝတ်ချင်ဘူး ကိုကြီးရယ်"

www.burmeseclassic.com

"ဘာလို့မဝတ်ရမှာလဲ၊ အမြဲပန်ထား"

"အမြဲက ပိုတောင်မပန်ချင်သေးတယ်၊ ကားရိုက်ရင်း ပြုရင်းနဲ့များ ကျပျောက်ရင် ... အမလေး ... ရင်ကျိုးရချည်ရဲ့"

"ကလေးလေးကွာ"

ခုတလော ... ကိုကြီးက "ကလေး"ဟုပြောင်းခေါ်နေသည်။ ခေါ်မည်ဆိုလည်း ခေါ်လို့ရပါသည်။ ကိုကြီးက နွေးထွေးထက် ဆယ့်နှစ်နှစ် ပိုကြီးသည်။ ကိုကြီး၏ အပြုအမူလေးတွေက ချစ်စနိုး နိုင်လွန်း၏။ အရိပ်တကြည့်ကြည့်ရှိ၏။ အမူအရာကို အသေးစိတ် သင်သည်။ တစ်ခါတစ်ရံကျတော့ ကိုကြီးက မင်းသားနေရာမှာ ဝင်သရုပ်ဆောင်ပေးပြီး နွေးထွေးက မင်းသမီး။ ချစ်ခန်း ကြိုက်ခန်းတွေမှာ ရှက်ကိုးရှက်ကန်းနှင့် သဘာဝမကျသော မင်းသမီးသစ်ကို လက်ရှိ အကယ်ဒမီမင်းသားက စိတ်တိုချင်တော့ ကိုကြီးကပဲ မင်းသားလုပ်၍ အိမ်မှာသင့်ရသည်။

"ကိုကြီးကိုကြည့် ... ကြည့်လေ၊ သိပ်ချစ်နေတဲ့စိတ်ကို သွင်းပြီးကြည့်။ မကြည့်တတ်ဘူးလား၊ ကိုကြီး မျက်စိတွေကိုကြည့်။ လိုက်လုပ်။ ဒီမျက်စိအကြည့်က ... ကလေးကို အရမ်းကအားချစ်နေတဲ့ အကြည့်"

ကိုကြီးက လှပါ၏။ သင်သလိုလိုနှင့် သူ့ရင်ထဲရှိသမျှကိုလည်း မသိမသာ ဖော်လွင်စေ၏။ အဲသည်အခါတိုင်းမှာ မောင်ကို သတိရပါသည်။ မောင်ကလည်း စွပ်စွဲသည်။ ကိုကြီးကလည်း နှဲ့သလိုလိုနှင့် ဝန်ခံထားပြီးပြီဆိုတော့ ... ဒီအိမ်မှာ နွေးထွေး နေရတာ၊ အလကားနေရင်း မျက်နှာကြီး ပူနေရတော့



သည်။ နွေးထွေး ... ပထမကား ရိုက်ပြီးသွားတော့ အတွေ့အကြုံက နည်းနည်းရင့်ကျက်လာသည်။ မင်းသားက စောင့်နေဖို့ စိတ်ရှည်နိုင်လောက်အောင် သရုပ်ဆောင်မည့်တော့ပါ။ ပါရမီဟုပြောလျှင်လည်း ရပါသည်။ ကိုကြီးနှင့် နွေးထွေးတို့ အကြောင်းကတော့ ရစရာကိုမရှိ ပြောကြပါသည်။ အားလုံးက စကားထဲထည့်ပြောလျှင် ဇနီးမောင်နှံ သဘောမျိုး အသိအမှတ် ပြုထားပြီးသားလိုလို ပြောကြသည်။

"တရားဝင် လက်မထပ်သရွေ့ မင်းသမီးဘက်က နစ်နာတာပေါ့"

ကိုကြီးဘက်မှနာသူ မရှိလှပါ။ မနွေးထွေး ဆိုသည့် မင်းသမီးကိုပဲ အသနားပိုကြ၏။ ကြာကြာနေတော့ ကိုကြီးသည် ခန်းမရှုပ်သော ဒါရိုက်တာ၊ မင်းသမီးတစ်လက် (ဖြစ်ထွန်းလာမှာ သေချာနေသည့် ပါရမီရှင် ကြယ်တစ်ပွင့်)ကို အပိုင်ကိုင်ထားပြီ။ တခြားကုမ္ပဏီနှင့်လည်း ရိုက်ခွင့်မပေး၊ အိမ်ပေါ်မှာလည်း ကင်ထား၊ ဒီဒါရိုက်တာလုပ်ပုံက သူ့အတွက် အမြတ်ချည်းပဲ ... ဆိုသည်ထိ အပြောခံရလာသည့်အခါ၊ အဲဒါတွေကို ပြန်ကြားရသည့်အခါမှာ၊ ကိုကြီးကိုပဲ သဲမဲ၍ မျက်နှာပူ အားနာရတော့သည်။

မန်နေဂျာ ကိုသောင်းထွန်းတို့ကတော့ မန်နေဂျာဆိုသည့် နာမည်နှင့် လိုက်ဖက်ညီစွာ စီမံခန့်ခွဲရမှ။

"အာစရိရာ၊ လက်ထပ်လိုက်ပါတော့ဗျာ"

"ချစ်နေပါတယ်လို့တောင် ဖွင့်မပြောရက်၊ မပြောရဲတာ၊ ကိုယ်စိုက်ခဲ့တဲ့ ပန်းပင်လေးဗျ၊ ဖူးနေပြီ၊ ပွင့်နေပြီ၊ မခူးရက်ဘူး၊ ခူးလိုက်မှ နွမ်းသွားမှာလည်း စိုးတယ်"

www.burmeseclassic.com

"ဆရာ ပြောပြီးပါပြီ။ မင်းသမီးအမေ ရက်လည်ဆွမ်းသွပ်တဲ့နေ့က ဟိုကောင် မောင်မောင်နဲ့ ငြင်းရင်းခုန်ရင်းပြောလိုက်ပြီးပြီဟာကို"

"အဲဒီတုန်းက ပြောတာက ... ချစ်သူတစ်ယောက်လို ချစ်နေတဲ့သဘောထက် ညီမလေး တစ်ယောက်လို ချစ်တဲ့သဘော ... ပိုသက်ဝင်တာ"

"ဘယ်က သက်ဝင်ရမှာလဲ။ မေနွေးထွေးက လူညံ့မှ မဟုတ်တာ။ လူအ,မှ မဟုတ်တာ။ မသိဘဲ နေမလား၊ ထပ်မပြောဘဲ မြို့နေရွာက စော်ကားရာတောင် ကျသေးတယ်။ မိန်းမသားတစ်ယောက်ကို ချစ်တယ်ပြောပြီး အဖြေမတောင်းတာလောက် စော်ကားတာ မရှိတော့ဘူး ဆရာရဲ့"

"ခက်တာပဲဗျာ"

"ဆရာက မချစ်လို့လား"

"ရှက်လည်း မနေတော့ပါဘူးဗျာ၊ ငုံလို့ရရင် ငုံတောင်ထားချင်တာ။ သူ့ခြေဖဝါးလေးနဲ့ သူ လျှောက်နေတောင် မကြည့်ရက်လို့ ပခုံးပေါ် ထမ်းထားချင်တာ။ ငယ်ငယ်ကလေးတည်းက စောင့်ချစ်လာတာပဲဗျာ ...

"ကလေးလေးတည်းက ချစ်ခဲ့တာ။ မေမေကလည်း ချစ်တယ်။ အပျိုလေးဖြစ်လာတော့ လွယ်အိတ်ထဲ ကောက်ထည့်ပြီး သွားလေရာကို ခေါ်သွားချင်တော့တာ။ ချစ်တဲ့စိတ်နဲ့ ရှူးတဲ့ညတွေ အများကြီး ...

"ရေစင်ပေါ်တက်ပြီး ... ကလေးကို ချစ်တယ် ... လို့ အကျယ်ကြီး အော်ချင်တာ။ ကျုံးဖက်ပစ်လိုက်လို့



များ အမှုန့်ဖြစ်သွားမယ် ဆိုရင်၊ အဲဒီအမှုန့်တွေ အကုန်လုံး ရေနဲ့သောက်ချပစ်လိုက်ချင်တာ"

"အမယ်လေးလေး ... ဆရာ လူမှားနေပြီ။ ပြောရမဲ့သူကိုတော့ မပြော၊ မပြောရမဲ့သူကို လာပြောနေတယ်။ ဆရာ့စကားတွေကို ကားထဲ လပ်ဖ်ဆင်း Love Scene ထဲကျမှ ထည့်ပြောခိုင်းတော့ ... ရုပ်ရှင်ကြည့် ပရိသတ်ထဲက ဆယ်ကျော်သက် ကောင်မလေးတွေ အကုန်ကြွေစေရမယ်"

"ကျွန်တော် ... ဘယ်လိုချစ်မှန်း၊ ဘယ်လောက်ချစ်မှန်းကို မသိဘူး"

"ယုံပါတယ် ဆရာ၊ အသိသာကြီးပါ။ ဘေးလူတွေလည်း အကုန်သိပါတယ်"

"အချစ်ဆိုတာ ... တကယ်တော့ တော်တော်ဆန်းတာဗျ။ သူ့အတွက်ဆိုရင် ဘာပဲလုပ်ပေးရ ပေးရ၊ ငွေကုန်ကြေးကျခံတာများတော့ အပရိကပါ။ ယောကျ်ားတစ်ယောက်အနေနဲ့ မာနချရမလား။ အတ္တဖျောက်ရမလား။ သိက္ခာတွေ သွန်ပစ်ရမလား၊ သူ့အတွက်ဆို လုပ်မယ်ဗျာ"

"ဆရာရယ် ... ဒီစကားတွေ ကက်ဆက်နဲ့ ဖမ်းထားမိရင် ဘယ်လောက်ကောင်းမလဲ၊ မေနွေးထွေးကို သွားဖွင့်ပြလိုက်ရုံပဲ။ ဆရာ့ပါးစပ်နဲ့သာ ဖွင့်ပြောပါ။ ဆရာတို့ချင်း သန့်ရှင်းလည်း ပတ်ဝန်းကျင်က စွပ်စွဲနေတာပဲ ...

"မဟုတ်ဘဲ စွပ်စွဲခံရတာက မိန်းမသားမှာ ပိုနစ်နာတာပေါ့။ မေနွေးထွေးလည်း အနေအထိုင် ခက်မှာပါ။ ဖွင့်သာပြောလိုက်ပါ ဆရာရယ်၊ လက်ထပ်လိုက်ပေါ့"

www.burmeseclassic.com

"ဒီယုန်မြင်လို့ ဒီချုထွင်တယ် ထင်မလားဗျာ"

"ဆရာရယ် ... ယုန်မြင်လို့ ချုထွင်တာ ဘာဆန်းလဲ။ ဘာမှမရှိတဲ့ ချုဆိုရင် အပင်ပန်းခံပြီး ဘာလို့ထွင်မလဲ။ ဒီယုန်မြင်လို့ ဒီချုထွင်တာ သဘာဝတရားပါ"

"နောက်တစ်ခု သနားတာ ရှိသေးတယ်"

"ကျွန်တော်ကတော့ ဆရာ့ကိုပဲ သနားတာ"

"သူ ... မောင်မောင့်ကို သိပ်ချစ်တာဗျ၊ ကျွန်တော် သိတယ်။ ကျွန်တော့်အချစ်ကကျတော့ မောင်မောင်နဲ့သာ အဆင်ပြေကြမယ်ဆိုရင် ... ရင်ကွဲခံပြီး ဝင်ခိုးပေးပါတယ်။ ချစ်တယ်ဆိုတာထက် ပိုချစ်မိတဲ့အခါကျတော့ ...

"ရင်ထဲမှာ ... သူ့အတွက်ချည်းပဲ။ သူစိတ်ချမ်းသာရင် ပြီးရော၊ ကျွန်တော် ရင်ကွဲနာကျပြီး သေချင်သေပစေ"

"ဆရာရေ ... ကျွန်တော်တောင် ဆရာ့ကို ကြိုက်ချင်လာပြီနော်"

နှစ်ယောက်သား ရယ်ဖြစ်ကြပါသည်။

"မောင်မောင်နဲ့က ဖြစ်မှမဖြစ်နိုင်တာ။ ဖြစ်နိုင်ရင် ဝိုင်းတိုက်တွန်းမဲ့ထဲမှာ ကျွန်တော်လည်း ပါခဲ့မှာပါ။ မတော်ရသေးတဲ့ယောက်ျားမ ကိုယ်တိုင်က ဈာပနသတင်းမေးတောင်မလာဘူး၊ သတို့သမီးလောင်းကိုလည်း ဖြူစင်တယ်၊ သန့်ရှင်းနေသေးတယ် ဆိုတာကို မယုံတော့ဘူး၊ သားရှင်ကြည်ဖြူခြင်း မခံရတော့ဘူး၊ ဒီကြားထဲ ...



"အဲဒီသားက အသက်က ငယ်သေး၊ ကျောင်းသား၊ အလုပ်အကိုင်မရှိ၊ စိတ်လိုက်မာန်ပါကလည်းရှိ ... ဆိုတော့ မေနွေးထွေးသာ အဲဒီတုန်းက လိုက်သွားခဲ့ရင် ဒုက္ခနဲ့မျက်ရည် သုတ်နေရရောပေါ့။ ကိုယ့်ကိုယ်ကိုယ်တောင် သတ်သေသွားနိုင်တယ် ...

"မေနွေးထွေး လိုက်မသွားတာ သိပ်မှန်တာပေါ့။ ဘာပဲဖြစ်ဖြစ်ပါ။ အဲဒါတွေ အားလုံးလည်း ပြီးခဲ့ပါပြီ။ မောင်မောင်လည်း လူ့လောကမှာမှ မရှိတော့တာ ဆရာရယ်"

"မောင်မောင်ဟာ လူ့လောကမှာသာ မရှိတာ ... ကလေးရင်ထဲတော့ ရှိနေဦးမှာ"

"ခေါ်ပုံကိုက ချစ်စနိုး နိုင်လိုက်တာ ဆရာရယ်၊ ဆရာ့လောက် ချစ်တတ်တဲ့သူလည်း ရှိတော့မယ် မထင်ပါဘူး၊ ကြိုက်ချင်လာပြီနော်"

ရယ်ဖြစ်ကြပြန်တော့သည်။

"ဆရာဖွင့်ပြောချင်ပြော၊ ဆရာ မပြောရင် ကျွန်တော်ပြောမယ်"

"ဗျာ ... ခင်ဗျားကလည်း ကြိုက်နေတာလား"

"တောက်တီးတောက်တဲ့၊ ဆရာ့အတွက် ပြောပေးမှာ။ ကျွန်တော်က မန်နေဂျာပဲ မှတ်ဉာဏ်ကောင်းပါတယ်၊ ခုပြောခဲ့တဲ့ စကားတွေအားလုံး မှတ်မိတယ်၊ သွားပြန်ပြောမယ်၊ လိုအပ်ရင် အပိုဆာဒါးလေး နည်းနည်းထည့်လိုက်ဦးမယ်"

www.burmeseclassic.com

"ဟာ ... ဒီလို မလုပ်နဲ့"

"မေနွေးထွေး ပြန်မချစ်ရင် ဆရာက ကိုယ့်ကိုယ်ကိုယ် သတ်သေတော့မှာလို့ကို ပြောလိုက်မယ်"

"မသေပါဘူးဗျ"

"မသေဘူး ဆိုရင်တောင် သေခါတော့ နီးနေပါပြီ ဆရာရယ်။ မေနွေးထွေးက ဆရာ့အပေါ် သံယောဇဉ်ရှိပါတယ်။ အားလည်း ကိုးပါတယ်။ ကျေးဇူးတွေလည်း တင်နေတာ။ ငြင်းမယ် မထင်ပါဘူး။ သူ့မှာလည်း အားကိုးဆိုလို့ ဆရာတစ်ယောက်တည်းရှိတဲ့ တစ်ကောင်ကြွက်လေးပါ။ ငြင်းမယ် မထင်ပါဘူး"

"မပြောရင် ဘာဖြစ်မလဲ"

"ကျွန်တော် ပြောပါမယ်ဆို"

"မပြောရက်ဘူးဗျ၊ သိပ်ချစ်စရာကောင်းတဲ့ ကလေးလေး"

"မင်းသားနဲ့တောင်တွဲပြီး ချစ်ခန်း ကြိုက်ခန်း ရိုက်နေပါပြီ။ ဘယ်ကလာ ... ကလေးရမှာလဲ၊ ဆရာ စဉ်းစားရမှာက၊ မပြောရက်လို့ မပြောဘဲထားရင် ဓာတ်မျောကြီးဖြစ်ရော၊ အဲဒီဓာတ်မျောကြီးထဲမှာ မျောပြီး ပိုနစ်နာရမှာက မိန်းမသား ... ဆရာရဲ့ ...

"ဆရာတို့ မဟုတ်လည်း လူတကာက ဟုတ်တယ် စွပ်စွဲပြီး ယုံကြည်ထားကြတာ၊ မိန်းမသားမှာ နစ်နာလှပြီ။ သူ့ခမျာ တိတ်တိတ်ပုန်းကြီးလိုလို၊ ဘာလိုလို"

"ဒါတော့ ဟုတ်တယ်ဗျာ၊ သနားပါတယ်"



"သနားရင်လည်း ကယ်တင်လိုက်ပေါ့ ဆရာရယ်။ တော်ပြီ၊ တော်ပြီ၊ ဆွေးနွေးခန်းက ပြီးပြတ်တယ်ကို မရှိတော့ဘူး။ ဂျာအေးကို သူ့အမေရိုက်နေပြီ။ ဆွေးနွေးပွဲရပ်မယ်။ ဆရာ အခုသွားပြောမလား၊ တော်ကြာ ကျွန်တော် သွားပြောရမလား"

"သတ္တိမွေးပါရစေဦးဗျာ၊ တစ်ရက်တော့စောင့်၊ မနက်ဖြန်ကားရိုက်မရှိဘူးလေ။ မင်းသားကြော်ငြာထွက်ရိုက်လို့ တစ်ရက်ပေးရမယ်၊ မနက်ဖြန်မှ ပြောမယ်၊ ကျေနပ်ပြီလား"

"လွှဲချမနေပါနဲ့။ ကျေနပ်တာက အာစရိပါ"

သူတို့ ရယ်ဖြစ်ကြပြန်ပါသည်။ သူတို့ကတော့ နှစ်ယောက်တည်း ဆွေးနွေးတာပါပဲ။ ဒါပေမဲ့ ... မေနွေးထွေးက အကုန်လုံး ကြားလိုက်ရပါသည်။ ချောင်းနားထောင်တာတော့လည်း မဟုတ်ပါ။ ကြားသင့် ကြားထိုက်လို့ နတ်သိကြားများက ကြားစေရန် ဖန်တီးပေးကြသည် ထင်ပါရဲ့။

"ဒါရိုက်တာ ဦးကိုကိုကြီးနဲ့ သူတင်တဲ့ မင်းသမီး မေနွေးထွေးတို့က တစ်အိမ်ထဲ တူတူနေတာလေ ... ဟဲ ... ဟဲ ... ဟဲ"

ဆိုသည့် ဝါကျကို စပ်ဖြည်းဖြည်းကြီး ပြောနေသည့် ဟိုလူကြမ်းကြီး၏ စကားကိုလည်း ခုလောက်ဆို ရှတင်တစ်ဖွဲ့လုံးက ထောက်ခံနေလောက်ပါပြီ။ မေနွေးထွေး သိက္ခာမဲ့ရတာတော့ အမှန်ပါပဲ။ ကိုယ့်ဘဝကိုက သိက္ခာမဲ့ဖို့ ဖန်လာခဲ့ပြီကိုး။

လွှမ်းတယ် မောင်ရယ်။ မောင့်ကို သတိရတယ်။ ဒါပေမဲ့ ... မမ၊ ကိုကြီးကို လက်ခံရတော့မယ်၊ မမမှာ ရွေးစရာ

www.burmeseclassic.com

လမ်း နှစ်ခုမရှိပါဘူး၊ တစ်ခုတည်းပါ။ ဒါဟာ မမရဲ့ဂုဏ်သိက္ခာ ကိုလည်း ဆည်တင်ရာရောက်၊ မမ တကယ်အားကိုးရမဲ့သူ့ အရိပ်မှာလည်း ခိုလှုံခွင့်ရ၊ မမဘဝလေး တစ်ခုလုံး ငြိမ်းချမ်း ကောင်းစားသွားမှာ သေချာနေတော့ လုပ်သင့်တဲ့အလုပ် မဟုတ် လား မောင်ရယ်။

ဖြစ်လေရာဘဝ၊ ရောက်လေရာ အရပ်ကနေ ... နောက်ဆုံးတော့လည်း ဒါပဲ ... လို့ မောင် အပြစ်တင်ရင်လည်း မမ နားဆင်ခံယူပါတော့မယ်။

မောင်ရေ ... အချစ်နဲ့ဘဝဆိုတာ တိုက်ဆိုင်ခဲ့သား။ ချစ်တိုင်းမညား၊ ညားတိုင်းမချစ်တဲ့။ မမကတော့ ကိုကြီးကို ရှိသေလေးစား ချစ်ခင်စွာ အားကိုးလိုက်မှာပါ မောင်ရယ်။

❤ ⁂ ❤



## ၉

မျက်စိမျက်နှာ ပျက်လောက်အောင် တမှိုင်မှိုင် တတွေတွေ ဖြစ်နေသည့် မိုးခြိမ့်ကို၊ ဦးသောင်းထွန်းနှင့် အဖွဲ့ (ပု၊ ရှည်၊ အနေတော်တို့အုပ်စု)ကတော့ တော်တော်လေးမျက်မှန်း ကျိုးပုံရသည်။

"ရွှေပုံပေါ်မှာစံပြီး ရွှေမကျည်းတောင့်တွေ ကိုက်စားရင်း ဒုက္ခ ... ဒုက္ခလို့ ညည်းနေတဲ့သူမျိုးလည်း ရှိသေးတယ်"

မီးဖိုချောင်အုပ်စုပြောသည့် အတင်းကို စိတ်မဆိုးနိုင် ဘဲ အော်ရယ်ပြလိုက်တော့လည်း လန့်ဖျပ်ကုန်ကြ၏။ သူတို့က ... ရူးသွားပြီများ ထင်သလားမသိပါ။ ခုမှိုင် ခုရယ် မဟုတ်လား။ သနားသူဆိုလို့ မမ တစ်ယောက်သာ။ မမကတော့ မောင့်ကို သနားရာတွင် သနားစရာကောင်းလောက်အောင် သနားသူဖြစ် တော့သည်။

"မောင် ဘာစိတ်ညစ်လဲ။ မမနဲ့နေရတာ မပျော်ဘူးလားဟင်။ မမကို ဘာစိတ်ဆိုးလဲ"

www.burmeseclassic.com

မမ ငိုမဲ့မဲ့နှင့် မေးပြီဆိုကတည်းက ရပ်သော် မေးရိုးတင်းချေပြီ။

"မမကို ဘာမှ စိတ်မဆိုးပါဘူး။ စိတ်ဆိုးစရာလည်း ဘာမှ မရှိဘူး၊ ကျွန်တော်က ကျေးဇူးတွေတောင် တင်နေ တာပါ။ မပျော်တာလည်းမဟုတ်ပါဘူး။ ကျွန်တော်ရဲ့ အရွယ်ဆိုတာ ကလေးတွေလိုလည်း ဘယ်ပျော်ကြတော့ မလဲ။ ကျွန်တော် စိတ်ကျဉ်းကျပ်တာပါ"

"အဲဒါကိုပဲ ပြောလေ။ မမ ကူညီမှာပေါ့"

"ကျွန်တော် ... ကျွတ် ... ပြောရရင် လူမုန်းခံရမှာသေချာ တယ်။ မြင့်စေချင်လို့ ဘုံပေါ်တင်တာ ဖင်အေးတယ်ဆိုပြီး ခုန်ချချင်တဲ့ကောင်လို ဖြစ်နေပြီ။ ကန်တော့ မမ ... ကျွန်တော် စကားပြောတာ နည်းနည်းရိုင်းသွားတယ်"

"မောင်က ဘာလုပ်ချင်လို့လဲ။ ဘာဖြစ်ချင်လဲ။ ဘာလိုချင် လဲ။ မဖြစ်မရမရှိစေရဘူး၊ မမကိုပြော။ မမ လုပ်ပေးမှာပေါ့။ မောင့်ကို မမက ချစ်တယ်ဆိုရင်ပြီးရောပေါ့။ ဘယ်သူ့မှ လို့မှလဲ ဂရုစိုက်စရာ မလိုဘူး"

"မမရယ် ... ကျွန်တော်ဟာ တကယ်တော့ ဒီအိမ်မှာ ယာဉ်မောင်းပါ"

**"မောင့်ကို မမ ... ဘယ်တုန်းက အဲဒီလိုဆက်ဆံခဲ့သလဲ"**

**"အဲဒီလို ဆက်ဆံမခံရတာကို စိတ်ညစ်တာ။ ကျွန်တော်ဟာ အလုပ်နဲ့မကာမိတဲ့ အခွင့်အရေးတွေ အထူးရရှိနေတယ်။ အဲဒါ ကျွန်တော် မနေတတ်ဘူး"**

"ဒါတော့ ... မောင်က လောဘနည်းတာပါ"



"ဒရိုင်ဘာဆိုလည်း ... ကျွန်တော် ကားမောင်းနေရမှာပေါ့။ မမကို ဟိုလိုက်ပို့ ဒီလိုက်ပို့။ နေ့စဉ် တချောင်းချောင်း မဟုတ်တောင်၊ တစ်နေ့တစ်ခေါက်နှစ်ခေါက်ဆိုသလိုတော့ ကျွန်တော် အလုပ်ရှိနေမှ ဖြစ်မှာပေါ့"

"မမက ကျန်းမာရေးလည်း မကောင်းဘူး။ ပြီးတော့ ... မင်းသမီးလေ မောင်ရဲ့။ အလကားနေရင်း လူတောထဲတိုးနေ လို့မရဘူး။ သွားလေရာ လူအုံမယ်။ ဒါကြောင့် ဘယ်မှသိပ် မသွားတာပါ။ မမမှာ လိုသမျှ ဆန်းဆန်းကိုပဲ မှာသုံးတာ ပါ"

"အဲဒါဆိုလည်း ... ကျွန်တော် ယောကျ်ားတစ်ယောက်အနေ နဲ့ လွတ်လပ်ခွင့်ရှိချင်တယ်။ ယာဉ်မောင်းတိုင်းဟာ တစ်ပတ် တစ်ရက် နားခွင့်ရပါတယ်။ ကျွန်တော်က ရက်သုံးဆယ်မှာ နှစ်ဆယ်ငါးရက်လောက် နားနေရတော့၊ ကျွန်တော့်အတွက် နားရက်သီးသန့်ပေးပါလို့ ထပ်တောင်းလို့လည်း မကောင်း တော့ဘူး"

"မောင်ပြောတဲ့နှစ်ဆယ့်ငါးရက်လုံးဟာ မောင့်နားရက်တွေ လေ"

"ကျွန်တော်ဆိုလိုတဲ့ နားရက်က ကျွန်တော့်အပိုင်၊ ကျွန်တော် သွားချင်ရာသွားမယ်၊ လုပ်ချင်ရာလုပ်မယ်၊ ရုပ်ရှင်ကြည့်မယ်၊ ဆံပင်ညှပ်မယ်၊ လမ်းဘေးမှာ ပုံရောင်းနေတဲ့ ပေါ်ပေါ်လော လောတီရှပ်တွေ ထိုင်ပြီးရွေးချင်ရွေးမယ်၊ မောလာရင် လမ်း ဘေးက မကျည်းဖျော်ရည် ဝယ်သောက်ချင်သောက်မယ်၊ ကျွန်တော်တစ်ယောက်တည်း အနှောင်အဖွဲ့ကင်းကင်းနဲ့ ...

www.burmeseclassic.com

"လုပ်ချင်တာတွေ လျှောက်လုပ်ချင်တာ။ ဒါပေမဲ့ မကောင်းတာတွေ တစ်ခုမှမပါစေရပါဘူး။ ဆေးတို့ အရက်တို့ မိန်းမကိစ္စတို့ ဘာမှမပါစေရဘူး၊ ကျွန်တော် ဝါသနာလည်း မပါဘူး။ ခုဆိုဗျာ ... ဒီလမ်းထဲမှာ နေသွားတဲ့ ကျွန်တော့်သူငယ်ချင်းကိုတောင် ...

"ထွက်မရှာရသေးဘူး၊ ကျွန်တော် ... ရန်ကုန်မြို့မှာ မိတ်ဆွေလည်း မရှိဘူး၊ သူငယ်ချင်းလည်း မရှိဘူး၊ အမျိုးလည်း မရှိဘူး"

မိုးခြိမ့် ... ဟက်ခနဲ တစ်ချက်ရယ်ပြီးမှ ဆက်ပြောသည်။

"ရည်းစားလည်း မရှိဘူး"

မမ မျက်နှာ ကွက်ခနဲပျက်လေ၏။

"မောင်က ရည်းစားထားချင်နေတာလား"

"မဟုတ်ပါဘူး၊ စကားအဖြစ်ပြောတာပါ။ ကျွန်တော်က လက်ကလွှတ်လိုက်တဲ့ ဂေါ်လီတစ်လုံးလို လိမ့်ချင်တယ်။ မမ ... ဒါကို ကလေးကချေအကျင့်လို့ ပြောချင်ပြောပါ။ ယောကျ်ားတစ်ယောက်ဟာ ရွှေဘုံရွှေနန်း ရွှေပြဿဒ်ကြီး ပေါ်တင်ထားလည်း ... မနေနိုင်ဘူး။ မမက မိန်းမသားဆိုတော့ ဒါကို နားလည်ပေးနိုင်မှာ မဟုတ်ဘူး"

မေနွေးထွေး ... သက်ပြင်းမောလေး ချရှာ၏။

"ကိုသောင်းထွန်း"

"ဘာလုပ်ချင်လို့လဲ မမ"

"မမ နောက်ဆုံးရိုက်ခဲ့တဲ့ ကားလေ ... ရုပ်ရှင်ကားကြီး"



"ကျွန်တော် မှတ်မိပါတယ်၊ အဲဒီနောက်မှာ မမ ကျန်းမာရေးကြောင့် နားလိုက်ရတာ၊ ကားကြီးမရိုက်ဖြစ်တော့ပေမဲ့ ဗီဒီယိုတော့ လေးကား ဆက်ရိုက်ဖြစ်လိုက်ပါသေးတယ်။ အဲဒီ နောက်ဆုံးကားကြီးမှာ မမ တတိယမြောက် ...

"အကယ်ဒမီရခဲ့တာပဲ။ ဒါပေမဲ့ ... မမပွဲမတက်နိုင်ခဲ့လို့"

"ကိုယ်စား ဘယ်သူ သွားယူခဲ့လဲဟင်"

"ဘယ်သူမှ မယူပါဘူး၊ နောက်မှ အိမ်ကို လာပို့တော့တောင်၊ ကျွန်တော်တို့က ဒီအိမ်ကို ပြောင်းထားတာ အကြောင်းမကြားထားတော့ အိမ်ရှာမတွေ့နဲ့။ နောက်ဆုံး... ကျွန်တော်ပဲ အစည်းအရုံးမှာ သွားယူခဲ့ပါတယ်"

"အဲဒီကားထဲက မမချစ်သူ ကောင်လေးဟာ မမထက်ငယ်တယ်နော်။ မမက သူ့ကို သိပ်ချစ်တယ်"

"ဟုတ်ကဲ့"

"မောင်မိုးခြိမ့်ညံ့ရဲ့ စိတ်ဓာတ်ဟာ အဲဒီကားထဲကကောင်လေး အတိုင်းပဲနော်"

"မောင်မိုးခြိမ့်ညံ့"ဟု ခေါ်လိုက်သည့်အတွက် နားထဲမှာ ကြားရတော်တော်ဆန်းလေ၏။ ဦးသောင်းထွန်းထံမှ မမဆီ ပို့လွှတ်သည့်အကြည့်ထဲမှာ ထူးခြားမှုပါသည်ဟုထင်သည်။ ဘယ်လို ထူးခြားမှုလည်းဟုတော့ မပြောတတ်ပါ။ ရုပ်သေကြီး၏ မျက်နှာ ပြင်အပြောင်းအလဲက လှစ်ခနဲသာဖြစ်လျက် ချက်ချင်း ပြန်လည် တည်ငြိမ်ပြီးသားဖြစ်တော့သည်။

www.burmeseclassic.com

"အဲဒီကောင်လေးကို မမက သိပ်ချစ်တာ။ သိပ်လည်း အလိုလိုက်တယ်။ ဒါပေမဲ့ ... ဒီကောင်လေးက မပျော်ဘူး။ အဲဒါ မင်းသားသစ်ကလေးနော်၊ ဗီဒီယိုတွေတော့များပါပြီ။ ကားကြီးတော့ အဲဒါ ပထမဆုံး၊ မမက တွဲတင်ရတာပေါ့။ ဟုတ်တယ်နော် ... ကိုသောင်းထွန်း" ...

"အဲဒီကားကို မမ အခုပြန်ရိုက်ရင်၊ ခုထက်တောင် ပိုပြင်ဦးမယ်။ အကယ်ဒမီနှစ်ရုပ်ပူးကြီးတောင် ရမလားပဲ။ အဲဒီတုန်းက အဲလိုမျိုးအတွေ့အကြုံ မမမှာ မရှိဘူး။ ရင်ထဲခံစားသရုပ်ဆောင်ခဲ့တာ။ ခုတော့ ... အပြင်လောကမှာ ကောင်လေးအစစ်နဲ့ မမအစစ်ရယ်လို့ တကယ်ရှိပါလား ...

"မမ ခံစားလို့ရပြီ ကိုသောင်းထွန်းရဲ့။ အဲဒီဝတ္ထုကိုရေးခဲ့တဲ့ စာရေးဆရာဟာလည်း ခံစားပြီးရေးတာလား ကိုယ်တွေ့ရေးတာလား မသိဘူးနော်။ အဲဒီကားကို မမ ပြန်ရိုက်ချင်လိုက်တာ။ ကောင်လေးနေရာမှာ မောင်မိုးခြိမ့်ညံကို သုံးလိုက်ရင် ပိုသဘာဝကျမယ်"

"ကျွန်တော် ... မင်းသား မလုပ်ချင်ဘူး မမ။ လုပ်လည်း မလုပ်တတ်ဘူး။ မမ အဲဒီတစ်ခုတော့ ကျွန်တော့်ကို ခွင့်လွှတ်ပါ။ လုံးဝ မခိုင်းပါနဲ့"

"ဟင်း ... ဟင်း ... ငြင်းပုံက ပြင်းထန်လိုက်တာ"

"ကျွန်တော် ဝါသနာလည်း မပါဘူး မမ။ ကြည့်ရုံပဲ ကြည့်ချင်တာ"

"ကိုသောင်းထွန်း"

"ဗျာ ... မမ"



"အဲဒီကားထဲမှာ မမက နောက်ဆုံးမှာ ... ကောင်လေးကို ခွင့်ပြုပေးခဲ့ရတယ်နော်။ မင်း နေချင်သလိုနေပါတော့လို့"

"ဟုတ်ကဲ့"

"မမက ချစ်တဲ့သူလေ။ လိုက်လျောခွင့်ပြုရတာပေါ့။ ကောင်လေးဟာ ... ဈောင်းထဲကလွှတ်တဲ့ မြင်းလို ဟီထွက်သွားတာ"

မမက တဟင်းဟင်းရယ်ရှာ၏။ သူ့ရယ်သံလေးက အားပျော့ပါသည်။

"အမယ် ... ရည်းစားတွေ ဘာတွေလဲ ရလို့၊ နောက်ဆုံး အိမ်က ထွက်သွားတော့ဖို့လုပ်တာမဟုတ်လား၊ သူ့ကောင်မလေးကို ခိုးပြေးဖို့လေ"

"ဟုတ်ပါတယ်"

"မောင် ..."

"ခင်ဗျာ ... မမ"

"ရှင့်မှာတော့ ရည်းစားမရှိသေးဘူး မဟုတ်လား၊ ထွက်ရှာဖို့ရော စိတ်ကူးရှိလား"

"ကျွန်တော် ... ရန်ကုန်မရောက်ခင်က ရည်းစားရှိခဲ့ပါတယ် မမ"

"ကြည့်စမ်း ... အသက်ကလေး ဘယ်လောက်ရှိဦးမလဲ။ ကိုယ်တော်လေးရယ် ... အမေ့နို့နံ့တောင် စင်သေးရဲ့လား"

မိုးခြိမ့် မဖြေပါ။

"ခုတော့ရော"

www.burmeseclassic.com

"သူ ဘယ်ရောက်မှန်း ကျွန်တော် မသိတော့ပါဘူး။ မြို့မှာလည်း မကျန်ဘူး၊ ကျွန်တော် ရန်ကုန်ကို ထွက်မလာကတည်းက သူ ထွက်သွားခဲ့တာ၊ အဆက်အသွယ် မရတော့ပါဘူး"

"ဒါဆို ... ရှင်က လူပျောက်လေးယောက်တောင် ရှာရမှာပေါ့။ ရှင့်အမေ၊ ရှင့်ညီမ၊ ရှင့်သူငယ်ချင်းနဲ့ ရှင့်ရည်းစား"

မိုးခြိမ့်ညို ခေါင်းငုံ့နေလိုက်တော့သည်။

"ဒီနေ့တော့ အိမ်ထဲမှာပဲ ထောင်ကျခံ ဝင့်ကျွေးဆပ်နေလိုက်ဦးပေါ့ မောင်ရယ်။ မောင့်အတွက် ကားဝယ်ပေးချင်လို့ပါ။ မောင့်ကို ဆန်နီလေးလည်းပေးမမောင်းချင်ဘူး"

"ကျွန်တော် ပြင်ထားတာ ဆန်နီလေးက အရမ်းကောင်းနေပြီ မမ။ အဲဒါလေးနဲ့ပဲ သွားပါရစေ။ ဒါမှမဟုတ်ရင်လည်း ဒီတိုင်းပဲသွားချင်ပါတယ်။ ကျွန်တော့်အတွက် သပ်သပ်ကားဝယ်ပေးမယ်ဆိုရင် ကျွန်တော် လက်မခံပါဘူး၊ ကျွန်တော် မမဆီက အလုပ်ထွက်မယ်"

"တူတယ် ... တူတယ်။ ဟိုကောင်လေးလည်း ဒီလိုစကားမျိုးပဲ ပြောခဲ့တာပဲ။ ကဲပါလေ ... ဆန်နီလေးသုံးရမှဆိုလည်း သုံးပါ"

"သုံးရမှမဟုတ်ပါဘူး မမ ... ကျွန်တော် ဘာမှ မပါဘဲ ဒီတိုင်းလိုက်လို့ရပါတယ်"

"သွား ... သွား၊ ခြောင်းထဲကမြင်းတစ်ကောင်ကို ကြိုးဖြေလွှတ်လိုက်ပြီ။ ထမင်းစားသွား၊ ကိုသောင်းထွန်း သူ သုံးဖို့ မုန့်ဖိုးပေးလိုက်ပါ"



"ကျွန်တော့်မှာ ရှိပါတယ် မမ။ ကျွန်တော် ရထားတဲ့လခတွေ တစ်ပြားမှ မလျော့သေးဘူး"

"ဒါဆိုလည်း ... ဘုရားလေးဘာလေးတက်ပြီး နည်းနည်းပါးပါးလှူခဲ့ပေါ့။ မောင်တို့အရွယ်မှာ ဒါနဆိုတာ ယူဖို့လွယ်ပါတယ်။ သီလကျတော့ မြဲဖို့ပင်ပန်းတာပေါ့နော်။ ဘာဝနာလည်း လုပ်မှမလုပ်နိုင်သေးတာ။ အလှူယူလိုက်နော်"

"ကျွန်တော် ထမင်းမစားတော့ပါဘူး မမ။ မမမှ မစားသေးတာ"

"ဩော် ... မောင် ... မောင် ... ကြိုးနဲ့တုပ်ထားရင်တောင် လွတ်အောင်ရုန်းမဲ့ပုံပါပဲ"

မိုးခြိမ့်ညို ... လှစ်ခနဲ ပြေးလေသတည်း။

❤ ⁂ ❤

ဒီနေ့က ... ဘယ်သူ့ကိုမှ မရှာချင်သေးတာပါ။ သူငယ်ချင်း မင်းမောင်ကိုလည်း မရှာချင်သေး၊ သဲညာကိုရှာဖို့ကပိုလို့ဝေးသေး၊ ရန်ကုန်မြို့ထဲတွင် ကြွေကျသွားသည့် ပန်းတစ်ပွင့်ကို ရှာပါဆိုသကဲ့သို့ရှိတော့မည်။ ဆန်နီလေးကိုမောင်းလာရတော့လည်း သွားရလာရ ခရီးပေါက်၏။ ဟိုလမ်းဝင်ဒီလမ်းထွက်၊ လျှောက်မောင်းရတာကိုကပဲ အရသာရှိလှပြီ။ ဗိုက်ဆာလာတော့ အနီးဆုံးတွေ့သည့်ဆိုင်မှာ ကြေးအိုးဝင်သောက်လိုက်၏။

"ဟာ ... မိုးခြိမ့်ညို"

www.burmeseclassic.com

ရှေ့တည့်တည့်မှာ လာရပ်သူကို မော့ကြည့်လိုက်၏။ လူတစ်ကိုယ်လုံး လွင့်ခနဲ မြောက်သွားသလားထင်မိသည်။ တူကို ဖြစ်ကတတ်ဆန်းလွတ်ချပြီး ခုန်ထလိုက်တာပါ။

"မင်းမောင် ... ခွေးသူခိုး"

ပခုံးစွန်းကို တမင်နာအောင်ထိုးပစ်လိုက်၏။ မင်းမောင်ကလည်း မညှာမတာ ပြန်ထိုး၏။ ပခုံးတွေ နာကုန်သည့်နေရာမှာ ကျေနပ်ပီတိတွေ ဖြစ်ထွန်းရလေ၏။

"ထိုင် ... သောက်မလား"

"ငါက ပြီးပြီ၊ ပြန်တော့မလို့။ ဟိုစားပွဲက သားသားနားနား ကောင်ဟာ မိုးခြိမ့်ညံနဲ့ တူလိုက်တာဆိုပြီး ကြည့်နေတာ။ သားနားလှချည်လား။ အချိုကောင်းတွေ တွေ့နေတာလား၊ အရှင်မွေးလို့ နေ့ချင်းကြီးတာလား"

ပြောမနာ ဆိုမနာ ဆဲမနာမို့ မင်းမောင်က ဘာစကားအတွက်မျှအားမနာပါ။ မိုးခြိမ့်မှာသာ အင့်ခနဲနေအောင် အောင့်ရတော့သည်။ ကိုယ့်ဘဝကိုယ် စိတ်ပျက်သွားရ၏။ မင်းမောင်စကားတွေက ကိုယ့်ရင်ဝကို မြားနှင့်ပစ်သလားထင်ရ၏။ မှန်လွန်းလို့ပါ။ မြားစိုက်သည့်နေရာတွင် သွေးထွက်နာကျင်ရခြင်းဟာလည်း မည်သူမပြုမိမိမှုပါပဲ။

"ငါ့ဒုက္ခတွေ မင်းကို ပြောပြမယ်"

"ဒုက္ခတစ်ခုကို သားသားနားနား ခံယူရမယ်ဆိုရင် ငါ့ကိုလည်း မျှဝေပါ။ မင်း မိန်းမရသေးဘူးမဟုတ်လား"

"ဟင့်အင်း"

"တော်ပါသေးရဲ့။ ငါ ... သဲညှာနဲ့တွေ့တယ်"



"ဟာ ... တကယ်လား၊ တွေ့မယ်၊ လာသွားစို့"

"ဟေ့ကောင် ... ပိုက်ဆံရှင်ဦး"

"အေး"

ဆန်နီလေးနားသို့ရောက်၏။

"စီးတော်ကားနဲ့ ပိတယ်ကွာ"

"မင်း ဘာလုပ်နေလဲ"

"ကုမ္ပဏီကားမောင်းတယ်။ မဆိုးဘူး၊ ကုမ္ပဏီကားဆိုတော့ အိမ်ကားထက် လခပိုကောင်းတယ်၊ ငါတစ်ယောက်တည်းဆိုတော့ ပိုလျှံပါတယ်။ တိုက်ခန်းတစ်ခန်းပိုင်ပြီ။ မင်းလိုတော့ ကားမစီးနိုင်သေးဘူး"

"ငါ့ကားမဟုတ်ပါဘူးကွာ"

"သဲညှာက နှစ်ဆယ့်လေးနာရီဖွင့်တဲ့ ဆေးခန်းတစ်ခုမှာ စာရေးလုပ်နေတာ"

"မင်း ... မောင်းမလား"

"ဖြစ်တယ်"

သဲညှာ အလုပ်လုပ်သည့် ဆေးခန်းနာမည်ကို ပြောပေမဲ့၊ လမ်းနာမည်ပြောပေမဲ့ မိုးခြိမ့်ညံက သိပ်မသွားတတ်ပါ။ မင်းမောင်က ယာဉ်မောင်းနေရာသို့ ပြောင်းထိုင်၍မောင်း၏။ မင်းမောင်ဟာ ငယ်ငယ်ကတည်းက မိဘမဲ့တစ်ကောင်ကြွက်၊ ဟိုဆွေမျိုးအိမ်ကပ်နေ၊ ဒီဆွေမျိုးအိမ်ကပ်နေ၊ ဝေယျာဝစ္စဝိုင်းလုပ်၊ ကျောင်းတက်သည့်အခါလည်းတက်နှင့် ... ဆယ်တန်းနှစ်ခါကျ၊ ဘဝမှာ ပညာရေးရပ်တန့်သွားခဲ့သူဖြစ်သည်။

www.burmeseclassic.com

“သဲညှာ ယောက်ျားမရသေးဘူး မဟုတ်လား”

“ရစရာလား”

“သူ့ကြီးဒေါ်နဲ့ပဲ လား”

“အေး … ကြီးဒေါ်ရဲ့သမီးက သူဌေးနဲ့ရတယ်။ ဒီရွှေဘုံသာ လမ်းထဲမှာ နှစ်ဆယ့်လေးနာရီဖွင့်တဲ့ ဆေးခန်းတစ်ခန်း ပိုင်တယ်ဆိုတာလည်း နည်းတာတော့ မဟုတ်ဘူးကွ၊ ဟို အထူးကုဆေးခန်းကြီးတွေလောက်တော့ မကြီးကျယ်ဘူး ပေါ့ …

“ဒါပေမဲ့ မဆိုးပါဘူးကွ … တော်တာပါပဲ။ သူက ဆွေမျိုးသားချင်းဆိုတော့ ညဘက်ဂျူတီယူရတာများတယ်။ အဲဒီဆေးခန်းဖွင့်ထားတဲ့ တစ်တိုက်လုံး အဲဒီအစ်မပိုင်တာ။ အောက်ထပ်နှစ်ခန်းကဆေးခန်း၊ တတိယထပ်က လူနေ တယ်၊ သူတို့မိသားစုနဲ့ သဲညှာပေါ့ …

“အပေါ်ဆုံးထပ်က ဆေးဂိုဒေါင်တဲ့။ အတွင်းရေ ကားလည်းရှိတယ်ဆိုတော့၊ ညဘက်ကောင်တာထိုင်ရပေမယ့် လုံခြုံမှုရှိပါတယ်။ ပြီးတော့ … ဆရာဝန်ရှိတယ်၊ ဆရာမရှိ တယ်၊ ဆေးခန်းစောင့်လည်းရှိတယ်၊ နောက်ဘာခေါ်လ မသိဘူး မိန်းမတစ်ယောက်ရှိတယ်။ ဆေးထုတ်ပေးကု ကောင်မလေးရှိတယ်”

“အဆင်ပြေနေတယ်ပေါ့”

“ပြေတယ်ခေါ်ရမှာပေါ့၊ မင်းဆီ စာရေးတာမပြန်ဘူးလို့ မင်းက”



“ငါ ရန်ကုန်ကိုထွက်လာတာ သဲညှာနဲ့ မတိမ်းမယိမ်းပဲ။ မင်းကို လာရှာတာ”

“ငါ့ကို”

“အင်းပေါ့ … မင်းပဲ အားကိုးရှိတဲ့ဟာ”

“ပြောပါဦး … စိတ်ဝင်စားလိုက်တာ၊ မင်းပုံစံက အရမ်း စိတ်ဝင်စားဖို့ကောင်းတယ်”

“နေဦး … မင်းက ဒီနေ့အားတာလား”

“အေး … ရောက်ပြီကွ၊ လှမ်းကြည့်ရတာတော့ သဲညှာကို မတွေ့ဘူး၊ သဲညှာ နိုက်ဂျူတီထင်တယ်”

သဲညှာ တာဝန်မဟုတ်ပါ။ သဲညှာ … ညေ့သည် ရောက်ပါသည်ဟု အပေါ်ထပ်သို့ လှမ်းပြောပေးသည်။ သဲညှာ၏ အစ်မဝမ်းကွဲ (ဝမ်းကတော်တော်တော့ကွဲပါသည်)က မင်းမောင်ကို သိသည်။ မင်းမောင် ဝင်ထွက်လည်ပတ်ခွင့်ရှိ၏။

“မောင် …”

နှုတ်ခမ်းသာလှုပ်သွားသည်။ အသံထွက်မလာပါ။ သဲညှာက လမ်းမပလက်ဖောင်းပေါ်ထိ ဆင်းလာ၏။ ဆေးခန်း ထဲမှာ ဒီအချိန်လူကျပ်ပါသည်။

“သဲညှာ”

မိုးခြိမ့်ကတော့ အသံထွက်ပါသည်။

“ဘယ်မှာ အေးဆေးစကားပြောရင်ရမလဲ၊ နင် ထွက်လိုက် ခဲ့ရင်ရမလား”

သက်မဲ့ရုပ်သေလိုဖြစ်သွားကြသည့် ချစ်သူနှစ်ဦး အတွက် မင်းမောင်ကပဲ ပြောပေးရသည်။

www.burmeseclassic.com

"မင်းမောင် ... နင့်ကို အိမ်က သိပေမဲ့၊ နင်နဲ့အပြင်ကို ထည့်လိုက်မှာမဟုတ်ဘူး၊ အိမ်ပေါ်ထပ်ကို ငါ့ညှော်သည်အဖြစ်နဲ့ ခေါ်တင်သွားဖို့လည်း ငါ စိတ်မရဲဘူး"

"အေးကွ ... ငါနဲ့တောင် တစ်ခါတလေမှ တွေ့တာ၊ သူ ညဖက်ကောင်တာထိုင်ရင် ငါက ပျင်းပျင်းနဲ့ လာစကားပြောရင်းတွေ့ရတာ။ ဒါတောင် သိပ်ကြာရင် မကောင်းဘူးလေ။ သဲညှာက နိုက်ဂျူတီကို အခွင့်အရေးယူပြီး ကောင်လေးတွေနဲ့ ရှုပ်တယ်ဖြစ်မှာစိုးလို့"

"သဲညှာ ... နင် ဒီမှာ အဆင်မပြေဘူးလား"

"မြို့မှာထက် အများကြီးပိုပြေပါတယ်"

"နင် လှလာလိုက်တာ"

သဲညှာ မျက်စောင်းထိုးရင်းပြုံးသည်။

"ဒါပေမဲ့ ... ကြည့်ကျက်နေရတာပေါ့။ အနေအထိုင်မတက်ရင် ... ဒီလောက်အနေအထားလေးကနေ စဉ့်ကွက်သွားနိုင်တယ်မဟုတ်လား၊ အပြောမခံရခင် ကြိုတင်ဆင်ခြင်နေလိုက်တော့ ပြဿနာမဖြစ်ဘူး"

"အမျိုးမှလား"

"အမျိုးတော့အမျိုးပေါ့။ ဒါပေမဲ့ ... အမေမှ မဟုတ်တာ။ ကိုယ့်မိဘအိမ်သာ ကိုယ့်အိမ်ကိုယ့်ရာပေါ့ မိုးခြိမ့်ရယ်"

သဲညှာက လူရှေ့သူရှေ့ဆို မိုးခြိမ့်ပဲခေါ်ပါသည်။ မိုးခြိမ့်ညီမလေးနှင့်မှ သူငယ်ချင်းဆိုပေမဲ့ သဲညှာနှင့်မိုးခြိမ့်တို့က အသက်မကွာလှချေ။

"ပြောစရာတွေ အများကြီးပဲ"



"ငါရောပဲ၊ သဲညှာ ... နင် စာထည့်သေးလား"

"ထည့်တာပေါ့၊ ဘာလို့ မပြန်တာလဲ"

"ငါက ရန်ကုန်ရောက်နေပြီ"

"ဒါဆို ... ရန်ကုန်မှာ ကြာပြီပေါ့"

"ကြာပြီ"

"စကားတွေ အရမ်းပြောချင်တယ်ဟာ"

"ညကျ ... ငါ ဖျားပြီးဆေးခန်းလာပြရင်း ပြောကြမလား"

မင်းမောင် စကားကြောင့် ရယ်ရသေးသည်။

"မင်းက ဖျားလို့ရပေမဲ့ ငါက ညဘက်ထွက်လို့ရပါ့မလား မသိဘူး"

"ဘာ ... မင်းကို ချုပ်ချယ်ခွင့်ရှိတဲ့သူက ဘယ်သူလဲ"

"ငါ့အလုပ်ရှင်"

"မဆိုင်တာ"

"ပြောပြရှင်းပြစရာတွေ အများကြီး၊ ဖုန်းဆက်ကြမလား"

"အဲဒါကောင်းတယ် မောင် ... ဒီဆေးခန်းမှာ သူများတွေပြောဖို့ ပြောခယူတဲ့ဖုန်းချထားတယ်၊ အဲဒါနဲ့ ပြောမယ်၊ အလုပ်အားတိုင်း ကောက်ဆက်လိုက်လို့ရတယ်"

"ပိုက်ဆံပေးရမှာလား"

"ပေးရတာကအကြောင်းမဟုတ်ဘူး၊ ခဏခဏဆက်နေရင် ဘာပြောမလဲ မသိဘူး၊ ကိစ္စမရှိဘူး၊ မြို့က သူငယ်ချင်းရောက်တယ်ပြောမယ်။ တခြားလည်းသွားမတွေ့ချင်လို့ ဖုန်းနဲ့ပြောမယ်ဆိုပြီး ပိုက်ဆံထည့်လိုက်လို့ရတယ်"

"တစ်ခုခု လိုက်စားမလား သဲ"

www.burmeseclassic.com

"မစားတော့ဘူး မောင်၊ ဒီနေ့တော့ ဒီလောက်ပဲတွေ့ကြ စို့၊ အားမရလိုက်တာ မိုးခြိမ့်ရယ်၊ စကားတွေ တစ်နေ့လုံး တစ်ညလုံး ပြောချင်တာ"

"ခေါ်နေကျ ... မောင်ပဲ ခေါ်ပါဟာ၊ ငါ့ရှေ့မှာမို့ မိုးခြိမ့်တွေဘာတွေ လုပ်မနေပါနဲ့"

သဲညာ မျက်စောင်းထိုးရင်း ရယ်၏။

"ညမှ ဖုန်းဆက်မယ်၊ မောင့်ဖုန်းနံပါတ်ပေး"

သဲညာကလည်း ... အဖိုးအခယူ၍ ပြောရသော တယ်လီဖုန်းက ဆိုင်နီးနားချင်းတွေလည်း ခေါ်ပေးတာမို့ ဆက်လို့ရသည်ဆိုကာ အဲသည်နံပါတ်ကိုပေး၏။

"ဟင် ... မောင်က ဟဲန်းဖုန်း Hand Phone တွေဘာတွေနဲ့လား"

"ဘာကြောင့်လဲတော့ ငါလည်းမသိရသေးဘူး၊ ဒီကောင် ဘော်ဓာဖြစ်နေတာတော့အမှန်ပဲ"

"သွားတော့ မောင် ... သဲ ပြန်တက်မှကောင်းမယ်"

"အားမရလိုက်တာ ခဏလေး"

"နင့်ကိုယ်စား၊ ငါ တစ်နေ့ကုန် စကားတွေပြောမယ်၊ ဒီကောင်ကျွေးတာတွေ စားမယ်၊ နင့်အချိန်တွေအစား ငါ ဖြုန်းပေးလိုက်မယ်၊ ညကျ ငါလာခဲ့ပါဦးမယ်၊ နင်တို့ ဖုန်းဆက်တာလည်းဆက်ပေါ့၊ ဒီကောင့်အကြောင်း သူ ပြောတာ ငါ တစ်နေ့ကုန်နားထောင်မှာ ...

"အဲဒါတွေ ပြန်ပြောပြမယ်၊ ဆေးခန်း ဘယ်အချိန် လူပါးလဲ"



"ဆယ့်နှစ်နာရီလောက်ဆို ပါးပြီ"

"သေရော ... ငါက ဆယ့်နှစ်နာရီမှ လာရမှာလားဟ၊ ကြည့်ကျက်လဲပြော"

"နင်က နှစ်လမ်းကျော်တင်နေတာပဲဟာ လာခဲ့"

"မင်းမောင် ... မင်းက ဒီနားတင်နေတာလား"

"ဒါပေါ့ ... ဒါကြောင့် နေမကောင်းလို့ နီးတဲ့ဆေးခန်း လာရင်း သဲညာနဲ့ တွေ့တာပေါ့၊ နင်မို့ဆို မင်းကို ဘယ် ပြောပြနိုင်မလဲ"

"ဘယ်သူနဲ့ နေလဲ"

"ငါတစ်ယောက်တည်း"

"ငါ လာနေလို့ရမလား"

"ရတယ်ဆိုတာထက်တောင် ပိုရသေးတယ်၊ ဟော့ကောင် ... တကယ်လား။ ပုံတွေလာပြောမယ် မကြဲနဲ့၊ ငါ ဆွဲထိုးမှာ"

"ငါ စိစဉ်ရဦးမှာ"

"မင်းအကြောင်းတွေ ငါ သိချင်လှပြီ"

"မောင် ... သဲ အပေါ်တက်တော့မယ်"

"အေးကွာ ... ဆောရီး၊ ဒီကောင် မင်းမောင် အလိုက်မသိဘူး"

"အောင်မယ် ကျေးဇူးကန်း"

သဲညာက သူ့အထပ်ပေါ်သို့ လှည့်ကြည့်လှည့်ကြည့် နှင့် တက်ရှာ၏။

"သဲ ..."

www.burmeseclassic.com

မိုးခြိမ့် နောက်မှ ပြေးလိုက်သွားသည်။ အပြင်လေှကား သုံးထစ်လောက် တက်ရသေးသည့် သဲညာက ရပ်စောင့်၏။

"မောင် ..."

"ချစ်သေးတယ်မဟုတ်လားဟင်"

"မေးစရာလား မောင်ရယ် ... သဲက မေးချင်တာ"

"သိပ်ချစ်တယ်"

"သဲရောပဲ၊ သွားမယ်နော်"

လှေကားပေါ်တက်သွားသည့် သဲညာကို မျက်စိတစ်ဆုံး စောင့်ကြည့်နေလိုက်သည်။ ရေစက်မှန်လို့ ပြန်တွေ့ကြရသည်ဟု ယုံလိုက်သည်။

"ဟော့ကောင် ... ဘာလိုက်မေးတာလဲ"

မင်းမောင်က လှေကားရင်းသို့ လိုက်လာသည်။

"ဟီး"

"သြော် ... ပေါက်ပြီ။ သဘော၊ သဘော"

"ချစ်နေတုန်းပဲလားလို့မေးတာ"

"အေးပါ ... သောက်မြင်ကြီးကတတ်လိုက်တာ"

"မင်းမှ ကိုယ်ချင်းမစာနိုင်တာ"

"စာနိုင်ကယ်ကွ။ စာပြီးလို့ ပြုတ်တောက်သွားပြီ"

"ဘာပြောတာလဲ"

"ညည်းတေးတစ်ယောက်ရတယ်ကွ။ ငါ့ကုမ္ပဏီက စာရေး။ ငါက ယာဉ်မောင်း၊ ကြိုက်တုန်းကတော့ သဲကြီးမဲကြီးပဲ၊ ဒါပေမဲ့ ကွန်ပျူတာကိုင်တဲ့ ငနဲက ဝင်ဆွဲလို့ ပါသွားပါလေရော။ မင်္ဂလာတောင်ဆောင်ပြီးပြီ။ ဘုန်းကြီးကျောင်းမှာ



ဆွမ်းကျွေးတယ်။ ငါ့ဆီ ဖိတ်စာပို့တယ်ကွ။ ရက်စက်မှုမှာ ကမ်းကုန်ပဲ"

"လက်ဖွဲ့ကောင်းကောင်းပို့လိုက်ပေါ့ကွာ"

"ဘာရမလဲ ... လမ်းဘေးက တီရှပ်တစ်ထည် ဝယ်တယ်။ ထောင့်ငါးရာပေးရတယ်ကွ။ အဲဒါ ထုပ်ပိုးသွားပို့ပြီး၊ ထမင်းနဲ့ဟင်းနဲ့ သေချာစားခဲ့တယ်။ ရေခဲမုန့်လည်း စားခဲ့တယ်။ လက်ဖက်လည်း စားခဲ့တယ်။ ထောင့်ငါးရာတော့ တန်သွားတာပဲ"

"ဒီကောင်ကွာ ..."

သူငယ်ချင်းကို ဖက်၍ ဆန်နီလေးဆီသို့ လာခဲ့ကြတော့သည်။

"အစားအသောက်တွေ ဝယ်မယ်၊ ပြီးရင် ငါ့အခန်းပဲသွားမယ်၊ စကားတွေပြောမယ်၊ မိုးချုပ်မှ ပြန်ရမယ်။ မပြန်လို့ရရင် ညဆက်အိပ်၊ အစီအစဉ်ကောင်းလား"

"ဒီထက်ဂွဒ် Goodတဲ့ အစီအစဉ်တောင် ဒီအစီအစဉ်လောက် မဂွဒ်ဘူး"

ပြောမည့်သာပြောရ ... လက်ကိုင်ဖုန်းပါလာခဲ့သည်မမ ဘယ်အချိန်လှမ်းဆက်ပြန်ခေါ်မည် မသိရချေတကား။

❤ ✻ ❤

www.burmeseclassic.com

၁၀

ဩော် ... မောင်ရယ်။ ဓောင်းထဲက လွတ်လိုက်
မြင်းမှာ တောင်ပံတစ်စုံများ အပိုပါသွားသလားထင်ပါရဲ့။

မေနွေးထွေးက သူ့အခန်းထဲရှိ ဒရင်းဘက်ပေါ်မှ
ပြေပြေလျောလျောလေး လှဲ၏။ အပုလေးက အနားမှာ။ အခန်းပ
ဦးသောင်းထွန်းက ဘာလုပ်ပေးရမလဲ ... ဟူ၍ လှမ်းကြည့်နေ၏။

"နေကောင်းရဲ့လား မမ"

"ကောင်းတော့ကောင်းပါတယ်။ သိပ်လည်းမကောင်း
ဘူးပေါ့ ကိုသောင်းထွန်းရယ်။ ဝင်ခဲ့ပါလား၊ အပု
လည်းရှိတာပဲ"

ဟိုးအရင်တွေတုန်းက ... အနားမှာ ဘယ်သူရှိ
မရှိရှိ၊ ဦးသောင်းထွန်းက မေနွေးထွေး အခန်းထဲသို့ တံခါးမ
ခေါ်မရှိဝင်၏။ လုပ်ကိုင်ဆောင်ရွက်ဖွယ် ဝေယျာဝစ္စတွေကို လုပ်
၏။ ဆေးတိုက်စရာရှိတိုက်၊ အစားချော့ကျွေးတန်ကျွေး၊ ကုလာ
ထိုင်ပေါ်မှ နတင်ပေါ်သို ပြောင်းချင်လျှင် ထူတွဲပေး ... အဲဒါမျိ
ကွေ လုပ်ခဲ့ပါသည်။



"ကိုသောင်းထွန်း ... ပြောရမှာ အားတော့နာတယ်။ အကယ်ဒမီမေနွေးထွေးဆိုတာ ကိုယ့်ကျင့်တရားနဲ့ ပတ်သက်လာရင် သူများလက်ညှိုးထိုးမခံခဲ့ရဖူးဘူး။ ကိုသောင်းထွန်းက မမအပေါ် စေတနာထားပြီး ကိုယ့်အလုပ်ရှင်အပေါ် တာဝန်ကျေတာ မမ သိပါတယ် ...

"ဒါပေမဲ့ ... မင်းသမီးနဲ့သူ့မန်နေဂျာဟာ အိပ်ခန်းထဲထိ ဝေယျာဝစ္စ ဝင်ဆောင်ရွက်တယ်ဆိုတာ မသင့်တော်ဘူး မဟုတ်လား။ ကျေးဇူးလည်းတင်ပါတယ်။ အပုလေးမရှိရင် မမကို ဘာမှ လာလုပ်မပေးနဲ့တော့"

စကားကို ချိုချိုသာသာ ပြောပေမဲ့ မျက်နှာထားကတင်းသည်မို့၊ ဦးသောင်းထွန်း ဆင်ခြင်တော့သည်။ အကယ်ဒမီမေနွေးထွေးဆိုတာ ဘယ်တုန်းကမှ ဘယ်သူနှင့်မှ လူမှုရေးဖောက်ပြန်တာ၊ လူမှုကိစ္စရှုပ်ထွေးတာ၊ ကိုယ်ကျင့်တရားပျက်စီးတာမျိုး မရှိခဲ့ပါ။

ဒါကို ဦးသောင်းထွန်း အသိဆုံးပါပဲ။

"မေနွေးထွေးက သူ့ကို စင်တင်တဲ့ ဒါရိုက်တာရဲ့ အိမ်မှာ ပဲနေတာလေ စဉ်းစားကြည့်ပေါ့"

အဲသည် အတင်းစကား (တစ်ချိန်တုန်းက) လှိုင်ခဲ့ဖူးပါသည်။ သူ့ချစ်သူ မောင်မောင်နှင့် ပြဿနာတက်ရတာလည်း ဒီကိစ္စကြောင့်ပဲဖြစ်၏။ မေနွေးထွေးနှင့် ဒါရိုက်တာ ဘယ်လောက်ဖြူစင်ကြတယ်ဆိုတာကိုလည်း ဦးသောင်းထွန်း အသိဆုံးပင်။ မေနွေးထွေးဟာ ချစ်စရာကောင်းသလောက် လေးစားဖွယ်လည်းကောင်းလှ၏။ နုလို ကျန်းမာရေးချို့တဲ့စွာ ... ရုပ်ရှင် ဗီဒီယိုလော

www.burmeseclassic.com

ကမှ စောစောစီးစီး နားလိုက်ရတာကိုပင် ဦးသောင်းထွန်းမှာ ကိုယ့်မင်းသမီးလေးအတွက် သနားမဆုံးဖြစ်ခဲ့ရပါသည်။

နောက်ဆုံး ... အဲသည် ဒါရိုက်တာနှင့်ပင် လက်ထပ်ဖြစ်တာတော့မှန်ပါသည်။ လက်ထပ်ချိန်ထိ ... မေနွေးထွေး ဘဝလေး ဖြူစင်ခဲ့ပါသည်။

"ကျွန်မမှာ လျှောက်စရာလမ်း ... ရွေးစရာနစ်ခု မရှိပါဘူး ကိုကြီးရယ်"

မေနွေးထွေး ကိုယ်တိုင်(လေးစားအားကိုးစွာ) လက်ထပ်ဖို့သဘောတူခဲ့တာဖြစ်၏။ ရုံးမှာလက်မှတ်ထိုးသည်။ မိတ်ဆွေရင်းခြာနည်းနည်းပါးပါးကို ညနေစာဖြင့် (ခြံထဲမှာပင်) ကျွေးမွေးဧည့်ခံသည်။ တခမ်းတနား လူသိနတ်ကြား မလုပ်ဖြစ်ခဲ့တာကတော့ မင်းသမီးအတွက် ငဲ့ညှာခြင်းသက်သက်သာဖြစ်တော့သည်။

ခုတော့ ... မေနွေးထွေး ကိုယ်တိုင်က အခန်းထဲ ဝင်ခဲ့ဝါဆို၍ ဦးသောင်းထွန်း ဝင်လာခဲ့သည်။ မလှမ်းမကမ်းမှာ ထိုင်သည်။

"မမ ... ဘာဖြစ်လဲ"

"စကားတွေ အများကြီးပြောချင်လို့ပါ"

"ပြောပါ ... ကျွန်တော် နားထောင်မယ်"

အပုလေးက မေနွေးထွေး၏ ခြေသလုံးကြောလေးများကို ဖောင်ပါးပေါ်မှပင် ဖွဖွနှိပ်နေ၏။

"မမလေ ... မောင့်ကို သိပ်ချစ်ခဲ့တာ ... ဟိုအရင်တုန်းက မောင်ကို ပြောဖူးတာ၊ ကိုသောင်းထွန်း သိလားဟင်၊ ကိုကြီးကတော့ သိပါတယ်"



"ကျွန်တော် သိပါတယ်"

"မောင်ကလည်း မမကို သိပ်ချစ်ခဲ့တာ မမယုံပါတယ်။ ဒါပေမဲ့ ... မမကို သိပ်ချစ်တယ်ဆိုတဲ့ မောင်ဟာ မမရဲ့ ကိုယ်ကျင့်တရားကို ဘာဖြစ်လို့များ ယုံကြည်မပေးနိုင်ခဲ့တာလည်း မသိဘူးနော်"

"လူအမျိုးမျိုး စိတ်အထွေထွေပေါ့ မမရယ်"

"ကိုသောင်းထွန်းဟာ ကိုကြီးရှိတုန်းကလည်း ကိုကြီးမန်နေဂျာ၊ မမ မင်းသမီးဖြစ်လာတော့လည်း မမရဲ့ မန်နေဂျာဆိုတော့ မမအကြောင်း ... ကိုသောင်းထွန်း အသိဆုံးပဲ"

"ကျွန်တော် သိပါတယ်"

"မမမှာ ကဲ့ရဲ့ပြစ်တင်လောက်ဖွယ် အကျင့်စရိုက်ရှိလားဟင်"

"မရှိပါဘူး မမ"

"ဒါကို မယုံနိုင်ရာတဲ့ မောင်ဟာ အသေးဆိုးနဲ့ သေရာတယ်။ မောင့်ကို သနားလိုက်တာ"

မေနွေးထွေး ... မျက်ရည်ပေါက်ခနဲကျလေ၏။

"စိတ်မကောင်းစရာတွေပြောရင် နေမကောင်းဖြစ်လာဦးမယ် မမရယ်။ တခြားအကြောင်းပြောပါလား"

"မောင့်အကြောင်းပဲပြောချင်တယ်။ မောင့်ကိုချည်းတမ်းတနေတဲ့အတွက် ကိုကြီးအပေါ် သစ္စာဖောက်ရာရောက်လားဟင် ... ကိုသောင်းထွန်း ဘယ်လိုထင်လဲ"

ဦးသောင်းထွန်းက မေနွေးထွေးကို လှစ်ခနဲ တစ်ချက်စိုက်ကြည့်၏။ ပြီးတော့ ... ချက်ချင်း မျက်နှာလွှဲလေ၏။

www.burmeseclassic.com

"ကိုကြီးသာ ဒီကမ္ဘာမှာ ရှိနေသေးရင်လည်း၊ မမက မောင့်အကြောင်းကို ဒီလောက်ပြောမနေပါဘူး။ ခုတော့ ... ဘယ်သူမှမှ မရှိတော့ကြတာချင်းတူတူမှာ၊ မမ ဘယ်သူ့ အကြောင်းပြောပြော၊ ငရဲမကြီးပါဘူး မဟုတ်လား"

ဦးသောင်းထွန်း ခေါင်းခါ၏။

"ခု ... အသစ်ရောက်လာတဲ့ မောင့်အကြောင်း ပြောရဦး မယ်။ ခုမောင်က အရင်မောင်နဲ့ မတူဘူးလား"

"အမြွာလိုချွတ်စွပ်တော့ မတူပါဘူး"

"ဒါပေမဲ့ ... ညီအစ်ကိုအထက်အောက်၊ တစ်မိဘတည်းက မွေးခဲ့တာလို့ပြောရင် ရနိုင်မယ်မဟုတ်လား"

"ရနိုင်ပါတယ်"

"ခုမောင်က အရင်မောင်ထက် အများကြီး ပိုငယ်တော့ လေ ... မမ မောင့်ကို ချစ်တာ၊ ကိုသောင်းထွန်းတို့က တော့ ဘယ်လိုထင်မလဲမသိဘူး၊ အရင်တုန်းက မောင်ကို ချစ်ခဲ့တာ ချစ်သူလိုတစ်မျိုးတည်းချစ်တာ၊ သိပ်ချစ်ခဲ့တာ ...

"ခုမောင်ကိုကျတော့ နည်းမျိုးစုံနဲ့ ချစ်ရတာ။ မမရဲ့ မောင်အငယ်ဆုံးလို၊ သားလေးလို တူလေးလို၊ ကိုယ် ပွဲ့ပို့ ဖေးမရတဲ့ ကလေးသူငယ်လေးလို၊ ရင်ခွင်ထဲမှာ ထွေးပွေ့ ထားချင်တယ်။ သူ့အလိုလိုက်၊ သူ့အကြိုက်ဆောင်ပြီး သူ့အတွက်ဆိုရင် အကောင်းဆုံးတွေချည်းလုပ်ပေးချင် တယ်။ အဲဒီလောက်ကိုချစ်တာ၊ မမ သိပ်ချစ်တာပဲ ကိုသောင်းထွန်းရယ်"



ရုပ်သေကြီး မျက်နှာကွက်ခနဲ ပျက်လေ၏။ သို့ပေမဲ့ အပြောင်းအလဲက မြန်လွန်းသည်မို့ သတိထားမိလိုက်ဖို့ပင် အချိန် မရပါ။

"ချစ်သူလေးလိုလည်း ချစ်တယ်။ ဒါပေမဲ့ ... မမ လက် မထပ်ချင်ပါဘူး။ သူက လူပျိုနုနုထွတ်ထွတ်လေး။ မမက မုဆိုးမ"

ဦးသောင်းထွန်း ခေါင်းငုံ့နေ၏။

"ဒါပေမဲ့ ... ဒီကောင်လေးက မမကို ချစ်ပုံမရဘူး၊ မမ အလိုလိုက်ပြုစုနိုင်လွန်းလို့သာ အောင့်အည်းနေရတဲ့ပုံ၊ မမ အနားက ထွက်ပြေးသွားဖို့ပဲ စိတ်ကူးနေပုံရတယ်။ အဲဒါ ... မမကို ကူညီပါ ကိုသောင်းထွန်းရယ်"

ဦးသောင်းထွန်း မျက်နှာပြန်မော့လာ၏။

"မောင့်ကိုလေ ... မိုးခြိမ့်ညံ ဆိုတဲ့ ကောင်လေးကိုလေ၊ မမကို ချစ်ချင်ချစ်၊ မုန်းချင်မုန်း၊ မမ နားကတော့ ထွက် မပြေးပါနဲ့လို့ ပြောပေးပါ။ တစ်မိုးအောက်မှာ ဒီကောင် လေးနဲ့ မမနဲ့ ရှိနေကြတယ်ဆိုတဲ့ အသိစိတ်ကလေးနဲ့တင် မမ ရောင့်ရဲပျော်ရွှင်နိုင်ပါတယ်"

ဦးသောင်းထွန်းက အပုလေးကို လှမ်းကြည့်၏။ စကားတွေ အပုလေးတို့လိုမျိုး အလုပ်သမားတွေ မကြားစေ ချင်ပါ။ တစ်ဆိတ်ကို တစ်အိတ်လုပ်လျက် စကားတွေကားကုန် နိုင်သည်။ လူဆိုတာမျိုးကလည်း ကိုယ်သိတာလေးတစ်ခုရှိလျှင် ပုံကြီးချဲ့လျက် သာသာထိုးထိုးကလေးနှင့် အာဝဇ္ဇန်းရွှင်ရွှင် ပြော မှကျေနပ်တတ်သည့်အမျိုး။ ဘာမျှ မဟုတ်သည့်အကြောင်းအရာ

www.burmeseclassic.com

လေးတစ်ခုပေမဲ့ တစ်နားဝင်တစ်နား တစ်ပါးစပ်ထွက်နှင့် ရောမအကြောင်းအရာကြီးတစ်ခုထိ ဖြစ်သွားနိုင်ပါသည်။

ခက်တာက ... အပုလေးသွားတော့ ... ဟုပြော လိုက်ဖို့ကျတော့လည်း မမအထင်လွဲဦးမည်။ မမ ကြိုက် မဟုတ်ချေ။ မမက မိုးခြိမ့်ညံအတွက်ပဲ စိတ်ထဲရှိသလို၊ ဦးသော ထွန်းအဖို့ကျတော့ မမအတွက်ပဲ စိတ်ထဲရှိသည်။ မမ ပျော် ပြီးရော၊ မမ စိတ်ချမ်းသာဖို့၊ မမ နေကောင်းဖို့၊ မမ လှ လေး ဖြီးလိမ်းပြင်ဆင်ကာ ကြော့ကြော့ရှင်းရှင်းလေး ပြုံးရွှင် သည်သာ ဦးသောင်းထွန်းအတွက် တစ်ဘဝစာ၊ တစ်သ အရေးကိစ္စကြီးဖြစ်တော့၏။

"ကောင်လေး ... ဒီနေ့ ပြန်မှလာပါ့မလား"

"လာမှာပါ"

"ခုချိန် ... သူ ဘာတွေလုပ်နေမယ်ထင်လဲဟင်"

"ရန်ကုန်မြို့ထဲမှာ ကားလျှောက်မောင်းနေမှာပေါ့။ လူ ပဲ မမရဲ့၊ မရောက်ဖူးတဲ့ နေရာတွေ လျှောက်သွား ပေါ့"

"ထမင်းဆာရောပေါ့နော်"

"ပူစရာလား မမရဲ့၊ ဝယ်စားမှာပေါ့"

"ဆိုင်ထမင်းဆိုင်ဟင်းတွေက လတ်ဆတ်ပါ့မလား။ ဟင်း ... ရောင်းမကုန်ရင် ဘယ်သူက သွန်ပစ် နောက်တစ်နေ့မှာ ပြန်နွှေးပြီးရောင်းမှာပေါ့"

"သူ့မှာ နှာခေါင်းပါတာပဲ၊ သိုးနံ့ထွက်ရင် မစားဘဲ ပေါ့"



"သူက အားနာပြီး သိုးတယ်ပြောဖို့ဝန်လေးတာနဲ့ သည်း စားချင်စားမှာ"

"မထင်လိုက်တာ၊ ဒီကောင်လေး ဒီလောက်စိတ် ကောင်းရှိရင်၊ မမနားကပ်ပြီး ဂျစ်ကန်ကန်လုပ်နေမလား" ... ပြောချလိုက်ချင်၏။

ဦးသောင်းထွန်း၏ အမြင်မှာတော့ မိုးခြိမ့်ညံ ဆိုသည့် ကောင်းလေးဟာ မျက်မှန်းကျိုးဖွယ်။ သူကပဲ ဂျိဂျကျောင်း က အရေးပေးလေ ... သူက မွန်းကျပ်သတဲ့။

"သူ ... ဘယ်ကိုမှ ထွက်မသွားအောင် ကိုသောင်းထွ ပြောပေးနော်"

"ပြောပေးပါမယ်"

"သူ့ကို ဘာဝယ်ပေးရင်ကောင်းမလဲ"

"မမ ... သိကြားမင်းစားတဲ့ နတ်သုဒ္ဓါကို တာဝတိံသာ တက်ပြီး ဝယ်ကျွေးပါလား"

မနွှေးထွေး ရယ်ရှာပါလေ၏။ အပုလေးပင် ခိ ရယ်၏။ ဦးသောင်းထွန်းက စိတ်တိုတိုနှင့်ပြောပြီးမှ သူပါ ရယ် ချင်စိတ်ဖြစ်ကာ ရောရယ်တော့မှ မမရဲ့ မချိရယ်လေး အရောင် လက်ရှာသည်။

"သူက တနင်္ဂနွေတိုင်း ထွက်လည်ချင်တာ ကိုသောင်းထွန်း ရဲ့"

"သွားပစေပေါ့ မမရဲ့၊ သူက ယောက်ျား၊ ပြီးတော့ လူငယ်"

"ကိုသောင်းထွန်းလည်း ယောက်ျားပဲ"

www.burmeseclassic.com

"ကျွန်တော်ကအသက်ကြီးပြီး လူငယ်စိတ်နဲ့ လည်ချင်ပတ်ချင်စိတ် မရှိတော့ဘူး၊ ပြီးတော့ ... မမအတွက် လိုအပ်သမျှ လုပ်ပေးနေရမဲ့ မမ မန်နေဂျာလေ။ ကျွန်တော်က မမကို ပစ်ထားခဲ့ပြီး လျှောက်သွားနေလို့ ရတဲ့သူမှ မဟုတ်ဘဲ"

"ပစ်ထား ...။ ဟုတ်တယ်။ အဲဒီစကားလုံးလေးလှတယ်။ မောင်က မမကို ပစ်ထားချင်တာ။ မောင်ဟာ မမကို မချစ်ပါဘူး။ ခုဆို ... သူ့ရည်စားဟောင်းလေးနဲ့များ ပြန်တွေ့နေပလား မသိဘူး၊ မမ ဝမ်းနည်းလိုက်တာ၊ ရင်ထဲကလည်း တုန်တယ် ..."

"ကိုသောင်းထွန်း မမကို ကယ်ပါဦး၊ မမ မောပြီ"

အပုလေးက လက်ဖျားတွေလျှောက်ဆုပ်၏။ ဘာလုပ်ရမှန်းမသိသည်မို့ လုပ်မိလုပ်ရာလုပ်ခြင်းပါ။ မေနွေးထွေးက တကယ့်ကို ကတုန်ကယင်ဖြစ်လာသည်။ ချွေးစေးတို့ဖြင့် အေးစက်၏။

"မမ"

ဦးသောင်းထွန်းက စိတ်ပူစွာခေါ်၏။

"အပုလေး ... ဆရာ့ဆီ ဖုန်းသွားဆက်"

အပုလေး ပြေးထွက်၏။

မေနွေးထွေး မောနေရှာသည်။ ရင်ထဲမှာ မကောင်းလိုက်တာ။ နေလို့မကောင်းဘူးဆိုတာ ဒါပါပဲ။ နေလို့ကို မကောင်းတာ။ ဘယ်လိုနေလို့မှမကောင်းတာ။ မောလည်းမော၊ မူးလည်းမူး၊ ရင်တွေလည်းတုန်၊ ဗိုက်ထဲကတောင် ဆာသလိုလို၊ ဟုတ်သားပဲ၊ ထမင်းမှမစားရသေးတာ။



ကောင်လေးရယ် ... မင်းတော့ စားပြီးလောက်ရောပေါ့။ မင်းက မမမပါတဲ့ ထမင်းဝိုင်းကိုလည်း မြိန်နိုင်မဲ့ ကောင်လေး။ မမက မင်းမပါတဲ့ ထမင်းပွဲမှာ ထိုင်ကိုမထိုင်ချင်တာ။ မောင့်မျက်နှာ ချောချောလေးကို ငေးရင်းနဲ့မှ ခံတွင်းတွေ့တာ။ ချစ်တယ်ဆိုတာ အရမ်းဆန်းကြယ်တယ်နော် ...။ ရင်ထဲမှာ မေတ္တာတွေ၊ စေတနာတွေ၊ အကြင်နာတွေနဲ့ ပြည့်လျှံဖိတ်စီးပြီး ချစ်သူအတွက် မွန်းကျပ်၊ နက်ရှိုင်းစွာ၊ အနိုင်းမဲ့စွာ ခံစားနေရတဲ့ ပီတိလေး။ အဲဒါအချစ်ပဲ။ ဟုတ်တယ်။ မင်းကို မမ သိပ်ချစ်တာပဲ ကောင်လေးရယ်။

အချစ်ကို ထောင့်ငါးရာနဲ့ ငါးရာနှစ်ဆယ့်ရှစ်ရယ်လို့ သရုပ်ခွဲကြတယ်။ မင်းကိုလေ ... မမက ထောင့်ငါးရာနဲ့လည်းချစ်တယ်။ ငါးရာနှစ်ဆယ့်ရှစ်နဲ့လည်းချစ်တယ်။ ပြီးတော့ ... ဘယ်လိုအမျိုးအစား အချစ်တွေရှိသေးလဲ။ လာခဲ့ပါ။ အဲဒါတွေအားလုံးနဲ့ မင်းကို မမ ချစ်မယ်။ မင်းရှိမှဖြစ်မယ်။ မမ ဘဝထဲက ထွက်မသွားပါနဲ့။ မွန်းကျပ်နေတဲ့ အခန်းကျဉ်းလေးထဲမှာ အချစ်တွေဟာ အခိုးအငွေ့အဖြစ်နဲ့ လွင့်ပျံနေမယ်ဆိုရင် မင်း အသက်ဝဝမရှူနိုင်ဘူးလား မောင်ရယ်။

မမဖြင့် ... အဲဒီလို မွန်းကျပ်လှောင်ပိတ်စွာ ချစ်တတ်လှချီရဲ့။ အဲဒီလို မွန်းကျပ်လှောင်ပိတ်စွာ အချစ်ခံချင်လှချီရဲ့။ ဒီလိုအချစ်မျိုး မမ ရဖူးပါတယ်။ ခံစားဖူးပါတယ်။ ကိုကြီးလေ။ မမရဲ့ ကျေးဇူးရှင်။ မမကိုများဆို ရင်ခွင်ထဲမှာ အမြဲ ပွေ့ထားမလောက်ကို ချစ်ရှာတာ၊ အဲဒါကို မမ အသိအမှတ်ပြုခဲ့တယ်။ နားလည်ပေးခဲ့တယ်။ ကိုကြီးက မမကို ချစ်ခဲ့ဖူးသလို၊

www.burmeseclassic.com

မင်းကို မမက ချစ်တာ၊ ကွယ်လွန်သွားပြီဖြစ်တဲ့ "မောင်"ထက်၊
မင်းကို မမက အဆပေါင်းများစွာ ပိုချစ်နေတာ၊ မင်းက အသ
အမှတ်ပြုမပေးနိုင်ဘူးလား၊ နားလည်မပေးနိုင်ဘူးလား ကော
လေးရယ်။

ကိုကြီးရဲ့ ဝဋ်ကြွေးတွေလည်တာလို့ ပြောရအော
ကလည်း၊ မမက ကိုကြီးရဲ့အချစ်ကို ပြန်လည်လေးစားပေးခဲ့တ။
မထေမဲ့မြင် လုပ်ခဲ့ပါဘူး၊ နွဲ့ဆိုးနဲ့တောင် ဂျစ်ကန်ကန် မလုပ်ခဲ့
ပါဘူး။ ကိုကြီး အချစ်ကိုမီအောင် ပြန်မချစ်နိုင်ခဲ့ပေမဲ့ ကိုကြီးရဲ့
အချစ်ရိပ်မှာ ကြည်နူးကြည်မွေ့ပြခဲ့ပါတယ် ကောင်လေးရယ်။
ကိုကြီး စိတ်ချမ်းသာနေအောင် နေပေးခဲ့ပါတယ်။ အဲဒီကုသိုလ်
အကျိုး၊ စေတနာအကျိုးလေးမှ မမ ပြန်မခံစားရဘူးလားကွယ်။
ခံစားခွင့်မရှိရဘူးလား မောင်ရယ်။

မမနဲ့ ဝေးရာမှာ အတောင်တပ်ပြီးများ ပျံဝဲနေ
သလား။ ရွယ်တူတန်းတူ အချစ်ကလေးတွေ လိုက်ရှာနေသေးလား။
မမ ခွင့်မပြုဘူးနော် ... မောင်။ မောင် ... ချစ်သူ ရလာတဲ့နေ့ပာ
သုံးလောင်းပြိုင်ပဲ။ မောင့်ကိုလည်း သတ်မယ်၊ မောင့်ချစ်သူကို
လည်း အရှင်မထားဘူး။ မမလည်း မကျန်ရစ်စေရပါဘူး။ မော
သတိထားနော်၊ မမက အချစ်ကြီးတော့ အမျက်ကြီးတတ်တယ်။
ပြောမယ်သာပြောရတာပါ မောင်ရယ် ... မောင့်ကို အမျက်မကြီး
ရက်ပါဘူး။ ချစ်တာပဲ သိပါတယ်။ ရင်ပွင့်လုနီးပါး ချစ်နေတာကို
ပဲ သိပါတယ်။ မလုပ်ရက်ပါဘူး မောင်။ မမက အရှုံးသမား။

အချစ်လွန် အရှုံးသမားကို သနားပါ မောင်ရယ်။
မမကို ပစ်မသွားပါနဲ့။ မချန်ခဲ့ပါနဲ့။ မမနေတဲ့ ဒီအဆောက်အအုံ



တစ်နေရာမှာ မောင် ရှိနေတယ်ဆိုတဲ့ သိစိတ်ကလေးခံစားရရင်
တောင် နေပျော်ပါပြီ။ ရောင့်ရဲလိုက်ပါပြီ။ မမ မျက်စိရှေ့မှာ
လာမနေချင်လည်းရပါတယ်။ မမကို မချစ်ချင်လည်းရပါတယ်။
တစ်ခုပဲ တောင်းပန်မယ် မောင်ရယ်။

မမနားက ထွက်မသွားပါနဲ့။

နောက်ထပ် အခွင့်အရေးတစ်ခု ထပ်ရဦးမယ်ဆိုရင်၊
မောင် ပေးနိုင်ဦးမယ်ဆိုရင်လေ ... မမ တောင်းဆိုမယ်နော် ...
မမကို မမုန်းလိုက်ပါနဲ့ မောင်။ မမ တောင်းပန်ပါတယ်။ မမကို
သနားပါ။ ချန်မထားခဲ့နဲ့နော်။

အသက်ရှူရချောင်သွားသလို ခံစားရသည့်မို့၊ မျက်
လုံးစုံပိတ်ထားပေမဲ့၊ အတွေးတွေထဲ လွင့်ပျံ့ဝဲနေပေမဲ့၊ ဆရာဝန်
ရောက်ပြီ၊ အောက်စီဂျင်ပေးပြီဆိုတာ သိလိုက်ပါသည်။ ဘောက်
တက် ... ဘောက်ဘက်နှင့် လှိုင်းထန်ခုန်လှုပ်နေသည့် ရင်ဘတ်
ကြီး နည်းနည်းငြိမ်သွားသလား ခံစားရသည်။ မောတော့မောသား။
တာပဲဖြစ်ဖြစ်၊ ဝေဒနာဆိုတာ ဆိုးဝါးသောခံစားခြင်းတစ်မျိုး။
မောင့်ကိုသာ ချစ်ခွင့်ရရင်၊ မောင့်ရဲ့ချစ်ခွင့်ကို ပြန်ရမယ်ဆိုရင် ...
ထက်အဆတစ်သိန်းလောက်ဆိုးတဲ့ ဝေဒနာတောကြီးထဲတောင်
ဝင်တိုးလိုက်ချင်ပါသေးရဲ့၊ အောက်စီဂျင်မလိုပါဘူး မောင်ရယ်။

"မွှေးထွေးလေး ... မလုပ်နဲ့လေ"

နာခေါင်းမှပိုက်ကို ယောင်ရမ်းဆွဲဖြုတ်မိသည်ထင်ပါ
ရဲ့။ ဘယ်သူ တားလိုက်တာလဲ။ ကိုသောင်းထွန်းလား။ အသံက
တော့ သူ့အသံပဲ။ ခေါ်နေကျ ... မမ မခေါ်ဘဲ ... မွှေးထွေး
လေးတဲ့။ ယောင်ရမ်းထွက်သွားတာဆိုလည်း နောင်ကို ဆင်ခြင်ပါ

www.burmeseclassic.com

ကိုသောင်းထွန်းရယ်။ မောင် အထင်လွဲပါ့မယ်။ ခုတော့ ... မောလို့ မပြောနိုင်သေးဘူး။ အမောပြေရင်တော့ အရင်ဆုံးပြောမဲ့ စကားဟာ ...

"ကိုသောင်းထွန်း ... မမလို့ပဲ ခေါ်ပါ" ... လို့။

အဲဒါအရင်ဆုံးပြောဖို့လိုသလား။ တကယ်တမ်း အရင်ဆုံးပြောချင်တဲ့စကားရှိပါသေးတယ်။

"မောင်ရေ ... ပြန်လာပါ"

❤ ❊ ❤

"လွမ်းလိုက်တာ အသဲရယ်"

သဲညွှာက သူ့အိမ်ကို ဘယ်လိုပြောပြီး ထွက်လာနိ ခဲ့သည်မသိပါ။

"ဘယ်လိုပြောခဲ့လဲ" ... ဟူ၍လည်း မေးမနေချ တော့ပါ။ သဲညွှာ ... လမ်းထွက်ခွင့်ရဖို့အရေးဆိုတာ၊ ကိုယ့်အိမ်ရ ဆိုသည့် ဆွေးမျိုးသားချင်းကို ညာခဲ့ရမှာဖြစ်သည်။

"ဘယ်မှလဲ လျှောက်မသွားချင်ဘူး မောင်၊ စကားတွေ တဝကြီးပြောချင်တယ်။ မောင်နဲ့ သဲနဲ့ ဝေးနေကြတဲ့အချိ တွေအတွင်းမှာ မောင် ဘာဖြစ်နေလဲ၊ ဘာတွေလုပ်နေ လဲ၊ သဲ ဘယ်လိုရုန်းကန်လှုပ်ရှားရသလဲဆိုတာတွေ ပြော ကြမယ်"

**မင်းမောင်၏ တိုက်ခန်းမှာ ဆုံကြသည် ... ဆိုရ မှာ သဲညွှာအတွက် အန္တရာယ်ကြီးလှပါသည်။**



"ကိုမင်းမောင် ... ဘယ်ကိုမှ ထွက်မသွားပါဘူး၊ ရှောင်မပေးပါဘူးလို့ ကတိပေးပါ။ ကျွန်မတို့ ရှင့်အခန်းလေးမှာပဲ တစ်နေ့ကုန်စကားပြောချင်တယ်" ... ဆိုတော့ ...

မင်းမောင်က ... အေးပါဟာ ... တဲ့။

"နင်တို့လာမယ်ဆိုလို့ ငါ မနက်အစောကြီးကတည်းက ထမင်းချက်ထားတယ်။ ပဲပြုတ်တွေ ဝယ်ထားတယ်။ ဘဲဥ ကြော်ထားတယ်။ ဝက်အူချောင်းကြော်ထားတယ်။ ရေနွေး ကြမ်းနှပ်ထားတယ်၊ အဲဒါ ငါလုပ်တတ်တာအကုန်လုပ် ထားတာပဲ"

သူငယ်ချင်းသုံးယောက် ရယ်ကြရသည်။ အိမ်ရှေ့ခန်း မှာပဲ သုံးယောက်စလုံး ထိုင်ကြသည်။ သဲညွှာက သူ့အတွေ့အကြုံ လေးတွေပြောပြ၏။

"အဆိုးကြီးမဟုတ်ပေမဲ့ ... အကောင်းကြီးလည်း မဟုတ် လှဘူး မိုးခြိမ့်ရယ်။ မြို့က ကြီးတော်ပေးစားမဲ့ ယောကျ်ား ကို မယူချင်တာနဲ့ ရန်ကုန်က ကြီးတော်နောက်ကို ခွန့် လိုက်လာခဲ့တော့၊ ဒီရန်ကုန် ကြီးတော်နဲ့ တစ်ခုခုပြဿနာ ဖြစ်ရင် ကိုယ့်မြို့ကိုယ် ပြန်လို့လည်းမရတော့ဘူး ...

"အစ်မအိမ်ထောင်မကျခင်က သိပ်မဆိုးပါဘူး၊ အစ်မဆို တာ ကြီးတော်ရဲ့သမီး၊ ကြီးတော်ရဲ့ ခြံကလေးဝင်းကလေး နဲ့ ပျဉ်ထောင်အိမ်လေးမှာ ချက်ပြုတ်လျှော်ဖွပ်ပြီးနေရတာ၊ ငြိမ်းချမ်းတယ်။ လခမရပေမဲ့ မုန့်ဖိုးပဲဖိုးလေးရတယ် ...

"အစ်မက အခုဆေးခန်းပိုင်ရှင်နဲ့ အိမ်ထောင်ကျ တော့ ဒီမြို့ထဲကို အကုန်ပြောင်းရတာ၊ ကိုယ်နေခဲ့ဟဲ့မြို့

www.burmeseclassic.com

ကလေးဟာ ငယ်ပေမဲ့၊ အိမ်ဆိုတာကလည်း တဲသာသာပဲ ထားပါဦး၊ မြေပိုမြေလျှံလေးနဲ့။ အနည်းဆုံး ... ထမင်းစားခါနီးမှာ ငရုတ်သီးစိမ်းလေးတော့ ဆင်းခူးစားလို့ရသေးတယ် ...

"ကြီးတော်အိမ်က မြေပိုလေးရှိပေမဲ့ ဒဂုံမှာလေ၊ အိမ်ဝင်းထဲမှာ သစ်ပင်ကြီးမရှိသေးတော့ နည်းနည်းပူတယ်။ မြေကြီးရှိသလောက် အပင်လေးတွေ ဆင်းစိုက်ထားတာပဲ။ ခုတော့ ... မြို့လယ်ခေါင်မှာ၊ အသက်ရှူလို့မဝဘူး"

"နေရတာ အဆင်ပြေတယ်မှုလား"

"ပြေတယ်ပြောလည်းရ၊ သိပ်တော့လည်း မပြေလှဘူး"

"ဘာဖြစ်လို့လဲ"

"အစ်မက အရမ်းသဝန်တိုတယ်"

"ဘာ ... နင့်ခဲအိုကြီးက မသမာဘူးလား"

"သမာပါတယ်။ ဒါပေမဲ့ ... အရက်သောက်တယ်"

"သဲကို ရိုသေးလား"

"မရိုပါဘူး။ ဒါပေမဲ့ ... ခိုင်းတာပေါ့။ အမြီးလုပ်ပေးဦး၊ ဘာညာ ... ရိုးရိုးသားသားခိုင်းတာကိုပဲ သဲက ကြောက်တာ၊ အစ်မကလည်း ... သဲကို ခိုင်းပြီဆိုတာနဲ့ ရောက်လာပြီ၊ သူ ဝင်လုပ်တာပါပဲ။ ဘာပဲဖြစ်ဖြစ်၊ နေရတာနည်းနည်းတော့အနေခက်တယ် ..."

"အရက်က နေ့တိုင်းသောက်တာပဲလား"

"သောက်တယ်"

"သွေးဆိုးလား"



"မဆိုးပါဘူး။ အေးဆေးပါပဲ။ တစ်ခါတလေ အစ်မအနား ရောက်လာရင်ဖက် ... ဖက်နမ်းတာပဲရှိတယ်။ ဘေးလူတွေ မျက်စိရှက်တာပေါ့"

"ဒီလူကလည်းကွာ"

"အိမ်မှာထိုင်သောက်တဲ့နေ့က ပြဿနာမရှိဘူး၊ တစ်ပတ်မှာ သုံးလေးရက်က ဘော်ဒါတွေကလာခေါ်တယ်၊ အပြင်သွားသောက်ကြတယ်။ အဲဒီအခါကျရင် လှေကားကိုလေးဖက် ထောက်တက်ရမတတ်ပဲ၊ သဲက တံခါးထဖွင့်ပေးရတယ်"

"အစ်မဆိုတဲ့သူကရော"

"သူက ရောဂါရှိတယ်။ အိပ်ကာနီးဆိုရင် ညတိုင်း အိပ်ဆေးသောက်အိပ်ရတယ်၊ ဆေးခန်းမှာသာ ကောင်တာထိုင်နေတာ ဆေးအကြောင်းလည်း နားမလည်ပါဘူး။ ဘာရောဂါလဲ မသိဘူး၊ အစ်မက အိပ်ပြီးရင် ပြန်ထလို့မရဘူး၊ ထချင်ရင်တောင် မနိုးဘူး"

"မကောင်းဘူးကွာ၊ သဲ ကြီးတော်ရော"

"မူးပြီးပြန်လာတဲ့ သမက်ကို ယောက္ခမက တံခါးထဖွင့်ပေးရတော့လည်း ဘယ်ကောင်းမလဲ။ ကြီးတော်က မသင့်တော်တာတွေ အစ်မကိုပြောတော့၊ သဲ ... နေ့ခင်းဘက် အိပ်၊ ညဘက်ကောင်တာထိုင် ဖြစ်သွားတဲ့နေ့ကစပြီး နေ့နဲ့ ညနဲ့မှားတော့တာ ...

"ဒါပေမဲ့ မောင်ရယ် ... ညက တစ်ညလုံး ငုတ်တုတ်ထိုင်ထားရတယ်၊ နေ့ခင်းပြန်အိပ် ဆိုပေမဲ့ ဘယ်သူတစ်နေကုန်အိပ်နေလို့ရမလဲ။ ထမင်းနှစ်ကြိမ်စားရတယ်၊

www.burmeseclassic.com

ရေချိုးရတယ်၊ ကိုယ့်အဝတ်လေးတွေ လျှော်ဖွပ်၊ မီးပူတိုက်လုပ်ရတယ်၊ ကြီးတော်ရဲ့ ဝေယျာဝစ္စလေးဘာလေး နည်းနည်းပါးပါးလုပ်ပေးရတယ် ...

"ဒီနေ့ဆိုလည်း အပြင်ထွက်လာတော့၊ ဘယ်မှာလဲ အိပ်ချိန်၊ အိပ်ရေးကိုမဝဘူး၊ လူက အမြဲတမ်းထိုင်းမှိုင်းနေတယ်။ ကောင်တာထိုင်တဲ့အတွက်တော့ လခရတယ်။ အဲဒါလေး စုဆောင်းထားရတာပဲ မောင်ရယ်"

"မောင်လည်း စုမိဆောင်းမိ ရှိပါတယ်"

မိုးခြိမ့်က သူ့အကြောင်းတွေ ပြောပြ၏။

"မင်းဟာက ပုံပြင်ထဲကနတ်သားလေးလိုပါလား။ မင်း မမက ရိုးရိုးလား အချစ်တော်လေးလိုများ လက်သပ်မွေးလေသလားကွာ"

"အဲဒီလိုအထင်ခံရမှာ ငါ အရှက်ဆုံးပဲ။ မင်း မေးခွန်းမျိုး အမေးခံရမှာ သေလုအောင်ရှက်တယ်။ ဒါဟာ မိန်းမတစ်ယောက်ရဲ့ ထမီနားကို ခိုစားနေသလိုဖြစ်နေတယ်၊ မမက ရိုးသလား မရိုးသလားတော့မသိဘူး၊ ငါ့ကို အရမ်းချစ်တာတော့ ငါ သိတယ် ...

"ငါက သေသွားတဲ့သူ့ရဲ့ရည်းစားနဲ့ဟောင်းနဲ့ တူလို့တဲ့။ ငါ့ကို သူ့အိမ်မှာနေစေချင်တာလွဲလို့ ဆိုးဆိုးဝါးဝါးတော့လည်း မဟုတ်ပါဘူး။ သူ့ယောကျာ်းဆုံးတော့၊ တစ်သက်လုံး မုဆိုးမဘဝနဲ့ နေပါမယ်လို့ လူမှုဖောက်ပြန်ခြင်း တစ်သက်လုံးကင်းပါ့မယ်လို့ ဘုရားမှာ သစ္စာဆိုလိုက်တယ်တဲ့ ...



"ငါ့ကို ပြောပြတယ်ကွာ။ ဒါဟာ ... ငါ့အပေါ် သူ မရိုးမသားစိတ် မထားပါဘူးလို့ ပြောချင်တာဖြစ်မှာပေါ့။ ချစ်တာတော့ချစ်တယ်တဲ့။ မောင့်ကို သိပ်ချစ်တာလို့ ခဏခဏပြောတယ်"

"ဘာ ... သူကလည်း မောင်တဲ့လား"

"သူ့အရင်ရည်းစားဟောင်းက မောင်မောင်တဲ့။ အဲဒါကို ငယ်ငယ်လေးကတည်းက မောင်လို့ခေါ်ခဲ့တော့၊ ရည်းစားဖြစ်တော့လည်း မောင်လို့ပဲခေါ်တယ်တဲ့။ မောင့်ကိုလည်း အခု ... မောင်ပဲခေါ်တယ်"

"တော်ပြီ ... ရှင့်ကို ဒီနေ့ကစပြီး အခေါ်အဝေါ် ပြောင်းမယ် မိုးခြိမ့်ညံ။ မောင်ဆိုတဲ့ နာမ်စားဟာ တစ်ဦးတည်း ကိုယ်ပိုင်မရရင် ဘယ်တော့မှ ခွဲဝေမသုံးစွဲဘူး"

"သဲရာ ... တွေ့ရတဲ့အခိုက်လေးထဲမှာ စိတ်ဆိုးချိန် ထည့်မသုံးပါနဲ့။ ရှေ့ကို ဘာဆက်လုပ်ကြမလဲ ဆိုတာသာ တိုင်ပင်ကြရအောင်ပါ။ မောင်တို့နှစ်ယောက် မြန်မြန်နီးကြဖို့လိုတယ်"

"ဟုတ်တယ် သဲညာ ... နင်တို့နှစ်ယောက် မြန်မြန်လက်ထပ်နိုင်ဖို့ တစ်အိုးတစ်အိမ်ထူထောင်နိုင်ဖို့ ကြိုးစားကြရမယ်"

"အို ... ကျွန်မဘက်ကတော့ အဆင်သင့်ပဲ၊ ဘာသံယောဇဉ်မှ တန်းတန်းစွဲမနေဘူး"

"မောင်လည်း အဆင်သင့်ပါပဲ"

"ကိုင်း ... ဒါဖြင့် ဒီလိုလုပ်။ လက်ထပ်ပါပြီတဲ့ ဘယ်မှာနေကြမလဲ"

www.burmeseclassic.com

"အဲဒါပြဿနာပေါ့၊ တိုက်ခန်းလေးတစ်ခန်းတောင် မဝယ်နိုင်သေးဘူးကွ။ ခုခေတ်ဈေးတွေနဲ့ဆိုတော့ ငါ မမီသေးဘူး။ ဒီလောက်မစုမိသေးဘူး"

"ငှားနေမယ်လေ မိုးခြိမ့်"

"သဲရာ ... မိုးခြိမ့် လုပ်နေပြန်ပြီ"

"မိုးခြိမ့်ပဲ ... လက်ထပ်ဖြစ်တဲ့နေ့မှ မောင်ပြန်ခေါ်မယ်"

"ထားတော့ ... အရေးထဲ ရန်ဖြစ်နေဖို့ အချိန်မရှိဘူး။ တိုက်ခန်းငှားနေပြန်တော့လည်း ... နှစ်ချုပ်နဲ့ဆိုရင် လခများတယ်။ တစ်နှစ်စာ၊ အနည်းဆုံး ခြောက်လစာ ပုံပေးရတယ်။ စပေါ်နဲ့ကျရင် လခတော့ နည်းပါရဲ့။ စပေါ်ကများမယ်"

"ဟော့ကောင်တွေ ... ငါ့အခန်းလာနေ"

"ဟာ ... လောကွတ်မလုပ်နဲ့နော်၊ တကယ်နေမှာ။ လခပေးမယ်။ နည်းနည်းပဲ။ တစ်လစီပေးမယ်။ စပေါ်မတင်ဘူး"

"စဉ်းစား မိုးခြိမ့်၊ မင်း ... သိပ်နစ်နာနေပြီ"

"ကိုမင်းမောင် တကယ်ပြောတာလား"

သူ့တိုက်ခန်းလေးက မကျယ်လှပေမဲ့၊ ဧည့်ခန်း၊ အိပ်ခန်းနှစ်ခန်း၊ အိပ်ခန်းနှစ်ခန်းက နံရံတစ်ဖက်မှာ နှစ်ခန်းလုံး ကပ်နေသည်။ အိပ်ခန်းနှင့် တခြားနံရံကြားထဲမှာ လူသွားလမ်းကလေး၊ ပြီးတော့ မီးဖို၊ ထမင်းစားခန်း၊ ရေချိုးခန်း၊ အိမ်သာတို့ကတော့ တစ်ခန်းထဲမှာပဲ သူ့နေရာနှင့်သူ ရှိနေ၏။

"မင်းတို့က ငါ့ကို အခန်းငှားခပေး၊ ငါက မင်းတို့ဆီမှာ ထမင်းလခပြန်ပေးစားမယ်"



"နေဦး ... ထမင်းလခနဲ့ အခန်းငှားခနဲ့ မတိမ်းမယိမ်းဆိုရင် ဘယ်သူ့ဘယ်သူမှ ဘာမှ မပေးဘဲနေရုံ၊ စားရုံပဲ မကောင်းဘူးလား"

"စဉ်းစားနော် ... မိုးခြိမ့် ငါ ပြောပြီးပြီ၊ မင်း နစ်နာလွန်းနေပြီ"

သဲညာ ရယ်၏။

"ဟုတ်သားပဲ မိုးခြိမ့်ကလဲ"

သဲညာက မိုးခြိမ့်လို့ပဲခေါ်တော့သည်။ ဒါဟာ မမကို သူမ ဘယ်လောက်မလိုလားကြောင်း ထင်ရှားအောင်ပြတာပဲဖြစ်၏။

"အိမ်လခက ပိုများတာပေါ့ မိုးခြိမ့်ရဲ့။ ပြီးတော့ တစ်ယောက်က အိမ်ပေါ်တက်နေ၊ တစ်ယောက်က ထမင်းဝင်စား ... ဆိုတာ၊ တို့သူငယ်ချင်းတွေမို့ ဖြစ်တော့ဖြစ်ပါတယ်၊ ဒါပေမဲ့ အရှည်ကိုကြည့်ရမယ်။ သူငယ်ချင်းဖြစ်ဖြစ်၊ နောက်ဆုံးလင်နဲ့မယားတောင် ဘာကိစ္စမဆို ရှင်းရှင်းလင်းလင်း တိတိကျကျကောင်းတယ် ...

"ကြာလာရင် ... ကိုမင်းမောင်ကလည်း၊ ဒီနှစ်ယောက် ငါ့အိမ်ပေါ်က ဆင်းမှဆင်းပါတော့မလား၊ ဆင်းစေချင်ရင် ငွေပေးနှင်ရမလား ... စိတ်ပူလာနိုင်တယ်"

"နင်က လုပ်မှာမို့လို့လား"

"မလုပ်ပါဘူး၊ လောကသဘာဝတွေကို ပြောပြတာ။ ကျွန်မကလည်း ကြက်သားဟင်းချက်လို့မှ မိုးခြိမ့်ကို အသည်းတစ်တွဲလုံး မကျွေးရဘဲ ကိုမင်းမောင်ကို တစ်ခြမ်းခွဲပေးရတာ မကြိုက်ဖြစ်ချင်ဖြစ်လာမှာ"

www.burmeseclassic.com

မိုးခြိမ့် ရယ်၏။

"နင်တို့မိန်းမတွေကို ရှုပ်တယ်၊ ပစိပစပ် များတယ်"

"ခုရှုပ်မှ နောင်ရှင်းတာ ကိုမင်းမောင်ရဲ့၊ ကျွန်မတို့က အိမ်လခပေးမယ်၊ အိမ်လခတော့ ညှိရမှာပေါ့။ ကိုမင်းမောင် နဲ့ အိမ်ရှင်အိမ်ငှားစာချုပ်ချုပ်မယ်။ ကိုမင်းမောင်ကို ထမင်း လခနဲ့ ကျွေးမယ်"

"ဒါရော ... စာချုပ်ချုပ်ဦးမှာလား"

"ဒါတော့ မလိုပါဘူး၊ ကိုမင်းမောင် ကားမောင်းသွားရင်း လမ်းမှာ ဝယ်စားရမဲ့အစား၊ ထမင်းချိုင့်ထည့်ပေးလိုက်မှ ပေါ့၊ ရေသန့်ပုလင်းတို့ ရေနွေးကြမ်းဓာတ်ဘူးတို့နဲ့ပေါ့၊ မကောင်းဘူးလား"

"ကောင်းတယ် ... သဲပြောတာ ကောင်းတယ်"

"ငါလည်း သဘောကျတယ် မိုးခြိမ့်၊ ကြိုရာဝယ်စားရမှာနဲ့ စာရင် အိမ်ထမင်းအိမ်ဟင်းစားချင်တာပေါ့၊ ဒါဆို ပြဿနာ က ပြီးသွားပြီ၊ မင်းတို့တွေ ... မင်းတို့အိမ်တွေက ဘယ် နေ့ ဆင်းလာကြမလဲသာပြော"

"ဆင်းလာတာလွယ်တယ် မင်းမောင်ရဲ့၊ လစဉ်ဝင်ငွေ အတွက် အလုပ်ရှာရဦးမယ်"

"ဟုတ်တယ် ကိုမင်းမောင်၊ ကျွန်မလည်း ကြီးတော်အိမ် ပေါ်ကဆင်းရင် ဒီဆေးခန်းမှာ နိုက်ဂျူတီပြန်မဝင်ချင်တော့ ဘူး၊ စတိုးဆိုင်အရောင်းစာရေးမဖြစ်ဖြစ်၊ တစ်ခုခုအလုပ် ရှာရဦးမှာ"



"မိုးခြိမ့် ... မင်းက ကားပဲမောင်းတတ်တာ၊ ကားပဲမောင်း ပေါ့"

"ငါ ဘွဲ့ရပြီကွ"

"ဘွဲ့ကလေးနဲ့လုပ်စားချင်တာလား၊ မင်းက ..."

"ကားမောင်းတာထက် ပိုကောင်းမဲ့ အလုပ်ရရင် လုပ်ချင် တာပေါ့"

"ဒါဖြင့် ... မင်း ကွန်ပျူတာတက်ရမယ်၊ စပီကင် Speaking တွေဘာတွေ တက်ရမယ်၊ စာရင်းကိုင်လေးဘာလေး တက် ရမယ်"

"အဲဒါတွေ ငါ တက်ချင်သေးတယ်၊ ငါ ခုရနေတဲ့ လခ ထဲက ငါ တက်မယ်ဆိုရင် တက်နိုင်တယ်။ ငါက သဲကို အဆင့်မြင့်မြင့်ထားချင်လို့ပါကွာ ... ဒရိုင်ဘာကတော်ဆိုတာ အဆင့်မမြင့်ဘူးမဆိုးလိုပါဘူး၊ ဒီလိုပြောတော့လည်း မင်းကို တိခိုက်မှာစိုးတယ်၊ မင်းက လောလောဆယ် ကားမောင်း နေတော့ ငါလည်း ကားပဲမောင်းနေတာပါပဲ"

"ရပါတယ်ကွ။ သူငယ်ချင်းချင်းပဲ"

"ငါတို့ရဲ့အိမ်ထောင်တစ်လျှောက်၊ ဘဝခရီးဆိုပါတော့ ကွာ ... တဖြည်းဖြည်းမြင့်အောင်ကြိုးစားချင်တယ်။ ငါတို့ သားသမီးတွေလက်ထက်ကျရင် ငါတို့ထက်ပိုပြီး နေနိုင် စားနိုင် ဖြစ်နေတာမျိုး ဖြစ်စေချင်လို့ပါ"

"အောင်မယ် ... သားသမီးထိ တွေးပစ်လိုက်ပြီ။ တွေးပေါ့၊ စိတ်ကူးယဉ်။ ပိုက်ဆံမှမကုန်တာ"

www.burmeseclassic.com

မင်းမောင်က ပြောပြီးရယ်နေသည်။ သဲညာက ရှက်စနိုးနှင့် ခေါင်းလေးငုံ့နေ၏။

"ဒီလိုမျိုးလူချင်းတွေ့ဖို့က ခဏခဏတော့ ဖြစ်နိုင်မှာ မဟုတ်ဘူး"

သဲညာက မျက်နှာလေးနွမ်း၍ပြောရှာ၏။ ဒါကို မိုးခြိမ့် နားလည်လက်ခံရပါသည်။

"မောင် ... ညဘက် တစ်ခါတစ်ခါလာတွေ့မယ်။ ဆေးခန်းဝမှာ ကောင်တာရှိတာပဲ၊ လမ်းပေါ်ပလက်ဖောင်းပေါ်ကနေရပ်ပြီး စကားပြောမယ်။ ခဏတစ်ဖြုတ်ပေါ့။ ဒီလောက်တော့ဖြစ်တယ်မဟုတ်လား"

"ရပါတယ်"

"ဖုန်းလည်းဆက်မယ်။ သဲကလည်း အားရင်အားသလို ဆက်ပါ။ အခုလည်း ဖုန်းဆက်တာ သိပ်နည်းတာပဲ၊ ပြောလိုက်ရင်လည်း ခဏလေး"

"သန်းခေါင်ကျော်လောက်မှာ ခေါ်ကြည့်လေ။ အဲဒီအချိန်ဆိုရင် လူရှင်းတယ်။ နည်းနည်းကြာကြာပြောရတာပေါ့"

"ကောင်းပြီ။ ဒီနေ့ကစလို့ မောင်နဲ့ သဲနဲ့ တူတူနေနိုင်ဖို့ စစ်ဆင်ရေးစပြီ။ မင်းမောင်က အရံ"

မိုးခြိမ့်နှင့် သဲညာတို့က လက်ဝါးချင်းဖြောင်းခနဲ ရိုက်လိုက်ကြသည်။

"ငါ့ကျတော့ ရိုက်စရာလူမရှိဘူး၊ ကဲကွာ ..."

မင်းမောင်က မိုးခြိမ့်နှင့် သဲညာတို့ခေါင်းကို တစ်ယောက်တစ်ချက်စီထုချလိုက်တော့သည်။ အားလုံး ရယ်ကြလေ၏။



"ပြန်မယ်"

သဲညာက အရင်ဆုံးမက်တတ်ထရပ်၏။

"သဲ"

မိုးခြိမ့်လည်း မတ်တတ်ထရပ်၏။ သဲညာ၏ ပခုံးနှစ်ဖက်ပေါ်သို့ သူ့လက်နှစ်ဖက်တင်၏။

"မောင့်ကို အရင်တုန်းကအတိုင်းပဲ အရမ်းချစ်နေသေးတယ် မဟုတ်လား"

သဲညာ ပြုံး၍ ခေါင်းညိတ်၏။

"မောင်တို့ ကြိုးစားကြမယ်နော်"

သဲညာ ပြုံး၍ ခေါင်းညိတ်ပြန်သည်။

"မောင်လို့ခေါ်လေ"

သဲညာ ပြုံး၍ပင် ... ခေါင်းခါသည်။

"ငါ့နယ် ... ရှာန်လျှောလိုက်တာ၊ ခုနေဝရံတာထွက်ရင် လမ်းပေါ်ပြုတ်ကျမလားပဲ"

မင်းမောင် ရယ်၍ ပြောလေ၏။

မိုးခြိမ့်နှင့် သဲညာတို့ တိုက်ခန်းမှ တူတူဆင်းလာကြသည်။ သဲညာက ...

"နီးနီးလေးပဲ၊ လျှောက်သွားမယ်၊ လိုက်မပို့နဲ့၊ ဆေးခန်းရှေ့မှာ ကားရပ်ပြီး၊ ကားပေါ်ကဆင်းလာတာ အိမ်က တစ်ယောက်ယောက်မြင်သွားရင် မကောင်းဘူး" ... ဆို၍ မိုးခြိမ့် လိုက်မပို့တော့ပါ။

နေနည်းနည်းပူသည်မို့ ထီးကလေးဆောင်း၍ လျှောက်သွားသော သဲညာကို မျက်စိတစ်ဆုံး ငေးကြည့်နေလိုက်

www.burmeseclassic.com

သည်။ သဲညာ မျက်စိရှေ့မှကွယ်မှ ဆန်နီလေးကို မောင်းထွက်၏။ မမအိမ်ပေါ်မှဆင်းလျှင်၊ သိန်းချီတန်သော လက်ပတ်နာရီ၊ သိန်းကျော်တန်သည့် ပစ္စည်းများနှင့် ဆန်နီပစ်ကပ်လေးတို့ကိုတော့ ထားရစ်ခဲ့ရပါမည်။

ဒါတွေအတွက် အရေးမကြီးပါ။ မမအတွက်သာ နောက်ဆံတင်းခနဲ ဖြစ်ရသည်။ မမ ဝမ်းနည်းပက်လက်ဖြင့် အိပ်ရာထဲလဲပြီး ကျန်ရစ်ရှာမလား။ အဲဒါကို လစ်လျူရှုပြီး စွန့်ထားခဲ့နိုင်ပါ့မလား။ ကိုယ့်အပေါ် စေတနာမေတ္တာတွေ သွန်ချချစ်ပြနေနိုင်သူ မမအပေါ်မှာ … ဘာပဲဖြစ်ဖြစ် သံယောဇဉ်တော့ ရှိပါသည်။

❤ ❊ ❤



## ၁၁

"မောင် … ပြန်လာသေးတယ်နော် … မမက ပြန်မလာတော့ဘူးမှတ်လို့"

ပြန်ရောက်ရောက်ချင်း … ခြံထဲမှာ ရေလောင်းနေသည့်အနေတော်လေးက …

"မမ နေမကောင်းလို့ ဆရာဝန်ခေါ်ရတယ်" … ဟု ဆီးပြောသည်။ အိမ်ထဲရောက်ပြန်တော့၊ အရှည်လေးက …

"ထမင်းစားတော့မလား ကိုမိုးခြိမ့်၊ မမတော့ တော်တော်အနေဆိုးလို့ တစ်ကိုယ်လုံး ပိုက်တွေတန်းလန်းနဲ့ အပေါ်မှာ" … တဲ့။

အနေတော်လေးရော အရှည်လေးပါ မိုးခြိမ့်ကို ကိုမိုးခြိမ့်ဟူ၍ပဲ ခေါ်ကြပုံထောက်တော့ မမက … အဲဒီလိုခေါ် … ဟု သင်ပေးထားပုံရပါသည်။ သူတို့နှစ်ယောက်လုံး၏ မျက်နှာတွေက ခပ်တင်းတင်း၊ မိုးခြိမ့်ကို ဆီးပြောပုံက အပြစ်တင်ချင်သည့်ပုံစံ (အပြစ်မတင်ရဲလို့သာ)နှင့် မျက်နှာထားမချို၊ စကားသံမချိုဖြစ်နေ၏။ အပုလေးနှင့်တွေ့လည်း ဒီပုံစံပဲဖြစ်ပါလိမ့်မည်။

www.burmeseclassic.com

တစ်အိမ်လုံးမှာက မမလှချည်းသာ။ မမကို အားလုံးက ချစ်ကြသည်။ ချစ်ဆို ... မမက ဘယ်တော့မှ ဆူပူမာန်မဲသည်မရှိ။ ဖြစ်ချင်တာ၊ လုပ်ချင်တာ၊ ခိုင်းချင်တာလေးတွေကို အပြုံးချိုချိုလေးဖြင့် ချော့မော့ပြောတတ်သည်။ ရှော့အင့် ... ရှော့အင့်နှင့်ပေးတတ်သည့် မုန့်ဖိုးများ (လစာနှင့်မဆိုင်၊ လခက သပ်သပ်ရပါသည်။) အဝတ်အထည် အသစ်အဆန်းကလေးများ၊ တစ်ခါတစ်ရံကျတော့ မမ မဝတ်ချင်တော့သည့် အထည်ကျလေးများဟာ မမဆီက "အကျ"သာဆို ပုံဆန်း၊ အသားကောင်း၊ ဒီကောင်မလေးတွေ ဘယ်လိုမှ (သူတို့လခနှင့်) ဝယ်မဝတ်နိုင်၊ သူတို့သေလုမျောပါး မက်မောကြသည့် ပစ္စည်းတွေပင်။

မမကို မချစ်ဘဲနေပါတော့မလား။

သူတို့အမြင်မှာ မမဟာ သိပ်ကိုသနားစရာကောင်းနေ၏။ မိုးခြိမ့်ကို ဆတ်ဆတ်တုန်အောင်ချစ်လျက် မိုးခြိမ့် မျက်နှာမှ သူ့အကြည့်ကိုမခွာ၊ အလိုလိုက်အကြိုက်ဆောင်၊ ဝယ်ခြမ်းပေး၊ ချော့မော့ ... ဘာတာဝန်မှ မယ်မယ်ရရ ပင်ပင်ပန်းပန်း မရှိလှဘဲ မဟာအခွင့်အရေးကို အထူးတလည်ရရှိနေသူ၊ ဒီကြားထဲကမှ တစ်ခါတစ်ရံမှာ မိုးခြိမ့် မျက်နှာက မှုန်ကုပ်ကုပ်။

"မမ ... အဲဒါ ကျွန်တော့်ကို ဝယ်မပေးနဲ့ မယူဘူး" ...တဲ့။

လူမိုက်။ ဟုတ်သည်လေ ... အရှည်လေးတို့အမြင်မှာတော့ မိုးခြိမ့်ဟာ (စိတ်ပုပ်လူမိုက်)ရတာကို အေးအေးဆေးဆေးမယူ၊ သူကပဲ တပြန်တစီးနှင့် ဆောင့်ကြီးအောင့်ကြီး၊ မမ မျက်ရည်ကျမှပဲ မယူချင်ဘဲ ယူရသလိုလို၊ ဘာပဲဖြစ်ဖြစ် သူ လိုချင်



မှာပါ၊ မက်မောမှာပါ၊ မူယာမာယာများတာဟုပဲ အရှည်လေးတို့ကမြင်၏။ မိုးခြိမ့်ကြောင့် မမ ခဏခဏ မျက်ရည်ကျရသည်။ တစ်ခါတစ်ရံ မိုးခြိမ့်ရှေ့မှာ၊ တစ်ခါတစ်ရံကျတော့ မိုးခြိမ့် ကွယ်ရာမှာ။

"မမ ဘာလို့ငိုတာလဲဟင်၊ နေမကောင်းဘူးလား" ... ဟု စိတ်ပူစွာမေးလျှင် မမက ခေါင်းလေးခါ၍ မျက်ရည်သုတ်ရှာ၏။

"ညည်းလေးတို့ ကျုပ်ကိုချစ်သလောက်၊ ဂရုစိုက်သလောက်များ မောင်က မမကိုချစ်ရင်၊ ဂရုစိုက်ရင်လေ ... မောင့်တစ်ကိုယ်လုံး ရွှေချပြီး စိန်စီပစ်လိုက်ချင်ပါတယ်။ မေနွေးထွေးတို့ ဘယ် ... ဒီလိုနေလိမ့်မလဲ၊ မျက်နှာကို ဒီလိုမော့ပြီး၊ မိုးထိအောင် လှေကားထောင်တက်လိုက်မှာပေါ့" ... တဲ့။

အလွန်သနားစရာကောင်းသည့် မမပါ။ မမကို သနားရလေ၊ မိုးခြိမ့်ကို အမြင်ကတ်လေ၊ မိုးခြိမ့်ကို အမြင်ကတ်လေ၊ မမကို ပိုချစ်ရလေ၊ မမကို ပိုချစ်ရလေ မိုးခြိမ့်ကို ပိုမုန်းလေ ...။ ဒီအိမ်မှာတော့ မမတစ်ယောက်ကလွဲလျှင် မိုးခြိမ့်ကို အမြင်ကတ်မျက်မုန်းကျိုးနေကြသူတွေချည်း။ မမ ကွယ်ရာမှာဆိုလျှင် မိုးခြိမ့်ကို မထိတထိလိုလို၊ ရိသလိုလိုနှင့် အငေါ်တူးချင်ကြ၏။ အဲဒါကို မိုးခြိမ့် နည်းနည်းလေးမှ မခံချင်ပါ။ စိတ်ဆိုး၏။ ရှက်စိတ်နာ၏။

သင်းတို့ ဒီလိုထင်ကြတာဖြစ်ကြတာ၊ မမကြောင့်ပဲ ... ဟု မမအပေါ်မှာ အပြစ်တွေပုံချမိတော့သည်။ သဲညှာနှင့် ပြန်ဆုံဖြစ်ပြီမို့လည်း မမအပေါ် ဂရုစိုက်မှုလျော့တာအမှန်ပါ။ ရင်ထဲမှာ

www.burmeseclassic.com

အတွေးထဲမှာ သဲညှာ စိုးမိုးသည်။ မမ အိမ်ပေါ်မှ ပြန်ဆင်းနိုင်ရေးသည် မိုးခြိမ့်အရေးဖြစ်တော့၏။

သို့ပေမဲ့ ...

မိုးခြိမ့် မမအခန်းရှိရာသို့ လှေကားတစ်လျှောက် ပြေးတက်မိပါသည်။ မမ နေမကောင်းဘူးဆိုတော့ ရင်ထဲပူ၏။ မမကို သနားသည်။ သံယောဇဉ်ကြိုးက တင်းခနဲဖြစ်ထွန်းသည်။ မမနှင့် တွေ့ရဆုံရတာ၊ မေမေနှင့် ပြန်ဆုံရသလို၊ ညီမလေးနှင့် ပြန်ဆုံရသလို၊ ကြည်နူးချမ်းမြေ့စွာ ခံစားမိခြင်းကိုလည်း ငြင်းမရပါ။ မမ၏ စက်ဝန်းမှ ပြေးထွက်ဖို့ကြိုးစားပါလေတိုင်း၊ နောက်ခြေတစ်ဖက်က ရှေ့ခြေကို ဆန့်ကျင်လျက် မမဘက်ဆီ ပြန်လှမ်းသည်။ ဒါဟာ ... မမ ပေးသော လခ၊ မမ ဆင်ယင်ထားသော အဖိုးတန်ပစ္စည်းများ၊ မမထံမှာ စံစားရသည့် စည်းစိမ်တို့ကြောင့် မဟုတ်ပါကြောင်း ... တစ်လောကလုံး သိအောင် သက်သေထူချင်လှပါဘိတော့သည်။ မမကို ချစ်ပါသည်။ ကိုယ့်အပေါ် ဒီလောက်ကောင်း၊ ကိုယ့်ကို ဒီလောက်ချစ်နေသည့် အားနွဲ့မျိုးမိန်းမသားကို ဘယ်လိုလျစ်လျူရှုနိုင်ပါ့မလဲ။

ငါးရာနှစ်ဆယ့်ရှစ်သည် ထောင့်ငါးရာနှင့်စာလျှင် သုံးပုံတစ်ပုံခန့်သော စွမ်းအားသာရှိသည်ဆိုမေမဲ့၊ ထောင့်ငါးရာမှာ တင်းသောကြိုးနှင့် တန်းတူခိုင်မြဲတတ်သည်ပင်။ ရေစက်ဆိုတာကလည်းဆန်း၏။ ဆွေမတော်မျိုးမစပ် ... သူနှင့် ကိုယ်နှင့် ဘယ်ယိုမှ နီးစပ်မှုမရှိပါဘဲ၊ ကံဆုံလေတော့ တစ်အိုးတည်း တစ်အိမ်တည်း၊ မမ ပြောသလို၊ တစ်မိုးတည်းအောက်မှာ တူတူနေခွင့်ကြုံရလေတော့သည်။



လှေကားကို ပြေးတက်လာခဲ့မိပေမဲ့ ဖွင့်ထားသည့် မမအခန်းရှေ့မှာ တုံ့ခနဲရပ်ဖြစ်၏။ မမ ပုံစံက မြင်ရက်စရာမရှိပါ။ ခုတင်ပေါ်မှာ ပက်လက်ကလေး၊ ဖောင်ပါးလေးခြုံထားသည်။ အခန်းတံခါးမှလွဲ၍ အခြားပြတင်းပေါက်အားလုံး ပိတ်ထားသည်မို့ အားကောင်းသော လေအေးစက်က မမ အခန်းကို စိမ့်အေးစေပါသည်။ မမ ရင်ဘတ်လေး နိမ့်ချီမြင့်ချီဟာ လှိုင်းသိပ်မထန်တော့ပေမဲ့ အခုန်မြန်လျက်ရှိသည့် နှလုံးသားကို သိသာစေတုန်းပင်။ နှာခေါင်းမှာ အောက်စီဂျင်ပိုက်၊ လက်မောင်းထဲမှာတော့ အကြောဆေးတစ်မျိုးမျိုးဖြစ်မည်။ မမဘေးမှာ အပုလေး၊ ဦးသောင်းထွန်း။ အခန်းဝမှာ လူရိပ်ကြောင့်လားမသိ၊ မမ လှမ်းကြည့်သည်။

မမ ... ဘယ်လိုကြည့်လိုက်တာလဲ။

အကယ်ဒမီတွေ ထပ်ဆင့်ယူခဲ့နိုင်သည့် မင်းသမီးဟောင်းတစ်ယောက်မို့ သရုပ်ဆောင်ကောင်းလိုက်တာလား။ မမ မျက်ဝန်းထဲမှ မျှော်လင့်ခြင်း၊ တမ်းတခြင်း၊ ငံ့လင့်မွတ်သိပ်စွာ တောင်းဆိုခြင်း၊ ဆွေးမြည့်နာကျင်ခြင်းများနှင့်အတူ အကြင်နာအခိုးအငွေ့တွေပါ စုပေါင်းလျက် နဂါးငွေ့တန်းတစ်ခုလို ထွက်လာ၏။ မိုးခြိမ့်ညံဆိုသည့် ကောင်လေးတစ်ယောက်၏ တစ်ကိုယ်လုံးကို တင်းကျပ်စွာရစ်ပတ်၏။ နှောင်ဖွဲ့၏။ ဖြုတ်ချည်းဆိုသလို ... မွန်းကျပ်မှုကို ခံစားလိုက်ရပါသည်။

သို့ပေမဲ့ ... နေသာထိုင်သာဖြစ်သွားချိန်မြန်၏။ မမထံမှ ထွက်လာသောဝါကျတစ်ကြောင်းသည် မိုးခြိမ့်ညံ၏ နှလုံးသားတွင်းထိတိုင် စီးဝင်လျက် "ညှာတာထောက်ထားခြင်း" များစွာကို သယ်ဆောင်သွားနိုင်ခဲ့ပါသည်။

www.burmeseclassic.com

"မောင် ... ပြန်လာသေးတယ်နော်၊ မမက ပြန်မလာတော့ဘူးမှတ်လို့" ... တဲ့။

မိုးခြိမ့် ... မမနားသို့ ရောက်လာတော့ အပုလေးက ကုလားထိုင်တစ်လုံးဆွဲကာ မမ ခုတင်နှင့်ကပ်၍ ချပေးသည်။ မိုးခြိမ့် မမနဖူးပေါ်သို့ လက်ဖဝါးအုပ်၍ စမ်းလေ၏။

"ကိုယ်မပူပါဘူး၊ ဖျားတာမှမဟုတ်တာ"

စကားသံထွက်လာသည့် ဦးသောင်းထွန်းကို တမင်ပဲ လှည့်မကြည့်ဖြစ်အောင် နေလိုက်သည်။ လှည့်ကြည့်မိလျှင် အသေပေါက်သတ်တော့မည့် မြွေဟောက်တစ်ကောင်၏ မျက်ဝန်းများနှင့် တန်းခနဲဆုံတွေ့နိုင်ပါသည်။

"မမ ... ဘာစားပြီးပလဲ"

"ခုချိန်ထိ မနက်စာကို မစားသေးတာ"

အပုလေးက ဝင်ဖြေ၏။ မိုးခြိမ့်ကတော့ မဆာပါ။ အိမ်မှ မထွက်ခင် ဘရိတ်ဖတ်စ်ဟုခေါ်သော နံနက်စာကို စားသွားခဲ့သည်။ မင်းမောင်အိမ်မှာတော့ စကားတွေပြောရင်း ထမင်းစားချိန်တော်တော်နောက်ကျသွားသည်။ နေ့လယ်စာသာဆို ... ညနေစာနီးပါးဖြစ်သွား၏။ ဟင်းက မကောင်းပါ။ မမအိမ်မှ ထမင်းဟင်းနှင့်စာလျှင် အကွာကြီးကွာပါသည်။ အရည်သောက်မရှိသည်မို့ ရေနွေးကြမ်းနှင့် မျှောချရသည်။ ဟင်းက ဘဲဥကြော်၊ ဝက်အူချောင်းကြော်နှင့် ပဲပြုတ်ဆီဆမ်းဆားဖြူး။ တစ်ခုနှင့်တစ်ခု လိုက်ဖက်ခြင်းလည်းမရှိပါ။ သို့ပေမဲ့ ...

စားချိန်လွန်သွားသည်မို့ အစာအိမ်က အရမ်းတောင်းဆိုနေတာရယ်၊ သဲညာနှင့် မျက်နှာချင်းဆိုင်စားခဲ့ရတာရယ်ကြောင့်



လားမသိ ... မင်းမောင်က "ညစာ ငါစားဖို့ပါ တစ်ခါတည်းအပြီး ချက်ထားတာ" ... ဟုပြောသော ဆန်နို့ဆီဘူး သုံးလုံးဟာ ယောကျ်ားနှစ်ယောက် မိန်းမသားတစ်ယောက် စားတာ တက်တက်စင်အောင်ပြောင်လေ၏။

"ပန်းကန်တော့ ချန်ထားပါ။ ကိုက်မစားလိုက်ပါနဲ့"

မင်းမောင်ကပြောကာ ထမင်းအိုးထဲမှာ ကပ်ရပ်ကျန်နေသည့် ထမင်းစေ့တွေပါ လိုက်ခြစ်ခြုတ်ထည့်နေ၏။ နို့ဆီဘူး သုံးလုံးမှာ သဲညာက တစ်ဝက်တောင်မစားနိုင်။ မိန်းမသားမို့ တစ်ကြောင်း ... သူ့ကျတော့ ချစ်သူနှင့် စကားတွေပြောရင်း ရင်ခုံကာ တစ်ပန်းကန်လှုရုံလေး စားရှာတာ။ ကျန်တာတွေအကုန်လုံး ယောကျ်ားကြီးနှစ်ယောက် စားပစ်တာနှင့် ကုန်လေသတည်း။

ဆရာမက ကုန်သွားသော ဒရစ်ပ်ပုလင်းကို ဖြုတ်လိုက်၏။

"ကောင်းသွားပါပြီ။ ခဏကြာမှ ထထိုင်ပါ။ ခုတော့ ဆက်လှဲနေဦးပေါ့"

အောက်စီဂျင်ပိုက်ကိုလည်း ဖြုတ်၏။

"ရှူလို့ရတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"အိပ်ပျော်ချင်ပျော်သွားလိမ့်မယ်၊ အိပ်ပျော်သွားရင်တော့ မနှိုးနဲ့။ အိပ်မပျော်ဘဲ တစ်ခုခုစားချင်တယ်ဆိုရင် ကျွေးလို့ရတယ်နော်"

ဆရာမက ပစ္စည်းတွေသိမ်းပြီးမို့ ဦးသောင်းထွန်းက မတ်တတ်ထရပ်၏။

www.burmeseclassic.com

"မမ ... ကျွန်တော် ဆရာမကို ပြန်ပို့လိုက်ဦးမယ်၊ နေကောင်းတယ်မှလား၊ ရတယ်နော်"

"ကောင်းသွားပါပြီ"

ဆရာမက ဝင်ပြောရှ် မမက ခေါင်းညိတ်၏။

"ဦးသောင်းထွန်းနေပါ။ ကျွန်တော် ပြန်ပို့ပါ့မယ်"

မိုးခြိမ့် ဝင်ပြော၏။ မမအတွက်ဆိုလျှင် မိမိကိုယ်တိုင်ထက် ဦးသောင်းထွန်းက အများကြီးပို၍အားကိုးရနိုင်၏။ မမ နေမကောင်းချိန်မှာ မိုးခြိမ့်ရှိနေခြင်းထက် ဦးသောင်းထွန်းရှိနေခြင်းသည်သာ ပိုမိုအကျိုးရှိပါလိမ့်မည်။

"ကောင်းသွားပါပြီလို့ ဆရာကြီးကို ပြောလိုက်မယ်"

အပုလေးက ဆရာမလက်ထဲမှ ပစ္စည်းတွေကို ယူ၏။ ဦးသောင်းထွန်းက မိုးခြိမ့်ပခုံးတစ်ဖက်ကို ပုတ်သည်။

"မမနားမှာနေခဲ့ပါ"

မမက ဘာမျှ ဝင်မပြောပေမဲ့ နေခဲ့စေချင်မှာ သိသည်မို့ မိုးခြိမ့်ဆက်မပြောတော့ပါ။ အခန်းထဲမှာ မိုးခြိမ့်တို့ပဲ ကျန်ရစ်ပါလေ၏။

❤ ※ ❤

"မောင် ပြန်မလာတော့ဘူးမှတ်လို့"

"ပြန်လာမှပေါ့ မမရယ်"

"အချိန်လည်းကြည့်ဦး"



မိုးခြိမ့် နာရီကြည့်တော့ ညနေစောင်းလို့ ငါးနာရီထောင်ထိုးနေပြီ။ မနက်က ရှစ်နာရီကတည်းက ဝီရိယကြီးစွာထွက်သွားခဲ့တာလေ။ သဲညှာ ရောက်လာတော့ ဆယ့်နှစ်နာရီ။ ဒီကြားထဲမှ လေးနာရီကို လေးကမ္ဘာလောက်ထင်ရအောင် စောင့်ရ၏။

"သဲကလာမှလာပါ့မလားကွာ"

အကြိမ်ကြိမ်မေးရင်း စိတ်ပူလိုက်တာ ရင်ထဲမီးပုံကြီးရောက်သလားတောင် ထင်မိသည်။ နေမထိထိုင်မသာ။ ထိုင်ရမလို ထရမလိုနှင့် ဂနာမငြိမ် လိုက်ပုံများ၊ တစ်လောကလုံးကျွမ်းထိုးမှောက်ခုံ ဖြစ်နေသလိုခံစားရသည်။ သဲညှာမျက်နှာလေးကို မြင်လိုက်ရတော့မှ ဆို့နေသည့်အလုံးကြီးကျ ... ရင်ထဲ အေးစနဲ့ကျင်မြသွားလိုက်ရတာ၊ ရေခဲရေတစ်ခွက် သောက်လိုက်မိသလားတောင်ထင်၏။

ဩော် ... မမ။ အဲသည်လို (ထပ်တူ) ခံစားရရှာသည်ထင်ပါရဲ့။

"မောင်က မမနဲ့ နေရတာ မပျော်ဘူး မဟုတ်လား"

"မပျော်တာမဟုတ်ပါဘူး မမရယ် ... လူငယ်ယောကျ်ားလေးတစ်ယောက်အနေနဲ့ လွတ်လွတ်လပ်လပ် နေချင်တာပါ"

"ဘယ်တွေရောက်ခဲ့လဲ"

"သူငယ်ချင်းအိမ်ပါပဲ"

"**မောင်က သူငယ်ချင်းတွေ ဘာတွေ ရပြီလား**"

www.burmeseclassic.com

"ဒီလမ်းထဲ ... ကျွန်တော် လာရှာတဲ့သူငယ်ချင်းလေ။ မင်းမောင်။ သူနဲ့ပြန်တွေ့နေတာ နှစ်ပတ်သုံးပတ်ရှိပြီ မမရဲ့။ တစ်နေကုန် သူ့အိမ်မှာပဲ၊ သူ့အိမ်မှာပဲ ထမင်းစားခဲ့တာ"

"ဘာဟင်းလဲ"

"ဘဲဥကြော်၊ ဝက်အူချောင်းကြော်နဲ့ ပဲပြုတ်ဆီဆမ်း ... သူလည်း ဒါပဲလုပ်တတ်တယ်"

မမက ဖျော့ဖျော့လေးရယ်ရှာ၏။

"နို့ဆီဘူးတစ်လုံးခွဲလောက်တောင် ကုန်သွားလား မသိဘူး။ ကျွန်တော် တစ်ယောက်တည်းစားတာ"

ဆိုလိုတာက ကိုယ့်တစ်ယောက်တည်းက တစ်လုံးခွဲကုန်တာ ...။ မမကတော့ မိုးခြိမ့် တစ်ယောက်တည်းဆိုတော့။ အိမ်ရှင်သူငယ်ချင်းမှ လွဲလျှင် ဘယ်သူမှ မပါဘူးပေါ့။

ဩော် ... မောင်။ သူတို့ယောကျ်ားချင်း၊ လူငယ်ချင်းတွေ့ဆုံ၊ စကားတွေပြော၊ လွတ်လွတ်လပ်လပ် နေရှာတာက လွဲလို့ ဘာမှလဲမဟုတ်တာ မလုပ်ခဲ့ပါလား။ လိမ္မာတဲ့ မောင်ရယ်။

"အရက်တွေ ဘီယာတွေ သောက်သေးလား"

"မသောက်ပါဘူး"

"မောင်က သိပ်လိမ္မာတာပဲ"

မိုးခြိမ့် ရယ်ပြလိုက်လေ၏။

"မောင် ထမင်းစားတော့မလား"

"ဆာတောင်မဆာဘူး မမရဲ့၊ မနက်စာထမင်းကို ညနေစောင်းကာနီးမှ စားဖြစ်တာ၊ စကားတပြောပြောနဲ့ဆိုတော့



ထမင်းစားဖို့မေ့နေတယ်။ သေလုအောင်ဆာမှ ထစားတော့ ထမင်းတွေ တအားကုန်သွားတာ၊ ခုထိ ဗိုက်ထဲပြည့်တုန်း၊ မမရော ဆာလား၊ ဘာစားမလဲ"

"မနက်ကတော့ မောင် မရှိလို့ မစားတာ၊ ခုကျတော့ ဒရစ်ပ်သွင်းလိုက်လို့လား မသိဘူး။ မဆာဘူး။ အရှည်လေးက ပူတင်းပျော့ပျော့လေး ဖုတ်ထားတယ်တဲ့၊ အဲဒါပဲ စားမယ်၊ ပြီးရင် အိပ်မယ်၊ မမ အိပ်ချင်တယ် ..."

အခန်းထဲသို့ ပြန်ဝင်လာသော အပုလေးလက်ထဲမှာ ပူတင်းပန်းကန် တစ်ခါတည်းပါလာပါသည်။

"မမ ... နည်းနည်းမီလိုက်နော်"

ခုတင်ခေါင်းရင်းမှာ ဖက်လုံးနှင့် ခေါင်းအုံးတွေကို ဆင့်လျက် မမ ပြေပြေလျောလျော မှီနိုင်အောင်လုပ်ကာ မမကို မိုးခြိမ့်ပဲ ချီမ၍ နေရာချပေးရပါသည်။

"ကျွန်တော် ကျွေးမယ်"

မမကို ကိုယ်တိုင် ခွံ့ကျွေးရတာ ... မေမေနှင့် ကူတူနေစဉ်က ... မေမေ ထမင်းခွံ့ဖူးတာကို ပြန်သတိရသည်။ မမကို ချစ်ပါသည်။ သနားပါသည်။ သံယောဇဉ်ရှိပါသည်။ ရှေးကရေစက်ပါ၍ ခုကဲ့သို့ ဆုံစည်းရသည်ဟု ယုံကြည်ပါသည်။ သနှင့် လက်ထပ်လျှင် မမက အစ်မကြီးအမိအရာ ... သဲကြီးတော်ဆီမှာ လိုက်တောင်းပေးပါ .. ဟု ပူဆာချင်ပါသည်။ သို့ပေမဲ့ မမ လုပ်ပေးပါ့မလား။ မမ ခံစားရမလား။ မမ ... ကိုယ့်ကို ချစ်သည်ဆိုတာ၊ သိပ်ချစ်သည်ဆိုတာ၊ ကိုယ့်လိုတော့ မဖြူစင်လှဘူးဟု တစ်ခါတစ်ရံထင်၏။ ထင်မိတာကိုပဲ ငရဲကြီးမှာစိုးစွာ

www.burmeseclassic.com

(ထင်ကောင်းစရာလားဟူ၍) ကိုယ့်အထင်ကိုယ် ဖျောက်ရသေးသည်။

"မောင် ထမင်းတော့ စားလိုက်ဦးနော်၊ ဆာတဲ့အချိန်ပေါ့"

"ဟုတ်ကဲ့"

မမချော ... မိုးခြိမ့် ခွံ့ပေးလို့ပဲလားမသိပါ။ အပု‌ လေးယူလာသည့် ပုတင်းပန်းကန် ကုန်ရှာ၏။

"မောင် ... မမကို ချော့သိပ်မလားဟင်"

မိုးခြိမ့်က မမ ခုတင်ပေါ်သို့ ပြောင်းထိုင်၏။ မမက တုံးလုံးလေးလှဲ၍ အိပ်သည်။ မိုးခြိမ့် လက်တစ်ဖက်ကို ဖမ်းဆုပ်ထားသည်။ မိုးခြိမ့်က သီချင်းစဆို၏။

"ကြောင်ကြီးရဲ့ မြီးတံတို ..."

အသံနေအသံထားနှင့်ဆိုသည်မို့ အပုလေးက ခစ်ခစ် ရယ်၏။ မမက မျက်စိလေးမှိတ်၍ ပြုံးနေသည်။

"အဆီကို စားပါလို့ ... အသားကိုမျို ..."

ဦးသောင်းထွန်း ပြန်ရောက်လာပါသည်။ အခန်း ထဲမှ မြင်ကွင်းကိုတွေ့၏။ ပြုံးနေသည့် မမ မျက်နှာကိုကြည့်၏။ အခန်းပြင်သို့ ပြန်လှည့်ထွက်သည်။ တံခါးဝက ပက်လက်ကု[illegible] ထိုင်မှာ ထိုင်နေမှာဖြစ်၏။ အပုလေးကတော့ အခန်းထဲမှာ ရှိနေသည်။

"ကြောင်အိုရယ် ... ပေမှေး ... မမကွယ် ... ငယ်ငယ်[illegible] ကို၊ ကိုက် ... ပါနဲ့လေး ..."

အပုလေးက တခစ်ခစ်ရယ်၏။ မမက မျက်[illegible] လေးစင်းကျသည်။ ဒရစ်ပ်ထဲမှာ အိပ်ဆေးပျော့ပျော့ပါလော[illegible]



ဆေးပဲတိုက်ထားသလား မသိပါ။ ဒါမှမဟုတ် ဘဝင်ကျသွားရလို့ပဲ လားမသိ၊ မမ ... ခဏလေးနှင့် အိပ်ပျော်ပါသည်။ မမ အိပ်ပျော်မှ မမကိုင်ထားသည့် လက်ကိုဖြည်းဖြည်းဖြေ၍ ခြေသံဖွဖွနှင်းကာ အပုလေးကိုသာ စောင့်စေလျက် မိုးခြိမ့် အခန်းပြင် ထွက်၏။ အခန်းဝမှာ ဦးသောင်းထွန်းက ... ပက်လက်ကုလားမှာ မှီလျှောထိုင်မနေပါ။

ထိုင်တော့ထိုင်နေသည်။ ကိုယ်ကို ရှေ့သို့ကိုင်းထား၏။ ဒူးပေါ် လက်နှစ်ဖက်ဖြန့်တင်ကာ၊ လက်ဖဝါးနှစ်ဖက်ထဲမှာ ... သူ့မျက်နှာတစ်ခုလုံးကို မှောက်ချထားသည်။ အတော်ကြီးပင်ပန်းနွမ်းနယ်ညှိုးခြုံးနေသည့်ပုံစံတည်း။

"မမက ဘယ်လိုဖြစ်သွားတာလဲ"

ဦးသောင်းထွန်း မဖြေပါ။ မူလနေရင်းပုံစံ မပျက်ဘဲ ခေါင်းပဲခါပြသည်။ သူ စကားမပြောချင်ပါ။ စိတ်ခတ်ကျနေတာလားတော့မသိ။ တစ်သက်နှင့်တစ်ခါ ... ဒီတစ်ကြိမ်ပဲ ဦးသောင်းထွန်းကို သနားလိုက်မိပါတော့သည်။

❤ ✳ ❤

ညဘက် ... အပြင်ထွက်ဖို့အတွက် ကြိုတင်စီစဉ်ရတာတွေများ၏။ ခြံတံခါးပိတ်မည့်အနေတော်လေးကို ချောင်းရသည်။ သူ မအားဘဲ အလုပ်ရှုပ်နေသည့်အချိန်ကောင်းကို ရွေး၍ ...

"အနေတော်လေး ... ခြံတံခါးပိတ်ပြီးပလား"

www.burmeseclassic.com

"မပိတ်ရသေးဘူး ကိုမိုးခြိမ့်၊ ဒါလေးပြီးမှ"

သိသွားပဲ။ မမက သူ့ကို ပန်းအိုးထိုးခိုင်းထားတာ။

မမက နေကောင်းသည့်အချိန်တွေမှာ ခြံထဲဆင်းသည်။ မမ ပြောဖူးသည့် "လှေသူကြီးကတော်"လေ … ဆိုသည့်အတိုင်း (ဦးကစပါး ပုံ့ပြောင်း၊ ပုံ့ကစပါး ဦးပြောင်း)ပန်းအိုးထဲမှ အပင်တွေ မြေကြီးထဲချစိုက်၊ မြေကြီးပေါ်ကအပင်တွေ တူးပြီး ပန်းအိုးထဲထည့်၊ ပွင့်နေမွှေးနေသည့်ပန်းတွေ၊ ခြံဝအတက်လမ်းဘေးက အုတ်ခုံတန်းလေးပေါ်ရွှေ့၊ အဲသည်ပေါ်က မပွင့်တော့သည့် အပင်တွေ ခြံနောက်ဘက်ပြောင်း၊ ဘွန်ဇိုင်း (BONZAIသက်ကြီးပု)လုပ်ထားသည့်အပင်တွေ အိုးထဲမှနုတ်၊ ရေသောက်မြစ်ဖြတ်၊ ပြန်ထည့်၊ အရွက်တွေ တစ်ရွက်မှမကျန်တော့အောင် ညှပ်ပစ်၊ ဒီပန်းအိုးနဲ့ ဟိုပန်းအိုးနဲ့ နေရာချင်းလဲ… ဆိုတာမျိုးတွေလုပ်သည်။ လက်ညှိုးလေးတထိုးထိုးနှင့် ခိုင်းသည်။

အကယ်ဒမီများပိုင်ရှင် သရုပ်ဆောင်အနုပညာသည်မို့ပဲလားမသိ … မမမှာ အနုပညာမျက်စိ တကယ်ရှိသည်။ ခြံထဲမှာ သူ့အလိုလိုပေါက်လာပြီး မရိတ်မသိမ်းရသေးတာကြာလို့ အပင်သန်နေသည့် "မအေးခြင်ထောင်"ဆိုသည့် မြက်မျိုးတွေဖြတ်၊ ပန်းတချို့ခူးပြီး၊ မမမို့ ပန်းအိုးထိုးလျှင် အရမ်းလှပါသည်။

"ဒီမြက်က … လေးစိပ်ခွဲလို့ ရတယ်၊ ခွဲတတ်ရင် လေးထောင့် စတုရန်းလေး ရတယ်"

မမက ခွဲပြ၏။

"မမတို့ငယ်ငယ်တုန်းကဆိုရင် ဒီမြက်ကို လေးထောင့်စတုရန်းပုံလေးပေါ်အောင်ခွဲပြီးကစားတာ။ ပါးစပ်ကလည်း



ပြောရတယ်။ မအေးခြင်ထောင်ဘယ်လောက်ပေးရတယ်ဆိုရင် …

"အစလေးစမှာ တစ်ယောက်နှစ်စကိုင်ထားတော့၊ ကျန်တဲ့တစ်ယောက်က၊ ငါးမူးတစ်ကျပ်ပေးရတယ်လို့ပြောတယ်။ ငါ့ကိုရောင်းပါလားလို့ မမက ပြန်ပြောရင်၊ နောက်တစ်ယောက်က … မေမေ ဆူလိမ့်မယ်တဲ့ …

"မမက တစ်ခါ … မေမေဆူရင် ငါ့ဆီလိုက်ခဲ့ ဝိုင်းကြီးပတ်ပတ်ဒူဝေဝေ … ဆိုပြီး မြက်ကလေးကို ဆွဲဆုတ်ပြီး ထွက်ပြေး၊ ကျန်တဲ့တစ်ယောက်ကလိုက်၊ အဲဒီလိုကစားတဲ့ မြက်ပင်မို့ သူ့ကို မအေးခြင်ထောင်ပင်လို့ ခေါ်တာ"

အဲသည်လိုလည်း ရှင်းပြတတ်ပါသေးသည်။ အနေတော်လေးကို ပန်းအိုးထိုးနည်းသင်ပေးသေးသည်။

"အရှည်လေးနဲ့ အပုလေးတို့နှစ်ယောက်တော့၊ အနုပညာနဲ့ ဘယ်လိုမှ မနီးစပ်ဘူး၊ ဘုရားညောင်ရေအိုးတောင် လှအောင် မထိုးတတ်ဘူး၊ အီကေဘားနား (Ikebana ပန်းအလှပြုပြင်နည်း)ဆို ဝေးရော"

မမက သင်ရင်း ထိုးခိုင်းထားသည်မို့ အနေတော်လေးက ပန်းအိုးထိုင်ထိုးနေပါသည်။

"သူက ပန်းချီမျက်စိနည်းနည်းရှိတယ် မောင်ရဲ့"

"ဆောင်းတွင်းဆိုတော့ မှောင်တာစောတယ်၊ ငါပဲ သွားခပ်လိုက်တော့မယ် အနေတော်လေးရေ … နင့်ကို မမ စာမေးပွဲစစ်နေတာ အောင်အောင်ဖြေ"

www.burmeseclassic.com

ပြောပြီး သော့တွဲကို ယူလျက် ခြံထဲဆင်းခဲ့သည်။ ခြံတံခါးကို မောင်းတက်ထိုးသည်။ သော့ချိတ်သည်။ သို့ပေမဲ့ ... မခတ်ခဲ့ပါ။ ချိတ်ရုံချိတ်ထားတော့ အချိန်မရွေး အလွယ်တကူ ဖွင့်လို့ရ၏။ အိမ်ထဲတံခါးတွေကိုတော့ သော့ခပ်လေ့မရှိပါ။ အိမ်ထဲမှပင် တံခါးအထပ်ထပ်မှာ မင်းတုံးတွေက စိတ်ချရသည်မို့ သည်တိုင်းပဲထား၏။

အဲသည်ညက ... အရှည်လေးကို ကော်ဖီဖျော်ခိုင်းရသေးသည်။

"မောင်နော် ... မျက်စိကြောင်ပြီး အိပ်မပျော်ဘဲ နေဦးမယ်"

မမက အဲသည်လောက်ထိ ဂရုစိုက်ရှာ၏။ ဒီမှာတော့ အိပ်ပျော်မှာစိုးလို့ကို ကော်ဖီသောက်ပြီး မျက်စိကြောင်အောင် လုပ်ရတာဖြစ်၏။ ဘယ်နေ့ထွက်လာနိုင်မယ်မှန်း မသေချာသည်မို့ သဲနှင့် ချိန်မထားပါ။ သို့ပေမဲ့ ... သဲက တစ်ညလုံး ကောင်တာမှာ ရှိနေမှာမို့ မတွေ့မှာမပူရပါ။ တစ်အိမ်လုံး အိပ်ပျော်အောင်စောင့်ရသည်မှာ ကြာတောင်းကြာလှပါ၏။ မမ အခန်းထဲမှာ အပုလေးကို အိပ်ခိုင်းထားတာက မမ တစ်ခုခုနေထိုင်မကောင်းဖြစ်လျှင် လှုပ်နှိုးဖို့ပါ။

အနေတော်လေးနှင့် အရှည်လေးတို့က သူတို့ရသောအခန်းကို ချက်ထိုးပိတ်ပြီး အိပ်ကြတာဖြစ်၏။ ကြက်အိပ်ကြက်နိုးဆိုသလို ... ကလစ် ... ဆိုသည့်အသံကလေးကြားလျှင်ပင် နိုးတတ်သည့် ဦးသောင်းထွန်းကိုတော့ သြချ၍ လန့်ဖျပ်ရပါသည်။ အိမ်ထဲမှ အသံမပြည်အောင် ထွက်နိုင်၏။ မီးဖိုပေါက်မှ ထွက်ရ



မို့၊ အဲသည်မီးဖိုတံခါးမှာ အပြင်မြောက်လက်ရှိနေသောကြောင့် သော့ခတ်ပစ်ခဲ့၏။ အိမ်၏ လုံခြုံမှုကိုတော့ စီစဉ်ခဲ့ရပါသည်။ ဆန်နီလေး၏ စက်နှိုးသံက အလွန်ညင်သာပေမဲ့ ဂီယာဖရီးလုပ်ကာ တွန်း၍ပဲ ထုတ်ခဲ့သည်။

ခြံတံခါးဖွင့်၊ ဆန်နီထုတ်၊ ခြံတံခါးပြန်စေ့၊ လက်နှိုက်၍ မြောက်လက်ထိုး၊ သော့ချိတ်၊ ပြီးတော့မှ ဆန်နီလေးကို မောင်းထွက်ခဲ့တော့သည်။

❤ ⁂ ❤

"ဟယ် ... မိုးခြိမ့်"

"မောင်လို့ခေါ်ပါ သဲရယ်"

"ဟင့်အင်း ... ဟိုမိန်းမကြီးက မောင်လို့ခေါ်နေတာ"

"သူက မောင်လိုနှမလိုပါကွာ"

"ရိုးရိုးကနေ ဆန်းမလာဘူးလို့ ဘယ်သူ အာမခံမလဲ။ မိုးခြိမ့်နော် ... တက်မယ်ဆိုတဲ့သင်တန်းတွေ စတက်ပြီလား၊ အဲဒီအိမ်က မြန်မြန်ထွက်နိုင်အောင်ကြိုးစား၊ တခြားအလုပ်ကောင်းကောင်းရဖို့လဲစီစဉ်ဦး"

"လုပ်နေပါတယ် သဲရဲ့။ မမက စပီကင်ကို အိမ်မှာ ဆရာမခေါ်ပြီး သင်ပေးတယ်။ အင်္ဂလိပ်မကြီး၊ မြန်မာလို တစ်ခွန်းပြောရင် တစ်ဆယ်ပေးရတယ်။ မှားမှားမှန်မှန် အင်္ဂလိပ်လိုပဲပြောတဲ့။ အင်္ဂလိပ်စကားဆိုတာ ဘာမှခက်တာမဟုတ်ဘူးတဲ့ ...

www.burmeseclassic.com

"ပြောရဲ ပြောထွက်ဖို့ပဲ လိုတာတဲ့။ ဒီနေ့ဘွဲ့ရတွေ အင်္ဂလိပ်လို မပြောတတ်တာ၊ ပြောနေမှမကျပဲတဲ့။ အင်္ဂလိပ်အိမ်မှာ ထမင်းချက်တဲ့မိန်းမက် မြန်မာလိုဖြင့် ခုနစ်တန်းမအောင်ဘူး၊ အင်္ဂလိပ်လိုကျ ... မွတ်နေတာတဲ့။ မပြောမဖြစ် ... လိုအပ်လို့ပြောရတော့ တတ်သွားရောတဲ့"

"ခု ... ပြီလား"

"မရလို့မှမရဘဲ၊ ဆရာမ လာရင် အင်္ဂလိပ်လိုပဲ ပြောရတယ်"

"ကွန်ပျူတာရော"

"အဲဒါလည်း အိမ်မှာပဲ၊ ကွန်ပျူတာကျတော့ ဆရာ"

"ဟင် ... အိမ်မှာချည်းပဲ"

"မမက တတ်ရင်ပြီးရော၊ သင်ရရင်ပြီးရော မဟုတ်ဘူးလားတဲ့၊ အပြင်ထွက်သင်ရမှလားတဲ့"

"အို ... ချုပ်ချယ်လိုက်တာ၊ ရှင် သင်တော့ရော အနားမှာ ထိုင်စောင့်ကြည့်နေသေးလား"

"မကြည့်ပါဘူး၊ အတွေ့တောင်မခံဘူး၊ မမက မင်းသမီးဆိုတော့ လူပြောလွတ်အောင်နေရတော့လေ၊ နေတတ်ပါတယ်"

"ရိုက်ဖြင့်မရိုက်ရတော့ဘဲနဲ့"

"အဲဒီလိုမပြောပါနဲ့ သဲရာ ... ကျန်းမာရေးကြောင့် နားနေရရှာတာပါ"

"နားနေရရှာတာပါဆိုပဲ ... မိုးခြိမ့် ... ရှင် ဘယ်လိုဖြစ်နေလဲ။ ရိုးကြသေးရဲ့လား"

"ရိုးပါတယ် သဲရဲ့။ မရိုးရင် သဲဆီလာမလား၊ ကဲလေ..."



"အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်ဆိုသလို ... ရှင်ပါသွားမှာစိုးရတယ်၊ ပြီးတော့ ... တစ်အိမ်တည်း တူတူနေနေတာ၊ စိတ်ကိုမချဘူး"

"စိတ်ချပါ သဲရဲ့။ မောင့်စာရိတ္တကို မယုံဘူးလား၊ အရမ်းစိတ်ကောင်းရှိတဲ့ သဲက ဒီနေ့ စကားအထူးအဆန်းတွေချည်း ပြောနေတယ်၊ မောင်က မရိုးချင်ရင်တောင်မရပါဘူး၊ မမမှာ အသက်ပေးကာကွယ်စောင့်ရှောက်မဲ့ ကိုယ်ရံတော်ကြီးရှိတယ်"

မိုးခြိမ့်က ဦးသောင်းထွန်းအကြောင်းကို ပြောပြသည်။

"မမကို ဓားနဲ့ထိုးရင်တောင် အဲဒီလူရဲ့ရင်ဘတ်ကြီးက ရှေ့ကဝင်ခံမှာ။ မပူနဲ့"

"ရှင့်ကိုလည်း သတ်ထားဦးမယ်"

"ဦးသောင်းထွန်းကလား၊ ဘာလို့သတ်ရမှာလဲ"

"ရှင့်မမက ရှင့်ကို အရေးပေးလွန်းတာ မနာလိုပြီးတော့ပေါ့။ ဒါလောက်မှမတွေးနိုင်ဘူးလား"

"စိတ်ချ ... ဘယ်တော့မှ မသတ်ဘူး၊ မောင့်ကိုညာလို့တော့ မဟုတ်ဘူး၊ မမ ငိုမှာစိုးလို့။ မမချစ်တဲ့သူဆိုရင် ဒီလူကြီး ဖူးဖူးမှုတ် အရေးပေးမှာပဲ။ မမ မုန်းရင်သာ သူက သတ်ရင်သတ်မှာ"

"မိုးခြိမ့် ... ရှင် ရောက်လာကတည်းက မမအကြောင်းချည်းပဲပြောနေတာ၊ ရည်းစားဆီ လာတွေ့နေတယ် ဆိုတာရော သတိရရဲ့လား"

www.burmeseclassic.com

"သဲရာ ... ဒီကမ္ဘာမှာ သဲလောက်ချစ်တာ ဘယ်သူမှမရှိဘူး၊ သဲကို အချစ်ဆုံး၊ တစ်ယောက်တည်း၊ သဲနဲ့ပဲ လက်ထပ်မယ်။ သဲကလွဲရင် ဖွဲနဲ့ဆန်ကွဲ၊ ယုံပြီလား"

"မယုံပါဘူး"

"ယုံလိုက်ပါကွာ ... မောင့်ရည်းစားလေးက လိမ္မာပါတယ်"

"ဒီကဖြင့် အဆောင်တောင်ပြောင်းနေတော့မယ်၊ ကျုပ်ဘက်ကတိုးတက်မှုရှိပါတယ်၊ ရှင့်ဘက်က တိုးလည်းမတိုးတက်ဘူး"

"သဲ အလုပ်ရပြီလား"

"ရပြီ ... ရတော့မယ် ဆိုပါတော့။ ရှေ့လကုန်ရင်ရမယ်၊ တိုးချဲ့ကုန်တိုက်တစ်ခု ရှေ့လကုန်ရင် ဖွင့်မယ်၊ အဲဒီမှာရမယ်၊ ခန့်စာရပြီးပြီ၊ ကုန်တိုက်ကို အချောကိုင်ပြီး၊ ပစ္စည်းတွေဘာတွေ စာရင်းလုပ် ဘာညာပေါ့ ... ရှေ့လကုန်ရင်ပြီးမယ် ...

"အဲဒီအခါကျ ... အဆောင်ပြောင်းနေမယ်၊ ကြီးတော်နဲ့ အစ်မကို ပုန်ကန်ပြီးထွက်ရာတော့ရောက်မယ်။ မတတ်နိုင်ဘူး၊ ဒီမှာလည်း မနေချင်တော့ဘူး၊ ရမ့်ဲလခနဲ့ အဆောင်ခနဲ့ ထမင်းစားရနဲ့ ကွက်တိလောက်ပဲ၊ သိပ်တော့မပိုဘူး"

"မောင်လည်း အလုပ်လုပ်မှာပဲဟာ"

"ရှင့်အလုပ်က ဆောက်ဖြစ်မှကျောင်းတကာ။ ခုမှ သင်တန်းတက်ရတုန်း"

"ဆောက်ဖြစ်ပါတယ် ကျောင်းအစ်မရဲ့"

"ရွှေပြည်တော်မျှော်တိုင်းဝေးလည်း ဖြစ်မနေစေနဲ့ဦး"



"သဲက သိပ်ချစ်စရာကောင်းတာပဲ၊ သိပ်လည်းလိမ္မာတာပဲ၊ သဲက အရင်အကောင်းအထည်ဖော်ပြီး စောင့်တော့မှာပေါ့နော် ... မောင့်ကို"

"ဒါတော့ ရှင်က အကြံကြီးတာကိုး။ အရှည်ကြည့်တာကိုး။ ရှင့်ကို အပြစ်မတင်ပါဘူး။ ရှင့်စိတ်ကူးလည်း ကောင်းပါတယ်။ ရှင်က ကြိုးစားချိန်နည်းနည်းပိုကြာရမှာပေါ့"

"မောင်က တက္ကစီသာ စပေါ်တင်ပြီးဆွဲပစ်လိုက်ချင်တော့တယ်၊ ဒါမှ သဲနဲ့ မြန်မြန်နီးမှာ"

"ကားမောင်းတာက ဘယ်အချိန်မောင်းမောင်းရပါတယ်ကွာ။ သင်တန်းလေးတွေ တက်ခွင့်ရတုန်းသာတက်ပါ။ ကျွန်မ စောင့်ပါ့မယ်"

"သဲကလည်းကွာ ... ကျွန်မတဲ့"

"ကျွန်မပဲ။ လက်ထပ်ဖြစ်တော့မှ သဲနဲ့ မောင်နဲ့ ဓာတ်လမ်းပြန်စမယ်။ လက်မထပ်ဖြစ်ရင် မိန်းမသားဘက်က သိပ်နစ်နာတယ်"

"ဘာလို့ လက်မထပ်ဖြစ်ရမှာလဲ။ ထပ်ဖြစ်အောင်ထပ်မယ်၊ မိုးခြိမ့်ညံတဲ့၊ မမြင်ဖူးရင်ကြည့်ထား"

"ကျွန်မတို့ လက်ထပ်ပြီးလို့ ငွေလေးဘာလေး နည်းနည်းပါးပါးပိုလျှံရင် တောင်ပေါ်သွားမယ်နော်၊ ရှင့်အမေနဲ့ ရှင့်ညီမကို သွားရှာမယ်"

"သဲက သိပ်လိမ္မာတာပဲ၊ အဲဒါကြောင့်ချစ်တာ"

"ရှင့်အဖေကိုလည်း အကြောင်းကြားခွင့်တောင်းရဦးမှာပေါ့။ အဖေ့အိမ်ပေါ်ကဆင်းလာပြီး၊ အဖေ့က မဆက်သွယ်တိုင်း၊

www.burmeseclassic.com

ကိုယ်ကပါ မဆက်သွယ်လို့ဖြစ်မလား။ အဖေဟာအဖေပဲ။ သားဘက်က လျှော့ရမယ်"

"လိမ္မာပြန်ပြီကွာ၊ အဲဒါကြောင့်ချစ်တာ"

"ကျွန်မက နဂိုကတည်းက လိမ္မာပြီးသားပါ၊ မိဘမဲ့အဖြစ်နဲ့ ဆွေမျိုးသားချင်းအိမ်မှာ ကြီးပြင်းခဲ့ရတော့ လူ့လိုက်ကောင်းဆိုးလည်းသိတယ်"

"အဲဒါကြောင့်ချစ်ရတာ"

"သွား ... ဒါပဲပြောတတ်တယ်"

ပြောရင်း ... တက္ကစီတစ်စီးထိုးဆိုက်ကာ လူနာတစ်ဦးကို ပွေ့ဆင်းလာသည်မို့ မိုးခြိမ့်က အလိုက်သိစွာ နှုတ်ဆက်၍ ပြန်ခဲ့ပါတော့သည်။

သဲလေးရယ် ... လိမ္မာလိုက်တာ။ မောင် ချစ်လိုက်တာ။ သဲနဲ့ လက်ထပ်ပြီးတဲ့အခါမှာ မောင်ဟာ ခင်ပွန်းကောင်းပီသမှာပါ။ မောင်လည်း ဇနီးရတာကံကောင်းမှာ။ မောင်တို့ သိပ်ပျော်ကြမှာပဲ။ မမတစ်ယောက်သာ ဘယ်လိုနေရှာမယ်မသိဘူး။ မမရေ ... ကျွန်တော် ရည်းစားထားတော့မယ် ... လို့။ အဲဒါကစပြီးပြောရမယ်။ ဟုတ်တယ်၊ ကောင်းတယ်။

အတွေးဆုံးတော့ အိမ်ရှေ့သို့ရောက်၏။ ကားကို ခြံတံခါးမှာ ခေါင်းထိုး၍ စက်ပိတ်သည်။ ကားပေါ်ကဆင်း၊ ခြံတံခါးသံတိုင်တွေကြားမှ လက်လျှို၊ ချိတ်ထားသည့်သော့ကိုဖြုတ်။

မြတ်စွာဘုရား။

သော့ကသေသေချာချာကြီး ခတ်ထားခဲ့လေပြီ။ ကိုယ်အပြင်ခိုးထွက်တာ လူသိပြီပေါ့။ ဘယ်သူဖြစ်မလဲ။ ဦးသောင်းထွန်းပဲပေါ့။ ဒီလူကြီး နောက်ကများလိုက်ချောင်းသေးလားမသိ။ မမကိုကိုယ့်အကြောင်း ပေးသိရာ၌၊ ကိုယ့်ဘာသာပဲ ပြောပြချင်သည်။ သူများပြန်ပြောလို့ မမ သိသွားသည့်အဖြစ်သို့တော့ မရောက်ချင်ပါ။



ဆန်နီလေးကို တံခါးတွေပိတ် သော့ခတ်။ ခြံစည်းရိုးကိုကျော်ပြီးတော့ပဲ တက်ခဲ့၏။ နောက်ဖေးပေါက်သို့သွား၊ ကိုယ်ခတ်ခဲ့သည့်သော့ကိုဖွင့်ပြီး အိမ်ထဲဝင်၊ ပြီးမှ ခြံသော့ယူ၊ အိမ်ထဲမှ ပြန်ထွက်၊ ခြံတံခါးဖွင့်၊ ဆန်နီ မောင်းသွင်း။ ခြံတံခါးပြန်ပိတ် ... လုပ်ဖို့ပါပဲ။

မြတ်စွာဘုရား။

ဒုတိယအကြိမ် ဘုရားတမိခြင်းပါပဲ။ နောက်ဖေးပေါက်မှာ ကိုယ်ခတ်ထားခဲ့သည့်သော့ မရှိတော့၊ အတွင်းမှ ချက်ထိုးပိတ်ထားပြီ။ သွားပြီ။ အိမ်ထဲသို့ ဘယ်နည်းနဲ့မှ မဝင်နိုင်တော့ချေ။

"ဦး ... သောင်း ... ထွန်း" ... ဟု သံကုန်ဟစ်၍ ခေါ်လိုက်ချင်သည်။ သို့ပေမဲ့ ... မမ နိုးသွားနိုင်သည်။ မမက ညဘက်တစ်ရေး ... လန့်နိုးလျှင်လည်း တော်တော်ကြီးနေမကောင်းဖြစ်တတ်သည်။ ဘယ်တတ်နိုင်တော့မလဲ။ ခြံတံခါးပြန်ကျော်တက်၊ ဆန်နီပေါ်ပြန်တက်၊ မိုးလင်းလို့ အနေတော်လေး တံခါးလာဖွင့်မှ ဝင်တော့မည်။

သို့ပေမဲ့ ...

မိုးလင်းအောင် မစောင့်လိုက်ရပါ၊ အိမ်ရှေ့တံခါးမကြီး ပွင့်လာသည်။ ဦးသောင်းထွန်း၊ ခြံတံခါးသော့ကို ပစ်ပေး

www.burmeseclassic.com

ပြီး အိမ်တံခါးမကြီး ဟောင်းလောင်းထားလျက် အထဲပြန်ဝင်၏။ မိုးခြိမ့် ... ခြံတံခါးဖွင့်၊ ဆန်နီသွင်း၊ ခြံတံခါးပြန်ပိတ်၊ အိမ်ထဲဝင်၊ အိမ်တံခါးမကြီးပြန်ပိတ်။

ထိန်ထိန်လင်းနေသည့် ဧည့်ခန်းမကြီး၏ ဆိုဖာတစ်ခုပေါ်မှာ ငုတ်တုတ်ထိုင်နေသည့် ရုပ်သေကြီး။ မျက်နှာသေကြီး။ ဦးသောင်းထွန်း။

❤ ✱ ❤



# ၁၂

"ကျွန်တော့်မှာ ကိုယ်ပိုင်လွတ်လပ်ခွင့်ဆိုတာ မရှိရတော့ဘူးလား၊ ကျွန်တော်ဟာ ဒီအိမ်မှာ ထောင်ကျအကျဉ်းသားလား"

ဦးသောင်းထွန်းနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်ပစ်လိုက်သည်။ ဒီလူကြီး လုပ်ပုံမကြိုက်လို့ပါ။ ဒီလူကြီးဟာ ကိုယ်ထွက်သွားတာကို၊ သွားကတည်းကသိလို့ ဒါမှမဟုတ် ကိုယ့်ကိုတစ်ရေးနိုးထချောင်း၊ ကိုယ့်အခန်းထဲမှာ ကိုယ်မရှိ (ကိုယ်က အခန်းတံခါးကို ချက်ချအိပ်တတ်သူမှ မဟုတ်ဘဲ၊ စေ့ရုံစေ့သည့်အခါစေ့၊ တစ်ခါတစ်ရံ စေ့တောင်မစေ့ဘဲ၊ ခန်းစီးသာချလျက်)၊ အဲဒီတော့မှ အိမ်ထဲလိုက်ရှာ၊ ပွင့်နေသည့်တံခါးတွေပိတ်ပြီး ...

"မင်း ခိုးထွက်သွားတာ ငါသိတယ်" ... လုပ်ဖို့စောင့်နေတာလား။

အဲဒါကမှ တော်ဦးမည်။ အိမ်မှ ထွက်ကတည်းက နောက်ကသာတန်းတန်းစွဲ နောက်ယောင်ခံ၍ ပါလာခဲ့သည်ဆိုလျှင်၊ သိနှင့် ကိုယ်တို့ကို သူ တွေ့သွားပြီပေါ့။ ကိုယ်က

www.burmeseclassic.com

တောင်းပေးဖို့ မပူဆာရသေးမီ၊ သူကကုန်းတိုက်ပြီးပြီပေါ့။ ဒေါပွ
နှင့် ... ရုပ်သေကြီးကို မျက်နှာချင်းဆိုင်ပစ်လိုက်သည်။

မြတ်စွာဘုရား။

တတိယအကြိမ် ဘုရားတမိခြင်းပါ။ ဒီညတော့
မိုးခြိမ့် ဘုရားတရား တော်တော်မြဲခွင့်ရသည်မို့ ကုသိုလ်တော
တော်လေးရလိုက်သည်ဆိုလျှင် ဒီမျက်နှာသေကြီးကျေးဇူးပ
ပြောရမလိုပါ။ ဘယ့်နှယ် မျက်နှာသေကြီးလဲ။ မျက်နှာသေကြီ
ရှင်သန်နေသည်။ ရုပ်သေကြီးက ခံစားမှုတွေပြနေသည်။ သို့ပေမ
အဆုံးစွန် စိတ်ပျက်၊ နာကြည်း၊ နာကျင်ကြေကွဲ၊ တကယ့်ကို
ရင်ကွဲပက်လက်၊ ဘဝမှာ အကြီးမားဆုံးသော ဆုံးရှုံးမှု၊ ဘယ်
တော့မှ ပြန်လည်နာလန်မထူနိုင်တော့ပြီဖြစ်သော နစ်နာမှုကြီးကို
ခံစားနေရသလို ... ဦးသောင်းထွန်း မျက်နှာက စုတ်ပြတ်သတ်
လောက်အောင် အဖြစ်ဆိုးစွာ ... ခံစားမှုတွေ ဖြစ်ထွန်းနေတော့၏။

မိုးခြိမ့် ရုတ်တရက် စိတ်ပူသွားရသည်။ ဒီလူကြီး
ဒီလောက်ခံစားနေရပြီဆိုတော့ ...

"မမ ဘာဖြစ်လဲ ဦးသောင်းထွန်း"

ကိုယ်ကိုကိုင်းလျက် မတ်တတ်ထရပ်မိတော့သည်
မမအတွက် စိုးရိမ်ပူပန်ခြင်းဖြင့် ရင်ထဲမှာ လောင်မြိုက်သွားသည်။
တစ်ချိန်တည်းမှာ သိလိုက်ရတာက ကိုယ်ဟာလည်းပဲ၊ ဦးသောင်း
ထွန်းကို လိုက်မမီတောင် ဦးသောင်းထွန်းနီးပါး မမကို ချစ်နေမှ
ပဲဟူ၍ ...။ ဦးသောင်းထွန်း၏ ခံစားမှုဗလာမျက်နှာသေကြီးပေါ်မှ
အဆင်းမဲ့မျက်ဝန်းတို့သည် တစ်ခါတစ်ရံမှာ စက္ကန့်ပိုင်းလောက်
ဖြစ်စေ၊ ရွှန်းတောက်လက်ဖြာသွားတတ်သည်။ လင်းသောမျက်



ခြည်တန်းတစ်ခု ပန်းထွက်လာသလို ...။ သို့ပေမဲ့ ချက်ချင်း
ကွယ်ပျောက်တတ်၏။ အဲသည်ရှားပါးသော ရွှန်းလက်တောက်ပ
မှုတိုတိုလေးထဲမှာ မမအတွက် အဆုံးစွန်သော အနှိုင်းမဲ့အချစ်
တွေကို တွေ့လိုက်ရသည်ဟု မိုးခြိမ့် ခံယူထားတာကြာပါပြီ။

မမအတွက်ဆိုလျှင် ဦးသောင်းထွန်း၏ ခံစားမှုများ
အဆိပ်ပြင်းတတ်၏။ ဖြေဆေးမရှိ။ ခုတော့ ... ကိုယ့်သောကတွေ
လည်း မမအတွက်နှင့် ငယ်ထိပ်သို့တက်၍ လောင်မြိုက်ပြီ။

"မမ ဘာဖြစ်လဲ ဦးသောင်းထွန်း ... ပြောပါဗျ"

မလှုပ်မယှက်လုပ်နေပုံကြီးကို စိတ်တို၏။

"မင်း အဲဒီလောက်သံယောဇဉ်ရှိတယ်၊ စိုးရိမ်ပူပန်တယ်
ဆိုရင်. မမ စိတ်ဆင်းရဲအောင်လုပ်ဖို့မကောင်းဘူး"

ရှင်သန်လာသည့် ရုပ်သေကြီးဟာ အကောင်းဘက်
သို့မတိမ်းပါ။ အဆိုးဘက်သို့ ယိမ်းသည်။ အသက်ထွက်ကာနီးလူ
မမာတစ်ယောက် အဆိုးဝါးဆုံးဝေဒနာကို ခံစားရချိန်မှာ ဖြစ်နိုင်
သည့် မျက်နှာမျိုးကို ဦးသောင်းထွန်း ပြန်မပြင်နိုင်ရှာ။ ရစရာမရှိ
အောင် စုတ်ပြတ်သတ်နေသည့် ခံစားမှုများဖြင့်၊ သူ့မျက်နှာသည်
ပျက်ချင်တိုင်းပျက်တော့၏။

"ကျွန်တော် ဘာလုပ်တာကိုပြောတာလဲ"

"မင်း အပြင်ခိုးထွက်တိုင်း မမ သိတယ်"

မိုးခြိမ့် ဆိုဖာဆက်တီပေါ် ဝုန်းခနဲ ထိုင်ချသည်။
သနှင့်တွေ့ရသည့်အကြိမ်က အလွန်နည်းပါသည်။ နေ့ခင်းဘက်ဆို
လည်း နှစ်ခါလား သုံးခါလား၊ ညဘက်ဆိုလည်း နှစ်ခါလား၊
သုံးခါလားပါပဲ။ သဲက ကြီးတော်နှင့်အစ်မ၏ အုပ်ထိန်းမှုအောက်

www.burmeseclassic.com

မှာရှိစဉ် လူပြောခံစရာမဖြစ်အောင် နေချင်သည်တဲ့။ မြို့တုန်းက ကြီးတော်ဆီမှ ရန်ကုန် ကြီးတော်ဆီ လူကြုံနှင့် ခိုးလိုက်ခဲ့သလို မဖြစ်ချင်ပါ ... တဲ့။ ရန်ကုန် ကြီးတော်က နယ် ကြီးတော်ဆီ သတင်းပို့၊ သဲညာကို ငါပဲ ခေါ်ထားလိုက်တော့မည်ပြော ... ညီအစ်မချင်း ကတောက်ကဆတောင် ဖြစ်ကြသတဲ့။ လုပ်ပုံကိုင်ပုံ လူကြီးမဆန်ဘူး ... ဘာညာစွပ်စွဲကြသည်တဲ့။

"ဒီတစ်ကြိမ်မှာ နောက်ထပ် ကြီးတော်တစ်ယောက် အဆုံးရှုံး မခံနိုင်တော့ဘူး၊ သဲမှာ ဆွေမျိုးက မရှိရတဲ့ကြားထဲ မြို့ကကြီးတော်ဆီလည်း ပြန်နေရဲတော့တာ မဟုတ်ဘူး"တဲ့ ...။

အဲဒါကြောင့် ဆင်ဆင်ခြင်ခြင်တွေ့ကြရပါသည်။ မမက ဒါတွေကို အကုန်သိသတဲ့လား။ ဒါဆို ... သဲညာကိုရော သိပြီလား။

"မင်းဟာ မမအပေါ်မှာ သိပ်ရက်စက်တယ်"

"ခုချိန်ထိတော့ မမအပေါ်မှာ ... ခင်ဗျားလောက်မကောင်း နိုင်တာကို ဝန်ခံတယ်၊ ရက်တော့မရက်စက်ဘူး"

"မမ ... မင်းကို ဘယ်လောက်ချစ်လဲ၊ မင်း သိလား"

"ကျွန်တော်လည်း ချစ်တာပဲ"

"မင်း ... မမကို လက်ထပ်နိုင်မလား"

"ဘာလို့ လက်ထပ်ရမှာလဲ"

"မင်း ... မိန်းမတစ်ယောက်ဆီမှာ လက်မထပ်နိုင်ဘဲ ချစ်ယောင်ပြမယ်၊ အဲဒီမိန်းမရဲ့ ချစ်မြတ်နိုးခြင်းကို ... မက်မောမောခံယူနေမယ်ဆိုရင် မင်း ... ဘာကောင်ဖြစ်... မလဲ"



"ဘာကောင်မှ မဖြစ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ... ကျွန်တော် မမကိုချစ်တာ လက်ထပ်ချင်တဲ့စိတ်နဲ့ ချစ်တာ မဟုတ်ဘူး။ ကိုယ့်အမေနဲ့ ကိုယ့်ညီမလေးကို ပြန်တွေ့ရသလို၊ အစ်မတစ်ယောက် မိုးပေါ်ကကျလာသလို၊ သွေးရင်းသားရင်းစိတ်နဲ့ ချစ်တာ ...

"လိပ်ပြာသန့်တယ်။ အစ်မရင်းတစ်ယောက်လို ချစ်တာတောင် ပေါ့ပေါ့တိမ်တိမ်ချစ်တာ မဟုတ်ဘူး၊ နက်နက်ရှိုင်းရှိုင်းချစ်တာ။ ဘာဖြစ်လို့လဲဆိုတော့ ... မမဆီရောက်လာတာ အမေနဲ့ ပြန်တွေ့ရသလိုပဲ။ မမဟာ ကျွန်တော့်အပေါ်မှာ ကောင်းလွန်းတယ် ... မမဟာ ကျွန်တော့်ကျေးဇူးရှင်လည်းဖြစ်တယ် ...

"မမရဲ့ မေတ္တာတွေ စေတနာတွေ အကြင်နာတွေ၊ သံယောဇဉ်တွေ ... ကျွန်တော့်အပေါ် သွန်ချပေးထားတာ များလွန်းတယ်။ ကိုယ့်အပေါ် ဒီလောက်ကောင်းတဲ့ မမကို ကိုယ့်ကျေးဇူးရှင်ကို ကျွန်တော် ပြန်မချစ်ဘဲ မခင်ဘဲ မလေးစားဘဲနေပါတော့မလား ...

"မမအတွက် ဆိုရင် ဘာပဲလုပ်ပေးရ လုပ်ပေးရ လုပ်ပေးချင်တဲ့စေတနာ ... ကျွန်တော့်မှာလည်း ရှိတယ်။ ကျွန်တော် ဒီအိမ်မှာ ကောင်းကောင်းဝတ်၊ ကောင်းကောင်းစား၊ ကြိုက်သလိုသုံး၊ ဘာတာဝန်မှလဲ ဟုတ်တိပတ်တိမရှိ ဖြစ်နေတာကို၊ ကျေနပ်လွန်းလို့ ဓိမ်ခံနေတယ်များ ထင်နေလား ...

www.burmeseclassic.com

"ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမရှိတဲ့ အလကားကောင် ဖြစ်နေပြီဆိုတာသိတယ်။ ကိုယ့်ကိုယ်ကိုယ်တောင် ရွံချင်နေပါပြီ။ အဲဒီနွံထဲက ရုန်းထွက်ချင်ပြီ။ ဆိပ်ကမ်းမှာ ကူလီသွားထမ်းပြီး ထမင်းစားရရင်တောင် ဒီထက် ... စိတ်ချောင်ချိမယ် ...

"ခုတော့ ... ခင်ဗျား ဘယ်လိုမြင်မလဲ၊ ကောင်မလေးတွေ ဘယ်လောက်အထင်သေးမလဲ ... ဒါ ... ကောင်မလေးတွေ အထင်သေးတာကိုကြောက်လို့ပြောတာ မဟုတ်ဘူး၊ ကျွန်တော့်ဘဝက လူမလေး ခွေးမခန့်ကြီး၊ ဦးသောင်းထွန်း ... ခင်ဗျား ပြောတာမှန်ပါတယ် ...

"မင်း ဘာကောင်လဲဆိုတာ။ ဒီအိမ်မှာ ကျွန်တော် ဘာကောင်မှန်းကို မသိပါဘူး။ အဲဒါကြောင့် ဒီအိမ်ကထွက်သွားဖို့ အကြိမ်ပေါင်းများစွာကြံစည်ခဲ့တယ်။ ကြိုးစားခဲ့တယ်။ မအောင်မြင်ဘူး။ ဒီစည်းစိမ်ကို မစွန့်ခွာနိုင်လို့မထင်နဲ့ ...

"မပြောမဆို ပျောက်သွားရင် မမ စိတ်ထိခိုက်ပြီး တစ်ခုခုဖြစ်သွားမှာစိုးလို့၊ မမဆီမှာ ခွင့်တောင်း၊ အသိပေးပြီးမှသွားဖို့စိစဉ်တာ။ ပြောတောင် သေချာမပြောရသေးဘူး၊ မမ ချုံးပွဲချငိုပြီ။ ဆယ်ခါပြော၊ ဆယ်ခါငိုပဲ ...

"မမ အဲဒီလောက်ငိုတော့လည်း မကြည့်ရက်ပြန်ဘူး။ ဒါဟာ မမအပေါ်မှာထားတဲ့ နက်ရှိုင်းတဲ့သံယောဇဉ်အဖြူရောင်ပဲ။ မမ စိတ်ဆင်းရဲမှာစိုးတာနဲ့ ဒီအိမ်မှာ အလကားကောင်လုပ်နေရတယ်။ ကျွန်တော် ... ယောကျ်ားပဲ ဦးသောင်းထွန်း ...



"ပြီးတော့ ... လူငယ်။ တစ်ဆင့်ပြီးတစ်ဆင့် ခုန် ... ခုန်တက်နေရမဲ့အရွယ်၊ ကြိုးစားနေရမဲ့အရွယ်၊ ခုတော့ ... ကျွန်တော့်ဘဝတစ်ခုလုံးကို စက်သေသွားတဲ့နာရီလို ရပ်ထားရတယ်။ ဒီအိမ်မှာနေရတာ သိပ်ပျော်နေတယ်များထင်နေလား ...

"အလကားကောင်ဆိုတဲ့ဘဝကို မမရဲ့ စိတ်ချမ်းသာမှုနဲ့လဲပြီး လက်ခံရယူထားရတာ။ သူငယ်ချင်းအပေါင်းအသင်းတွေကလည်း အထင်သေးလှပြီ။ ဟားလှပြီ။ ဒါတွေခင်ဗျားကို ပြောပြချင်တာကြာလှပြီ။ ဒီညရင်ဖွင့်တာပဲ၊ ခင်ဗျား ... ကျွန်တော့်ကို အပြစ်မတင်နဲ့"

ဆိုဖာနောက်မှီပေါ် ခေါင်းမှေးတင်လျက် မျက်နှာကြက်ဆီသို့ မော့ငေးလိုက်၏။ ပြောချင်တာပြောလိုက်ရသည်မို့ ရင်ထဲမှာ နည်းနည်းတော့ ချောင်ချိသွားသည်။

"အကျဉ်းသားတစ်ယောက်လို ထောင်ချထားဖို့တော့ စိတ်မကူးနဲ့ ဦးသောင်းထွန်း၊ ဒီည ... ခင်ဗျား ဒီလောက်မျက်စိမျက်နှာပျက်ရလောက်အောင် ကျွန်တော် ဘာအပြစ်မှမကျူးလွန်ခဲ့ဘူး"

"မင်းရည်းစားထားတာ အကြီးမားဆုံးပြစ်မှုပဲ"

"ဘာ ... ခင်ဗျား ကျွန်တော့်ကို အသေးစိတ်လိုက်ချောင်းနေတာလား၊ ကျွန်တော် သွားလေရာမှာ အလွတ်စုံထောက်များငှားပြီး ထည့်ထားသေးလား"

"အဲဒီလောက် မလိုပါဘူးကွာ ... ငါ ... မင်းထက် အသက်အများကြီး ပိုကြီးတယ်"

www.burmeseclassic.com

ဦးသောင်းထွန်းထံ အံ့သြကြည့်တစ်ချက်တစ်ချက် ပို့ဖြစ်၏။ ဘယ်တုန်းကမှ မကြားခဲ့ဘူးသော နာကျင်ကြေကွဲအား လျော့နေသည့် မာန်မဲ့သောစကားများ။

"ရည်းစားက ခုမှကောက်ထားတာမဟုတ်ဘူး။ ကျွန်တော် ရန်ကုန်မရောက်ခင်ကတည်းကထားခဲ့တဲ့ ရည်းစား၊ ခုမှ ပြန်ဆုံကြတာ၊ ကျွန်တော် လက်ထပ်မှာ။ မမကိုတောင် မိန်းမတောင်းခိုင်းဖို့ပြောမလို့"

"မင်း ရည်းစားကို ဖြတ်လိုက်ပါ"

ဒေါ်သထောင်းခနဲထွက်ရပြန်သည်မို့ ထိုင်လျက်က ပင် ကိုယ်ကို ရှေ့သို့ကိုင်းရပြန်သည်။

"ဘာလို့ဖြတ်ရမှာလဲ"

"မမက ပေးစားမှာမှ မဟုတ်ဘဲ"

"မမ ... မပေးစားတာနဲ့ မယူရတော့ဘူးလား၊ ဦးသောင်းထွန်း ... ခင်ဗျား လူပျိုကြီးလား၊ တစ်ခုလပ်လား၊ မုဆိုးဖိုလား၊ ဘာလားတော့မသိဘူး၊ ကျွန်တော့်မျက်စိရှေ့မှာတော့ ခင်ဗျားမှာ မိန်းမမရှိဘူး၊ ဒါပေမဲ့ ...

"ခင်ဗျား ဒီအရွယ်ရောက်ပြီ။ အချစ်နဲ့မကြုံဖူးခဲ့ဘူး ဆိုတာတော့ မဖြစ်နိုင်ဘူး၊ ခင်ဗျား မချစ်ဖူးခဲ့ဘူးလား၊ အချစ်အကြောင်း မသိဘူးလား၊ ဆွေမျိုးမတော်စပ်တဲ့ သူစိမ်းမိန်းမတစ်ယောက်ကို လက်ထပ်ယူပြီး ကျွဲလိုနွားလို ရုန်းကန်ရှာဖွေကျွေးတယ်ဆိုတာ ချစ်လို့ဗျ။ အဲဒါ အချစ် ...

"သူ့အတွက် ကိုယ့်ဘဝတစ်ခုလုံးကို ပေးလှူချင်လို့ပေးဆပ်ခွင့်တောင်းတာ အဲဒါအချစ်၊ သူနဲ့ကိုယ်နဲ့



ဘဝခရီးဆိုတာကြီးကို အတူတူအဖော်လုပ်ပြီး သွားကြဖို့ သံယောဇဉ်ဖြစ်ကြတာ၊ အဲဒါအချစ်။ ချစ်ပြီဆိုကတည်းက တူတူနေဖို့ချစ်တာ ...

"ဖြတ်ပစ်ဖို့ဆိုရင်၊ ဖြတ်နိုင်တဲ့အင်အားရှိရင် အစကတည်းက ရည်းစားမထားဘူး"

"မမက မင်းကို မှန်လိုကြည့်နေတာ"

"သိတယ်လေ"

"မင်းရဲ့လှုပ်ရှားမှုမှန်သမျှ အသေးအဖွဲ့လေးကစပြီး ဂရုစိုက်နေတာ"

"အဲဒါလဲ သိတာပဲ"

"မင်း အခန်းထဲကထွက်ပြီး ဟိုတံခါးပိတ်၊ ဒီတံခါးပိတ်၊ ဒီတံခါးဖွင့်လုပ်နေကတည်းက မမ သိတယ်"

"သြော်"

"မင်းက မီးဖိုပေါက်ကပြန်ဝင်ရအောင် အပြင်က သော့ခတ်သွားတာလည်း မမ သိတယ်"

"မမ အိပ်ရာထဲက ထလာပြီး လိုက်ကြည့်တာလား"

"မပြောတတ်ဘူး၊ မမလား အပုလေးကို ကြည့်ခိုင်းသလား၊ မမ မအိပ်သေးဘူး၊ အကုန်သိမှာပါ"

"မမ သိတယ်ဆိုရင်တောင် နောက်ကျမှာပါ။ ခင်ဗျားက အရင်သိမှာပါ"

"မမ အရမ်း စိတ်ထိခိုက်သွားတယ်၊ အိပ်ပျော်သွားနိုင်ဖို့ သောက်နေကျဆေးကိုတော့ သောက်တာပဲ၊ အစကတည်းက ကျန်းမာရေးမကောင်းတဲ့အခံ ရှိတာ၊ နည်းနည်းကလေးမှ

www.burmeseclassic.com

စိတ်ထိခိုက်ခံလို့ မရတာ မင်း သိသားပဲ။ မမ ... သတိလစ်လဲကျသွားတယ်၊ မမကို ကြည့်ပေးနေကြ ဆရာဝန်ကို ဖုန်းဆက်တောင်းပန်ပြီး ခေါ်ရတယ်၊ ဆရာဝန်က ကြွရှာပါတယ်"

"ခု ... မမ ဘာလုပ်နေလဲ"

"အိပ်ပျော်နေပြီ"

"ကျွန်တော် သွားကြည့်လို့ရမလား"

"မကြည့်နဲ့တော့၊ လှုပ်လှုပ်ရှားရှားအသံဗလံနဲ့ ... မတော်တဆ ပြန်နိုးလာရင် ပိုဆိုးလိမ့်မယ်။ မမ တအားငိုထားတာ"

ဖြစ်မှဖြစ်ရလေ မမရယ် ... ဟုသာ ရင်ထဲညည်းမိတော့သည်။ မမ ဒီလောက်ခံစားရသည်ဆိုတော့ ရင်ထဲမကောင်းနိုင်ပါ။ ဒါဆို ... မမ နောက်က တကောက်ကောက်တော့ မပါလာနိုင်ခဲ့ဘူးပေါ့။

"ဒါဆို ... တံခါးတွေက ခင်ဗျား ပိတ်ထားလိုက်တာပေါ့။ မီးဖိုတံခါးတို့ဘာတို့"

"ငါ ထိုင်စောင့်နေတာ မင်းကို ဖွင့်ပေးဖို့ပဲ။ မင်းသာ ခြံတံခါးပိတ်ထားမှန်းသိသိချင်း ဟွန်းတီးရင် ငါ လာဖွင့်ပေးမှာပါ။ ဟွန်းမတီးတာလည်း ကောင်းတော့ကောင်းပါတယ်လေ။ မဟုတ်ရင် ... မမ နိုးသွားနိုင်တယ် ...

"မမက မင်းနောက်ကနေ ကားတစ်စီးနဲ့ လိုက်တာ ရွှေဘုံသာလမ်းထိရောက်တယ်၊ ငါ့မှာ စိတ်ပူလိုက်ရတာ သေမတတ်ပဲ"

"ခင်ဗျား နောက်ကနေ ပရာဒိုနဲ့ လိုက်တယ်မဟုတ်လား"



"မင်း ထွက်သွားပြီး မမလည်း ခြံထဲပြေးဆင်းတာပဲ။ ကားမောင်းလိုက်မယ် မထင်မိဘူး၊ မမက မားစီးဒီးပေါ်တက်၊ အပုလေးက ခြံတံခါးပြေးဖွင့်လုပ်တော့မှ ငါက မမနောက်က ပြေးလိုက်ပြီး မားစီးဒီးပေါ် ခုန်တက်ရတာ...

"တံခါးရှက် ဆွဲဖွင့်တော့ မမက စက်တောင်နှိုးပြီးနေပြီ၊ မမ ... ကျွန်တော် မောင်းမယ်လို့ပြောတာ မရဘူး၊ လူချင်းလဲနေရင် မင်း ဘယ်ပျောက်သွားမှန်း မသိမှာစိုးလို့ ခဏကားရပ်ပြီး လူလဲမောင်းဖို့အချိန်ကလေးတောင် မပေးနိုင်ဘူး ..."

မိုးခြိမ့် အံ့ဩလွန်းစွာ နားထောင်မိတော့၏။

"ငါ့မှာ စိတ်ပူလိုက်ရတာ သေမတတ်ပဲဆိုတာ အဲဒါ။ မမ ကားမမောင်းတာကြာလှပြီ။ နေစမကောင်းကတည်းက ဆိုတော့ လေး,ငါးနှစ် ရှိပြီ"

မိုးခြိမ့်က ကားကို ခပ်ဖြည်းဖြည်း မောင်းခဲ့သည်မို့ မမ လိုက်လို့မီတာဖြစ်မည်။ ညကြီးလည်းဖြစ်၊ ထွက်လာတာလည်း နည်းနည်းစော၊ သဲက ဆယ့်နှစ်နာရီကျော်မှ လူပါးသည် ဆို၍ လူပါးသည့်အချိန်လည်း စောင့်ရင်းဆိုသလို တော်တော်ဖြည်းဖြည်းလေးမောင်းခဲ့သည်မို့ မမလည်း နောက်မှ ဖြည်းဖြည်းပဲ လိုက်ရမှာမို့ တော်ပါသေးရဲ့။

"ငါကပြောပါတယ်။ မိုးခြိမ့်မောင်းတာ ဖြည်းဖြည်းလေးပဲ၊ ပြီးတော့ ... တော်တော်ကြီးလည်းခွာပြီးလိုက်ရတော့ ကားခဏရပ်ပါ ကျွန်တော် မောင်းမယ်၊ လူချင်းလဲမယ်ပြောတာမရဘူး"

www.burmeseclassic.com

"မတားပါနဲ့ ကိုသောင်းထွန်းရယ် ... မမ ကိုယ်တိုင် မောင်းချင်လို့ပါ။ မောင် ဘယ်သွားပြီး ဘာလုပ်တယ်ဆိုတာကို မမကိုယ်တိုင် ကားမောင်းပြီး လိုက်ကြည့်တယ်ဆိုတဲ့ အဖြစ်လေးမှာ စိတ်ဖြေသာလို့ပါ။ မောင်နဲ့ပတ်သက်လာရင် မမ တစ်ခုခုကို လှုပ်ရှားရန်းကန်နေချင်တယ် ..."တဲ့။

အသံကလေးတုန်၍ပြောရှာသည့် စကားလေးတွေ နားထဲသို့ပြန်ဝင်၏။

"ရွှေဘုံသာလမ်းထဲမှာ ခပ်ဝေးဝေး မောင်ရိပ်မှာ ကားရပ်ပေမဲ့၊ မင်းတို့နှစ်ယောက် စကားပြောနေတာကိုတော့ ကျွန်တော်ဘာပဲ၊ ဘာတွေပြောနေမှန်းမသိပေမဲ့၊ မင်းတို့ မျက်နှာတွေကို ဆေးခန်းရဲ့မီးထိန်ထိန်ထဲမှာ တွေ့နေရတာပဲ၊ မမ သဘောပေါက်တာပေါ့"

"အဲဒီမှာတင် သတိလစ်သွားတာလား"

"မဟုတ်ဘူး၊ ငိုလိုက်တာဆိုတာ ... ရှိုက်ကြီးတငင်၊ ရင်ကွဲပက်လက်။ မကြည့်ရက်လိုက်တာများ"

"မမ ... ပြန်ရအောင်နော်" ... ဆိုပြီး ချော့မော့တော့ မမခမျာ တကယ်ပဲ ကားမောင်းနိုင်သည့်ခွန်အားမရှိရှာတော့ပါ။ ယာဉ်မောင်းဘေးကခုန်ဆီတောင် မရွှေ့နိုင်၊ သူ့ကိုယ်ကလေး ပျော့ခွေနေသည်။ ရင်ဘတ်က လှိုင်းထန်စပြု၏။ မကြာမီ ဖုတ်ဖုတ်ဖုတ်ဖုတ်လှိုက်ဖြစ်တော့မှာမို့ မမကို ပွေ့၍ပဲ ရွှေ့လိုက်ရသည်။ ကိုယ့်ဘာသာပြန်မောင်းလာတော့ ခပ်သွက်သွက်။ အိမ်ကိုအမြန်ဆုံးပြန်ရောက်ဖို့အရေးကြီး၏။



အိမ်ရောက်တော့ မမက တည်တည်ငြိမ်ငြိမ် ပြန်ဖြစ်နေသည်။ မျက်ရည်ပေါက်များက ပါးပြင်ပေါ်သို့ အဆက်မပြတ် မစီးဆင်းတော့ပါ။ တအားငိုထားပြီးချိန်မို့ တစ်ချက် တစ်ချက် ရှိုက်တာကလွဲ၍ လူကောင်းပြန်ဖြစ်နေ၏။ အခန်းထဲသို့ ပွေ့ချီသွားပြီး ခုတင်ပေါ် တင်ပေးတာကို မမက ခါတိုင်းလို ငြင်းဆန် ဆူပူခြင်းမရှိပါ။ ကိုသောင်းထွန်း ... ငါ့ကို ပွေ့နေပါလား ဆိုသော အသိစိတ် မရှိတာလား၊ ကန့်ကွက်ပြောဆိုဖို့ ခွန်အားမရှိတော့တာလား၊ သူ့ခွန်အားနှင့်သူသာဆို၊ ဤအပေါ်ထပ်သို့ ပေကားတစ်လျှောက်မတက်နိုင်တော့မှာက သေချာ၏။

"မမ ဆေးသောက်မယ်နော်"

ချော့ပြောပေမဲ့ ခေါင်းခါ၏။

"အိပ်ပျော်သွားမှာကြောက်လို့ပါ။ မမ အိပ်မပျော်ချင်သေးဘူး ကိုသောင်းထွန်းရယ် ... မမကို ဆေးမတိုက်ပါနဲ့"

ပြောပုံလေးမှာ ခါတိုင်းလို အမိန့်သံမပါ။ တောင်းပန်တိုးလျှိုးနေ၏။ မကြည့်ရက် မကြားရက်လိုက်တာများ ပြောစရာမရှိဖြစ်ရတော့၏။

"မမကို ထားခဲ့တော့၊ မမ တွေးတော့နေမှာပါ။ တွေးရင်းနဲ့ အိပ်ပျော်ချင်လည်း အိပ်ပျော်သွားမှာ။ ဆေးတော့မတိုက်နဲ့နော်"

မချိမဲ့ကလေးနှင့် ပြုံးလျက် တောင်းပန်သလိုပြုံးလေး ပြောပြန်တော့ ဦးသောင်းထွန်း ... မမဆန္ဒနှင့် မဆန့်ကျင်ရက်ပါချေ။ မမကို ချစ်ပါသည်။ ချစ်လိုက်တာမှ ကမ်းကုန်ဟုဆိုချင်ပါသည်။ နှင်းနည်းမျိုးပေါင်းစုံနှင့်ချစ်သည်။ တစ်ခါတစ်ရံမှာ ရင်ခွင်

www.burmeseclassic.com

မှာ ပွေ့ချီလျက် ... အေး ... အေး ... အို ... ကျွတ် ... ကျွတ် ... မြည်ကျေးကာ ကလေးသိပ်သလို သိပ်ချင်၏။ ကလေးလေးလို ပခုံးပေါ်မှာ ထမ်းထားချင်သည်။ မမကို ဘယ်လောက်ချစ်လဲ ... ဟုမေးလျှင်၊ ငယ်ငယ်တုန်းက ... ကလေးချင်းပြောသလို၊ ကလေးပြောလေးပြောချင်၏။

"မိုးအဆုံး မြေအဆုံး ချစ်တယ်"

"မမက ပိုချစ်တယ်" ... ဟု မေးမြန်းပြန်ပြောလာသေးလျှင်လည်း၊ ငယ်ငယ်တုန်းကလိုပင် ... တစ်ခွန်းပို ... ဟု ကျူးအော်လျက် အနိုင်ရအောင်ယူချင်၏။ ဤကမ္ဘာမှာ မိဘနှင့် သားသမီးတွေ ချစ်ကြသည်။ ညီကိုမောင်နှမ ဆွေမျိုးသားချင်းတွေချစ်ကြသည်။ မိတ်ဆွေအပေါင်းအသင်းတွေ ချစ်ကြသည်။ ဇနီးမောင်နှံတွေချစ်ကြသည်။ လူတွေသန်းပေါင်းခြောက်ထောင်မှာ တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွယ်စွာ ချစ်နေကြသူတွေရှိ၏။ အချစ်တွေက အရောင်မျိုးစုံပါလိမ့်မည်။ ဖွေးဖွေးဆွတ်ဆွတ် ဖြူကြည်စင်သန့်က ငါးရာနှစ်ဆယ့်ရှစ်။ ထောင့်ငါးရာကို အရော ဆိုးရလျှင်တော့ ပန်းရောင်လေး၊ ကြည်ပြာလေး၊ အဝါနုလေး၊ မရမ်းဖျော့လေး၊ ဒေါနုစိမ်းလေး ... စသည်ဖြင့် လှပသောအရော မျိုးစုံတွေ ဖြစ်ထွန်းလာနိုင်ပါသည်။

အဲသည် အချစ်ရောင်စုံတို့အားလုံး စုပေါင်းပြီ ဆေးရောင်စုံတွေကို ရောနှောပေါင်းလိုက်လျှင် ရရှိလာမည့်အရော ဟာ ဘာရောင်ဖြစ်မည်လဲဟု သိချင်လှပါသည်။ အဲသည် ... ဆန်းပြားစွာဖြစ်ထွန်းလာမည့် အရောင်တစ်မျိုးဖြင့် မမအပေါ် နက်ရှိုင်းစွာ၊ ရှိုက်မက်စွာ၊ တသသနှစ်ခြိုက်စွာ ချစ်ရလွန်းအ



ကြီးပါသည်။ မမအတွက်ဆိုလျှင် မာနတို့ချိုးဖဲ့၊ အတ္တကိုဆုပ်ချေ၊ ကိုယ်ရေးကိုယ်တာမှန်သမျှ ရေမှာမျှော။ မမဆိုမှမမ ... မမအတွက် အသက်ရှင်၊ မမအတွက် လူဖြစ်၊ မမကို တစ်ဘဝလုံးပေးဆပ်၊ ဘယ်လိုနည်းနှင့်ပဲ ချစ်ရချစ်ရ၊ သိပ်ကိုချစ်ရလွန်းပါသည်။ သိပ်ကို ... သိပ်ကို ... အဆမတန်၊ အလွန်အမင်း ချစ်ရလွန်းပါသည်။ ဤကမ္ဘာတွင် ... လူသားအားလုံးနှင့် ပြိုင်ပွဲပြီးကျင်းပ၍ ချစ်ပြလိုက်ချင်၏။ သူတို့ချစ်သူတွေကို သူတို့ချစ်ကြသည့် ချစ်ခြင်းများသည် ... ကိုယ် မမကိုချစ်သော ချစ်ခြင်း၏ တစ်စက်တစ်ပျက်ကို မီလာခဲ့မည်ဆိုလျှင်တောင်၊ ဒီလောက်လေးပဲသာအောင် ချစ်နိုင်ပါ့မလားဟူ၍ ကိုယ့်လည်းပင်းကိုယ် လှီး၍ အပြစ်ပေးချင်ပါသည်။

သူတစ်ဖက်သားတွေ အားလုံး ချစ်ပြတတ်ကြတာထက် အဆပေါင်းရာထောင်ပို၍ ကိုယ်က ချစ်ပြချင်သည်။ ချစ်တတ်ချင်သည်။ ချစ်လည်း ချစ်နေတာပဲဖြစ်၏။

"မမကို စိတ်မချလို့ ခါတိုင်းလိုပဲ အခန်းဝမှာ ဒရင်းဘက်ဒ် Dream Bed နဲ့ စောင့်တယ်၊ မမအခန်းက ဘာသံမှ မကြားရဘူး၊ ခဏကြာတော့ ဟောက်သံထွက်လာတယ်၊ သေချာတယ် ... အပုလေး အိပ်ပြီ။ ဒီကောင်မလေးမျိုးက အိပ်ပြီဆို ...

"ခေါင်းအုံးပေါ် လှဲချဆဲမှာပဲ၊ ခေါင်းအုံးနဲ့ ခေါင်းနဲ့ မထိခင် လမ်းတစ်ဝက်ကနေ အိပ်ပျော်ပြီးမှ ခေါင်းအုံးပေါ် ဘုတ်ခနဲ ကျတတ်တာ။ မမ ဟောက်သံဘယ်ဖြစ်နိုင်ပါ့မလဲ။ အပုလေး ဒီလောက်မြန်မြန် အိပ်ပျော်သွားရင် မမ ဘာလုပ်

www.burmeseclassic.com

မလဲ စိတ်ထဲ ထင့်ခနဲပူသွားတာနဲ့ အခန်းဝက ချောင်းလိုက်တာ ... မမက မှန်တင်ခုံထဲက တစ်ခုခုကို ယူလိုက်တယ် ...

"ဘာမှန်းမသိဘူး၊ မမ ခေါင်းကို မော့လိုက်တယ်။ ဆေးပုလင်းတွေဆို ... မမအခန်းထဲမှာ ဘယ်တော့မှမထားတော့ဖို့ အမြဲသတိထားပြီး သိမ်းတာပဲ။ စောစောလေးကမှ မမကို အိပ်ဆေးတိုက်ပြီး သိပ်လိုက်ဖို့ ဆေးကတ်ကို မှန်တင်ခုံပေါ် ခဏတင်ထားမိလိုက်တာ၊ ပြန်သိမ်းဖို့ မေ့သွားတယ်၊ စိတ်ကလည်းရှုပ်၊ လူကလည်း ပူထူနေတာဆိုတော့ ...

"မမက ဆေးကတ်ထဲက ဆေးပြားလေးတွေအကုန်ထုတ်ပြီး အားလုံးသောက်ချဖို့ ကြိုးစားတာပါ။ စောစောကတော့ မအိပ်ချင်ဘူးတဲ့။ ခုတော့လည်း မခံစားနိုင်ရှာဘူးထင်ပါရဲ့။ မမရဲ့လက်ကို အချိန်မီ ပုတ်ချနိုင်ခဲ့တယ်"

"မမ ဘာမှဖြစ်မသွားဘူးနော်"

"မဖြစ်ပါဘူး"

"ဘာတွေလျှောက်လုပ်ရတာလဲကွယ်" ... ဟု ညည်းညူလွမ်းမောလျက်၊ စိုးရိမ်လွန်းစိတ်ဖြင့် ရင်ခွင်ထဲသို့ ကျစ်ကျစ်ဖက်၍ သွင်းလိုက်မိခဲ့သည်။ မမ ငိုရှာ၏။ လွမ်းလွမ်းဆွေးဆွေး တရှိုက်ငင်ငင် ငိုပုံက ချုံးပွဲချငိုကြွေးတာထက် ပို၍ယူကျုံးမရဖွယ် ဖြစ်တော့သည်။

"မောင်မုန်းတဲ့ဘဝမှာ အသက်မရှင်ချင်ပါဘူး"

ဦးသောင်းထွန်း၏ ရင်ဘတ်ကို သူ့ခွန်အားလေးနှင့် ဖြည်းဖြည်းတွန်းသည်မို့ လွှတ်ပေးလိုက်ရပါသည်။



"မမ သေချင်တယ်။ ဟုတ်တယ်။ သေချင်ပါပြီ"

"မိုးခြိမ့်က မမကို မုန်းနေတာ မဟုတ်ပါဘူး"

"မမုန်းပေမယ့်၊ ချစ်လည်း မချစ်ဘူးလေ။ မဖဟာ ... အရင်တုန်းက မောင့်ကိုလည်း ဆုံးရှုံးခဲ့ရပြီးပြီ။ ကျေးဇူးရှင် အစ်ကိုကြီးကလည်း မမနားမှာ မရှိတော့ဘူး"

ဦးသောင်းထွန်း... ကိုယ့်ရင်ဘတ်ကြီးကိုယ် ... အုံးခနဲ ထုချပစ်လိုက်ချင်၏။

"အစ်ကိုကြီးက ဒီမှာလေ ... နွေးထွေးရယ်" ... ဟု အော်ပြောလိုက်ချင်၏။ ခုတော့ ...

"မမ"

ကြေကွဲသံ ယဲ့ယဲ့လေးနှင့်သာ ခေါ်ဖြစ်၏။ ရင်ထဲ ... မချိလိုက်တာများကို ပြောမပြတတ်တော့ပါ။

"မမ လူဖြစ်ရတာ ဘာအဓိပ္ပာယ်မှ မရှိဘူး"

"ကိုယ့်မှာတော့ အဓိပ္ပာယ်တွေ အများကြီးနဲ့ ... လူဖြစ်၊ ရှင်သန်နေရတာပါ။ ကိုယ်မဟုတ်သော အခြားလူသားတစ်ဦးရဲ့ ရှင်သန်ရေးအတွက်၊ ကိုယ်က တာဝန်ယမ်းဆောင်ဖို့ ရှင်သန်ပေးနေရတဲ့ အဓိပ္ပာယ်တွေ များစွာနှင့်"

ဟူ၍ ပြောလိုက်ချင်လှပါဘိ။

"ကိုသောင်းထွန်း ... မမကို သေခွင့်ပေးပါ"

"မမရယ်"

မမ ... မျက်ရည်ပေါက်ကြီးများ လိမ့်ဆင်းလာပြန်၏။

"မမ လှဲနေပါနော်"

www.burmeseclassic.com

ယုယစွာတွဲ၍ ... မမကို ခုတင်ပေါ်သို့ ပို့ရသည်။ ဒီတစ်ကြိမ်မှာ မမ ... ရှိုက်ကြီးတငင် ငိုသည်။ သည်းသည်းခိုက်ခိုက် ငိုသည်။ ကိုယ်ကလေး သိမ့်သိမ့်တုန်၍ ငိုလေ၏။

ဦးသောင်းထွန်း ... မကြည့်ရက်လွန်းသည်မို့ မျက်စိကို မှိတ်ပစ်လိုက်ရတော့သည်။ မျက်ခွံနှစ်လွှာတို့ စေ့ပိချိန်မှာ၊ မျက်ရည်တစ်စက် စီးကျလာ၏။ အသက်လေးဆယ့်ငါး ... ဆိုသည့် ယောကျ်ားကြီးတစ်ဦး၊ နာကျင်စွာ စီးကျလာသည့် မျက်ရည်စီးကြောင်းဟာ ကြည့်ရက်စရာ လုံးဝမရှိပါ။ မမအတွက် ... မမရှေ့မှာ မားမားရပ်လျက်သာ ... ကိုယ်ရေးကိုယ်တာ အားလုံး စွန့်လွှတ်ပေးဆပ်ထားခဲ့ပါသော ယောကျ်ားကြီးတစ်ဦး၏ ကျဆုံးခန်းပင်ဖြစ်တော့၏။

ဘယ်ဘဝကဝဋ်ကြွေးလဲ။

ဝဋ်ကြွေးဆိုရင်လည်း ကျေချင်လှပါပြီ မမရယ်ဟု တိုးတိုးတိမ်တိမ် မြည်ကြွေး၏။ မမကို မကြည့်ဘဲ၊ ဂရုမစိုက်ဘဲ မနေနိုင်ပြန်သည်မို့ လှမ်းကြည့်တော့ မမ သတိလစ်နေပြီ။

"အပုလေး"

ခြေနင့်တစ်ချက်ကန်၍ နှိုးလိုက်တော့ ငုတ်တုတ် ထထိုင်၏။

"သွား ... ဆရာဝန်ဆီဖုန်းဆက်၊ ပြီးရင် ဟိုကောင်မလေးတွေကိုလည်း နှိုးလိုက်၊ ဆရာဝန်ကားဝင်လာရင် တံခါးဖွင့်ဖို့"

နှုတ်မှစီစဉ်ရင်း မမကို ကျုံးပွေ့ထားမိသည်။

"မမ ... မမ ..."



ပါးကို ဖြည်းဖြည်းရိုက်၍ လှုပ်နှိုး၏။ ဆရာဝန်က ချက်ချင်းဆိုသလို ရောက်လာ၏။ (ကြည့်နေကျဆရာဝန်က အိမ်ချင်းနီးပါသည်) ဆရာဝန် မရောက်မီ ခဏလေးမှာပဲ မမ ပြန်သတိရသည်။

"အားနာလိုက်တာ ဆရာရယ်"

"ကိစ္စမရှိဘူး၊ ကျွန်တော်မှ မအိပ်သေးတာ၊ ဘောလုံးပွဲ ကြည့်နေတာ"

ဆရာဝန်က ဆေးထိုးပေးပါသည်။

"မေနွေးထွေး၊ ဘာမှ မစဉ်းစားနဲ့ အိပ်ပျော်အောင်အိပ်လိုက်နော်၊ ကျွန်တော့်စကားနားထောင်ရမယ်။ ဟုတ်လား။ ကျွန်တော် ပြောသမျှ မေနွေးထွေး လိုက်လုပ်ရမယ်လေ။ မျက်စိမှိတ်ထား။ ဟုတ်ပြီ။ အသက်ကို မှန်မှန်ရှူ၊ နှာခေါင်းထိပ်ကလေးမှာ ...

"လေကလေးက ဝင်သွားလိုက်၊ ထွက်သွားလိုက်ဖြစ်နေတာ သိအောင်လိုက်မှတ်ကြည့်၊ ရလား။ ရတယ်နော်။ ဖြည်းဖြည်းရှူ။ တအားကြီးမရှူနဲ့။ သက်သောင့်သက်သာလေးရှူ။ ဟုတ်ပြီ။ အိပ်ငိုက်လာပြီ။ မေနွေးထွေး အိပ်ချင်လာပြီ။ နှာခေါင်းထိပ်ဖျားမှာ လေကလေးတိုးပြီး ဝင်သွားလိုက်၊ ပြန်ထွက်သွားလိုက်ဖြစ်နေတာကို ...

"အခေါက်တိုင်း မသိတော့ဘူး၊ ငိုက်ကျလာပြီ။ ဟုတ်ပြီ။ အိပ်ပြီ။ အိပ်ပျော်သွားပြီ။ လုံးဝ အိပ်ပျော်သွားပြီ။ မေနွေးထွေး အိပ်ပျော်သွားပြီ။ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်သွားပြီ။ ဘာအိပ်မက်မှ မမက်ဘူး ...

www.burmeseclassic.com

"မနက်မိုးလင်းမှ တစ်ရေးနိုးမယ်။ အိပ်နေပြီ။ မေနွေးထွေး လုံးဝ အိပ်ပျော်သွားပြီ"

တကယ်ပဲ နှစ်ခြိုက်စွာအိပ်မောကျသွားပြီမို့ ဆရာဝန်ကို (ခုမှ) အားနာစကား ကျေးဇူးတင်စကားတွေ ပြောရသည်။

"ကောင်းသွားပါပြီ အစ်ကိုကြီး။ မနက်ကျမှ နိုးမှာပါ"

"ကျေးဇူးတင်လိုက်တာ ပြောမပြတတ်အောင်ပါပဲ ကိုဇော်ဦးရယ်"

ခပ်ငယ်ငယ်ကတည်းက ညီလိုခင်ခဲ့သည့် ဆရာဝန်ဖြစ်ပါသည်။

"ကျွန်တော် ပြန်မယ်" ... ဆိုပြီး နှုတ်ဆက်ပြန်သွားတော့မှ တံခါးတွေပိတ်ပြီး ဧည့်ခန်းမှာ ငုတ်တုတ်ထိုင်လျက် မိုးခြိမ့်ကို စောင့်ဖြစ်၏။ ရင်ထဲမှာ ရှိသမျှ ကလီစာတွေအကုန်လုံး ဝါးခြမ်းပြားနှင့်အရိုက်ခံထားရသလို နာကျင်ကျိန်းစပ်နေ၏။ မမသာ လူ့လောကကြီးမှာနေရတာ အဓိပ္ပာယ်မဲ့လေသလား၊ ကိုယ်ရော အဓိပ္ပာယ်မမဲ့ဘူးလား။ ကိုယ်ရော ... လူ့လောကမှာ အသက်ရှင်နေဖို့လို့သေးလား။

မမ အသက်ရှင်နေသေးသမျှတော့ ကိုယ်လည်း (မမအတွက်) အသက်ရှင်နေပေးရပါမည်။ ဘဝဝဋ်ကြွေးကို ပေးဆပ်နေရပါသည်ဆိုလျှင်တောင် ကိုယ် မက်မောစွာ ဆက်လက်ပေးဆပ်နေချင်ပါသေးသည်။ ရင်ဘတ်ထဲရော ခေါင်းထဲမှာပါ ပူလောင်နေ၏။ အိပ်ချင်စိတ်လည်းမရှိ၊ ခုနေ ... မျက်စိရှေ့မှာ စိန်ထုပ်ကြီးတစ်ထုပ် ပြုတ်ကျလာလျှင်တောင် ကုန်းမကောက်ချင်ပါ။ အဲသည်လောက်ထိ၊ ကိုယ့်ဘဝကိုယ် စိတ်ကုန်၏။ စိတ်ပျက်၏။ နာကျင်၏။



နာကြည်း၏။ သို့ပေမဲ့ ... နွေးထွေးလေးအတွက် အသက်ရှင်နေပေးရပါဦးမည်။

"ကျေးဇူးတင်ပါတယ် ဦးသောင်းထွန်း၊ ခင်ဗျားဟာ မမအပေါ်မှာ တကယ်တာဝန်ကြေတဲ့ မန်နေဂျာတစ်ယောက်ပါပဲ"

"ငါ့ကို ကျေးဇူးတင်ရင် မမကို မင်း ချစ်ရင်၊ မမ ကျေးဇူးကို မင်းဆပ်ချင်ရင် မင်း လုပ်ပေးရမှာ တစ်ခုတည်းပဲရှိတယ်"

"သဲကို ဖြတ်ပေးဖို့တော့ မပြောပါနဲ့"

"ပြောရလိမ့်မယ် မိုးခြိမ့်။ မင်း လက်ထပ်ပြီး ဒီအိမ်ပေါ်က ဆင်းတဲ့နေ့ဟာ မမ သေတဲ့နေ့ဖြစ်လိမ့်မယ်"

"ကျွန်တော်က ရင်ကွဲခံပြီး ဖြတ်ပစ်ရမှာလား။ ဒီအိမ်ပေါ်မှာ အလကားကောင်အဖြစ်နဲ့ ဆက်လက်ရှင်သန်ဖို့အတွက် ကျွန်တော် ရရှိမဲ့အကျိုးအမြတ်က ရင်ကွဲနာလား။ ကျွန်တော်နဲ့ သဲနဲ့ ချစ်ခဲ့ကြတာ ဟိုးငယ်ငယ်တည်းကပါ။ ကျွန်တော် ဦးသောင်းထွန်း သိအောင်ပြောထားချင်ပါတယ်"

ခုချိန်ထိ ရုပ်သေမျက်နှာဖုံး ပြန်မချိတ်နိုင်ရာသေးသော ဦးသောင်းထွန်း၏ မချိတင်ကဲ၊ ပရိဒေဝမျက်နှာကြီးကို မိုးခြိမ့် သနားစိတ်ဝင်လာရတော့သည်။ ဒီလူကြီးနှင့် ဘယ်တုန်းကမျှ အဆင်တပြေမရှိခဲ့သမျှ ဒီနေ့ညတော့ ... သနားကိုသနားမိရတော့၏။

"သဲက မိဘမဲ့ပါ။ ကြီးတော်အိမ်မှာ မှီခိုနေရတော့၊ အဲဒီကြီးတော်ဟာ ဘယ်လောက်ပဲကောင်းတယ်ထားဦး၊ အမိမဲ့

www.burmeseclassic.com

သားဟာ ရေနည်းငါးပါပဲ။ ဒါကို ကျွန်တော့်အမေကစပြ ကြင်နာခဲ့တာ။ သဲဟာ ကျွန်တော့်အမေကိုယ်တိုင် ကြည်ဖြူ ခဲ့တဲ့ ချွေးမလောင်းပါ ...

"အမေကလည်း ခွင့်ပြုထားတာပဲ၊ ကျွန်တော့်ဘက က အုပ်ထိန်းသူမိဘတွေ အကုန်သိတယ်၊ တစ်မြို့လုံးနီးပါ တောင်သိကြတာပါပဲ။ သူ့ကြီးတော်ကသာ ကျွန်တော့် လောက်အဆင့်အတန်းကို မကျေနပ်တာ။ ရာထူးကြီးကြီး ပိုက်ဆံရှိရှိနဲ့ ပေးစားမယ်လုပ်ခဲ့တာ။ အဲဒီကြီးတော် မပေး စားလည်း ကျွန်တော်တို့က ယူကြမှာ ...

"ဒီကိစ္စက ခုမှ ထဖြစ်တဲ့ကိစ္စလည်း မဟုတ်ဘူး၊ ဒီကိစ္စ ... ဦးသောင်းထွန်းကို ကျွန်တော် အရင်ပြောတာ။ မမကိုလည်း ကျွန်တော် ပြောပြမှာပဲ။ ခွင့်တောင်းမှာပဲ။ ကျွန်တော် ဒီအိမ်မှာ မယ်မယ်ရရ တာဝန်မရှိဘဲ စည်းစိမ်ကို မတရားခံစားနေရတဲ့အပေါ်မှာ ...

"ကျွန်တော့်မိန်းမကို ဆွဲမတင်ချင်ဘူး။ ကျွန်တော် တစ်ယောက်တောင် လွန်လှပြီ။ မိန်းမပါ ဆက်တင်ပြီးစံ စားဦးမယ်ဆိုရင် ကျွန်တော် ... ယောက်ျားတစ်ယောက် အနေနဲ့၊ ကိုယ့်ကိုယ်ကိုယ် ရွံပြီးသေနိုင်တယ်။ ကျွန်တော် ဒရိုင်ဘာပီပီသသလုပ်ပြီး လခယူချင်တယ်၊ ဒရိုင်ဘာတစ် ယောက်ရနိုင်တဲ့ ...

"အခွင့်အရေးလောက်ပဲ ယူချင်တယ်။ ခုလိုဖြစ်နေ တာရှက်လှပြီ။ ကျွန်တော့်စိတ်နဲ့ ကျွန်တော့်ကိုယ်သာဆိုရင် ဒီအိမ်ပေါ်ကဆင်းတာကြာပြီ။ ကူလီထမ်းရရော ဘာအရေး



လည်းဗျာ။ ဦးသောင်းထွန်း ... ကျွန်တော် ပျော်လွန်းလို့ မိန်းမသား တစ်ယောက်ဆီမှာ ကပ်စားနေတာ မဟုတ် ဘူး ...

"ရှက်စိတ်မွန်ရတာကတစ်မျိုး၊ ထောင်ကျအကျဉ်း သားလို မွန်းကျပ်ရတာတစ်မျိုး၊ ဒီအခြေနေမှာလည်း ကျွန်တော် နောက်ထပ်ကြာကြာ ဆက်မနေချင်တော့ဘူး။ ကျွန်တော် မိန်းမယူရင် ဒီအိမ်ပေါ်က ဆင်းမယ်။ မိန်းမ ကလည်း ယူကိုယူမှာ၊ မကြာခင်ယူမှာ၊ ကျွန်တော် တခြားမှာ အလုပ်ရှာနေပြီ ...

"ဒီအိမ်မှာလို လခမကောင်းဘူး၊ ဒီအိမ်မှာလောက် ကောင်းကောင်းမစားရဘူး၊ အလကားနေရင်း လက်ပတ် နာရီရလိုက်၊ သောင်းချီတန်တဲ့ ဖိနပ်ရလိုက်၊ ဟိုဟာရလိုက် ဒီဟာရလိုက်နဲ့လည်း ဖြစ်မှာမဟုတ်ဘူး၊ ကားဒရိုင်ဘာနဲ့ တူအောင်တန်အောင်လည်း ကားမောင်းနေရမှာပဲ ...

"ကျွန်တော် ... အဲဒီဘဝကိုပဲ ရင်ဆိုင်တော့မယ်၊ ကျွန်တော့်ချစ်သူနဲ့ ကျွန်တော် လက်တွဲမယ်၊ ဘဝကို ရင်ဆိုင်မယ်၊ ရုန်းကန်မယ်။ ဆင်းရဲတော့လည်း ဘာအရေး လဲ၊ လူရယ်လို့ဖြစ်ကတည်းက တစ်ခါမှလည်း မချမ်းသာ ခဲ့ဖူးဘူး၊ ငတ်မနေရုံတမယ်ပဲ၊ အဲဒါ ... ဘယ်သူတားတား လုပ်ကိုလုပ်မှာ"

"မမ သေသွားလိမ့်မယ်"

မိုးခြိမ့် ဘာဆက်ပြောရမှန်းမသိအောင် နှုတ်ပိတ် သွားရတော့သည်။ ကိုယ်လုပ်ချင်တာဖြစ်ချင်တာတွေဟာ၊ လွယ်

www.burmeseclassic.com

ကူချောမွေ့စွာ ပြီးသွားမှာမဟုတ်တာ သေချာပါသည်။ အဲဒါအတွက် တစ်ခုခုနှင့်တော့ ရင်းရပါသည်။

မမ အသက်နှင့်လား။ ကိုယ့်အတ္တ၊ ကိုယ့်သိက္ခာ၊ ကိုယ့်မာနနှင့်လား၊ ချစ်သော သဲညာ၏ မျက်ရည်နှင့်လား၊ ပျော်ရွှင်စွာလျှောက်လှမ်းရမည့် ကိုယ်ဘဝခရီးကြီးတစ်ခုလုံးနှင့်လား။

“မင်းရဲ့ချစ်သူကို မေ့နိုင်အောင် မေ့ပေးပါ”

“မဖြစ်နိုင်ဘူး”

“သူဟာ ငယ်ရွယ်သေးတယ်။ ရုပ်ရည်ကလေးလည်း ရှိတယ်”

“ရုပ်ရည်ကလေးရှိတယ်” ... ဆိုသော စကားက “သိပ်လှလှချိုရဲ့တော့ မဟုတ်ဘူး” ... ဆိုသည့်အဓိပ္ပာယ်သို့ သက်ရောက်ပါသည်။ စင်စစ် ... သဲဟာ မမရဲ့အလှကို မမီတာလည်း အမှန်ပါ။ မမရဲ့ဥစ္စာဓနကိုလည်း မမီပါ။ သဲခမျာ ... မမနှင့် ယှဉ်ရလျှင် အဘက်ဘက်မှ နိမ့်ကျလျက် ရှုံးနိမ့်နေသူပါ။ သို့ပေမဲ့ ကိုယ့်အချစ်ကလည်း သဲဆီမှာသာ။ ဒါဖြင့် ... မမဆီမှာရော ကိုယ့်အချစ်တချို့ ကျရောက်သက်ဆင်းမှုမရှိဘူးလားဟု မေးပါအုံး။ ရှိပါသည်။ မမအပေါ်မှာ မျက်နှာလွှဲခဲပစ်၊ ပစ်စလက်ခတ်သဘော မထားလိုပါ။ မမဟာ ကိုယ် ရန်ကုန်ရောက်ရောက်ချင်းမှ ကောက်ယူစောင့်ရှောက်ခဲ့သည့် ကျေးဇူးရှင်လည်းဖြစ်ပါသည်။ ထောက်ထားသင့်သည့် အကြောင်းကြောင်းသောအကြောင်းကြောင်းတွေများပါသည်။ အဲသည်အကြောင်းကြောင်းတွေကို ငဲ့ကွက်လျက် သဲနှင့် ဝေးနိုင်ပါသလားဆို ... မဝေးနိုင်ပါ။ လုံးဝ မဝေးနိုင်ပါ။ ကိုယ့်တစ်သက်သာ၏ လက်တွဲဖော်၊ ကောင်းတူဆိုးဖက်အဖော်



မွန်ဟာ သဲသာလျှင်ဖြစ်ပါသည်။ သဲကို ချစ်သည့်အချစ်ဟာလည်း အပေါ်ယံတိမ်တိမ်ကလေးမှ မဟုတ်တာ။

“ကျွန်တော် ... တောင်းပန်ပါတယ် ဦးသောင်းထွန်း၊ ကျွန်တော့်ကို ဦးသောင်းထွန်း မကြိုက်တာတွေ အများကြီး ရှိနိုင်ပါတယ်။ ဒီအိမ်မှာ မတရားအခွင့်အရေးရနေတာကို လည်း ဦးသောင်းထွန်း မျက်မုန်းကျိုးကြည့်မရဖြစ်မယ်ဆို ရင်လည်း ဖြစ်ထိုက်ပါတယ် ...

“အလကားကောင်၊ သာပေါင်းညာစားအဖြစ်နဲ့ အထင် သေးချင်လည်း သေးနေနိုင်ပါတယ်။ ကျွန်တော့်အပေါ် ဘယ်လိုအဆိုးမြင်တွေပဲ ရှိနေပါစေ။ ဦးသောင်းထွန်းကို ရွဲ့တာ ခနဲ့တာတွေနဲ့ ဂျစ်ကန်ကန်လုပ်ခဲ့ဖူးတာတွေလည်း ရှိပါတယ် ...

“အဲဒါတွေအားလုံးအတွက် ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော့်ကို ကူညီပါ။ မမ နားဝင်အောင် ပြောပေးပါ။ နားချပေးပါ။ ဖျောင်းဖျပေးပါ။ မောင်တစ်ယောက် အိမ်ထောင်ပြုတာဟာ အစ်မတစ်ယောက် သေပစ်လောက်တဲ့ ဆိုးဝါးပြစ်မှု မဟုတ်တာကို ပြောပေးပါ။ ကျွန်တော့်လိုကောင်အတွက် မမ ...

“သေပစ်ဖို့မပြောနဲ့၊ နာနာကျင်ကျင် ခံစားပေးဖို့ တောင် မတန်ပါဘူးဆိုတာ ရှင်းပြပါ။ ကျွန်တော် ... ဒီပုံဒီပန်းဖြစ်နေတာ အရှင်မွေးလို့ နေ့ချင်းကြီး ... ဆိုသလို မမ ကျေးဇူးကြောင့်ပါ။ အမေလို အစ်မလို၊ ကျွန်တော် အမြဲတမ်း ကြည်ညိုလေးစားသွားပါရစေ ...

www.burmeseclassic.com

"သီတင်းကျွတ်တွေမှာ လာကန်တော့ပါရစေ၊ အဲဒါ ဖြစ်အောင် ဦးသောင်းထွန်း ကူညီပါ။ ကျွန်တော် တောင်းပန်ပါတယ်"

ဦးသောင်းထွန်း ခေါင်းခါ၏။

"ဒီလောက် တောင်းပန်ဖို့ မလိုဘူး မိုးခြိမ်ညို၊ ဒါဟာ ကူညီတာလည်း မဟုတ်ဘူး၊ ငါ့ဘာသာ အလိုအလျောက် ဖြစ်စေချင်တဲ့ဆန္ဒတွေ။ မင်းအတွက် မဟုတ်ဘူး။ ငါ့ဆန္ဒနဲ့ ငါ ဖြစ်စေချင်နေတာတွေချည်းပဲ။ ငါ မကြိုးစားဘဲနေပါ မလား။ ကြိုးစားခဲ့ပြီးပြီ။ မရဘူး ...

"အရာမထင်ဘူး။ မဖြစ်မြောက်ဘူး။ မမ ဒေါသတွေ ထွက်ပြီး နေထိုင်မကောင်းဖြစ်လာရုံထက် မပိုဘူး။ ငါက တော့ မမအတွက်တစ်ခုပဲကြည့်တယ်။ အဲဒါ မမ စိတ်ချမ်း သာဖို့၊ မမ စိတ်ကျေနပ်ဖို့၊ မမ စိတ်တိုင်းကျဖို့၊ မမရဲ့ စိတ်မှာ ဘယ်လိုဒဏ်ရာဒဏ်ချက် အနာတရမှ မဖြစ်ဖို့၊ အဲဒါကြောင့် မင်းတောင်းတဲ့ ...

"အကူအညီကို မကူညီနိုင်ဘူး၊ မင်းနဲ့ မင်းရည်းစား နဲ့ လက်ထပ်မှာမို့လို့ မမ တစ်ခုခုဖြစ်မယ်ဆိုရင်၊ မင်း ကောင်မလေးကိုသတ်ပြီးမှ ငါ ထောင်ထဲဝင်ဖို့ ဝန်မလေး ဘူး၊ ဒါ ... ငါ စကားကုန်ပဲ။ မိုးခြိမ့်ညို ... မင်း ... ငါ့ကို နားမလည်နိုင်ပါဘူး၊ ကိုယ်ချင်းမစာနိုင်ပါဘူး၊ မင်း ... ငါ့လို မခံစားဖူးပါဘူး ...

"ငါ့လောက် အဖြစ်မဆိုးဘူး၊ မင်း မွန်းကျပ်ပိတ် လှောင်တယ်ဆိုတာ ငါ ချောင်ချိသက်သာနေသလောက်ပဲ



ရှိတယ်။ မမက မင်းကို သိပ်ချစ်တယ်ဆိုတာ ငါ သိတယ်။ မမ ... မင်းကို သိပ်ချစ်နေတာကို ငါ ကြည့်နေရတယ်။ မမ စိတ်တိုင်းကျချစ်နိုင်ပါစေတော့ရယ်လို့ ငါ ကူညီနေ ရတယ်"

မိုးခြိမ့် အံ့ဩလွန်းစွာ ကြည့်လိုက်မိသည်။ ဦးသောင်း ထွန်း၏ မျက်ဝန်းထောင့်မှာ စိုစွတ်လာတာကိုတွေ့၏။ ရစရာမရှိ အောင် ပျက်စီးလျက်ရှိသော ... မူလက ဘာရောင်ရှိခဲ့မှန်း မပြောတတ် မခန့်မှန်းနိုင်လောက်အောင် ညစ်ထေးနွမ်းဖတ်ရုံမျှ မက ရိဆွေးကာ အပိုင်းပိုင်းပြတ်ကျနေသည့် အဝတ်စုတ်တစ် ခုထက်ပင် ပို၍စုတ်ပြတ်သတ်လျက်ရှိသော ... ဦးသောင်းထွန်း ၏ ပါးပြင်ပေါ်သို့ မျက်ရည်တစ်စက် ပေါက်ခနဲကျလေသတည်း။

❤ ⁂ ❤

www.burmeseclassic.com

## ၁၃

အုံ့ဩလွန်းသည်မို့ ဘာစကားနှင့် ဖျောင်းဖျရမလဲ တောင် မသိတတ်နိုင်တော့ချေ။

ဦးသောင်းထွန်းက ရှိုက်ငင် ငိုကြွေးတာ မဟုတ်ပါ။ ပေါက်ခနဲ ကျလာသော မျက်ရည်တစ်စက်ကို မရှက်နိုင်တော့စွာ... လက်ဝါးနှင့်သပ်၍ သိမ်းသည်။ နောက်ထပ်လည်း စီးကျမလာ တော့ပါ။

"စောစောတုန်းက မင်းက တောင်းပန်တာ။ အခု ... ငါ တောင်းပန်ပါတယ် မိုးခြိမ့်ညံ။ မင်း ... မမနားမှာပဲ နေ ပေးပါ။ မတရားသဖြင့် ရယူခံစားနေရတယ်လို့ မင်းပြောတဲ့ အထူးအခွင့်အရေးတွေကို လိပ်ပြာသန့်စွာ ခံစားပါ ...

"မင်းက ရယူခံစားနေတယ်ရယ်လို့ မမြင်ပါနဲ့။ မင်း ကို ဒီလိုအခွင့်အရေးတွေပေးနေရမှ စိတ်ချမ်းသာမဲ့ မမ... ကျန်းမာရေး မကောင်းရှာတဲ့ မိန်းမသားတစ်ယောက်၊ အနုပညာတွေ ရင်ထဲမှာ ပြည့်ဝပျော်ဝင်နေပါလျက်၊ အဲဒီ အနုပညာတွေကို ပြည်သူထဲချပြလို့ မဖြစ်တော့တဲ့ အနုပညာ ရှင် အကယ်ဒမီမင်းသမီး တစ်ယောက် ...



"သူ စိတ်ချမ်းသာဖို့၊ သူ ကိုယ်ကျန်းမာဖို့၊ သူ အသက်ရှင် ရပ်တည်နေနိုင်ဖို့ ကူညီပေးနေဘာပါ။ မင်း ဘက်က အနစ်နာခံနေတာပါ။ မင်းရဲ့မာန၊ အတ္တနဲ့ ဂုဏ် သိက္ခာတွေကို ဖွဲ့ခြွေပေးနေရတာပါလို့ သဘောထားပြီး ကူညီပေးပါ။ တောင်းပန်ပါတယ်။ ငါ ... တောင်းပန်ပါ ရစေ မိုးခြိမ့်ညံ ...

"မင်း ... မမနားမှာ ရှိနေဖို့အတွက်၊ မင်းရဲ့ခြေ ထောက်ကို ဖက်ရမှ မင်းလက်ခံမယ် ဆိုရင်လည်း ငါ ... မင်းကို ခြေထောက်ဖက်ပြီး တောင်းပန်ပါမယ်၊ မင်းချစ်သူ ဆိုတဲ့ ကောင်မလေး မရှိတော့မှ မင်း မမနားမှာ နေဖြစ် မယ်ဆိုရင်လည်း၊ မင်းကောင်မလေးကို ငါသွားသတ်မယ်...

"ငါ ဘာပဲလုပ်ရလုပ်ရ၊ မမအတွက်ဆိုရင် အကုန် လုပ်ပေးမယ်။ ငါ တောင်းပန်ပါတယ် မိုးခြိမ့်ညံ။ မင်း လက်မထပ်ပါနဲ့။ မင်းရည်းစားနဲ့ ဖြတ်တောက်ပေးပါ။ လူသတ်တဲ့နည်းနဲ့ ခြေထောက်ဖက်တဲ့နည်း ... ဒီနှစ်ခုရှိတဲ့ အနက်က ခြေထောက်ဖက်တဲ့ နည်းကို ရွေးပါရစေ ...

"ရွေးခွင့်ပေးပါ။ လူသတ်တဲ့နည်းကို မရွေးပါရစေ နဲ့။ ငါ လူသတ်မိလို့ ကြိုးစင်တက်ရမှာကို နည်းနည်းလေး မှ ဝန်မလေးပါဘူး၊ မမနားမှာ မမအလိုလိုက်ပြီး မမ အကြိုက်တွေကို ဆောင်ရွက်ပေးနေမဲ့သူ ဒီကမ္ဘာမှာ မမကို အချစ်နိုင်ဆုံး လူသားတစ်ဦး ...

"မမအတွက် ရှိမနေတော့မှာကိုပဲ ငါစိုးရိမ်တာပါ။ ငါ့အတွက်ထက် မမအတွက်ကိုပဲ ငါရွေးချယ်တာပါ။ ငါ

www.burmeseclassic.com

တောင်းပန်ပါတယ်။ မင်းကူညီပေးပါ။ ငါ ... ခြေထောက်ဖက်တဲ့နည်းကိုပဲ ရွေးပါရစေ ...”

“ဒီလို မပြောပါနဲ့ဗျာ”

ဘယ်လိုအကြင်နာတွေ စီးမျောလာသည်မသိ ... ဦးသောင်းထွန်း ဆိုသော “လူကြီး”အပေါ် ပြောမပြနိုင်လောက်အောင် သနားသွားမိတော့သည်။

“ခင်ဗျားဟာ မမပိုင်တဲ့ ပိုက်ဆံကို ကြိုက်သလောက်ထုတ်ယူသုံးစွဲ စီမံနိုင်ခွင့်ရှိတယ်၊ မမအလိုကို လိုက်လျောပေးနေတယ် ဆိုပေမဲ့ ခင်ဗျားကိုယ်ကျိုးက ပိုများတယ်လို့ကျွန်တော် ထင်ခဲ့မိတယ်”

“ပြောရင် ယုံမလား မိုးခြိမ့်ည်။ ငါဟာ စကားအလွန်နည်းခဲ့တယ်။ ဘာတစ်ခွန်းမှ ပြောချင်စိတ် မရှိဘူး။ ဒါပေမဲ့ ... ဒီည ... ငါမနေနိုင်တော့ဘူး၊ မင်းကို ငါ စကားတွေအများကြီး ပြောချင်ပြီ။ မင်းသူ့ဌေးလို့ ထင်နေတဲ့ မင်းရဲ့မမမှာ ဘာတစ်ခုမှ လက်ဆုပ်လက်ကိုင် မပေါ်များရှာပါဘူး”

“ခင်ဗျာ ... ဟုတ်ရဲ့လား”

“အခုနေတာ ငါ့အိမ်၊ ပရာဒိုနဲ့ မားစီးဒီးဟာ ငါ့ကား၊ ဆန်နီဟာ မမ ပူဆာလို့ ငါ့ပိုက်ဆံနဲ့ ဝယ်ပေးလိုက်တဲ့ကား၊ ဒီအိမ်စရိတ်၊ မင်းစရိတ်၊ မင်းလခ၊ မင်းအတွက်ဝယ်ခြမ်းပေးရလို့ ကုန်ကျသမျှ ငါ့ဘဏ်စာရင်းထဲကချည်း”

မိုးခြိမ့် ... ပွင့်ဟသွားသည့် နှုတ်ခမ်းနှစ်လွှာကိုပင်ပြန်မစေ့နိုင်တော့ပါ။



“ငါ့သာနေတာ မဟုတ်ပါဘူး။ ခမဟာ အကယ်ဒမီ မင်းသမီးအဖြစ်နဲ့ ဝင်ငွေကောင်းခဲ့ဖူးပါတယ်၊ အဲဒါတွေအကုန်လုံးနီးပါးဟာ သေသွားတဲ့ မောင်မောင့် အတွက်ချည်းကုန်ကျခဲ့ရတော့၊ အဲဒီကောင် သေပြီး၊ မမလက်ထပ်တဲ့အချိန်မှာ ... မမမှာ ဘာမှထောက်ထောက်ခံခံ ကျန်လှုံတယ် မဟုတ်တော့ပါဘူး”

“မယုံနိုင်စရာပဲဗျာ ... ခင်ဗျား ဘာဖြစ်လို့ ဒီလိုအနစ်နာခံနေရတာလဲ”

“မေးချလိုက်စမ်းပါ။ အဲဒီမေးခွန်းကို ငါသိပ်ဖြေချင်တာ။ ချစ်လို့ပေါ့ကွာ။ ချစ်တယ်ဆိုတဲ့ စကားလုံးထက် အဆပေါင်းသိန်းသန်းမက ပိုလေးနက်အောင် ပြောချင်သေးတယ်။ စကားလုံး မရှိလို့ ချစ်တယ်ဆိုတာလောက်နဲ့ ကျေနပ်လိုက်ရတယ်။ ချစ်လို့ ... သိပ်ချစ်လို့ပေါ့ကွာ ...

“ငါဟာ ဘယ်မှလဲ မသွား၊ ဘာမှလဲမလုပ်၊ မမနားမှာချည်း ငယ်ကျွန်ရင်းလို ကပ်နေပါလျက်နဲ့ ပိုက်ဆံတွေဘယ်ကရသလဲလို့ မင်း တွေးနိုင်တယ်။ ငါဟာမျိုးရိုးစဉ်ဆက် ချမ်းသာခဲ့တယ်၊ ငါတို့မှာ ညီအစ်ကိုနှစ်ယောက်တည်း ရှိတယ်၊ ငါ့ညီက အမွေစုအားလုံး စွန့်လွှတ်ပြီးငါ့ကိုချည်း ပေးခဲ့တယ် ...

“ရန်ကုန်မှာ အချမ်းသာဆုံး မိန်းကလေးတွေချည်းဝယ်တဲ့ “ပန်ထွာသခင်မ”ဆိုတဲ့ ကုန်တိုက်ကြီးကို ငါ့အမေလက်ထက်က စဖွင့်ခဲ့တာ၊ အခု ငါပိုင်တယ်။ ငါ့အသက်

www.burmeseclassic.com

ဒီလောက်မကြီးခင်ကတည်းက ငါထူထောင်ခဲ့တဲ့ ကင်းဝန်... ဆိုတဲ့ ဆောက်လုပ်ရေးကုမ္ပဏီ ငါပိုင်တယ် ...

"နိုင်ငံခြားနဲ့ သွင်းကုန်ပို့ကုန် အကြီးအကျယ်လုပ်တဲ့ တကောင်းသားဆိုတဲ့ ကုမ္ပဏီ ငါပိုင်တယ်။ ဒါက ငါ့အဖေ ငါ့ကိုလွှဲပေးခဲ့တာ၊ မျိုးရိုးစဉ်ဆက်ပိုင်ခဲ့တဲ့ ... လိမ္မော်ခြံ၊ ကော်ဖီခြံ၊ မက်မန်းခြံနဲ့ မက်မန်းဝိုင်လုပ်ငန်းကလည်း ရှမ်းပြည်မှာ အကြီးအကျယ်၊ မြစ်ဝကျွန်းပေါ်နဲ့ ရန်ကုန်နဲ့ ပြေးဆွဲနေတဲ့ လူစီးသင်္ဘော ငါးစီး ငါပိုင်တယ်"

"ချမ်းသာလှချည်လား ဦးသောင်းထွန်း"

"အဲဒါတွေ ငါ တစ်ခုမှ လှည့်မကြည့်ဘဲ မန်နေဂျာအဆင့်ဆင့်နဲ့ လွှဲထားတယ်။ လာပေးတဲ့ အကျိုးအမြတ်ကိုပဲ ငါ စောင့်ယူလက်ခံတယ်၊ ငါ့မိဘတွေဟာ မျိုးရိုးစဉ်ဆက် ကောင်းစားခဲ့သူတွေ ဖြစ်တော့ ယုံကြည်စိတ်ချရတဲ့ တပည့်တပန်းတွေ ရှိတယ်၊ အလေအလွင့် ရှိကောင်း ရှိနိုင်ပေမဲ့ ...

"ဒီလောက်များတဲ့ လုပ်ငန်းတွေဆိုက လေပြီးလွင့်ပြီးသား ရတာတောင် မိသားစုဆယ်စု ချမ်းချမ်းသာသာ ထိုင်စားရုံမက သုံးနိုင်ဖြုန်းနိုင်သေးတယ်။ ဒါတွေအားလုံးကို မျက်နှာလွှဲပြီး ငါ ... မမနားမှာပဲ နေခဲ့တယ်"

"ခင်ဗျား ... ဒါဆို ... မမက မုဆိုးမဖြစ်သွားပြီပဲ၊ မမကို ဒီလောက်ချစ်နေမှ၊ ချစ်တဲ့အကြောင်း ဖွင့်ပြောပါလား၊



ချစ်ခွင့်တောင်းပါလား၊ ခင်ဗျားက အသက်နည်းနည်းပိုကြီးတာကလွဲရင် မမမှာ ငြင်းစရာအကြောင်း ဘာမှမရှိဘူး"

"တောင်းခဲ့ဖူးပါတယ်။ မမကလည်း မငြင်းခဲ့ပါဘူး။ ငါဟာ မမနဲ့ လက်ထပ်ခွင့်တောင် ရခဲ့ပါတယ်"

"ဗျာ"

"ဒါပေမဲ့ ... ဒါပေမဲ့ ..."

ဦးသောင်းထွန်းက အနားမှာရှိသော တစ်ရှူးဘူးထဲမှ တစ်ရှူးစက္ကူခပ်ထူထူ တစ်ထပ်ဆွဲထုတ်ကာ သူ့မျက်နှာကို သူ ပွတ်ပစ်လိုက်သည်။

"မင်း ဒါရိုက်တာကိုကိုကြီး ဆိုတာ ကြားဖူးလား"

"ကြားဖူးပါတယ်"

"မြင်ဖူးလား"

"မမြင်ဖူးဘူး၊ သူက ဂျာနယ်တွေထဲတောင် သိပ်မပါခဲ့ဘူး ထင်တယ်"

"ငါပဲ"

"ဗျာ"

တဗျာတည်း ဗျာလျက် အံ့သြမဆုံး၊ အံ့သြပြီးရင်း အံ့သြရင်း၊ မယုံကြည်နိုင်လောက်စရာမှာ အကြီးအကျယ် ယုံစားရလျက် ကမ္ဘာကြီးဟာ ဝင်ရိုးစွန်းပေါ်မှာ လေးဆယ့်ခုနစ်ပတ်လည်ပြီလား၊ မြေကြီး၏ ဆွဲငင်အား ဂရက်ဗတီ(Gravity)မှ ကင်းလွတ်လျက် လူသားအားလုံးနှင့် ဒြပ်ပစ္စည်းအားလုံး လေမှာပျံဝဲကုန်ကြပြီလားဟု ထင်လိုက်မိပါတော့သည်။

www.burmeseclassic.com

"ဒါနဲ့ ... ဦးသောင်းထွန်း ... ဆို"

"ကိုသောင်းထွန်းက ဆုံးသွားပါပြီ"

"ဟောဗျာ"

❤ ✻ ❤

မောင်မောင် ကွယ်လွန်သွားခြင်းက ... မနွေးထွေး အတွက် ထိရှခြင်းများစွာ ဖြစ်ထွန်းပါသည်။ ဒါကိုဖေးမ,ကြင်နာ ရသူက "ကိုကြီး"။

ကိုကြီးလောက် နွေးထွေးလေးကို ချစ်ရသူ၊ ချစ်နိုင် သူဟာ အခြားနောက်တစ်ယောက် ရှိနိုင်တော့မည် မဟုတ်ပါ။ နွေးထွေးလေးကို ချစ်ရလွန်းစိတ်ကြောင့် နွေးထွေးလေး စိတ်ချမ်း သာစေချင်လွန်းလှ၍ မောင်မောင်နှင့် လက်ထပ်ဖြစ်ကြလျှင်တော် ကြည်ဖြူပေးလိုက်မည်ဟု ဆုံးဖြတ်ထားခဲ့ပါသည်။ နွေးထွေးလေးကို အိမ်ပေါ်ခေါ်တင်ထားသည် ... ဆိုသည့် အဖြစ်က ကိုကြီးနှင့် နွေးထွေးတို့၏ သံယောဇဉ်ကို အရောင်ဆိုးခဲ့သည်။

"သူ တစ်ယောက်တည်း ဖြစ်နေတယ် ... သူ့ကို ငါမှ မစောင့်ရှောက်ရင် ဘယ်သူစောင့်ရှောက်မလဲ။ ငယ်ငယ် ရွယ်ရွယ်နဲ့ ကျောထောက်နောက်ခံ မရှိတဲ့ မိန်းမသားငယ် ငယ်လေးမှာ တစ်စစီ ပဲ့ရွဲ့သွားနိုင်တယ်၊ ဒါကြောင့် ငါ့ အိမ်မှာထားတာ၊ သူ့အမေရှိကတည်းက ဒီလိုပဲ နေခဲ့တာပဲ"

"ခုက ... သူ့အမေ မရှိတော့ဘူး၊ ကျွန်တော် စောင့်ရှောက် မယ်၊ ကျွန်တော်နဲ့ လက်ထပ်မယ်"



"မောင် ... ဒေါ်လေးက မောင်နဲ့ မမကို သဘောမတူတော့ ဘူးဆို"

"အဲဒါ ရုပ်ရှင်ရိုက်လို့၊ ရုပ်ရှင်လည်း မရိုက်နဲ့တော့၊ မောင့်နောက် လိုက်ခဲ့၊ အိမ်ရှင်မပဲလုပ်"

"စဉ်းစားဦး မောင်မောင်၊ မြန်မာပြည်မှာ လူဦးရေဘယ်နှ ယောက်ရှိလဲ။ အဲဒီထဲကနေ အောင်မြင်တဲ့ အနုပညာရှင် ဘယ်နှယောက် ပေါ်ထွန်းလဲ၊ လူတစ်သောင်းမှာ တစ် ယောက် အောင်မြင်ခွင့် ရရဲ့လား။ နွေးထွေးက အောင်မြင် စပြုနေပြီ ...

"တက်စပြုလာတဲ့ အညွန့်လေး တလူလူကို ဘာလို့ ချိုးပစ်မလဲ။ မြေတောင်မြှောက်မှပေါ့။ ဖြစ်ထွန်းပါစေလား"

"ဦးကိုကြီး ... ခင်ဗျား ဝင်မပြောရင် ကောင်းမယ်"

နာမည်ကိုက "ကိုကိုကြီး"ဖြစ်လျက် နွေးထွေးက ကိုကြီးခေါ်တာကကျတော့ အစ်ကိုကြီး တစ်ယောက်လို သဘော နှင့် ခေါ်ခြင်းပါ။

"ကိုကြီးကို ဒီလေသံနဲ့ မပြောပါနဲ့မောင်၊ ကိုကြီးဟာ မမ တို့သားအမိရဲ့ တစ်သက်တာ ကျေးဇူးရှင်ပါ၊ ပြီးတော့ ... မမကိုယ်တိုင်က ဒါကို သိပ်ဝါသနာပါနေပြီ၊ အရမ်းဖြစ် ချင်နေပြီ။ ဖြစ်စလည်း ပြုလာပြီ။ ပြီးတော့လည်း ... မမ ဟာ မီးဖိုချောင်ထဲမှာ ထမင်းထိုင်ချက်နေရုံနဲ့ မမဘဝကြီး ပြီးဆုံးမသွားချင်ဘူး ...

"မမလည်း လူသား၊ ပုထုဇဉ်ပဲ မောင်ရယ်။ အောင်မြင်မှုဆိုတာကို ရယူပိုင်ဆိုင်ချင်တာပဲ။ မက်မော

www.burmeseclassic.com

တာပဲ။ လူတိုင်းမရနိုင်တဲ့ အောင်မြင်မှုကို ကိုယ်ရမယ်ဆိုရင် မယူချင်တဲ့သူ ဘယ်သူရှိမလဲ၊ ဒေါ်လေးကသာ သဘောတူ ခွင့်ပြုရင် မမနဲ့ မောင်နဲ့ လက်ထပ်မှာပါ ...

"ရုပ်ရှင်လည်း ဆက်ရိုက်မယ်။ အဲဒီအတွက် အိမ်ရှင်မတာဝန် မလစ်ဟင်းစေရပါဘူး၊ ရူတင်မသွားခင် မောင်စားဖို့ ဟင်းတစ်ခွက် အမြဲချက်ပေးခဲ့မယ်၊ မောင့်မေမေ သဘောတူလာဖို့ တစ်ခုပဲ မောင်ကြိုးစားပေးပါ"

"မမ ... ဒီလောက်ထွက်နေတဲ့ အပုပ်နံ့တွေကြားထဲမှာ မေမေ ဘယ်လိုပြုံးပြုံးကြီး ကြည်ဖြူနိုင်မလဲ၊ မောင်သာ မမကို ချစ်တဲ့စိတ်နဲ့ နွားဖြစ်လည်း ငေ့ရုံပဲဆိုပြီး ..."

"တော်တော့ မောင်"

"ကိုယ့်သိက္ခာနဲ့ ကိုယ်ကျင့်တရားကို နည်းနည်းပါးပါး အောင်မှတ်ကလေး ပေးပါလား မောင်မောင်၊ ကိုယ်ဟာ ရုပ်ရှင်လောကမှာ နာမည်ပျက်မရှိတဲ့ ဒါရိုက်တာပါ။ ဝါသနာနဲ့ ပါရမီကြောင့် လုပ်ရင်းနဲ့ ဖြစ်ထွန်းသွားတာ၊ ကိုယ့်အကြောင်း ဒီလောကသားတွေ သိပါတယ်"

"အရင်တုန်းက ဟုတ်ချင်ဟုတ်မှာပေါ့။ မင်းသမီးနဲ့ ဒါရိုက်တာနဲ့ နှစ်ယောက်တည်းနေတဲ့အိမ်မှာ ဒါရိုက်တာကြီး ရှစ်ပါးသီလ ယူထားတယ်ဆိုရင် ... ကျီးကန်းတွေပက်လက်ပျံကုန်ပြီပေါ့"

"မောင် ပြန်တော့"

❤ ✳ ❤



"မောင်မောင်ဟာ နွေးထွေးကို ချစ်ရှာပါတယ်။ ဒါပေမဲ့ ကြားစကားတွေကိုလည်း ယုံတယ်။ ငါဟာ နွေးထွေးလေးကို သိပ်ချစ်ပါလျက်နဲ့ တစ်ပါးသူရင်ခွင်ကိုသာ အရောက်ပို့ဖို့ ကံကြမ္မာပါခဲ့တယ် ထင်ပါရဲ့၊ မင်းကျတော့လည်း တူတူပေါ့"

"အရင် မောင်မောင်က အသက်မဲ့စွာ စွန့်ခွာသွားသလို ကျွန်တော်ကျတော့ အသက်နဲ့ ... ဒီအိမ်ပေါ်က ဆင်းမှာ"

"မောင်မောင်ဆုံးတော့ ငါတို့ လက်ထပ်ဖြစ်တယ်။ နွေးထွေးလေး အကယ်ဒမီနှစ်ကြိမ်ရတယ်။ လူတွေကတော့ ပြောကြတာပေါ့၊ ဒီလောက် ဝါနုနုလေးနဲ့ အကယ်ဒမီရတာကို မနာလိုတဲ့သူတွေကလည်း ရှိတယ်။ ရမှာပေါ့တဲ့၊ ဒါရိုက်တာလည်း ဒါရိုက်တာ၊ ကုမ္ပဏီပိုင်ရှင်လည်း ကုမ္ပဏီပိုင်ရှင်က ...

"ဒီမင်းသမီး အကယ်ဒမီရဖို့အတွက် အကောင်းဆုံးဇာတ်ပို့ ဇာတ်ရံတွေနဲ့ ပို့ခိုင်းတာ၊ သူ့မှာ အလုပ်တွေစီးပွားရေးတွေက အများကြီး၊ အဲဒီပိုက်ဆံတွေနဲ့ ရုပ်ရှင်ရိုက်နေတာ။ သူ ကားရိုက်တာ မြတ်ဖို့မှ မဟုတ်ဘဲ၊ မနွေးထွေး အကယ်ဒမီရဖို့ပဲ ... လို့ ...

"ပြောကြပါတယ်။ ဘာပဲပြောပြော၊ အဲဒီအချိန်တုန်းက ငါသိပ်ပျော်ခဲ့တယ်။ နွေးထွေးလေး ငါ့အနားမှာ ရှိနေ

www.burmeseclassic.com

သမျှ၊ ငါက ဘယ်သူပြောတာမှ ဂရုမစိုက်ဘူး။ ငါ့ညီက နိုင်ငံခြား ထွက်သွားတော့ ငါ့မိဘတွေလည်း ပါသွားတာ၊ ရန်ကုန်မှာ ငါလည်း တစ်ကောင်ကြွက်၊ နွေးထွေးလည်း တစ်ကောင်ကြွက် ...

"ငါတို့နှစ်ယောက်ဟာ သိပ်ချစ်ခဲ့ကြတယ်၊ သိပ်ပျော်ခဲ့ကြတယ်၊ နွေးထွေးဟာ ငါ့ရဲ့မေတ္တာရိပ်မှာ တဖြည်းဖြည်း ပျော်လာရှာပါတယ် ...

"ကိုသောင်းထွန်းဆိုတာက ငါ့ရဲ့မန်နေဂျာ။ နွေးထွေးရဲ့မန်နေဂျာပေါ့။ တစ်နေ့မှာ ... ငါရိုက်ဖြစ်တဲ့ ကားတွေထဲမှာ နောက်ဆုံးကား။ အခန်းက နောက်ဆုံးအခန်းမဟုတ်ပေမဲ့၊ အားလုံးရိုက်ပြီးသွားပြီ ... ဒီတစ်ခန်းပဲ ရိုက်စရာကျန်တာကို သွားရိုက်တာ။ ငါတို့ တောင်ပိုင်းရှမ်းပြည်နယ်ကို တက်ကြတယ် ...

"ကလော၊ အောင်ပန်း၊ ဟဲဟိုးတစ်ဝိုက်က တောင်စောင်းတွေ၊ အဲဒီမှာ ရထားလမ်း ဖြတ်ဖောက်ထားတဲ့ နေရာတွေက သိပ်လှတယ်။ ကားလမ်းတချို့လည်း တောင်ကိုပတ်ပြီး လမ်းဖောက်ထားတာ၊ ရုပ်ရှင်တစ်ဖွဲ့လုံးပါတဲ့ ကားက ဒိုင်နာကား၊ ရှေ့ကသွားတယ် ...

"ငါ့ကားက အဲဒီတုန်းက စူပါဆလွန်းလေး၊ ကလောရောက်မှ မိတ်ဆွေတစ်ယောက်ဆီက ငှားစီးတာ၊ ငါတို့တက်တုန်းက ဟဲဟိုးကို လေယာဉ်ပျံနဲ့ သွားတာမို့ ကားပါမသွားဘူး၊ ငါရယ် နွေးထွေးရယ်၊ ကိုသောင်းထွန်းရယ် သုံးယောက်ပေါ့ ...



"တောင်ပတ်လမ်း တစ်ခုမှာ၊ ကိုသောင်းထွန်းက မောင်းတယ်။ သူ့ဘေးမှာ ငါထိုင်တယ်၊ နွေးထွေးက နောက်ခန်းမှာ၊ အဲဒီမှာ ကားမှောက်တာပဲ။ ချောက်ထဲမကျတာ ကံကောင်းလွန်းလို့ပဲ၊ ချောက်ထဲသာ ကျသွားရင် ... သုံးလောင်းပြိုင်ပဲ ...

"ကိုသောင်းထွန်းဟာ ငါနဲ့ နွေးထွေး အပေါ်မှာ အရမ်းကောင်းတဲ့ မန်နေဂျာ၊ သူစိမ်းသာဆို ... ဆွေမျိုးနဲ့ မခြားဘူး၊ ကားက သူ့ဘက်ခြမ်းကို တုံးလုံးကြီး လဲကျသွားခဲ့တယ်။ နွေးထွေးလေး အော်လိုက်တာ တစ်တောလုံး တောင် ညံသွားသလား ထင်ရတယ် ...

"ရှေ့ကားကလူတွေ ဆင်းလာပြီး ကိုသောင်းထွန်းကို ဆွဲထုတ်တော့ သွေးရဲရဲ သံရဲရဲနဲ့။ ငါနဲ့ နွေးထွေးက ပွန်းရုံပဲ့ရုံပဲ။ ရှေ့ကားပြောင်းစီးကြပြီး တောင်ကြီးဆေးရုံဆီ အရောက် မောင်းတာပဲ။ ဒါပေမဲ့ အသက်မရတော့ပါဘူး၊ လမ်းမှာတည်းက ဆုံးနှင့်ပြီ"

"ဖြစ်မှ ဖြစ်ရလေဗျာ"

"နွေးထွေးလေး မလှုပ်ပါဘူး အောက်မေ့နေမိတာ၊ ကြည့်လိုက်တော့ သတိလစ်နေတယ်၊ အဲဒါနဲ့ သူလည်းဆေးရုံတင်ရတယ်။ သတိမရခင် အဖျားတက်လာလိုက်တာ၊ အဖျားက တစ်ရာ့လေး တစ်ရာ့ငါး၊ ရမှရပါတော့မလားတောင် ထင်ခဲ့တယ်၊ ငါဆိုတာလည်း ရူးမတတ်ဘဲ။ ကားရိုက်ကတော့ ပြီးသွားတယ်။ ပြီးမှ ဖြစ်တာကို ...

www.burmeseclassic.com

"နွေးထွေးလေး သတိပြန်ရလာပြီးတော့လည်း ဖျားတုန်း၊ စကားမပြောဘူး၊ တဖြည်းဖြည်းမှ စကားစပြောတယ်၊ ပထမဆုံး စပြောတဲ့ စကားဟာ ငါ့ရင်ဘတ်ကြီးကို ဓားနဲ့ ခွဲချလိုက်သလိုပါပဲ မိုးခြိမ့်ရယ်"

"ဘာပြောလို့လဲ အန်ကယ်လ်"

ဦးသောင်းထွန်းဟု မခေါ်ဖြစ်တော့ပါ။

"ကိုကြီးရဲ့ ဈာပနကို လှလှပပ သင်္ဂြိုဟ်လိုက်ရဲ့လား ကိုသောင်းထွန်း ... တဲ့ ..."

"ဟောဗျာ ..."

"နွေးထွေးဟာ သတိမလစ်ခင်ကလေးမှာ သွေးတွေဖုံးနေတဲ့ မျက်နှာကို ငါလို့ ထင်လိုက်တာလား မသိပါဘူး။ ငါ့ကို သူ့ခင်ပွန်း ကိုကိုကြီးမှန်း လုံးဝ မမှတ်မိတော့ဘူး။ သူ့ယောကျ်ား ကိုကိုကြီးက ဆုံးသွားပြီ။ အခုရှိနေတာက သူ့မန်နေဂျာ ကိုသောင်းထွန်းလို့ပဲ ..."

"ဒါ ... ဒါဖြင့် ..."

"အဲဒီကတည်းက နွေးထွေးလေးရဲ့ စိတ်တွေ မူမမှန်တော့တာပါပဲ"

"ဒါ ... ဒါဖြင့်"

"ဟုတ်တယ်၊ သိချင်တာကိုသိတယ်၊ မသိချင်တာ မသိဘူး၊ အမှားကို အမှန်ထင်လိုထင်၊ အမှန်ကိုကျ ... အမှားထင်လိုထင်၊ မဖြစ်တာ မရှိတာတွေက ရှိချင်ရှိ၊ ဖြစ်ချင် ဖြစ်နေ၊ တကယ်ရှိတာ ဖြစ်တာတွေက မရှိဘူး၊ မဖြစ်ဘူးထင်နေ..."

"ဘာရောဂါလဲ အန်ကယ်လ်"



"စိတ်ပေါ့ မိုးခြိမ့်ညံ။ စိတ်ကစဉ့်ကလျား ဖြစ်သွားရှာတာပါပဲကွယ်။ ဒါပေမဲ့ ယဉ်ယဉ်လေး ဆိုတော့ ရုတ်တရက်ဆို ဘယ်သူမှ မသိနိုင်ဘူးပေါ့"

"ဖြစ်မှ ဖြစ်ရလေဗျာ"

ဪ ... မမရယ်။ စိတ်နောက်နေရှာတာပါလား။

"အန်ကယ်လ် မကုဘူးလား"

"နေမလား မိုးခြိမ့်ညံ။ ငါဆိုတာ ... ဘာအလုပ်မှ မလုပ်တော့ဘူး၊ ငါဝါသနာပါလွန်းလို့ ဒါရိုက်တာ ထ,လုပ်တာ၊ ပိုက်ဆံလိုချင်လို့မှ မဟုတ်ဘဲ။ ဒါပေမဲ့ ... အဲဒီဝါသနာကို စွန့်လွှတ်တယ်။ နောက်ထပ် ရုပ်ရှင်၊ ဗီဒီယို တစ်ကားမှ မရိုက်တော့ဘူး၊ နွေးထွေးလည်း တစ်ကားမှ မရိုက်ဖြစ်တော့ဘူး ...

"သူ့ကိုယ်သူ မင်းသမီးဆိုတာ သူသိနေတယ်။ ကားရိုက်မယ်လို့ ပြောတယ်။ ငါက ကျန်းမာရေးကြောင့် နားနေရမယ် ဆိုတော့လည်း နားထောင်ရှာတယ်။ ငါဟာ သူ လေးစားရိုသေ အားကိုးတဲ့ခင်ပွန်း ဖြစ်ခဲ့ဖူးတာမို့၊ သူ့စိတ်တစ်ခုထဲမှာ ... ငါ့စကားဆိုရင် နားထောင်ရမယ်၊ ငါ ပြောသမျှ သူ့အတွက်ချည်းပဲဆိုတာ သိနေပုံရတယ် ...

"နောက်ထပ် စိတ်တစ်ခုထဲမှာတော့ ... သူ့ခင်ပွန်း ဦးကိုကိုကြီးက ဆုံးသွားခဲ့ပြီ။ ခု ... သူ့နားမှာနေပြီး သူ့ကို ကူညီလုပ်ကိုင်ပေးနေတာ သူ့ရဲ့လူယုံတော်မန်နေဂျာ ကိုသောင်းထွန်းလို့ပဲ ယုံနေတယ်"

မမ တစ်ခါက ပြောဖူးပါသည်။

www.burmeseclassic.com

"မမလေ ... လူတစ်ယောက်ကို သိပ်တောင်မချစ်ရဲတော့ပါဘူး၊ မမချစ်တဲ့လူတွေဟာ ကားအက်ဆီးဒင့်(Accident) နဲ့ချည်း ဆုံးကြတော့၊ မမမှာ အဲဒီဝဋ်ကြွေးတစ်ခု ပါတယ် ထင်ပါရဲ့ မောင်ရယ်"... တဲ့။

အဲဒီတုန်းကတည်းက မမခင်ပွန်း ဒါရိုက်တာဦးကိုကိုကြီးလည်း ကားအက်ဆီးဒင့်နှင့်ပဲ ဆုံးခဲ့ရှာသည်ဟု နားလည်ခဲ့ပါသည်။

"နွေးထွေးလေးဟာ စိတ်မမှန်တော့ဘူး၊ စိတ်ရောဂါဝင်သွားပြီး၊ စိတ်ဝေဒနာသည် ဖြစ်သွားပြီ၊ စိတ်မကျန်းမာတော့ဘူးဆိုတဲ့ စကားမျိုးဟာ မှန်လည်းမှန်ကန်တယ်၊ သုံးလည်း သုံးသင့်တဲ့ စကားပဲ။ ဒါပေမဲ့ ... လူတွေရဲ့ ပါးစပ်ဆိုတာ တစ်ဖက်သားအပေါ်မှာ အဲဒီလောက် ...

"သက်သက်ညှာညှာ ထွက်ကြလို့လား။ လူတွေဘာပြောကြမယ် ထင်လဲ။ မနွေးထွေး ရူးသွားပြီ ... လို့ပဲ ပြောကြမှာ။ ဒါကို ငါ နည်းနည်းလေးမှ မခံနိုင်ဘူး၊ မကြားနိုင်ဘူး။ သူ့မှာသာ အသိစိတ်ကလေးရှိရင်၊ အဲဒီလို အပြောခံရမှာကို ရှက်ရှာမှာ။ အဲဒါကြောင့် ဒီကိစ္စ ... ငါ လုံးဝလူသိမခံဘူး ...

"အိမ်က အလုပ်သမားအဟောင်းတွေ အကုန်လုံးကို ငွေပိုပေးပြီး အလုပ်ကထုတ်တယ်။ အလုပ်သမားအသစ်တွေ ခေါ်တယ်။ ကျန်းမာရေး မကောင်းဘူး၊ နှလုံးရောဂါရှိတယ်လို့ ပြောလိုက်တယ်။ တကယ်လည်း ရှိတယ်။ နွေးထွေး နှလုံးက သိပ်မကောင်းဘူး ...



"သူ စိတ်ထိခိုက်ရင် သတိလစ်သွားတတ်တာမျိုးရှိတယ်။ ဖြစ်ကာစက ဒီလောက် မယဉ်ဘူး၊ နည်းနည်းကြမ်းတယ်။ အိမ်မှာမွေးထားတဲ့ ယုန်ဖြူလေး သူသိပ်ချစ်တာ။ အဲဒါလေးမြင်တိုင်း လန့်ပြီးငိုလိုက်။ ဒါလေးက သူ့ကို အန္တရာယ်ပေးတော့မှာပဲ ပြောလိုပြော ...

"စကားပြောတွေ မမှန်ဘူး၊ လုပ်ပုံကိုင်ပုံတွေ နည်းနည်းကြမ်းတယ်၊ မသိစိတ်တွေ လွှဲချော်တယ်၊ အိမ်ညွှန့်သည်လာရင်လည်း သူ့အပြောအဆို အပြုအမူက မူမမှန်တာ သိသာတယ်။ အဲဒါကြောင့် အိမ်ပါပြောင်းနေလိုက်တယ်။ ကားမှောက်ပြီး ကိုသောင်းထွန်း ဆုံးသွားရတဲ့ ရုပ်ရှင်ကားမှာ ...

"နွေးထွေး တတိယအကြိမ် အကယ်ဒမီရတယ်။ ဒါပေမဲ့ သွားမယူနိုင်ခဲ့ဘူး၊ သူ လူတောထဲရောက်ရင် ပြောမှားဆိုမှားနဲ့ သူ့ရောဂါအကြောင်း လူတွေသိမှာစိုးလို့။ ငါ အဲဒီလောက်ထိ သူ့အတွက် လိုက်လုပ်ပေးခဲ့တယ်။ ဆရာဝန်နဲ့ မပြတ်ကုပါတယ်ကွာ ...

"အဲဒီကတည်းက ကုခဲ့လို့ ဒီနေ့ ဒီအချိန်မှာ ဘယ်သူမှ မသိသာတော့တာပေါ့။ ငါ့ကို ... ကိုသောင်းထွန်း ထင်နေတာမျိုးလို၊ တခြားနည်းနည်းပါးပါး လွဲချော်တာတွေ ထင်ယောင်ထင်မှားနဲ့ လုပ်မိလုပ်ရာတွေလောက်သာ ကျန်တော့တာ၊ နွေးထွေးမှာ အဲဒီဝေဒနာ ရှိနေပါတယ်လို့... မင်းရော ... ထင်ခဲ့လား"

"နည်းနည်းလေးတောင် မရိပ်မိခဲ့ပါဘူးဗျာ"

www.burmeseclassic.com

"မိုးခြိမ့်ညံ့ … မင်း ငါ့နေရာမှာ ဝင်နေကြည့်စမ်း၊ နွေးထွေးလေးကို ငါဘယ်လောက် ချစ်သလဲဆိုတာ …"

"သိပါပြီ အန်ကယ်လ် … ဘယ်သူမှ အန်ကယ့်လ်လောက် စွန့်လွှတ်ပေးဆပ်ပြီး ချစ်နိုင်မယ် မထင်ပါဘူး။ ရှိကိုမရှိတာပါ၊ ကျွန်တော် လေးစားမိပါတယ်။ အန်ကယ့်လ်ကို ကျွန်တော် … ခနဲ့တဲ့တဲ့ ပြောမိတာတွေ တောင်းပန်ပါတယ်"

"မလိုပါဘူးကွာ … ကိုယ်တရားဝင် လက်ထပ်ထားတဲ့ဇနီးက ကိုယ့်ကို မမှတ်မိဘဲ၊ သူ့ကိုယ်သူ မုဆိုးမထင်နေတယ်၊ အဲဒါအတွက် တခြားတစ်ယောက်ကို သူ ချစ်သွားမိတယ်၊ အဲဒီပါရမီကို ငါက ဒီရင်ဘတ်ကြီးနဲ့ ခံစားပြီး ဖြည့်ပေးနေရတာ"

ဦးကိုကိုကြီးက သူ့ရင်ဘတ်ကြီး သူပုတ်လေ၏။

"ငါ့ကို … ကိုသောင်းထွန်း … လို့ ခေါ်ပြီး သူ့ကိုယ်သူ မမ … ပြောနေတော့လည်း … မမလို့ လိုက်ခေါ်ပေးနေရတယ်။ ဆရာဝန်ကလည်း စိတ်ချမ်းသာအောင်ထားဖို့ပြောတယ်။ ဆရာဝန်မပြောလည်း … ငါ့အဖို့မှာ နွေးထွေး စိတ်ချမ်းသာမယ်ဆိုရင် …

"လက်မောင်းသွေး ဖောက်တိုက်ဖို့တောင် အဆင်သင့်ပါလို့ ပြောရင်၊ ဒီလူကြီး အရွယ်နဲ့မလိုက် ကဗျာဆန်တယ်၊ ဖြီးတယ်ထင်ကြမယ်။ ငါ့စိတ်ထဲမှာ အဲဒီအတိုင်းရှိတယ်"

ယုံပါတယ် အန်ကယ်လ် … ဟု မပြောဖြစ်တော့ပေမဲ့ … ရင်နှင့်အမျှ ယုံကြည်လိုက်မိပါသည်။



"နွေးထွေးက သူ့ဆီ မိတ်ဆက်စာတွေလာရင် ပျော်နေရှာတာ။ နွေးထွေး ကားမရိုက်တာ ငါးနှစ်ရှိပြီ မိုးခြိမ့်ညံ့။ ကားရိုက်ရပ်ပြီး တစ်နှစ်လောက်ထိတော့၊ လက်ကျန်တွေ ဆက်ထွက်နေသေးတာ ဆိုတော့ လုံးလုံးပြတ်တာ လေးနှစ်လောက်ရှိပြီ …

"ခေတ်ကလည်း လူငယ်ခေတ်။ လူငယ်လေးတွေ အများကြီး အစားထိုးဝင်လာတာ ကဏ္ဍတိုင်းမှာပဲ။ ဘယ်လောကမှာပဲကြည့်ကြည့်၊ ငယ်ငယ်လေးတွေချည်း သွက်လက်လှုပ်ရှားနေကြတယ် ဆိုတော့ … နွေးထွေးဟာ ဒီလောကနဲ့ အဆက်ပြတ်သွားတာလည်း တစ်ကြောင်း …

"အသက်လည်း နည်းနည်းကြီးနေပြီလေ။ ရုပ်ပြရတဲ့ အနုပညာရှင်မိန်းမသားတစ်ယောက် အနေနဲ့ သုံးဆယ်ကျော်လာပြီဆိုရင် သတိထားရပြီ။ ဆယ့်ခြောက်၊ ဆယ့်ရှစ်၊ နှစ်ဆယ်၊ လွန်ရောကျွံရော အစိတ်တွေ အစားထိုးဝင်လာပြီ မဟုတ်လား …

"ရုပ်ရည်ကျတော့လည်း … နွေးထွေးကို မမီတောင် သူတို့လေးတွေလည်း အလှကိုယ်စီ ရှိကြတာပဲ။ ငယ်ဂုဏ်ကလေးတွေ ရှိကြတာပဲ။ ကိုယ့်မိန်းမမို့ ကိုယ်ပြောတာ မဟုတ်ဘူး မိုးခြိမ့် … နွေးထွေးလို မပြုမပြင်လှတဲ့ မင်းသမီးမျိုးရှားတယ်"

"ဟုတ်ပါတယ် … မမက ငေးကြည့်ရအောင်ကို လှတာပါ"

"အနုပညာဆိုတာလည်း ကိုယ်စီဖန်တီးနိုင်စွမ်းအား ရှိကြတာချည်းပဲ။ အနုပညာ ဖန်တီးရာမှာ နွေးထွေးထက် ပို

www.burmeseclassic.com

တော်တဲ့သူ ရှိနိုင်ပါတယ်။ ဒါပေမဲ့ ... ဒီနေ့ သရုပ်ဆောင် လောကမှာ၊ မျက်နှာအလှလေး တစ်ခုတည်း ပြိုင်ကြေးဆို ရင် ...

"နွေးထွေးကို မီတဲ့သူ တစ်ယောက်မှ မရှိပါဘူး၊ သူ့အရပ်အမောင်း၊ သူ့ကိုယ်လုံးကိုယ်ထည်လေး သွယ်လျ ပါးလျားပုံကလည်း အလွန်လှပါတယ်"

မိုးခြိမ့် ... ထောက်ခံပါသည်။ မမက ပိန်သည်ဆို ပေမဲ့၊ အရိုးငေါငေါထွက်ကာ ရိုးကြီးဂေါင်ဂင် ... ဆိုသည့် ပုံစံ မျိုးနှင့် ပိန်တာမဟုတ်ပါ။ သွယ်လျပါးလျားပေမဲ့ ခြေဆစ်ကလေး တွေ မြုပ်နေသည်။ လည်တိုင်အခြေမှ ညှပ်ရိုးလည်း မြုပ်နေသည်။ မဝပေမဲ့ ဘယ်နေရာမှာမှ အရိုးအဆစ်တွေ ပေါ်မနေသော မမ ဟာ မျက်နှာလေး တစ်ခုတည်းလှတာ မဟုတ်ပါ။ တစ်ကိုယ်လုံး လည်း လှပါသည်။ အသားရောင်လေးကျတော့လည်း ဝါညက် ညက် ဝင်းသလိုလိုနှင့် ပန်းနုသွေးလည်း ပြေးပါသေးသည်။ ဘာမှ လိမ်းခြယ်မထားလျှင်တောင်၊ ကြွေရုပ်ကလေးလို ... အသား ရောင်က ကြည်စင်လက်နေ၏။ အဲသည်လောက်လှသည့် မမဟာ ရုပ်ရှင်လောကမှာ သက်တမ်းရှည်ရှာပါစေတော့။

"အန်ကယ်လ် ... ကျွန်တော် ပြောမှားဆိုမှားတွေများ ရှိမှ ရင် ခွင့်လွှတ်ပါ"

"မိုးခြိမ့်ညဲ ... လူသတ်တဲ့နည်းရယ် ခြေသလုံးဖက်တဲ့နည်း ရယ်လို့ နည်းနှစ်မျိုး ရှိခဲ့ရင်တောင် ခြေသလုံးဖက်တဲ့နည်း ကို ရွေးပါရစေလို့ ငါတောင်းပန်ခဲ့ပြီပဲ။ မင်းကို တကူးတက ခွင့်လွှတ်နေစရာ အကြောင်း ဘာမှ ... မရှိဘူး ...



"ဘယ်စကားကိုမှလဲ ပြောမှား ဆိုမှားလို့ မသတ်မှတ် ဘူး။ ငါ အားလုံးကို ကြည်ဖြူနိုင်တယ်။ ဒီတော့ ... မင်း ကို ငါ အခုတောင်းပန်ပြီ။ ဘယ်လို တောင်းပန်ရမလဲ"၊ နွေးထွေး စိတ်ချမ်းသာအောင် လုပ်ပေးပါ၊ နွေးထွေးရဲ့ ဒီနေ့အပြုအမူဟာ ...

"ရောဂါနည်းနည်း ဆိုးလာတဲ့ လက္ခဏာလို့ ဆရာ ဝန်က ပြောသွားတယ်။ ဒီ့ထက် စိတ်ချမ်းသာအောင်ထား ပါတဲ့။ အဲဒါ မင်း ကူညီပါ။ ငါတောင်းပန်နေတာပါ"

"မမဟာ အန်ကယ့်လ်ကို လုံးဝပြန်သတိမရနိုင်တော့ဘူး လား၊ တစ်သက်လုံး ဦးသောင်းထွန်းပဲ ထင်သွားတော့မှာ လား"

"အဲဒါ ကုသယူရင်း၊ အချိန်စောင့်ရင်း၊ ပြန်ကောင်းလာ အောင်၊ ငါ့ကို မှတ်မိသွားအောင် လုပ်ရမယ်လို့ ဆရာဝန် က ပြောတယ်"

"အဲဒါ ဘယ်တော့တဲ့လဲ ... မမကို ပြန်ကောင်းစေချင်ပါ ပြီဗျာ"

"ဒီရောဂါမျိုးက ဆေးသောက်ရဟာနည်းနည်း၊ လူနာနဲ့ ဆရာဝန်နဲ့ စကားပြောရတာက များများပဲ။ ဆရာဝန်လာ တဲ့အခါမှာ စကားတွေ ထိုင်ထိုင်ပြောနေကြတာ နာရီဝက် မက ကြာတာ မင်းလည်း တွေ့သားပဲ"

ဆရာဝန်လာသည့် အချိန်တွေမှာ ... မိုးခြိမ့်က ခပ် ဝေးဝေး ရှောင်နေလေ့ ရှိပါသည်။ ကိုယ့်ကို မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင် သည်းသည်းလှုပ်နေသည့် မမ၏

www.burmeseclassic.com

သံယောဇဉ်တွေကြားမှာ ကြိုးတုပ်ခံထားရသလောက် တင်းကျပ် နှောင်ဖွဲ့လွန်းသည်မို့၊ ဆရာဝန်လာသည့် အချိန်ကလေးဟာ ကြိုးတုပ်ခံဘဝမှ ကင်းလွတ်ချိန်လို့ ပေါ့ပါးလှပါသည်။ ထိုပေါ့ပါး ချိန်လေးမှာ မိုးခြိမ့်တစ်ယောက်တည်း နေလိုက်ရတာကို လွတ် လွတ်လပ်လပ်ရှိလှ၏။ အနှောင်အဖွဲ့ကင်း၏။ ဆရာဝန် ရောက် ရောက်လာတာကို တွေ့ပါသည်။ ဆရာဝန်လာသည်နှင့် ... မိုးခြိမ့် လွတ်ရာကျွတ်ရာ ရှောင်ပြီ။ မင်းမောင် အလုပ်လုပ်သော ကုမ္ပဏီ မှာ မင်းမောင် ရှိမရှိ ဖုန်းလှမ်းဆက်သည်။ ရှိသည် အားသည် ဆိုလျှင် မင်းမောင်နှင့် စကားပြောသည်။

သဲအိမ်သို့ ဖုန်းလှမ်းဆက်သည်။ နေ့ခင်းဘက်မို့ အပုလေးတို့၊ အရှည်လေးတို့၊ အနေတော်လေးတို့ထဲမှ အားသည့် တစ်ယောက်ယောက်ကို အကူအညီတောင်းကာ မိန်းမသံနှင့် အရင်ခေါ်ခိုင်းရပါသည်။ သဲလာကိုင်မှ ... သဲနှင့် စကားပြော။ ဘယ်သူနှင့်မျှ ပြောခွင့်မရလျှင်၊ ကိုယ့်အခန်းထဲကိုယ်ဝင်၊ တံခါး ပိတ်၊ ဂစ်တာ(မမဝယ်ပေးထားသော)ကို တဗျင်းဗျင်းတီး၊ တစ်ခါ တစ်ရံကျ ဆိုလည်းဆို၊ တီးလည်းတီး၊ လူကပါထပြီး ခုန်ဆွခုန်ဆွ လုပ်၊ နှုတ်မှ လွတ်ပြီ ကျွတ်ပြီ ... လို့တောင် အော်ချင်သေးတာ။

ဤအိမ်မှာ မိုးခြိမ့် အဲသည်လောက်ထိ မွန်းကျပ်ပါ သည်။ မမ၏ သံယောဇဉ် အနှောင်အဖွဲ့မှ မိနစ်ပိုင်း နာရီပိုင်း ကင်းလွတ်ခွင့်ရလျှင် ထိုအချိန်မှာ နတ်ပြည်တက်ရသလောက် ပျော်၏။ အဲဒါကြောင့် ဆရာဝန်က မမကို ဘာဆေးတွေတိုက် သလဲ၊ ဆေးဘယ်လိုကုသလဲ မိုးခြိမ့် မသိပါ။ ခုမှ ... အန်ကယ်ပဲ ပြောမှ၊ စိတ်မကျန်းမာသော သူများအတွက် ကုထုံးမှာ ဆေးတိုက်



ရတာက နည်းနည်း၊ စကားပြောရတာကများများမှန်း ကြားဖူး နား၀ ဖြစ်ရတော့၏။

"သူ့စိတ်ကို ပုံမှန်ပြန်ရောက်လာစေနိုင်တဲ့ စကားမျိုးတွေ ရွေးပြီး၊ သူ့အကြိုက်လည်းပါအောင် ပြောရတာပဲ။ အဲဒါ ကိုက ရောဂါကို ကုသနေတာ။ ကိုယ့်ဘက်ပါအောင် ဆွယ်နေရတာ၊ အမှန်တရားထဲ ရောက်လာအောင် ကြိုးစား သိမ်းသွင်းနေရတာ ...

"သူ့စိတ်ရဲ့ အထင်မှား၊ အမြင်မှားတွေ၊ ပုံမှန်ပြန် ဖြစ်လာအောင် ဆွဲဆောင်ပြောဆိုနေရတာပဲ။ တဖြည်းဖြည်း လည်း တိုးတက်ခဲ့ပါတယ်။ အစက ငါ့ကို ... ကိုသောင်း ထွန်းလို့ခေါ်ပြီး အမိန့်ချည်း ပေးခဲ့တာ။ ငါ့ပြောစကား ကို တစ်ခွန်းမှ နားထောင်ခဲ့တာ မဟုတ်ဘူး ...

"တဖြည်းဖြည်းနဲ့ ငါပြောရင် ရလာတာတွေဟာ ... သူ့မှာ သူလေးစား ကြည်ညိုရမဲ့ ကျေးဇူးရှင်ခင်ပွန်း ရှိခဲ့ ဖူးတဲ့ အသိစိတ်ကလေး နည်းနည်း ... နည်းနည်း ... တစ တစ ပြန်ဝင်တာ၊ ကောင်းတဲ့ဘက်ကို တိုးတက်လာတာလို့ ဆရာဝန်ကပြောတယ်။ မင်းကိုတွေ့တဲ့အခါမှာ မောင်မောင် နဲ့တူသလိုလို ...

"မင်းဟာ မောင်မောင် မဟုတ်ဘူး၊ မောင်မောင်က သေသွားပြီဆိုပြီး အမှန်ကိုမြင်နိုင်လာတာဟာလည်း ကောင်း တဲ့ဘက်ကို တိုးတက်လာတာလို့ ဆရာဝန်က ပြောလို့ ငါ ဝမ်းသာနေခဲ့တယ်။ စိတ်ချမ်းသာအောင် အလိုလိုက်ဖို့ ဆရာဝန်က ပြောပေမဲ့၊ နွေးထွေးစိတ်ချမ်းသာဖို့ ...

www.burmeseclassic.com

"ငါ လုပ်ပေးနေသမျှဟာ ဆရာဝန်ခိုင်းလို့ချည်း မဟုတ်ပါဘူး။ ငါ့ရင်ထဲက စေတနာအရင်းခံပါ။ အခု ... မင်းမှာ ရည်းစားရှိတယ်လို့ သူ သံသယဝင်တဲ့နေ့ကစပြီး သူ စိတ်ဆင်းရဲတော့တာပဲ"

ဖြစ်မှဖြစ်ရလေ မမရယ် ... ဟုသာ ညည်းချင်မိပါတော့သည်။

"နွေးထွေး စိတ်ချမ်းသာဖို့အတွက် ... ငါဘာတွေထိ လုပ်ခဲ့သလဲ သိလား။ လက်ရေးပေါင်းစုံနဲ့ အကြောင်းအရာလည်း မထပ်ရအောင်၊ အဲဒီအကြောင်းအရာတွေအားလုံးဟာလည်း အကယ်ဒမီမေနွေးထွေး တော်ကြောင်းလှကြောင်း ချီးကျူးတာတွေကများများ၊ တစ်ခါတလေကျတော့၊ ယုတ္တိရှိအောင်၊ ဘယ်ကားမှာ ဘာလေးလိုအပ်သွားတယ်ပေါ့ ...

"အဲဒါတွေရေး၊ စာအိတ်ထဲထည့် ဒီအိမ်လိပ်စာတပ်၊ နောက်ထပ်စာအိတ်ကြီးကြီးထဲထပ်ထည့်၊ မြို့ရွာအနှံ့မှာရှိတဲ့ တပည့်တပန်းတွေဆီပို့ပြီး၊ အထဲမှာပါလာတဲ့စာကို စာတိုက်ထဲ ပြန်ထည့်ပေးပါ ခိုင်းရတာ။ ဒါမှ ... သူ့ဆီ စာတွေအမြဲလာနေတုန်းဆိုပြီး ...

"နွေးထွေး စိတ်ချမ်းသာမှာ၊ ငါ အဲဒီလို အပင်ပန်းခံရတာကိုပဲ ပျော်နေခဲ့တယ်။ ပျော်တယ်တော့လည်း မဟုတ်ဘူးပေါ့လေ။ ကျေနပ်နေခဲ့တယ် ဆိုပါတော့။ ငါ့မှာအပျော်ဆိုတာတော့ ဘယ်ရှိတော့မှာလဲ။ နွေးထွေး အတွက် ငါ တစ်ခုခု လုပ်ပေးနေရတယ်ဆိုတဲ့ ...



"သိစိတ်လေးနဲ့ ငါ အသက်ရှင်နေခဲ့တာပဲ။ အဲဒီထဲမှာမှ ... မင်းကိုချစ်တဲ့ နွေးထွေးလေး စိတ်ချမ်းချမ်းသာသာနဲ့ ချစ်ခွင့်ရဖို့ လုပ်ပေးရတဲ့ အလုပ်ဟာ အပင်ပန်းဆုံးနဲ့ အခက်ခဲဆုံးပါပဲ။ ဒီရင်ဘတ်ကြီးထဲမှာ ..."

ဦးကိုကိုကြီး သူ့ရင်ဘတ်ကို တစ်ချက်ပုတ်ပြန်၏။

"အောင့်ကျိန်း နာကျင်ပြီး ပူစပ်နေပါတယ်ကွာ ... အဲဒီဒုက္ခကိုတောင် ငါဟာ ကျေနပ်မှုနဲ့ ရှင်သန်နေနိုင်ခဲ့ပါတယ်။ အခု ... နွေးထွေး ဒီနေ့လုပ်တဲ့ လုပ်ရပ်ဟာ၊ သူ့ဝေဒနာအတွက် အဆိုးဘက် နည်းနည်းပြန်ရောက်တယ်"

"ဘာဖြစ်လို့လဲ"

"မင်းနဲ့ မင်းရည်းစားကို သူ့မျက်စိနဲ့ တွေ့ခဲ့ရလို့ပဲ"

"ဖြစ်မှ ဖြစ်ရလေ"

"အေး ... ဖြစ်မှ ဖြစ်ရလေပဲ။ မိုးခြိမ့် ... ငါ ... မင်းအပေါ်မှာ မတရားဘူးလို့ ပြောရင်လည်း ခံရမှာပဲ။ မင်းရည်းစားကို ဖြတ်ပေးပါ။ ငါတောင် ... နွေးထွေးစိတ်ချမ်းသာဖို့အတွက်၊ နွေးထွေး မင်းကိုချစ်နေတာကို ကြည်ဖြူပေးနိုင်ခဲ့ရင် ..."

ဦးကိုကိုကြီးအသံ နစ်တိမ်ဝင်သွားသည်မို့ စကားတစ်ဝက်တစ်ပျက်နှင့် ရပ်ပေ၏။ မိုးခြိမ့်ညံ ... သူ့ကိုကြည့်ကာ သနားရလွန်းသည်မို့၊ ကလေးသာဆို ... ကောက်ချီပွေ့ဖက်ပြီး ချော့မော့ချင်သည်ထိ။

"မင်းက မင်းရဲ့ကျေးဇူးရှင်တဲ့။ အမေနဲ့ ညီမလေးကိုပြန်တွေ့ရသလိုပဲတဲ့။ အစ်မတစ်ယောက် မိုးပေါ်က ကျလာ

www.burmeseclassic.com

သလိုပဲတဲ့ ... အဲဒီမိန်းမသား၊ စိတ်မကျန်းမာရှာသူလေး အတွက် ငဲ့ကွက်ပြီး မင်းရည်းစားကို ဖြတ်မပေးနိုင်ဘူးလား။ ငါ တောင်းပန်နေတာပါ"

မမကိုသာ စိတ်မကျန်းမာဘူးပြောနေ ... အန်ကယ့်လ်စိတ်ရော ... နေကောင်းသေးရဲ့လား ... ဟု မေးချင်မိတော့သည်။ ဒီလိုအချစ်မျိုး၊ ဒီလောက်ချစ်နိုင်သူ လူထူးဆန်းကြီး ဤကမ္ဘာမှာ ဤဦးကိုကိုကြီး တစ်ယောက်တည်းသာ ရှိပါလိမ့်မည်။ သူ့စိတ်ဟာ အစွန်းရောက်လွန်းသည်မို့၊ ပြင်းထန်လွန်းသည်မို့ ပုံမှန်မှ ဟုတ်သေးရဲ့လားဟု တွေးထင်မိရတော့၏။ ရှိတော့ ရှိနိုင်ပါသည်။ ကြီးမားသော မေတ္တာရှင်များဟာ ကိုယ်ကျိုးမှန်သမျှ လုံးဝစွန့်လွှတ်နိုင်ကြသူချည်း။ ဦးကိုကိုကြီး ... မမကို ချစ်ပုံက ဇနီးတစ်ယောက်ထက် နေမကောင်းသည့် သမီးလေးကို အလိုလိုက်နေသလား ထင်ရလောက်ပါတော့သည်။

"ဟင် ... မိုးခြိမ့်ည်၊ မင်း ငါ့ကို မကူညီနိုင်ဘူးလား"

မိုးခြိမ့် ဖြေရခက်တော့သည်။

"မင်း မကူညီရင် နွေးထွေးရဲ့ အခြေအနေဟာ အဆိုးဘက်ကို လုသွားလိမ့်မယ်။ ငါ မကြည့်နိုင်ဘူး။ မင်းရောကြည့်နိုင်လား"

မိုးခြိမ့် ခေါင်းငိုက်စိုက် ကျလေသတည်း။

❤ ✳ ❤



## ၁၄

မမဆီမှာ အကြောင်းတစ်ခုခုပြလျက် ဒီအိမ်မှ အမြန်ဆုံး ခွာရပါတော့မည်။

စကားပုံက "နေမြင့်လေ အရှုးရင့်လေ"... တဲ့။ ကိုယ့်တို့ဖြစ်ရပ်နှင့် ဆိုင်,မဆိုင်တော့ မသိပါ။ ကြာကြာနေလေ ဒုက္ခရောက်နိုင်လေ ဆိုတာကို သဘောပေါက်ရပါပြီ။ လောလောဆယ် အလုပ်ကောင်းကောင်း တစ်ခုခု မရနိုင်သေးဘူးဆိုလျှင်တောင်၊ မင်းမောင် တိုက်ခန်းမှာ တက်နေပြီး မင်းမောင်လိုပဲ ကားမောင်းမည်ဆိုလျှင် ကိုယ့်ဘဝ ရှင်သန်နိုင်ပါသည်။ မမကတော့ ... နောက်တစ်နေ့ မနက်အိပ်ရာမှ နိုးထလာချိန်မှစကာ၊ မိုးခြိမ့်ကို မျက်စိအောက်မှ လုံးဝအပျောက်မခံတော့ပါ။

"မောင့်ကို စာလာသင်ပေးနေတဲ့ ဆရာတွေအားလုံး ... မမ အလုပ်ဖြုတ်လိုက်ပြီ"

မမ ဘာစိတ်ကူးနှင့်လုပ်မှန်း မသိပေမဲ့၊ အဲဒီ စပီကင်တွေ ဘာတွေ တတ်ဖို့လဲ မိုးခြိမ့် စိတ်အား မထက်သန်တော့ပါ။

www.burmeseclassic.com

"မောင် ... အဲဒါစိတ်ဆိုးလား"

"မဆိုးပါဘူး"

"မောင်က သဘောကောင်းသားပဲ"

မိုးခြိမ့် ... ဦးကိုကိုကြီးကို အားနာမျက်နှာပူစွာ လှမ်းကြည့်၏။ ဦးကိုကိုကြီး၏ မျက်နှာဟာ ရုပ်သေကြီး မဟုတ်တော့ပါ။ မျက်နှာသေကြီး မဟုတ်တော့ပါ။ ဒဏ်ရာဒဏ်ချက် အမာရွတ်ရယ်လို့ ထင်ရှားရှိမနေသော်ငြား ...

အသည်းခိုက် နာကျင်မှု ခံစားချက်တို့၏ ထိုးနှက်ခြင်းဖြင့် ပွန်းပဲ့စုတ်ပြတ်နေတော့သည်။ ဆရာဝန်က (ဦးကိုကိုကြီး၏ တောင်းပန်မှုဖြင့်) နေ့တိုင်းလာကြည့်ပါသည်။ သူ့နည်းသူ့ဟန်ဖြင့် ကုသပါသည်။ သောက်ဆေးလည်း ပေးပါသည်။ ဆရာဝန်လာလျှင် ဦးကိုကိုကြီးပါ ... မမနားမှ ရှောင်ပေးရ၏။ ဆရာဝန်နှင့် မမတို့နှစ်ယောက်တည်း စကားပြောကြသည်မို့၊ မိုးခြိမ့် ... ဦးကိုကိုကြီးနှင့် စကားပြောခွင့်ရ၏။

"အန်ကယ်လ်"

ဦးကိုကိုကြီး (သူတို့သိထားတာက ဦးသောင်းထွန်း) နှင့် မိုးခြိမ့်ညံတို့ တစ်ယောက်နှင့်တစ်ယောက် သိပ်အစေးမကပ်လှ ...ဟု သိထားကြသော ကောင်မလေးအုပ်စုက၊ ဒီနှစ်ယောက် ဘာကြောင့် ချစ်ခင်စည်းလုံးသွားပါလိမ့် ... ဟု တွေးမရအောင် ရှိကြတော့သည်။ ဦးသောင်းထွန်း ... ဟု သံပြတ်နှင့် ခေါ်ရာမှ "အန်ကယ်လ်"ဖြစ်သွားတာကိုလည်း အံ့သြကြသည်။ ပြီးတော့ မျက်နှာပြင် အပြောင်းအလဲမရှိသော အရုပ်မျက်နှာကြီးနှင့် ဦးသောင်းထွန်း ... ခုရက်ပိုင်းမှာ မျက်စိမျက်နှာ ပျက်လှ၏။ ဘယ်လိုမှ



ပြင်မရအောင် ပျက်စီးယိုယွင်းနေသည့် မျက်နှာကြီးမှာ ဖြိုတော့မည့်မိုးနှယ်။ အဲဒါကြောင့် သူတို့လေးတွေပင် အရိပ်အခြည်ကို ကြည့်နေကြပါ၏။

ဆရာဝန် နေ့တိုင်းလာသည့်အတွက် မမ ကျန်းမာရေး နည်းနည်းပိုဆိုးလာတာပဲဖြစ်မှာ ... ဟုလည်း တွေးမိကြသည်။ မမရှေ့မှာ စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင် နေပြကြပေမဲ့၊ ဆရာဝန်လာလို့၊ မမနားမှ ခွာခွင့်ရသည်နှင့် တစ်ယောက်တစ်နေရာဆီ ဆိုသလို လွင့်ပြေးကာ ကိုယ့်ကြောင့်ပြဿနာတစ်ခုခု မဖြစ်စေရန် ကြည့်ရှောင်ကြတော့၏။

"ဘာလဲ မိုးခြိမ့်ညံ ... မင်း ငါ့ရဲ့ တောင်းပန်ချက်ကို တရားဝင် ငြင်းဆိုတော့မလို့လား"

"ကျွန်တော့်ကို နားလည်ပေးပါ အန်ကယ်လ် ... ခုချိန်မှာ ကျွန်တော်ဟာ လုပ်သင့် လုပ်ထိုက်တာကိုပဲ လုပ်ရပါတော့မယ်။ မမဟာ ကာမပိုင်ရှိခဲ့ဖူးတယ်။ ဒါပေမဲ့ လက်ရှိ ပေါင်းသင်းနေထိုင်ခြင်း မရှိဘူးလို့ အန်ကယ်လ်က ရင်ကွဲနာစကားကို ပြောပါတယ် ...

"အဲဒီစကားကိုပြောတဲ့ အန်ကယ်လ် ရင်ထဲက ... ကလီစာတွေ ဘယ်လောက်ပဲ့ရွဲ့ကျသွားမလဲ ကျွန်တော် ခန့်မှန်းနိုင်ပါတယ်။ ကြားရတဲ့ ကျွန်တော်တောင် မချိတင်ကဲ ခံစားရပါတယ်။ အန်ကယ်လ် ပြောသလို ပေါင်းသင်းခြင်း မရှိလို့၊ မမကလည်း ကိုယ့်ခင်ပွန်းကို မမှတ်မိလို့ ...

"ဘယ်လိုပဲဆိုဆို၊ မမနဲ့ အန်ကယ်လ်နဲ့ဟာ တရားဝင် ကွာရှင်းပြတ်စဲထားကြသူတွေ မဟုတ်ပါဘူး၊ အမှန်

www.burmeseclassic.com

တရားဘက်ကကြည့်ရင် ... ဇနီးမောင်နှံအရာ မြောက်ဆဲပါ အန်ကယ်လ်။ ကျွန်တော် ... ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ ကာမေသုမိစ္ဆာစာရက်ကို သေလုအောင် ကြောက်ပါတယ်"

"ငါ ... စာချုပ်မှာ လက်မှတ်ထိုးပြီး ငါ့ဘက်က စွန့်လွှတ်ကွာရှင်းကြောင်း တရားဝင် လုပ်ပေးမယ်"

"မလုပ်ပါနဲ့ အန်ကယ်လ် ... အကြောင်းကြောင်းတွေက အများကြီးပါ။ ဒီတစ်ခုတည်း မကပါဘူး၊ ကျွန်တော်ပြောပါမယ်။ ကျွန်တော်ဟာ တရားဝင် ကွာရှင်းပြတ်စဲခြင်း မရှိသေးတဲ့ အိမ်ထောင်ရှင်မိန်းမတစ်ယောက်ရဲ့ အချစ်တော်ဆိုတဲ့ နေရာမှာ လက်ခံငြိမ်သက်နေရလောက်အောင် ...

"ကျွန်တော် အောက်တန်းမကျဘူး အန်ကယ်လ်။ အသိစိတ်မမှန်တဲ့ မိန်းမသားတစ်ယောက်ရဲ့ ထဘီနားကို ခိုစားနေတဲ့ ယောကျာ်းဖျင်း ယောကျာ်းညံ့ တစ်ယောက်လည်း အဖြစ်မခံနိုင်ဘူး၊ ကျွန်တော် ... ဒီလောက်မစုတ်ပဲ့ဘူး အန်ကယ်လ် ... ကျွန်တော့် စကားတွေ ရိုင်းရင် သည်းခံပေးပါ ...

"ပြီးတော့ ... ကျွန်တော် မမကို ချစ်ပါတယ်။ ကျွန်တော်ချစ်တာ ဖြူစင်တဲ့ မေတ္တာနဲ့ ကိုယ့်ကျေးဇူးရှင်တစ်ယောက်အပေါ် သံယောဇဉ် ရှိတာပါ။ အမေလို အစ်မလို အချစ်မျိုးပါ။ မမက မောင် ... လို့ ခေါ်တာ ခံနေပြီး မမကို အလိုလိုက်သလောက်ဟာလည်း၊ မမစိတ်ချမ်းသာစေဖို့ တစ်ခုတည်းကိုကြည့်ပြီး ...



"ကျွန်တော် စိတ်ဆင်းရဲခံနေတာပါ။ မွန်းကျပ်ပိတ်လှောင်နေတဲ့ အလင်းရောင်မဲ့ အခန်းထဲမှာ အသက်ရှူမဝတဲ့ အဖြစ်မျိုးမှာ နေပေးခဲ့တဲ့ အချိန်တွေအားလုံးဟာလည်း မမအပေါ် ကျွန်တော်ထားတဲ့ ရိုးရိုးသားသား စေတနာတွေချည်းပါပဲ ...

"နောက်တစ်ချက်က ... အန်ကယ်လ် မမကိုချစ်တဲ့ အချစ်ကို မီနိုင်တယ်လို့ ကျွန်တော် မပြိုင်ပေမဲ့၊ ကျွန်တော်လည်း ကျွန်တော့်ချစ်သူကို ငယ်ငယ်ကလေးတည်းက သိပ်ချစ်လာခဲ့တဲ့သူပါ။ သူနဲ့ကျွန်တော် ... မခွဲနိုင်ပါဘူး၊ ခွဲရမဲ့လမ်းကို မလျှောက်နိုင်ပါဘူး ...

"ချစ်သူနဲ့ တူတူလျှောက်ရမဲ့လမ်းဟာ ဆူးတွေခဲတွေ၊ အမှိုက်တွေနဲ့ ညစ်ပတ်ရှုပ်ထွေးပြီး အန္တရာယ်တွေပြွမ်းနေမယ် ဆိုရင်တောင် ကိုယ့်ချစ်သူနဲ့ လက်တွဲပြီး ရင်ဆိုင်ချင်ပါတယ်။ ချစ်သူမပါတဲ့ ပန်းမွေ့ရာ ရွှေကော်ဇောပေါ်မှာ ကျွန်တော် မပျော်နိုင်ပါဘူး ...

"ပြီးတော့ ... ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စ၊ မဖြစ်သင့်တဲ့ကိစ္စကြီး တစ်ခုကို အန်ကယ်လ် ဘာဖြစ်လို့ရင်ကွဲခံပြီး စီစဉ်သလဲဆိုတာ ကျွန်တော် ဉာဏ်မမီတော့ဘူး။ တကယ်ပြောတာပါ။ အန်ကယ့်လ် စိတ်တွေ အစွန်းကို အရမ်းရောက်နေပြီ"

"မင်းက ငါ့ကိုပါ ရူးပြီလို့ ပြောချင်တာလား"

"အရူးစိတ်ဆိုတာကတော့ လူတိုင်း ဘယ်သူကင်းပါ့မလဲ အန်ကယ်လ်။ မြတ်စွာဘုရားက ပုထုဇဉ္ဇော ဥမ္မတ္တကော ...

www.burmeseclassic.com

လို့ ဟောခဲ့တာပဲ။ အန်ကယ်က ကျွန်တော့်ထက် အသက်အရွယ်အားဖြင့်လည်း ပိုပြီးကြီးမြတ်ပါတယ်၊ အသိဉာဏ်နဲ့ အကြားအမြင် ဗဟုသုတလည်း ပိုပါတယ် ...

"မိကျောင်းမင်းကို ရေကင်းပြတယ်လို့လည်း မထင်စေချင်ပါဘူး။ ဒါဝင်(Darwin)က လူဟာ မျောက်ကနေ ဆင်းသက်လာတယ်လို့ ဆိုခဲ့ပါတယ်။ လူရယ်လို့ တိတိကျကျ ဖြစ်လာတဲ့ အခါမှာ လူနဲ့ တိရစ္ဆာန်မှာ ကွာခြားမှု ဆိုလို့ တစ်ခုပဲ ရှိပါတယ် အန်ကယ်လ် ... အဲဒါ အသိဉာဏ်ပါ ...

"ဒီအသိဉာဏ်ကို အသုံးချပြီး လူ့ဘောင်ကြီး တိုးတက်လာခဲ့တာပါ။ ကျောက်ခေတ်လူသားတွေ အဝတ်ဝတ်ရကောင်းမှန်းတောင် မသိ၊ အလိုအလျောက် သီးနေတဲ့ အသီးအနှံလောက်ရှာစား ... နေခဲ့ရာက ဒီနေ့ခေတ်၊ အာကာသထဲကို လှူသွားနိုင်တဲ့ အဆင့်ထိ ရောက်ခဲ့တာဟာ အဲဒီအသိဉာဏ်ကြောင့် တိုးတက်ခဲ့တာပါ"

"မင်းက ငါ့ကို အသိဉာဏ် မရှိဘူးလို့ ပြောမလို့လား"

"မပြောပါဘူး အန်ကယ်လ် ... ရှိလွန်းအားကြီးပြီး၊ တစ်ဦးတစ်ယောက်တည်းအတွက်သာ အဲဒီအသိဉာဏ်ကို ပုံအောသွန်ချပြီး သုံးနေတယ်လို့သာ ပြောချင်တာပါ"

"ဒီတော့ ... မင်းက ဘာလုပ်တော့မလို့လဲ"

"အားလုံး အခြေအနေ အမှန်အကန်တွေ သိပြီးမှတော့၊ ကျွန်တော် ... ဒီနေ့ပဲ ဒီအိမ်က ဆင်းပါရစေတော့ အန်ကယ်လ်။ မမကိုလည်း ခဏတာ စိတ်ချမ်းသာဖို့လေး



အတွက် တစ်သက်လုံး စိတ်ဆင်းရဲသွားရအောင် ဘာဖြစ်လို့ ဝိုင်းညာပေးနေမလဲ။ ဒီလို ညာပေးနေကြဖို့ကိုလည်း ဆရာဝန်က အားပေးမယ် မထင်ပါဘူး"

"မင်းပြောတာ မှန်ပါတယ် မိုးခြိမ့်ညံ။ မင်းကို ငါဖုံးကွယ်ထားခဲ့တာ။ ကိုယ့်ကိုယ်ကိုယ် ဦးကိုကိုကြီး အဖြစ်နဲ့ တစ်စတစ်စ ပြောင်းလဲဆက်ဆံပေးဖို့ ပြောခဲ့တာကြာပြီ။ ဒါပေမဲ့ ... ချွေးထွေး နှုတ်ဖျားက ... ကိုသောင်းထွန်း ... လို့ ခေါ်လိုက်တာနဲ့ ငါက ... ခင်ဗျာ ... မမ ... လို့ ထူးပြီးသား ဖြစ်နေပါပြီကွာ"

မျက်ရည်လွယ် မိန်းမသားသာဆိုလျှင် ... မိုးခြိမ့် မျက်ရည်တစ်စက်လောက် ပေါက်ခနဲ ကျမိလေမလား မသိနိုင်ပါ။

ဦးကိုကိုကြီးကို အဲဒီလောက်ထိ သနားမိပါတော့သည်။ တစ်ချိန် က ... မမကို အသနားကြီး သနားခဲ့ရသလောက်၊ စင်စစ် ... မမထက်၊ ဦးကိုကိုကြီးက ပိုသနားဖို့ဖြစ်ကြောင်း ... ရင်နှင့်အမျှ ခံစားရတော့၏။

"ကမ္ဘာပေါ်မှာ အချစ်တတ်ဆုံးလူသား၊ အချစ်နိုင်ဆုံးလူသားအဖြစ်၊ ကျွန်တော် ... အန်ကယ့်လ်ကို တစ်သက်လုံး လေးစားသွားမှာပါ"

"ဒီနေ့တော့ မသွားပါနဲ့ဦး။ ငါ ... ဆရာဝန်နဲ့ တိုင်ပင်ပါရစေဦး၊ မင်းကို ဘယ်ပုံစံနဲ့ ချွေးထွေး မျက်စိအောက်က ပျောက်ခိုင်းရမလဲဆိုတာ ဆရာဝန်ရဲ့ အကြံဉာဏ်ကို တောင်းပါရစေဦး"

www.burmeseclassic.com

"ရပါတယ် အန်ကယ်လ် ... ကျွန်တော် စောင့်ပါ့မယ်။ ဆွေမျိုးသားချင်းနည်းတဲ့ ကျွန်တော့်အဖို့မှာ အန်ကယ်လ်ဟာ ဦးလေးအရင်း၊ မမဟာ ကျွန်တော့်အစ်မအရင်းပါပဲ"

"ကျေးဇူးတင်ပါတယ် မိုးခြိမ့်ညံ။ ခြံထဲကပန်းတွေ လှလွန်းလို့ဆိုပြီး မင်းရပ်ငေးနေတဲ့နေ့၊ ဒီခြံကို မင်းရောက်လာတဲ့နေ့ကိုလည်း ငါ့တစ်သက်မှာ ဘယ်တော့မှ မမေ့နိုင်တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ... အဲဒီနေ့မတိုင်ခင် တစ်နေ့အထိ ...

"နွေးထွေးဟာ မောင့်ကို သတိရလို့၊ မောင်ကို သနားလို့ဆိုပြီး တစ်နေ့မှာ အနည်းဆုံး တစ်ခါတော့ ငိုရှာတယ်။ မင်းရောက်လာတဲ့ နေ့ကစပြီးမှ မငိုတော့တာ။ ဒီအိမ်မှာ မင်းနေပေးတဲ့ ကာလအတွင်း၊ နွေးထွေး မျက်ရည်တိတ်စေတဲ့အတွက် မင်းကို ငါ ကျေးဇူးတင်ပါတယ်"

"မမအကြောင်းကို ဆန်းဆန်း မသိဘူးလား အန်ကယ်လ်"

"သိတယ်။ မေနွေးထွေး ဘယ်လိုကျန်းမာရေး မကောင်းတာလဲ ဆိုတာကို အမှန်အကန်အတိုင်း သိတာ အနုပညာလောကထဲမှာ ဆန်းဆန်း တစ်ယောက်ပဲရှိတယ်"

"သူက နှုတ်လုံရဲ့လား"

"တစ်လတစ်သိန်းဆိုတဲ့ ထောက်ပံ့ငွေရယ်၊ သေနတ်ရယ် ... ချပြလိုက်တယ်။ ကြိုက်တာရွေးလို့။ ငါ့မှာ ဟိုအရင်ကတည်းက လိုင်စင်နဲ့ ကိုင်ခွင့်ရတဲ့ သေနတ်ရှိတယ်"

မိုးခြိမ့် မချိတရိ ပြုံးမိလေ၏။

"ကျွန်တော့်ကိုရော အဲဒီလို ပြောဦးမှာလား အန်ကယ်လ်"



"မင်းကို ငါ ... တူလို သားလို ခင်သွားပါပြီ။ မင်းရဲ့စိတ်ဓာတ်နဲ့ ကိုယ်ကျင့်တရား၊ သစ္စာတရားတွေ အားလုံးကို ငါ လေးစားသွားပြီ"

"ကျေးဇူးတင်ပါတယ် အန်ကယ်လ်"

မမ အနားသို့ ရောက်လာသည်မို့ စကားစကို ရပ်ပစ်လိုက်ကြသည်။ မမ မျက်နှာက တစ်မျိုးဖြစ်နေသလိုပါ။

"ဆရာဝန်ရော မမ"

ဦးကိုကိုကြီးက မေး၏။

"အခန်းထဲမှာ အိပ်ပျော်နေလိုက်တာ တုံးလုံးပက်လက်"

"ဟင် ... နွေးထွေးလေး ... ဆရာဝန်ကို ဘာလုပ်ပစ်ခဲ့သလဲ"

ရုတ်တရက် စိတ်ပူသွားသည်မို့ ဦးကိုကိုကြီးက နွေးထွေးလေး ... ဟု လွှတ်ခနဲခေါ်ကာ မမအိပ်ခန်းရှိရာ အပေါ်ထပ်သို့ ပြေးတက်သွားတော့၏။ မိုးခြိမ့်လည်း လိုက်ပြေးတက်သည်။

ဆရာဝန်ခမျာ ... ကြမ်းခင်းကော်ဇောပေါ်မှာ တကယ့်ကို တုံးလုံးပက်လက်။ ဦးကိုကိုကြီးက ပြေးပွေ့၏။ ရင်ဘတ်မှာ နားကပ်၍ ထောင်၏။

"နားငြီးလို့ သိပ်ထားတာပါ၊ စိတ်ပူမနေစမ်းပါနဲ့"

"မမ ... ဘာလုပ်လိုက်လဲ"

"ရှင် ... ကျုပ်ကို ညတိုင်းတိုက်တဲ့ အိပ်ဆေးတွေ ... ပါးစောင်ထဲမှာ ငုံထားတယ်၊ ရှင် အခန်းထဲက ထွက်သွားတာနဲ့ ပါးစပ်ထဲက ပြန်ထုတ်ပြီး သိမ်းထားတယ်၊ များ

www.burmeseclassic.com

တောင် များလှပြီ။ အဲဒါတွေ အကုန်လုံး သူသောက်မဲ့ ကော်ဖီထဲ ထည့်ပစ်လိုက်တာ”

“ဟာ ... ဘာလို့ လုပ်ရတာလဲကွာ”

“စားပွဲပေါ် ခေါင်းစိုက်ကျပြီး အိပ်ပျော်သွားတာလေ။ မျက်စိနောက်လို့ ကြမ်းပေါ်ဆွဲချတာ။ လေးလိုက်တာ သူ့ကိုယ်ကြီးက”

“မမ”

မိုးခြိမ့်က မမနားသို့ ပြုံး၍ကပ်၏။

“ဘာလဲ”

မမ မျက်နှာက မထန်စဖူး ထန်၏။ မိုးခြိမ့်ကို ဒီပုံစံနှင့် ဘယ်တုန်းကမှ မဆက်ဆံဘူးပါ။

“သူသောက်မဲ့ ကော်ဖီထဲကို အိပ်ဆေးတွေ ထည့်လိုက်တာ သူက မသိဘူးလား၊ မမ ဘယ်လိုထည့်လိုက်လဲ”

“နည်းသိသွားရင် ကျုပ်ကို ပြန်လုပ်မှာစိုးလို့ သိပ်တော့ မပြောချင်ဘူး၊ ဒါပေမဲ့ ... ပြောလည်း ပြောချင်သေးတာ။ ဆေးတွေက ခပ်ရလွယ်အောင် အစောကြီးကတည်းက အမှုန့်ကြိတ်ထားတယ်”

မမ အခန်းထဲမှာ ဘာဆေးမှ မထားပါ။ သောက်ရမည့် ဆေးတိုင်းကို ဦးကိုကိုကြီး ကိုယ်တိုင် စောင့်တိုက်ပါသည်။ ဆေးတိုက်ပြီး အိပ်ခါနီးမို့ ဦးကိုကိုကြီးက အခန်းထဲမှ ထွက်သွားမှ မမက သူလုပ်ချင်တာ ထလုပ်တာ ဖြစ်ပါမည်။ အပုလေးကတော့ ခေါင်းအုံးပေါ် အိပ်ဖို့ခေါင်းချလျှင်တောင် ခေါင်းအုံးနှင့် ခေါင်းနှင့် မထိမီ လမ်းတစ်ဝက်က အိပ်ပျော်နှင့်သွားသူတည်း။



“ဆရာဝန်က ပြောတယ်လေ။ မေနွေးတွေး နေကောင်းလားလို့သာ လာကြည့်ရတာ၊ သူကိုယ်တိုင်က နေမကောင်းဘူးတဲ့။ ဆရာ ဘာဖြစ်နေလဲ ... လို့မေးတော့၊ အစားမှားလို့တဲ့။ မနေ့က လမ်းဘေးမှာ ဝက်သားတုတ်ထိုး ထိုင်စားတာ များသွားလို့ ဗိုက်ပျက်နေတယ်တဲ့ ...

“ဝမ်းသာလိုက်တာ၊ ဒီနေ့တော့ စောင့်နေတဲ့ အခွင့်အရေး ရပြီလို့လေ။ သူက ခွင့်တောင်းပြီး ရေချိုးခန်းဝင်တော့ ကျုပ် လုပ်ချင်တာ လုပ်ပစ်လိုက်တာပေါ့”

မမ ... ရယ်ရှာ၏။

ရယ်ရှာ၏ ... ဟု ပြောရသည်မှာ မမ ရယ်ပုံမှာ ရယ်သာရယ်ရ ... မချိတင်ကဲလေးမို့ပါ။

ဦးကိုကိုကြီးခမျာတော့ နောက်ထပ် ဆရာဝန်တစ်ယောက်ကို ထပ်ဖုန်းဆက်၊ မိုးခြိမ့်ကို အကူအညီတောင်း ဝိုင်းမ,စေပြီး အခန်းထဲမှာ ကြည့်ပျော်ရှုပျော် တင့်တယ်အောင် ပြင်ဆင်ပြီးထည့်... နှင့် အလုပ်ရှုပ်သွားရပါတော့သည်။

“အန်ကယ်လ် ... နောက်ဆရာဝန်တစ်ယောက် လာရင် မမများ ပြဿနာဖြစ်မလား”

“မဖြစ်ဘူး၊ ဒီဆရာဝန်က ကျုပ်ညီရဲ့ သူငယ်ချင်း၊ အခုလှမ်းခေါ်တဲ့ ဆရာဝန်က ကျုပ်ညီရဲ့တပည့် ဖြစ်ခဲ့ဖူးတယ်။ သူက နွေးထွေး အကြောင်းကို သိတယ်။ သူက ဆေးပေးကုသဆရာဝန်မို့ ဒီစိတ်ကျန်းမာရေးကုတဲ့ ဆရာဝန်နဲ့ ဂုနေရတာ၊ လူသိမခံချင်ဘူး ဆိုပေမဲ့ ...

www.burmeseclassic.com

"နွေးထွေးလေး အကြောင်းက တစ်ယောက်သိ နှစ်ယောက်သိနဲ့ သိစတော့ ပြုကုန်ပါပြီကွာ။ နွေးထွေးလေးကို သနားတာပါပဲ"

အန်ကယ့်ကို ပိုသနားနေမိပါတယ် ... ဟု မပြောဖြစ်တော့ပါ။ ပြောတော့ ပြောချင်ပါသည်။

❤ ※ ❤

မောင်ရယ် ...

နွေးထွေး အိပ်ရာထဲမှာ ခွေနေသည်။ အပုလေးတော့ အနားမှာရှိ၏။ ကိုသောင်းထွန်းက အခန်းဝမှာ ဖြစ်နိုင်သည်။ ခုချိန် ... မောင် ဘယ်ရောက်နေမလဲ။

မောင့်ကို မမ သိပ်ချစ်တယ်။

မမရဲ့ဘဝမှာ သူစိမ်းထဲက လူသုံးယောက်တိတိ ချစ်ခဲ့ဖူးတယ် မောင်ရဲ့။ ပထမအချစ်က ... မမနဲ့သူနဲ့ နှစ်ကိုယ်တူ ... ကြည်ဖြူစွာ ချစ်ကြတဲ့ မောင်မောင် ... ဆိုတဲ့ မောင်။

အဲဒီမောင်ကို မမသိပ်ချစ်ခဲ့တာ။ မောင်ကလည်း မမကို သိပ်ချစ်ခဲ့တာပါပဲ။ ဒါပေမဲ့ ... သူက မမရဲ့သစ္စာတရားနဲ့ ကိုယ်ကျင့်တရားကို မယုံကြည်ခဲ့ဘူး။ မမအပေါ် အထင်သေးတာဟာ ရက်စက်ခြင်း တစ်မျိုးပါပဲ။ "နွားဖြစ်ရင်လည်း ဇေ့ရုံပဲ"... တဲ့။ မမကိုတော့ လက်ထပ်မယ်တဲ့။ ဒါပေမဲ့ ... ရုပ်ရှင်မရိုက်ရတော့ဘူးတဲ့။ မမနဲ့ ကိုကြီးတို့ရဲ့ သံယောဇဉ်ကို ပုတ်ခတ်စွပ်စွဲလို့ ...



"ပြန်တော့"... လို့ မမ မောင်းထုတ်လိုက်တာ။ ကားကို ဒေါသနဲ့ မောင်းထွက်သွားသူရဲ့ ရလဒ်ဟာ အသက်ဆုံးရှုံးခြင်းပါပဲ။ အဲဒီတုန်းက မမရင်ကွဲပက်လက်၊ မဖြေနိုင်လွန်းလို့ ရက်ပေါင်းများစွာ ငိုကြွေးခဲ့ရတာ၊ မမရဲ့ ခေါင်းအုံးလေးပဲ သိပါတယ်။ အိပ်ပျက်ညတွေမှာ ...

မောင်ရေ ... မောင်ရေ ... လို့ ခေါ်ပြီး ရှုံးသွပ်နေရတာ၊ တွန့်ကြေအိပ်ရာခင်းလေး သက်သေရှိပါတယ်။

ကိုကြီးကို မမချစ်ပါတယ်။

ကျေးဇူးရှင်။ ဦးလေးသားချင်းလို၊ အစ်ကိုကြီးရင်းခြာလို၊ ဆရာသမားလို ... လေးစား၊ အားကိုး၊ ကြည်ညိုရတာတွေလည်း အနန္တ။ မောင်ရယ် ... လူတွေက မကောင်းကြဘူးနော်။ မမနဲ့ ကိုကြီးတို့ရဲ့ ဂုဏ်သိက္ခာကို ရိုက်ချိုးဖျက်ဆီးတဲ့ စကားတွေ ပြောတယ်။ မမနဲ့ ကိုကြီးတို့ရဲ့ မာနတွေ ကျိုးပဲ့တယ်။ မမရဲ့ဘဝမှာ ရွေးစရာလမ်းလည်း နှစ်ကြောင်းမရှိဘူး။ ဒါပေမဲ့ ... ကိုကြီးရဲ့ ရင်ခွင်ထဲကို မျက်ရည်စက်လက်နဲ့ ဝင်ခဲ့တာတော့ မဟုတ်ပါဘူး။

ကိုကြီးကို မမ ချစ်တော့ ချစ်တာပဲ မဟုတ်လား။

ကိုကြီးကို လက်လွှတ်ဆုံးရှုံးရခြင်းမှာ မမရဲ့ဘဝရဲ့ နှလုံးသား၊ မမရဲ့ဘဝခရီး၊ မမရဲ့ဦးနှောက် ... မောင်ရယ် ... ခြေဆုံး ခေါင်းဖျား ကြေမွပျက်စီး ကျရှုံးရခြင်းပါပဲ။ ဒီကမ္ဘာမှာ မမ တစ်ယောက်တည်းရယ်။

မောင်ရေ ... မုဆိုးမတစ်ယောက်ရဲ့ နှလုံးသားကို "မချစ်ရ" တားမြစ်ခွင့်နဲ့ ချုပ်ကိုင်ထားတဲ့ ဥပဒေ ရှိသလား။

www.burmeseclassic.com

မောင့်ကို မမ ချစ်တယ်။ ဟိုး ... အရင်တုန်းက မောင့်ကိုချစ်ခဲ့စဉ်က တူနှစ်ကိုယ်ယှဉ်တွဲပြီး ဘဝခရီးကို လျှောက်လှမ်းဖို့ ချစ်ခဲ့တာ။ ဒါပေမဲ့ ... အဲဒီအခွင့်အရေးကို မမ စွန့်လွှတ် ဆုံးရှုံးခဲ့ပါတယ်။

မမနဲ့ ကိုကြီးတို့ နှစ်ယောက်သား ... ဘဝခရီးကို လျှောက်ခွင့်ရခဲ့ပါတယ်။

မောင်နဲ့ကျတော့လေ ... မမရဲ့ဘဝခရီးမှာ မောင့်လက်ကို မမ တွဲချင်တာ မဟုတ်ရပါဘူး မောင်ရယ်။ မောင်က မမရှေ့ကနေ သွားနေပါ။ ရပ်မနေပါနဲ့။ မောင့်ဘဝခရီးမှာ အဖော်လည်း မရှာနဲ့။ မောင်တစ်ယောက်တည်း လျှောက်လှမ်း။ မမက ... မောင့်နောက်ပါးမှာ ဖဝါးခြေထပ်။ မောင့်ပါရမီကို ဖြည့်ဆည်း၊ လိုအပ်သမျှ ပေးဆပ်၊ မောင့်အတွက် လိုလေသေးမရှိအောင် ပံ့ပိုး၊ မောင့်ကို မှန်လိုကြည့် ကြည်နူးချင်ခဲ့တာပါ။ မောင့်ကို မမ မပိုင်ဆိုင်ချင်ပါဘူး။ ဘယ်သူ့ကိုမှလဲ ပိုင်ဆိုင်ခွင့် မပေးနိုင်ဘူး။ မောင့်ဘာသာ ရပ်တည်။ မောင့်ဘာသာ ရှင်သန်။ ဖေးမပံ့ပိုးမဲ့ မမက မောင့်နောက်ပါးမှာလေ။

အဲဒါ ဘာအချစ်မျိုးလဲ မောင်။ မမတော့ မပြောတတ်ဘူး၊ ချစ်တာပဲ သိတယ်။ မောင့်ကို သိပ်ချစ်တယ်။ ဒီစကားဟာ လုံလောက်လို့တော့ မဟုတ်ဘူး။ ဒီ့ထက်ပိုမပြောတတ်တော့လို့။ မြန်မာစကားကလည်း ... ဝေါဟာရ ပါးရှားသား။ မမရဲ့အချစ်ကို သရုပ်ခွဲစရာ စကားလုံးလည်းမရှိ။ ဘာပဲဖြစ်ဖြစ် ချစ်တယ် မောင်ရယ် ... ကဲ။

မမကို နားငြီးအောင် စကားတွေ လာလာပြောနေတဲ့ သူဟာ ဆရာဝန်ပေါ့။ သူက မမကို နေကောင်းအောင် ဆေး



ကုတာမို့ သူ့ကို မမုန်းပေမဲ့ နားမထောင်ချင်တာတွေ သူ တစ်ခါတစ်ခါ ပြောတယ်။ တစ်ခါတစ်ခါကျတော့လည်း သူပြောတဲ့ စကားတွေထဲမှာ မျောပါပြီး ရင်ထဲငြိမ်းချမ်းလိုက်တာ။ ကိုသောင်းထွန်း လာတိုက်တဲ့ဆေးတွေက အိပ်ဆေးမှန်း မမ သိပါတယ်။ အဲဒါတွေသောက်ပြီး ခဏကြာရင် အိပ်ပျော်သွားတဲ့ဟာကို။

အဲဒါတွေ ပြန်တွေးပြီး စုထားတာ ... ကိုသောင်းထွန်းကို သက်သက်ကျီစားတာ မောင်ရဲ့။ ဆေးတွေ ပြန်ထွေးထားတော့ အိပ်မပျော်ဘူး၊ အိပ်မပျော်တော့ တွေးချင်ရာတွေးနေလို့ ရတယ်။ တစ်ခါ တစ်ခါတော့လည်း မမက နတ်သမီးလေး ဖြစ်နေလိုက်တယ်။ သက်တံပေါ်မှာ ဖြတ်ပြေးတယ်။ တိမ်ညွန့်လေးတွေ ခူးစားတယ်။ ပျော်တယ် မောင်။

တစ်ခါတစ်ခါတော့လည်း အမေ့ကို သတိရပြီးငိုချလိုက်တာပဲ။ ကိုကြီးကိုလည်း လွမ်းပါတယ်။ ဟိုးအရင်တုန်းက မောင့်ကိုတော့ မလွမ်းပါဘူး။ သူ့ကိုလွမ်းရင် မမ ငရဲကြီးမှာပေါ့။ မမက ကိုကြီး မရှိတော့ပေမဲ့ ကိုကြီး ဇနီးပဲ။ ဒါကြောင့် မောင်နဲ့ လက်မထပ်ချင်တာပေါ့။ မမက ကိုကြီးရဲ့ဇနီးပါ။ ချစ်တာကတော့ ရင်ထဲက ဖြစ်လာတဲ့ ဝေဒနာတစ်မျိုး။

ဆရာဝန်ကို ကြိတ်ထားတဲ့ အိပ်ဆေးမှုန့်တွေ ကော်ဖီထဲထည့်တိုက်လိုက်တာကိုလည်း မမက ... ငယ်ငယ်တုန်းက ထုပ်ဆီးတိုးရင်၊ မမိဘဲ မိတယ်လို့ ညစ်ပြီးငြင်းရတာမျိုးလို ပျော်လို့ပါ။ အဲဒါလည်း ကျီစားတာပဲ။ ပျော်စရာကြီးနော်မောင်။ မမ ပျော်တယ်။ အဲဒီအပျော်လေးကို ပြောဖို့ မောင့်ဆီ လာခဲ့တာပါ။ မောင်က မမကို ပစ်သွားတော့မယ်လို့ ပြောနေတာ မမ ကြား

www.burmeseclassic.com

တာပေါ့။ မမ ရောက်နေတာ ကြာပြီ။ ကိုသောင်းထွန်း ပြောတဲ့ စကားတွေကလည်း ဆန်းဆန်းပြားပြား။ မမ သိပ်နားမလည်ဘူး သိလား။ မမနားလည်တာကတော့ မောင် ... မမကို ခွဲသွားတော့ မယ် ဆိုတာကိုပဲ။

မမကို ခွဲမသွားပါနဲ့။ မမကို မထားခဲ့ပါနဲ့။ မောင့်ကို ချစ်လို့ပါ။ မောင်မရှိတဲ့ မမဘဝဟာ မရှင်သန်နိုင်ဘူး။ အဓိပ္ပာယ်မဲ့စွာ သေဆုံးသွားလိမ့်မယ်။ အကယ်ဒမီမေနွေးထွေးရဲ့ ကျရှုံးခန်းဆိုတာ ရုပ်ရှင်ထဲမှာတောင် ရှိခဲ့တာ မဟုတ်တော့၊ အဓိပ္ပာယ်မဲ့စွာ သေဆုံးရမဲ့သူ၊ ရှင်သန်ခြင်း ချုပ်ငြိမ်းရမဲ့သူဟာ မေနွေးထွေးတော့ မဖြစ်သင့်ဘူး။

ဒါဆို ဘယ်သူဖြစ်ရမလဲ။

မောင် ... မောင်ပဲပေါ့ မောင်။ မောင်ဟာ အဓိပ္ပာယ်မဲ့စွာ သေဆုံးရမယ်။ ရှင်သန်ခြင်း ချုပ်ငြိမ်းရမယ်။ ကိုကြီးအတွက် မမရဲ့မျက်ရည်သက်သေတွေ မမခေါင်းအုံးလေးမှာ တင်ကျန်ရစ်သလို၊ မောင့်ရည်းစားဆိုတဲ့ ကောင်မလေးလည်း၊ မျက်ရည်သက်သေပြခွင့် ယူပစေဦးပေါ့နော် မောင်။

မောင် ... မောင့်ကို မမချစ်ပါတယ်။ ဒါပေမဲ့ ... မမက မုန်းလည်း မုန်းတတ်တယ်။ နာကြည်းမိရင် ရက်စက်တတ်တယ်။ အဲဒါမောင် ... ယုံ။ ပြီးရင် ... မမကို ခွင့်မလွှတ်နဲ့။ ဒါဟာ လောကရဲ့ သစ္စာတရားပဲ မဟုတ်လား မောင်ရေ ...။

အဲသည်ညက ... မေနွေးထွေး တစ်ညလုံး တစ်မှေးမျှ အိပ်စက်ခဲ့ခြင်း မရှိပါ။

❤ ⁂ ❤



## ၁၅

မမ ... ဒီနေ့ ကော်ဖီဝိုင်းသို့ အဲဆင်းနောက်ကျ၏။

"ဟဲ့ ... အရှည်လေး၊ အပုလေးရော နင်တို့မမပါ ဆင်း မလာသေးဘူး၊ မနိုးကြသေးဘူးလား တက်ကြည့်စမ်း"

"နိုးနေပါပြီ ဦးလေး၊ စောစောက အပုလေး ဆင်းလာပြီး ခြံထဲက ... ဗင်ဒါ(Venda)တွေ အပွင့်နှစ်ဆယ်လောက်ရှိတယ် ဆင်းခူးတာ ရောင်စုံပဲ။ ဘာလုပ်ဖို့လဲဆိုတော့ မမ ခူးခိုင်းလို့တဲ့။ မမက ဒီနေ့ ရှုတင်ရှိတယ်တဲ့။ ကျွန်မတို့ တောင် ကြည့်ရတော့မယ်ဆိုပြီး ပျော်နေတာ။ မမက ကားရိုက်နားထားတော့ တစ်ခါမှ မကြည့်ဖူးဘူး"

ဦးကိုကိုကြီးထံ အကြည့်တစ်ချက်ရောက်ခိုက်မှာ မျက်နှာကွက်ခနဲ ပျက်သွားတာကို မြင်လိုက်ပါသည်။

"ဦးလေးသောင်း ... မမက မေးခိုင်းလိုက်တယ် ကင်မရာ အဖွဲ့ ရောက်ပြီလားတဲ့"

အပုလေး ပြေးဆင်းလာကာ၊ သူတို့ မမြင်ဘူးသေးတာ မြင်ရတော့မှာမို့ ပျော်နေပုံနှင့် သွက်လက်နေ၏။ မိုးခြိမ့် ...

www.burmeseclassic.com

ဦးကိုကိုကြီးထံ ဒုတိယအကြည့်ကို ပို့မိပြန်သည်။ မျက်နှာက ဒုတိယအကြိမ် ကွက်ခနဲ ပျက်ပြန်သည်။

"နောက်နာရီဝက်ကြာရင် ရောက်မယ်လို့ ပြောလိုက်"

အပုလေး လှေကားမှ ပြန်တက်ပြေးသွားလေ၏။ မိုးခြိမ့်က ဦးကိုကိုကြီးကို စိုက်လို့ပဲ ကြည့်နေလိုက်တော့သည်။ ဒီလူကြီး ဘယ်လိုပြောလိုက်တာလဲ။ ကင်မရာအဖွဲ့ကို ဖြစ်အောင် စီစဉ်တော့မည် ထင်ပါရဲ့။ ဒီလူလောက် မမအငြိုငြင်ကို မခံနိုင်တဲ့သူ၊ မမကို အလိုလိုက်နိုင်သူ၊ လောကမှာ ရှိတော့မည် မဟုတ်ပါ။

"ကင်မရာကိုင်ပေးနိုင်မလား မိုးခြိမ့်ညံ"

"ကျွန်တော် မရိုက်တတ်ဘူး"

"ရိုက်တတ်စရာ မလိုပါဘူး။ ဗီဒီယိုကင်မရာကို ပခုံးပေါ်မှာထမ်းပြီး ရိုက်ချင်ယောင်ဆောင်ဖို့ပဲ။ ကိုင်နည်း ကျုပ်သင်ပေးပါ့မယ်၊ ဒါဟာ ကောင်းတဲ့လက္ခဏာ မဟုတ်ဘူး၊ နွေးထွေးလေးရောဂါတိုးပြီ၊ ဒီတော့ ... သူ့ကို အလိုလိုက်မှ ဖြစ်မယ်"

"အရှည်လေး ... မမက ကော်ဖီနဲ့ ဆင်းဒဝစ်ချ် အပေါ် ပို့ပေးပါတဲ့"

အပုလေး တစ်ခေါက် ပြေးဆင်းလာပြန်၏။

"ဦးလေးသောင်း ... မမအရမ်းလှတာပဲ သိလား၊ ဆန်းဆန်းလာပြင်ပေးတာထက်တောင် ပိုလှသေးတယ်။ တိတိကျကျမှာထားရဲ့သားနဲ့ အချိန်မီရောက်မလာလို့ ဆန်းဆန်းကိုတောင် မမက စိတ်ဆိုးနေတယ်"



သူသိသလောက် သတင်းကလေးပေးကာ လှေကားမှ ပြန်တက်ပြေးပြန်၏။ ဦးကိုကိုကြီး၏ မျက်နှာက ပျက်ချင်တိုင်း ပျက်လျက်၊ ရှုံ့တွနေသော နဖူးကြောများကို ဖြေဖို့သတိမရတော့ပါ။ ကော်ဖီစားပွဲမှာ ရှိသမျှ ဘာမျှမစားမသောက်တော့ပဲ သူ့အခန်းထဲကို ဝင်သွားသည်။ မိုးခြိမ့်မှာလည်း စားရခက်၊ မစားရခက်၊ ဆာတော့လည်း ဆာပြီ။ ဦးကိုကိုကြီးတောင် မစားဘဲထွက်သွားတော့ ကိုယ်က နှိုက်စားနေလို့ ကောင်းပါ့မလား။

ဦးကိုကိုကြီး ပြန်ထွက်လာတော့ ကင်မရာပါလာ၏။

"ခင်ဗျား ဘယ်သန်လား ညာသန်လား"

"တစ်ခုခုကို ထမ်းရမယ်ဆိုရင် ဘယ်ဘက်ပခုံးပေါ် တင်ရတာ ပိုပြီးအားသန်တယ်"

"ဘယ်သန်ပဲ။ ဒီမှာ ဒီလိုကိုင်ကြည့်ပါ။ ဒီလက်က ဒီကွင်းထဲကိုထည့်"

မိုးခြိမ့် မတတ်တတ်ရပ်လျက် ကင်မရာကို ထမ်းကြည့်လိုက်၏။

"ကောင်းပါတယ်။ အဲဒီလောက်ပါပဲ၊ အဆင်ပြေတယ်"

"ကျွန်တော်က ကင်မရာမင်း လုပ်ရမှာလား"

"ဟုတ်တယ် ... ကျုပ်က အားနေမှ သူ တစ်ခုခုဆို ... ဘာပဲဖြစ်ဖြစ် အချိန်မီ ... တစ်ခုခု လုပ်ပေးနိုင်မှာ"

"ကောင်းပါပြီ"

မနွေးထွေးက လှေကားတစ်လျှောက်မှ ကြော့မော့စွာ ဆင်းလာ၏။ အပုလေး ဆင်းရူးသော ဗင်ဒါသစ်ခွတွေက တစ်ပွင့်ကို ဂုံညင်းဒိုးခန့်ရှိ၏။ အဲဒါတွေကို ခပ်ပြစ်ပြစ်သီပြီး

www.burmeseclassic.com

ခေါင်းပေါ်မှာ ဝိုင်း၍ပန်ထား၏။ မပြောရက်ပေမဲ့ ... ပြောရမည်ဆိုလျှင် အဲသည်လို ပန်းပန်ပုံမျိုးက စိတ်ကျန်းမာရေး မပြည့်စုံသူတွေ ပန်လေ့ရှိသည့်ပုံမျိုးဖြစ်၏။ ပန်းပန်ထားပုံ အချိုးမကျပေမဲ့ မမကိုတော့ ငေး၍ပင်ကြည့်ရပါသည်။ ကားရိုက်မှာမို့ အစွမ်းကုန်မှုန်းထားလေသလား မသိပါ။ ငေးကြည့်သူ ... အကြည့်ကိုမသိမ်းနိုင်ပါ။ ယောကျ်ားနှစ်ဦး၊ မိန်းမသားသုံးဦး၊ လူငါးဦးတို့၏ မျက်ဝန်းငါးစုံသည် မမအပေါ်မှာသာ စုပြုံကျရောက် တန့်နားလျက် မရွေ့မလျားနိုင်ကြတော့ပါ။

ဒီနေ့ ဝတ်လာပုံက ...

ဂျင်းဘောင်းဘီနှင့် တီရှပ်၊ တီရှပ်ပေါ်မှာ အသားပါးပါး ဂျာကင်တစ်ထပ်၊ ဂျာကင်အိတ်ထဲသို့ လက်နှစ်ဖက်လုံး နှိုက်ထားသည်။

"မလာကြသေးဘူးလား ကင်မရာခရူ(Crew)"

"မိုးခြိမ့်ညံနဲ့ပဲ ရီဟာဇယ် လုပ်ကြည့်နှင့်တာပေါ့"

"ရတယ်လေ"

ဆရာဝန်ကို အိပ်ဆေးခပ်ပြီးသည့် နေ့မှစ၍ မမ မျက်နှာတင်းပါသည်။ စကားပြောလည်း တင်း၏။ လေသံလည်းမာသည်။ ခါတိုင်းလို ပြုံးပြုံးချိုချို မရှိပါ။ တစ်ခုခုကို ပြောဆိုလုပ်ကိုင်တိုင်း ရင်းနှီးမှုကို မပြ၊ အလုပ်သဘောဆန်စွာ ဆက်ဆံကာ ... ကျန်အိမ်သားငါးဦးလုံးလိုလိုပေမဲ့ ကောင်မလေးသုံးယောက်အပေါ်ကျတော့ နည်းနည်းပါးပါး ပျော့ပျောင်းချင်သည်။ ယောကျ်ားနှစ်ဦးအပေါ်မှာတော့ ထန်တင်းပါသည်။

"မိုးခြိမ့် ... ထ"



ဦးကိုကိုကြီးက လက်တို့၍ ထခိုင်း၏။ မိန်းကလေးသုံးယောက်က အနားမှာ ငေးကြည့်နေကြသည်။ ရီဟာဇယ်ဆိုလည်း သူတို့ ကြည့်ချင်တာပဲ ဖြစ်၏။

"ခုဟာက ... နောက်ဆုံးကားဟန်းက ဇာတ်သိမ်းခန်းကို ပြန်ရိုက်မှာ"

အဲသည်နောက်ဆုံးကားဟာ ရိုက်ကူးပြီးစီး၊ ပြသလို့ အကယ်ဒမီတောင် တတိယအကြိမ် ရခဲ့သည့်ကား၊ မေနွေးထွေး ကျန်းမာရေးကြောင့် သွားမယူနိုင်ခဲ့သည့်ကား။

"ရိုက်ပြီးပြီလေ မမ။ အဲဒီဇာတ်သိမ်းခန်းကို။ ကားတောင် ဆက်တော့မှာ"

"ကြိုက်လိုက်ကွ"... ဟု မိုးခြိမ့်ညံ အော်ချင်၏။ ဦးကိုကိုကြီး အလိုလိုက်ပုံက ကမ်းကုန်သည်။

"ကျွန်မမှ မကြိုက်ဘဲ။ အဲဒီဇာတ်သိမ်းခန်းကို အခုပြန်ရိုက်မှာ။ ကားဆက်နေလည်း ဘာဖြစ်လဲ၊ ဒါကဇာတ်သိမ်းခန်းပဲ။ ကိုထွဋ်ခေါင်က ဘယ်အချိန် ရောက်မှာလဲ"

ကိုထွဋ်ခေါင် ဆိုသည်မှာ ... ယနေ့ လျှမ်းလျှမ်းတောက်၊ ဗီဒီယိုမှာ အာစီကြေး အမြင့်ဆုံးရသော မင်းသားဖြစ်၏။ သူလည်း အကယ်ဒမီ မင်းသားပါပဲ။

"မမကလည်း သိတဲ့အတိုင်း၊ ကိုထွဋ်ခေါင်က နောက်ကျတတ်တယ်"

"အဲဒါကြောင့် သူ မကြီးပွားတာ။ နာမည်သာ လျှမ်းလျှမ်းတောက်တာ၊ ကားထွက်ဦးရေက မများဘူး၊ ပရိဂျူဆာ

www.burmeseclassic.com

ဒါရိုက်တာတွေက သူ့ကို စိတ်ပျက်တယ်။ ရောက်တာ နောက်ကျရတဲ့အထဲ၊ ရောက်မှ မိတ်ကပ်လိမ်းတယ်"

မင်းသားက ယောက်ျားကြီးဖြစ်ပြီး မိတ်ကပ်လိမ်းတယ် ... ဆိုတာကို ခုမှကြားဖူးနားဝရှိသည်မို့ ကောင်မလေးတွေ ခစ်ခနဲ ရယ်ကြလေ၏။

"မိတ်ကပ်လည်း လိမ်းပြီးရော ထမင်းစားချိန် ရောက်ရော၊ ထမင်းစားပြီး တစ်ကတ် နှစ်ကတ်လောက် ရိုက်ရသေးတယ်၊ ပြန်ချင်ရော။ သူ့ဆို မင်းသမီးတွေကလည်း စိတ်ပျက်တာပဲ၊ သူတင် နာမည်ကြီးတာလား၊ မင်းသမီးထဲမှာလည်း နာမည်ကြီးတွေ အများကြီး"

"မမ မျက်နှာမစူနဲ့လေ ... တကယ်ရိုက်တဲ့အခါကျရင် မျက်နှာကြီး အိုနေလိမ့်မယ်၊ ခုတည်းက စိတ်ထဲမှာပျော်ထားမှ မျက်နှာကြည်မှာပေါ့"

"ရှင်က ပြောနေလိုက်တာ။ ဘာဖြစ်လို့ ဒါရိုက်တာမလုပ်ဘဲ မန်နေဂျာလုပ်နေသေးလဲ"

မိုးခြိမ့်ညံက ဗီဒီယိုကင်မရာကို ခုမှကိုင်ဖူးတာမို့ သဘောအကျကြီး ကျလျက်ရှိ၏။ မင်းသမီးကိုတွေ့ဖို့ ချောင်းကြည့်ရသည့် အပေါက်ကလေးက မှန်ဘီလူးလေးနှင့်၊ ဘာပေါက် ခေါ်မှန်းတော့ မသိ၊ ခပ်သေးသေးမို့ မကြည့်တတ်ပါ။ ကြည့်ရတာ အားမရပါ။

"မော်နီတာရော"

"ရှိပါတယ် မမ"



"ကိုသောင်းထွန်း ... ရှင် ဘယ်လိုဖြစ်နေတာလဲ၊ ဟိုဟာ မပြည့်စုံ ဒီဟာမပြည့်စုံနဲ့။ ဒါမျိုး ကိုသောင်းထွန်း ရာဇဝင်မှာ ဘယ်တုန်းက ရှိဖူးလို့လဲ"

"နောက်ကို မဖြစ်စေရပါဘူး မမ"

ဦးကိုကိုကြီး ... အခန်းတစ်ခုထဲသို့ ပြေးဝင်ပြန်၏။ ပစ္စည်းပစ္စယတွေ ဆွဲလွဲထုတ်လာသည်။ ကောင်မလေးတွေက ပြေး၍ ဝိုင်းသယ်ပေးကြသည်။ ဦးကိုကိုကြီးက အခန်းတစ်ခုထဲသို့ ဝင်လိုက် ထွက်လိုက်၊ ပစ္စည်းတွေယူလိုက်၊ ကောင်မလေးတွေက ဝိုင်းသယ်လိုက်၊ ရှုပ်ယှက်ခပ်နေ၏။ မိုးခြိမ်းညံ ငေးကြည့်ရင်း ပခုံးပေါ်မှာကျတော့ ဗီဒီယိုကင်မရာ။ ဦးကိုကိုကြီးဟာ စိတ်ကျန်းမာရေး ချို့တဲ့နေသူ ထင်တိုင်းကြံချင်တာကို သဘာဝမကျပါပဲ၊ အလိုလိုက် အကြိုက်ဆောင်၊ လိုက်လုပ်ပေးနေတာ၊ မှန်ရောမှန်ရဲ့လား။ ဝေဒနာရှင်အတွက် ကောင်းရော ကောင်းပါ့မလား။ ဆရာဝန်သိလျှင် ဘာပြောမလဲ။ ဒီနေ့အဖို့ ဆရာဝန်လည်း ရောက်မလာသေး။ ဆရာဝန်က ဦးကိုကိုကြီးနှင့် အလွန်ရင်းနှီးသူမို့ နေ့တိုင်း တစ်နေ့တစ်ခေါက်တော့ သူအားချိန်မှာ (အချိန်မှန်ရယ်တော့ မရှိပါ) ဝင်,ဝင်လာတတ်ပါသည်။

အပုလေးတို့ အရှည်လေးတို့ အနေတော်လေးတို့က မီးစလောင်းကြီးတွေ ကိုင်သည့်သူကကိုင်၊ အသံဖမ်းခွက် တပ်ထားသည့် တုတ်တံရှည်ကြီး (ဘာခေါ်မှန်းမသိဘဲ၊ မိုးခြိမ့်အဖို့တော့ တုတ်တံရှည်ကြီးပါပဲ) မြှောက်ကိုင်ထားသူက ကိုင်ထားနှင့်။ မမသာ စိတ်ကောင်းနေလျှင် ဒီနေ့အဖြစ်အပျက်ဟာ တော်တော်ပျော်စရာကောင်းမှာ ဖြစ်၏။ ကောင်မလေးတွေ ပျော်နေတာပဲ

www.burmeseclassic.com

ကြည့်တော့။ ဘယ်လိုမှ မပျော်နိုင်သူက နှစ်ဦးတည်းပါ။ ဦးကိုကိုကြီးနှင့် မိုးခြိမ့်ည်း။ မမမျက်နှာကတော့ ခပ်တည်တည်။ ပျော်တယ်လည်းမဟုတ်၊ စိတ်လည်း ညစ်မနေ၊ တာဝန်တစ်ခုကို အလုပ်သဘော ထမ်းဆောင်တော့မည့် နဂိုနေ မျက်နှာထား။ လိုအပ်လျှင် ပြုံးလိုက်ဖို့ မဲ့လိုက်ဖို့၊ နှာကျင်နာကြည်းလိုက်ဖို့၊ လှိုက်လှဲပျော်ရွှင်လိုက်ဖို့ ... ဘယ်လိုခံစားမှုကိုဖြစ်စေ၊ မျက်နှာပေါ် တင်လိုက်နိုင်ဖို့ အဆင်သင့်ပုံစံနှင့်ပါ။

"ကိုသောင်းထွန်း ... ရှင်က ကင်မရာထမ်းလိုက်ပါလား၊ ကိုထွဋ်ခေါင် မလာခင် ... မိုးခြိမ့်ကို ... ကိုထွဋ်ခေါင်နေရာမှာ ခဏထားပြီး ရီဟာဆယ် လုပ်ကြည့်တာပေါ့"

ဦးကိုကိုကြီးက မိုးခြိမ့်ထံမှ ကင်မရာကို ပြောင်းထမ်းသည်။

"ကိုသောင်းထွန်း ... ကျွန်မ သီချင်းဆိုရမှာနော်၊ ဘာသီချင်းပါလိမ့်၊ မေ့တောင် မေ့နေတယ်။ ဓာတ်ညွှန်းရော ဓာတ်ညွှန်း"

"မမ ... ချစ်လွန်းလို့ မုန်းလိုက်မိပါတယ် ဆိုတဲ့ သီချင်းပါ"

"ဟုတ်ပြီ ... မှတ်မိပြီ။ မင်းသားက မင်းသမီးထက် နည်းနည်းငယ်တယ်။ ကောင်လေးက မမလို့ ခေါ်တယ်။ မင်းသမီးက မင်းသားကို မောင်လို့ခေါ်ခဲ့တယ်။ မင်းသမီးကသာ သိပ်ချစ်နေရတာ၊ ကောင်လေးက လုံးဝပြန်မချစ်ဘူး။ ဟုတ်တယ် မဟုတ်လား ကိုသောင်းထွန်း"

"ဟုတ်ပါတယ် မမ"



"ကောင်လေးက နောက်ဆုံးခန်းမှာ သူ့ရည်းစားနဲ့လက်ထပ်ဖို့ ထွက်သွားတာနော်"

"ဟုတ်ပါတယ် မမ"

"အဲဒါ ... ကျွန်မက လိုက်တားရင်း ဒေါသမထိန်းနိုင်ဘဲ ဓားနဲ့ထိုးလိုက်တာ မဟုတ်လား"

"ဟုတ်ပါတယ် မမ"

"ရှင်လည်း ... ဟုတ်ပါတယ် မမ ဆိုတဲ့ ဝါကျတစ်ကြောင်းပဲ ပြောတတ်တော့တယ်နော်။ ဓာတ်ညွှန်းလည်းမရှိ၊ ရိုက်ညွှန်းလည်းမရှိ၊ အစက ရှင် ဒီလိုမဟုတ်ပါဘူး၊ အင်မတန်စေ့စပ်သေချာတဲ့သူပါ။ ဒီနေ့များဖြင့် ဘာတစ်ခုမှ အဆင်မပြေ၊ အဆင်သင့် မရှိဘူး"

"ဒီနေ့ ရှုတင်ပြန်စမယ်လို့ မမက ကျွန်တော့်ကို ကြိုပြောမထားလို့ပါ"

"မပြောမိဘူးလား။ ပြောမိတယ် ထင်တာပဲ"

"မပြောလည်း ရီဟာဆယ်လောက်ကတော့ ရပါတယ်၊ မမ လုပ်ကြည့်လေ။ မမက ရီဟာဆယ်မလုပ်ဘဲ ရိုက်လေ့မှ မရှိတာ"

"ကောင်းတယ်။ ကိုထွဋ်ခေါင် လာတော့ တစ်ခါတည်း တန်းရိုက်ရတာပေါ့။ အဲဒီ ကိုထွဋ်ခေါင် ဆိုတဲ့ မင်းသားကလည်း သူ့ကိုယ်သူ သိပ်အထင်ကြီးတာ။ သူလုပ်တိုင်း ကောင်းမယ်ချည်း ထင်နေတာ။ ထွဋ်ခေါင်တို့က ရီဟာဆယ် မလိုဘူးလို့ အမြဲပြောတယ် ... ကဲ စမယ်ရှင်"

www.burmeseclassic.com

ဦးကိုကိုကြီးက ..."ရယ်ဒီ"... ဟု အော်လိုက်၏။ မေနွေးထွေး မျက်နှာပြင် ခံစားမှု ချက်ချင်းပြောင်းသွားသည်။

"မီးစုံ"

ကောင်မလေးတွေ မီးခလုတ်တွေ ဖွင့်လိုက်ကြသည်မို့ ညှော်ခန်းကြီးတစ်ခုလုံး လင်းထိန်သွားတော့သည်။

"ရယ်ဒီ ... ဖိုက်၊ ဖိုး၊ သရီး၊ တူး၊ ဝမ်း ... အက်ရှင်"

မေနွေးထွေး မျက်ဝန်းအစုံက စိုရွှန်းလာ၏။ လက်ဖြာလာ၏။ မျက်ဝန်းမှာ မျက်ရည်ဥလေးများ ခိုတွဲလာခြင်းပါ။ မိုးခြိမ့် ငေး၍ကြည့်နေမိတော့သည်။ တော်လိုက်တာ။ မမသရုပ်ဆောင် ကောင်းလိုက်တာ။ ရုပ်ရှင်ရိုက်တာကို အပြင်မှာ တစ်ခါမှ မမြင်ဘူးသည်မို့ အထူးအဆန်း ကြည့်ရသလိုလည်း ဖြစ်ပါသည်။ မေနွေးထွေး ဆိုသည့် အကယ်ဒမီများရှင် မင်းသမီးဟာ အကယ်ဒမီတွေ ဒီလောက် ရထားတာ ရထိုက်ပါပေသည်။ အဲသည် နောက်ဆုံးကား (မမ မကျန်းမာ၍ ဆုတက်မယူနိုင်ခဲ့သော)မှာ မမ အကယ်ဒမီရစေသည့် အခန်းတွေကို ပြန်ပြတော့ အဲသည် ... ဇာတ်သိမ်းခန်းလည်း ပါသည်ဟု ဦးကိုကိုကြီးပြောပြဖူးပါသည်။

"ကလော သွားရိုက်တာက နောက်ဆုံးရိုက်ကွက်ပေမဲ့၊ အဲဒါ ဇာတ်သိမ်းခန်း၊ ဇာတ်သိမ်းခန်းက ရန်ကုန်မှာတင် ရိုက်ပြီးသား"... တဲ့။

မေနွေးထွေး သီချင်းစဆိုပါလေပြီ။ သီချင်းက မိုးခြိမ့် ကြားဖူးသောသီချင်း မဟုတ်ပါ။ မိုးခြိမ့်က သီချင်းသိပ်



ဝါသနာမပါသည်မို့ သီချင်းအစုံ မသိတာလည်း ဖြစ်နိုင်ပါသည်။ အမျိုးအစားက ... ကြေကွဲဖွယ်၊ နာကျင်ဖွယ်၊ ဆွတ်ကြင်လွမ်းမောဖွယ်၊ သနားစရာ အလွမ်းသီချင်းပါပဲ။ အတီးပလေးဘက် (Play Back နောက်ခံ)မပါဘဲ၊ သူ့အသံချည်းသက်သက် ဆိုသွားရာမှာ မမအသံက ကြည်ရှ၏။ ချိုမြ၏။ စေးပိုင်၏။ မမ ဒီလောက်အသံကောင်းမှန်း၊ အဆိုပညာ ဒီလောက်ပိုင်မှန်း တော်မှန်း ခုမှ သိရတော့သည်။ သရုပ်ဆောင်ချက်ကလည်း ကောင်းပါဘိ။

သီချင်းဆိုရင်း မျက်ရည်ပေါက်ခနဲ တစ်ပွင့်ကြွေ၏။ ပါးပြင်ပေါ် ဖြည်းဖြည်းလိမ့်ဆင်းလာသည်။ ရုပ်ရှင်ရိုက်သည့်အခါမှာ ကတ်တွေဖြတ်၍ ဖြတ်၍ ရိုက်ရသည် ဆိုတာတော့ မိုးခြိမ့် ကြားဖူးပါသည်။ ခုတော့ ... မမက မျက်ရည်စက်လက်နှင့် သီချင်းဆိုနေတာကို၊ ဦးကိုကိုကြီးက ကတ်မပြောင်းဘဲ အစအဆုံး ရိုက်နေသည်။ မီးတွေကလည်း တောက်လျှောက်ထွန်းထား၏။ အသံတော့ ဝင်မဝင် မပြောတတ်ပါ။ အသံဖမ်းခွက်ပါသော တုတ်ရှည်ကြီးကို မြှောက်ကိုင်ထားရသည့် အရှည်လေး၏ လက်ကတော့ ခါယမ်းစပြု၏။ ညောင်းလာပြီ ထင်ပါရဲ့။

သီချင်း ရပ်သွား၏။ တစ်ပုဒ်လုံး ပြီးဆုံးသွားတာ ဟုတ်ပုံမရ။ မူလသီချင်းကို မသိပေမဲ့ တစ်ပိုင်းတစ်စကြီးနှင့် ရပ်သွားမှန်းတော့ သိလိုက်၏။

မေနွေးထွေး ... မျက်နှာ ချက်ချင်းပြောင်းသွားသည်။ ပေါက်သတ်တော့မည့် မြွေဟောက်မ၏ မျက်လုံးတို့ဖြင့် စက်ဆုပ်ရွံရှာမုန်းတီး နာကြည်းခြင်းတို့ဖြင့် လက်ဖြာလာသော မျက်ဝန်း

www.burmeseclassic.com

အစုံက တကယ်ကြောက်ဖွယ်တည်း။ မိုးခြိမ့် ... မမ၏အနုပညာ စွမ်းရည်ထဲမှာ စီးမျောနေတော့သည်။

"ဟော့ ..."

ဦးကိုကိုကြီးက အော်ရုံပဲ အော်လိုက်နိုင်သည်။ ပခုံးပေါ်မှာ ကင်မရာကြီး ထမ်းလျက်နှင့် အနားသို့ ရောက်လာသည်။ မေနွေးထွေးကို ဖမ်းချုပ်ထားသူက ကုနေကျ ဆရာဝန်။

အဖြစ်အပျက် အားလုံးက တိုက်ဆိုင်စွာ အချိန်ကိုက် ဖြစ်ပျက်သွားကြတာပင်။ မေနွေးထွေးက သူ့ဂျာကင်ပါးပါးအိတ်ထဲမှာ ဝှက်ယူလာခဲ့သောဓားနှင့် မိုးခြိမ့်ကို ပြေးထိုးစိုက်ချလိုက်တာဖြစ်၏။

မိုးခြိမ့်က အနုပညာထဲစီးမျောရင်း မှင်သက်ငေးကြောင့် ချက်ချင်းမရှောင်လိုက်နိုင်ချေ။ ကံကောင်းတာက လက်နှစ်ဖက်ကို ရှေ့မှာပိုက်ပြီး ငေးကြည့်နေခဲ့တာမို့ ရင်ဘတ်တည့်တည့်သို့ တိုးဝင်လာသည့် ဓားသွားဟာ နေရာလေး နည်းနည်းလွဲရုံနှင့် လက်ဖျံသားပေါ်သို့ တည့်တည့်ကျရောက်သွားခြင်းပါပဲ။ ကိုယ့်ရှေ့တည့်တည့်မှာ ဓားကြီး မြင်လိုက်ရတာနှင့်၊ ရှောင်ချိန်ပင်မရလိုက်၊ ပိုက်ထားသည့် လက်မောင်းကို လန့်ဖျပ်ဖြုတ်၊ လက်နှင့် ကာသလိုဖြစ်ကာ လက်ဖျံသားကိုပင် အပေါ်ယံရှည်ရှည်လေးခွဲချလိုက်သလို ဖြစ်သွားရသည်။ ဓားသွား မနက်ပါ။

အဲသည်အချိန်မှာ ... လာနေကျဆရာဝန်က ရောက်လာ ...။ တကယ်တော့ ... ခြံရှေ့ကနေ ကားဟွန်းတီးသေးသည်။ ကိုယ့်ဇောနှင့်ကိုယ် ... မည်သူမျှ ကားဟွန်းသံကို မကြားသည်မို့၊



ကိုယ့်ဘာသာ ခြံတံခါးဆင်းဖွင့် (ခြံတံခါးက နေ့ခင်းဆို သော့ခတ်မထားပါ။ ချက်ထိုးထားပေမဲ့ သံတိုင်ကျဲကြားမှ လက်နှိုက်၍ ဖွင့်လို့ရပါသည်) ကားကို မောင်းဝင်လာတာတောင် ဒီလူတွေက မသိ။ ဧည့်ခန်းရှေ့ ကားရပ်ပြီး ဆင်းလာခဲ့။ ဒီမှာက ကားရိုက်နေ၊ ဘာလုပ်နေကြတာလဲ ဆိုတာကို သိလိုစိတ်၊ ဆရာဝန်တစ်ဦး အနေနှင့် မေနွေးထွေး၏ ပြုမူပြောဆိုပုံတွေကိုလည်း လေ့လာချင် ...။ အဲဒါနှင့် ဧည့်ခန်းတံခါးဝမှာ ... မည်သူ့ကိုမျှ အသံမပေးတော့ဘဲ ရပ်ကြည့်နေ၊ မေနွေးထွေးက ဓားနှင့် ပြေးထိုးတော့မှ၊ ကိုယ့်ကိုတောင် အိပ်ဆေးခတ်ပြီး သိပ်လိုက်နိုင်သေးသည့် ကိုယ့်လူနာကို စိုးရိမ်စွာ၊ ဝင်ဆွဲ၊ အနားရောက်မှ ဓားတွေ့၊ လူနာကို ကျစ်ကျစ်ဖက်၊ ဓားကိုင်လက်ကို လက်တစ်ဖက်နှင့် ဖြေတော့မှ ဦးကိုကိုကြီးက ကင်မရာချခဲ့ပြီး ဓားလာယူသည်။ ကောင်မလေးတွေက မီးပိတ်ပြီး၊ ဒါဟာ ရုပ်ရှင်ရိုက်သည့် ဇာတ်ကွက်တစ်ကွက်ပဲဟူ၍ (ကင်မရာချလိုက်လို့သာ မီးတွေပိတ်လိုက်ရပေမဲ့) ကြည့်ကောင်းကောင်းနှင့် ဆက်ကြည့်နေကြတော့သည်။

"ဆရာကလည်း ညံ့လိုက်တာ၊ ဒီမှာ ရုပ်ရှင်ရိုက်နေတဲ့ဟာကို၊ တကယ်လူသတ်ပြီထင်ပြီး ပြေးဖမ်းတာလား"

မေနွေးထွေးက အပြစ်မဲ့စွာ အေးဆေးစွာ ရယ်၏။ စောစောက မုန်းမျက်နှာကြည်းနေသည့် မျက်ဝန်းများ မရှိကြတော့ပါ။ မိုးခြိမ့်က သွေးတွေစီးကျလာသည့် သူ့လက်ဖျံကို လက်နှင့်အုပ်၍ တစ်ဖက်သို့ ကမန်းကတန်း လှည့်လိုက်သည်။ သွေးတွေကို မမမြင်လျှင် တစ်ခုခု (ဆိုးဆိုးဝါးဝါး) ထပ်ဖြစ်သွား

www.burmeseclassic.com

မှာ စိုးလို့ပါ။ ထမင်းစားခန်းဘက်သို့ကူး၍ အရှည်လေးကို အော်ခေါ်ပြီး၊ လျှော်ပြီးသား မီးပူတိုက်ပြီး လက်သုတ်ပဝါ အသန့်တစ်ထည် တောင်းလိုက်၏။

“စည်း ... ကျပ်ကျပ်လေး စည်းလိုက်”

အရှည်လေးက စည်းပေး၏။

“မိုးခြိမ့် ဘာဖြစ်သွားသေးလဲ”

ဦးကိုကိုကြီး ခများ မေနွေးထွေးကိုလည်း မထားခဲ့ရဲ၊ မိုးခြိမ့်ကိုလည်း စိတ်ပူနှင့် ဗျာများရှာ၏။

“ဘာမှမဖြစ်ဘူး အန်ကယ်လ်၊ ရပါတယ်။ ခဏကြာမှ ဆေးခန်းသွားလိုက်မယ်၊ နည်းနည်းရှည်လို့ ချုပ်တော့ချုပ်ရမယ် ထင်တယ်။ ကိစ္စမရှိပါဘူး”

မိုးခြိမ့် ပြန်ထွက်လာတော့ ဦးကိုကိုကြီး၊ ဆရာဝန်ရော မမပါ မတ်တတ်တွေ ရပ်နေကြဆဲ။

“ကိုသောင်းထွန်း ... ပထမအကြိမ် ရိုက်တုန်းက ဓားအတုနဲ့ ထိုးတာနော်၊ ရှင်က ကျွန်မကို ဓားအတုမှ ပေးမထားဘဲ။ တကယ်ဆို ... ကိုထွင့်ခေါင် သေရမှာနော်။ ကိုထွင့်ခေါင်နဲ့ရိုက်ရင် အသေထိုးရမှာ မဟုတ်လား။ ကိုထွင့်ခေါင်က သေမှာလေ”

“ဟုတ်ပါတယ် မမ”

“ပြီးတော့ ... ကျွန်မကို လာခေါ်တာ ရဲတွေလား၊ ဆရာဝန်လား။ အခု တိုက်တိုက်ဆိုင်ဆိုင် ရောက်လာတာကတော့ ဆရာဝန်ပဲ”



“တကယ်ရောက်လာရမှာက ရဲတွေပါ မမ”

“ရဲလုပ်မဲ့အဖွဲ့ကို ရှင် ချိန်းထားရဲ့လား”

“ခဏကြာရင် ရောက်လာပါလိမ့်မယ်”

မိုးခြိမ့်က ဦးကိုကိုကြီးကိုတစ်လှည့် ဆရာဝန်ကို တစ်လှည့် ကြည့်၏။

ဦးကိုကိုကြီး အစွန်းရောက်စွာ အလိုလိုက် ပြောဆိုပြုမူနေတာတွေ မှန်ရဲ့လားဟု မေးချင်လှပါသည်။ ပိုဆိုးမှာလား၊ ကောင်းမှာလား၊ သိချင်လှပါသည်။

“ကိုထွင့်ခေါင် ရောက်ရောက်ချင်း ရိုက်မှာ။ ရှင့်ကင်မရာ ခရူကလည်း ခုထိမရောက်သေးဘူး၊ ကိုသောင်းထွန်း ... ကိုကြီးရော။ အဓိကလူမှ မရှိဘဲ ကိုကြီးက ဘယ်မှာလဲ။ ကိုကြီးက ... ကိုသောင်းထွန်း ... ရှင် ... ရှင်က ဘယ်သူလဲ”

လက်ညှိုးလေးတစ်ချောင်း ရှေ့သို့ထုတ်ကာ တုန်တုန်ယင်ယင်လေး မေးတော့၏။

“မေနွေးထွေး ... အဲဒါ ဦးကိုကိုကြီးလေ၊ ခင်ဗျားယောကျ်ား၊ ဒါရိုက်တာ ဦးကိုကိုကြီး”

“ဒါ ... ဒါလေ”

“ဟုတ်တယ် ... အဲဒါ ဦးကိုကိုကြီး”

“နွေးထွေးလေး ... ကိုကြီးပါ”

“ကိုကြီးက သေသွားပြီ မဟုတ်ဘူးလား။ ကျွန်မက မုဆိုးမ”

www.burmeseclassic.com

"မသေလို့ ခင်ဗျားရှေ့မှာ ရပ်နေတာပေါ့ မေနွေးထွေးရဲ့။ သေပြီဆိုရင် ခင်ဗျားက ဘာဖြစ်လို့ ကိုကြီးရောလို့ မေးနေသေးလဲ။ ခင်ဗျားကို မင်းသမီးအဖြစ်နဲ့ အမြဲရပ်ရှင်ရိုက်ပေးခဲ့တဲ့ ဒါရိုက်တာ ဦးကိုကိုကြီး၊ ခင်ဗျားရဲ့ခင်ပွန်း"

"ကိုသောင်းထွန်း ... ဆို ..."

"ကိုသောင်းထွန်းက သေသွားတာ။ သေသွားတဲ့သူက ကိုသောင်းထွန်း၊ အသက်ရှင်ပြီး ကျန်ရစ်ခဲ့တာက ခင်ဗျားယောကျ်ား ဦးကိုကိုကြီး"

"ဟုတ် ... ဟုတ် ... လို့လား ... ကျွန်မ ... ကျွန်မ ... ဝမ်းသာ ..."

"နွေးထွေးလေး"

မမ ပျော့ခွေကျသွားသည်မို့ ပြေးပွေ့ပိုက်သူက ဦးကိုကိုကြီးပါ။

"ဦးကိုကိုကြီး ... ကျွန်တော့်ဆေးရုံကိုပဲ တစ်ခါတည်း ခေါ်သွားတော့မယ်။ ဆေးရုံသာ တင်လိုက်ပါတော့။ အခြေအနေ အများကြီး တိုးတက်ပါတယ်။ ဦးကိုကိုကြီးပါ လိုက်စောင့်လို့ ရပါတယ်"

"သွားမယ်လေ"

ဆရာဝန်က စိတ်မကျန်းမာသူများချည်း သီးသန့်ကုသော ပုဂ္ဂလိကဆေးရုံ ကိုယ်ပိုင်ဖွင့်ထားသူ ဖြစ်ပါသည်။ ဆရာဝန်၊ ဦးကိုကိုကြီးနှင့် မမတို့ ကားပေါ်တက်ကြ၏။



"ကိုမိုးခြိမ့်ညံ့ ... တစ်ခါတည်း လိုက်ခဲ့လေ။ ကျွန်တော့်ဆီမှာပဲ ချုပ်လိုက်တာပေါ့၊ သိပ်မများဘူး မဟုတ်လား"

မိုးခြိမ့်ပါ ကားပေါ်တက်လိုက်သည်။

မမခမျာ သတိလစ်ဆဲ။

သနားလိုက်ပါဘိ မမရယ်။ သနားတယ် ဆိုတာ နက်ရှိုင်းခံစားခြင်း တစ်မျိုးပါ။ ဒါပေမဲ့ အဲဒါ အချစ်မဟုတ်ဘူး။ မမကို အတုမရှိမေတ္တာတွေနဲ့ အနက်ရှိုင်းဆုံး ချစ်နေတဲ့ ဦးကိုကိုကြီးဟာ မမကို သူ့ရင်ခွင်ထဲမှာ ပွေ့ထားပါတယ်။ မမ ပြန်ပြီး သတိရလာတဲ့အခါမှာ ဦးကိုကိုကြီးရဲ့ ရင်ခွင်ဟာ မမအတွက် လုံခြုံငြိမ်းချမ်းဆုံး၊ မှီခိုလဲလျောင်းရာ၊ မမတစ်ဦးတည်းပိုင် ချစ်ရပ်မြိုင်စွန်းလေးတစ်ခု ဖြစ်နေမှာပါ။

ကျွန်တော် ... လက်မောင်းက ဒဏ်ရာကို ချုပ်ပြီးရင်၊ မင်းမောင်ရဲ့အိမ်ကို ပြောင်းပါတော့မယ်။ မမဆေးရုံကဆင်းတဲ့အခါမှာ၊ မောင်ရင်း တစ်ယောက်အနေနဲ့ မမ ခိုင်းစရာရှိရင် ခေါ်ခိုင်းပါ။

ပြီးတော့ ... မမရဲ့ယောက်မနေရာမှာ ရှိနေမဲ့ ... သဲညာရဲ့လက်ကို ကိုင်ဆွဲပြီး မမရှေ့ကို ကျွန်တော် ရောက်လာခဲ့ရင်လည်း မမ ခွင့်လွှတ်ပေးပါ။ အဲဒီအခါကျ ... ကိုယ်ရောစိတ်ပါ ကျန်းမာနေပြီဖြစ်တဲ့ မမဟာ ကျွန်တော်တို့ ဇနီးမောင်နှံကို ပြုံးပြုံးလေး ကြည့်နေနိုင်မယ်ဆိုတာ ကျွန်တော် ယုံကြည်မျှော်လင့်နေပါတယ်။

တကယ်တော့ ... မမရယ်။ မမဟာ ကျွန်တော့်ကို အိပ်မက်ကမ္ဘာလေးထဲမှာ တစ်ခဏတွေ့ခဲ့တာပါ။ မမအိပ်မက်တွေ

www.burmeseclassic.com

ထဲကနေ တစ်ရေးနိုးလာခဲ့ပြီဆိုရင် ကျွန်တော့်အပေါ် မောင်လေး အရင်းလို မေတ္တာမျိုးနဲ့ ရှက်ကိုးရှက်ကန်းလေး ပြုံးပြနိုင်ပါစေလို့ ကျွန်တော် ဆုတောင်းခဲ့ပါတယ် မမ။

ချစ်လှစွာသော ... မမ ခင်ဗျား။

စာချစ်သူတိုင်းကို ချစ်တဲ့

**နေနွယ်ဇင်မြင့်**

www.burmeseclassic.com




www.burmeseclassic.com